www.burmeseclassic.com



www.burmeseclassic.com

## သန်းဆွေ

၏

# သည်မောင်သည်နှမ

အမှတ်–၃၃၉ မောင်ထော်လေးလမ်း
ရန်ကုန်မြို့။
(၁)

www.burmeseclassic.com

# သည်မောင်–သည်နှမ

မမြလွင်တို့မောင်နှမအား ကျွန်တော် ထားဝယ်မြို့တွင် ကျောင်းဆရာလုပ်နေစဉ်က စတင်သိကျွမ်းခဲ့ပါသည်။

ထိုစဉ်က.....မမြလွင်မှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ၍ သူ၏မောင် ကိုမြသွင်မှာ အသက်နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိပေလိမ့်မည်။ ရန်ကုန်မှပြောင်းလာသည့် ငွေတိုက်ဝန်ထောက်ကလေး မောင်မြသွင်တို့မောင်နှမမှာ ထားဝယ်သို့ ရောက်၍ မကြာမီကာလအတွင်းမှာပင် ရန်ကုန်သားဖြစ်သူ ကျွန်တော်နှင့် ခင်မင်ရင်းနှီးခဲ့ကြလေသည်။

သူတို့နောက်ကြောင်းကား ကြေကွဲဘွယ်ရာ ကောင်းလှ၏။ သူတို့မောင်နှမ အသက် ရှစ်နှစ်၊ ခုနစ်နှစ်ခန့် အရွယ်တွင် သူတို့အမေနှင့်အဖေ တကွဲစီ ကွာရှင်း၍ နေခဲ့ကြပေသည်။ မိခင်ဖြစ်သူက မမြလွင်လေးကို ခေါ်ကာ သူ့မိဘဆွေမျိုးများရှိရာ မန္တလေးသို့ သွားရောက် နေထိုင်၍ ဖခင်ဖြစ်သူကမူ ကိုမြသွင်နှင့်အတူ ရန်ကုန်တွင် နေခဲ့လေသည်။ သူတို့၏ ဖခင်မှာ ယစ်မျိုးဝန်ထောက်တစ်ဦးဖြစ်၏။ သူတို့မိခင်မရှိသောအခါ ဖခင်ဖြစ်သူက ကိုမြသွင်အား ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် အပ်နှံထား၏။ မမြလွင်မှာ မန္တလေးရှိ ကွန်ဗင့်ကျောင်းတွင် နေရ၏။ သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် လူချင်းမတွေ့ရသော်လည်း စာဖြင့်ရေးကာ ဆက်သွယ်ကြ၏။ တစ်ယောက်

www.burmeseclassic.com


နှင့်တစ်ယောက် ဓာတ်ပုံများကို ပို့ကြ၏။ သူတို့နှစ်ယောက်ကား ငယ်စဉ်ကပင် တစ်ယောက်နှင့်တစ်ယောက် လွန်စွာခင်မင်တွယ်တာကြ၏။

သူတို့ မိခင်ကွယ်လွန်သောအခါ မမြလွင်သည် ရန်ကုန်သို့ ပြန်လာခဲ့ကာ သူ့ဖခင်နှင့်အတူနေ၏။ ထိုအချိန်ကား ကိုမြသွင်မှာ ဆယ့်ခုနစ်နှစ်ခန့်ရှိကာ မမြလွင်မှာမူ ဆယ့် ရှစ်နှစ်ခန့်ရှိလေသည်။

မောင်နှမနှစ်ယောက် အတူတူနေ၍ နှစ်-နှစ်ခန့်ကြာသောအခါ သူတို့၏ဖခင်သည် ကျန်းမာရေး ချို့တဲ့ကာ ရက်ပေါင်းကြာမြင့်စွာ မကျန်းမမာဖြစ်ခဲ့ရာမှ ကွယ်လွန်လေတော့သည်။

သူတို့၌ မိဘအစဉ်အဆက် စိုးပိုင်နေခဲ့ကြသော အိမ်ကြီးတလုံး ရန်ကုန်ကုက္ကိုင်းရပ်ကွက်၌ရှိကြောင်းကို တစ်ခါကကျွန်တော့အား ဓာတ်ပုံစာအုပ်ထုတ်ပြသဖြင့် သိခဲ့ရ၏။ သူတို့ဖခင်လက်ထက်ကစ၍ ထိုအိမ်ကြီးနှင့် ခြံကြီးတွင် သူတို့ပြန်၍ မနေနိုင်ခဲ့ကြဘဲ အစဉ်သဖြင့်ငှါး၍သာ ထားခဲ့ရလေသည်။ ဓာတ်ပုံထဲတွင် မြင်ရသမျှ အိမ်ကြီးပတ်ပတ်လည်တွင် သစ်ပင်ပန်းပင်တွေကလည်း များပြားလှ၏။ အိမ်ရှေ့ဆင်ဝင် ပတ်ဝန်းကျင်တွင်လည်း ဂမုန်းပင်တို့နှင့် ပြည့်နှက်၍ နေ လေသည်။

သူတို့မောင်နှမသည် ထိုအိမ်ကြီးကို လွန်စွာ ခင်တွယ်ကြ၏။ တနေ့တွင် သူတို့မောင်နှမ ထိုအိမ်ကြီးတွင် နေနိုင်ရမည်ဟု ကြံရွယ်ကာ ထိုအိမ်ကြီးတွင် နေနိုင်ရန်အတွက် ကြိုးစား၍ ငွေစုကြ၏။ အံ့ဩဘွယ်ရာကောင်းသည့်အချက်ကား

www.burmeseclassic.com


သူတို့နှစ်ယောက်သည် အိမ်ထောင်ပြုမည့် အကြောင်းကို တစ်ခါမျှမပြောခြင်းပင် ဖြစ်လေသည်။

ထားဝယ်မြို့ပေါ်တွင် သူတို့နှင့် ရင်းနှီးသူဟူ၍ များပြားစွာမရှိလှ၊ ကျွန်တော့်ကိုသာလျှင် ခင်မင်ခြင်းကြီးစွာဖြင့် ခင်ကြ၏။ ကျွန်တော့်မှာ ထားဝယ်ဇာတိ မဟုတ်သော်လည်း သူတို့ထက်စောစွာ ထားဝယ်သို့ ရောက်ခဲ့သောကြောင့် သူတို့ထက် ထားဝယ်အကြောင်းကို သိကျွမ်းခဲ့၏။ ထို့ကြောင့် ကျွန်တော်ကပင် မြို့ခံတစ်ယောက်ပမာ သူတို့နှစ်ယောက်အား ထားဝယ်အကြောင်းကို ပြောပြညွှန်ကြားခဲ့၏။

မမြလွင်တို့မောင်နှမမှာ မြို့ခံလူများနှင့် ခင်မင်ရင်းနှီးလိုသောကြောင့် မိတ်ဆက်ကျွေးမွေးပွဲအနေဖြင့် ဆွမ်းကျွေးပွဲတစ်ခုပြုလုပ်ရာ ကျွန်တော်ကပင် စီစဉ်ခဲ့ရ၏။ မြို့ပေါ်ရှိ ဖိတ်ကြားသင့် ဖိတ်ကြားထိုက်သည့် ဂုဏ်သရေရှိလူကြီး လူကောင်း မင်းစိုးရာဇာ အရာရှိကြီးများ သူဌေးများကို ဖိတ်ကြားပေးရ၏။ မကြာမကြာ မြို့သူမြို့သားများနှင့် ပျော်ပွဲစားထွက်ရန် စီစဉ်ရာတွင်လည်း ကျွန်တော်ကပင် စီမံခန့်ခွဲရ၏။ မမြလွင်မှာ အိမ်ကိုလွန်စွာပင် သပ်သပ်ယပ်ယပ် ဖြစ်အောင် ခင်းကျင်းတတ်သူ ဖြစ်၏။ သူတို့အိမ်ထဲသို့ ဝင်သွားမိလျှင် မည်မျှစိတ်ပင်ပန်းထားခဲ့သူဖြစ်စေကာမူ စိတ်ကြည်လင် လန်းဆန်းလာတတ်၏။ သူတို့နေရသောအိမ်မှာ ခြံဝင်း တစ်ခုအတွင်းရှိ ဆင်ဝင်အိမ်ကြီးတစ်ဆောင်ဖြစ်လေရာ အိမ်ကိုသာမက ခြံကိုလည်း သာယာကြည်နူးဘွယ်ရာဖြစ်အောင် စီစဉ်ထားလေသည်။ ရန်ကုန်မန္တလေးကဲ့သို့သော မြို့ကြီးများ၌

နေလာ သူပီပီ အိမ်ခန်းကို တင့်တယ်သာယာအောင် ဖန်တီးတတ်၏။

ကျွန်တော်သည် ကျောင်းပိတ်ရက်များ၌ သူတို့အိမ်တွင် တစ်နေ့လုံးလုံးလိုလိုနေကာ ညစာစားပြီးမှ ပြန်တတ်၏။ အခြားသောနေ့များ၌လည်း ညတိုင်းလိုလိုပင် ရောက်ခဲ့၏။ သူတို့အိမ်တွင် စိတ်ကြည်နူးဘွယ်ရာများစွာရှိ၏။ ရေဒီယို၊ ဓာတ်စက်၊ ကာလပေါ် စာအုပ်စာတမ်းများ၊ လစဉ်မဂ္ဂဇင်းများ၊ ဂျာနယ်များလည်း ဘီရိုနှင့်အပြည့်ရှိ၏။ ကျွန်တော်နှင့် ကိုမြသွင်တို့ အထူးခင်မင်စေသည့် အကြောင်းရင်းများ အနက် မဖော်ပြဘဲချန်ထား၍ မဖြစ်နိုင်သော အချက်တစ်ချက်မှာ စစ်တုရင်ကစားကြခြင်းပင် ဖြစ်လေသည်။ သူတို့၌ ဖဲထုပ်ရော၊ ကျားကွက်ပါရှိသော်လည်း ကျွန်တော်နှင့် ကိုမြသွင်မှာမူ စစ်တုရင်ထိုးလေ့ရှိပါသည်။

ကျွန်တော်တို့နှစ်ယောက် စစ်တုရင်ကစားကြသည့်အခါ မမြလွင်က စားသောက်ဘွယ်ရာများကို တည်ခင်း ကျွေးမွေးရာမှ အချိန်ကို စောင့်၍ သတိပေးတတ်လေသည်။ ကျွန်တော်မှာထိုစဉ်က ကျွန်တော်နှင့် ဆွေမျိုးလည်း တော်စပ်ကာ ကျွန်တော်အလုပ်လုပ်နေသည့် ကျောင်း၏ ကျောင်းအုပ်ဆရာကြီး၏အိမ်တွင် နေနေရပေရာ လူကြီးများနှင့် နေရသည်ကို စိတ်ကျဉ်းကြပ်သည်ဟု ထင်မိတိုင်း မမြလွင်တို့ အိမ်ကိုသာ သွားရောက်လည်ပတ်မိလေရာ ဤစစ်တုရင်ခုံလေးမှာ ကျွန်တော်နှင့် မမြလွင်တို့ မောင်နှမ၏ ခင်တွယ်မှု သံယောဇဉ်ကြိုးကို ပိုမိုခိုင်မြဲစေရန် ဆက်စပ်ထားသည့် ကွင်းဆက်ကလေး

တစ်ခု ဖြစ်၍ နေပါသည်။

သူတို့မောင်နှမ၏ဘဝကို ကြည့်ရင်း မကြာခဏ အားကျသည့်စိတ်များလည်း ပေါ်ခဲ့ပါသည်။ ပျော်မွေ့ဘွယ်ရာ ဘဝ၊ ငြိမ်းချမ်းလှသည့်ဘဝပါတကားဟုလည်း စိတ်ချမ်းသာမှုပွားများခဲ့ရ၏။ ရန်ကုန်တွင် နေထိုင်ခဲ့ရစဉ်က အကြောင်းများကို ပြောရာမှ ရန်ကုန်တွင် တစ်မြို့တည်းနေခဲ့ကြပါလျက် သိကျွမ်းခင်မင်ခြင်း မရှိဘဲ ယခုကဲ့သို့ တစ်မြို့တစ်ရွာတွင် လာရောက်တွေ့ဆုံခင်မင်ရသည်ကိုလည်း အံ့ဩမိကြ၏။ သူတို့မောင်နှမမှာ အလုပ်တာဝန်ဝတ္တရားကြောင့်သာ ဤမြို့သို့ ပြောင်းလာကြသော်လည်း ရန်ကုန်ကိုအမြဲ သတိရနေဟန်တူပါသည်။ ထိုကြောင့်လည်း မမြလွင်ဆိုလျှင် မကြာမကြာ "ရန်ကုန်မှာနေရတာ လွင်ဖြင့် သိပ်ပျော်တာဘဲ"ဟု ပြောလေ့ရှိပါသည်။

သူတို့မောင်နှမမှာ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာကြသည်နှင့်အမျှ တစိမ်းတရံစံအပေါ်တွင်လည်း ခင်မင်ဖော်ရွေစွာ ဆက်ဆံလေ၏။ လူတစ်ဘက်သား စိတ်ချမ်းစေမည့်စကားကို ပြောတတ်၏။ သူတို့မောင်နှမ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယစွာ ပြုစုဆက်ဆံနေသည်ကပင်လျှင် မြင်ရသူတို့အတွက် တနည်းအားဖြင့် စိတ်အေးချမ်းစေ၏။ အိမ်၌ မည်သို့သောဧည့်သည်ရှိနေစေကာမူ သူတို့ကား တစ်ယောက်နှင့်တစ်ယောက် ပြုရိုးပြုစဉ် တာဝန်များကို ပြုမြဲပြုတတ်လေသည်။ အချို့ကမူ သူတို့နှစ်ယောက် အိမ်ထောင်မကျမီအတွင်း၌သာ ဤသို့ယုယ

နိုင်ကြသည်။ အကယ်၍ အိမ်ထောင်ပြုကြပြီးပါက ဤမျှစည်း လုံးနိုင်တော့မည်မဟုတ်ဟု ဆိုကြပါသည်။ များသောအားဖြင့် အိမ်ထောင်များကား ဤအတိုင်းသာလျှင် ဖြစ်တတ်လေရာ သူတို့မောင်နှမအပေါ်တွင်လည်း ဤအတိုင်းသာယူဆ၍ ထားကြပါသည်။ မည်သူတို့က မည်သို့ပင် ဆိုကြစေကာမူ ကိုမြသွင်နှင့် မမြလွင်တို့ကား တစ်ယောက်နှင့်တစ်ယောက် ပြုစုယုယမြဲ ယုယနေကြလေသည်။

သူတို့နှစ်ယောက်တွင် တစ်ယောက်ကိုတစ်ယောက် ကလေးငယ်ပမာ ဟက်ဟက်ပက်ပက် ရယ်မောစေလောက်သည့် တစ်ဦးတည်းပိုင် သူတို့နှစ်ဦးသာ နားလည်နိုင်သည့် ပျက်လုံးကလေးများ ရှိကြပါသည်။

သူတို့မောင်နှမမှာ ရုပ်ရည်ကလည်း ခပ်ဆင်ဆင် တူ၏။ ကိုယ်လုံးကိုယ်ထည်မှာလည်း ပိန်သယောင်ယောင်နှင့် ပြည့်ပြည့်ဖြိုးဖြိုးရှိကြသည်။ မောင်နှမ နှစ်ယောက်စလုံး မျက်နှာသွယ်သွယ် မျက်လုံးပြူးပြူးများ ဖြစ်၏။ မျက်လုံးများ အရည်လည်လျက်ရှိကာ သည်းခံတတ်သည့်သဘောကိုပြလျက် ရှိလေသည်။ သူတို့၏ရုပ်ရည်ကား လွန်စွာချောလှသည်ဟု မဆိုသာသော်လည်း မည်သို့သော အဝတ်အစားကို ဝတ်စေကာမူ ကြည့်၍ အဆင်ပြေလှသည့် ရုပ်အင်္ဂါ ဖြစ်လေသည်။

ကိုယ်ကျင့်တရားတွင်ကား မိန်းကလေးဖြစ်သူ မမြလွင်က ပို၍ကောင်းမွန်ကာ စိတ်ဓာတ်လည်း ပိုမို၍ ခိုင်မာပြင်းထန်လှပေသည်။ ကဗျာဆန်သော စကားလုံးများကို ဂီတဆန်ဆန် ဖွဲ့နွဲ့ပြောဆိုတတ်သည်။ အမူအရာ သွားလာလှုပ်ရှား

ပုံတွင် လည်း မမြလွင်က နွဲ့နှောင်းပျော့ပျောင်းလေသည်။ အဆင်အပြင်တွင်ကား ထူးထူးခြားခြား တောက်ပခြင်းမရှိ၊ ပကတိ ရိုးသားသော အဆင်အပြင်နှင့်ပင် ကြည့်၍ မငြီးနိုင် အောင် ယဉ်ကျေးလှသည့် ကြက်သရေကိုဆောင်၍ နေလေ သည်။

ဤမျှ မမြလွင်အကြောင်းကို ထပ်တလဲလဲ ချီးကျူးနေ သည့် ကျွန်တော့်အား စာဖတ်သူတို့စိတ်တွင် မမြလွင်အား ချစ်နေသူတစ်ဦးဟု ထင်ကြမည်လားမသိ။ ထိုသို့ ထင်ခြင်း ကားလုံးဝမမှားပါ။ ကျွန်တော်ကား မမြလွင်အား အရူးအမူး ထူးထူးခြားခြား ချစ်ကြိုက်စွဲလန်းခဲ့ပါသည်။ မမြလွင်တို့နှင့် သိကျွမ်းခင်မင်ခဲ့၍ တစ်နှစ်ကျော်ကျော် ကြာမြင့်ခဲ့သည့် တိုင်အောင် ကျွန်တော်ကား မမြလွင်ကို ချစ်နေကြောင်း ကျွန် တော့်ကိုယ်ကျွန်တော် မသိခဲ့ပါ။ ခင်တွယ်သမှု၊ ကြင်နာသမှု၊ မြတ်နိုးသမှုလေးပေါင်းမြောက်များစွာတို့ ကာလကြာမြင့် စွာစုပေါင်းဖွဲ့နှောင်ထားသည်ကို "အချစ်"ဟု ကျွန်တော့် စိတ်၌ယူဆမိပါသည်။ မမြလွင်ကို ချစ်မိသည့် ကျွန်တော်၏ အချစ်ကား ထိုသို့သော အချစ်မျိုး ဖြစ်ပါသည်။

ထိုအချစ်ကို မည်သို့ဖော်ပြရမည်ဟူ၍ ကျွန်တော် မသိ ပါ။ ကျွန်တော့်အချစ်မှာ မမြလွင်၏ အလှသက်သက်ကြောင့် ဟုလည်း မဆိုသာပါ။ မမြလွင်၏ ဖြူဝင်းသောအသား နဖူး ထက်ဝယ် ကနွဲ့ကရချစ်စဘွယ်ရာ ပျံ့ကျဲ၍နေသည့် ဆံနွယ် လေးများ စို့ရွှမ်းတောက်ပြောင်လှသည့် မျက်လုံးတို့ကြောင့် လည်းမဟုတ်ပါ။ သူနှင့်တွေ့ပါက မိမိကိုယ်ကို အထူး တလည်

ပြုပြင်နေရန်မလိုဘဲ သူနှင့်ရင်းနှီးစွာ ဆက်ဆံစေနိုင်အောင် ဖန်တီးတတ်သည့် အပြုအမူလေးများကြောင့် သူ့ကို ချစ်မိသည်ဟု ဆိုရမည်လားမသိ။ သူ့မှာ သဘာဝပင်ကိုယ်ကပင် ချစ်ခင်တွယ်တာဘွယ်ရာ အပြုအမူလေးများ ရှိပေသည်။ လူတစ်ယောက်သည် သူနှင့် တွေ့ရပါက တစ်နာရီခန့် စကားတစ်ခွန်းမျှ ပြောရန်မလိုဘဲ စိတ်ချမ်းသာမှုကို ရယူနိုင်ပေသည်။

မမြလွင်ကား အမှန်ပင်ထူးခြားလှသူဖြစ်၏။ သူအား အကြံဉာဏ်ပေးလာလျှင်လည်း ထိုအကြံကို လက်ခံကာ အကြံပေးချက်အတွက် ပြုလုပ်၏။ သူ့အတွက် စိတ်မချမ်းမြေ့ဘွယ်ရာစကားကို ပြောဆိုကာ စိတ်မချမ်းမြေ့အောင် ပြုလုပ်ခဲ့သူဖြစ်စေကာမူ နောက်ထပ်တွေ့ဆုံပါက သူကပင် စတင်၍ ခေါ်ငင်နှုတ်ဆက်တတ်သူ ဖြစ်ပေသည်။

သို့စဉ်လျက် မမြလွင်အား ကျွန်တော်ဘာကြောင့် လက်မထပ်ခဲ့သနည်းဟု မေးဘွယ်ရာ ရှိပါသည်။

ကျွန်တော်ကား မမြလွင်အား လွန်စွာလက်ထပ်ပေါင်းသင်းချင်ပါသည်။ သို့သော်ကျွန်တော့်အပေါ်တွင် ထာဝစဉ်ခင်မင်ယုယစွာဖြင့် ဆက်ဆံနေသူတစ်ဦးအား ချစ်ရေးဆိုရန်အတွက် ကျွန်တော့်မှာ ရွံ့ကြောက်မိသည်။ သူ့တွင် စိတ်ထဲ၌ကြိတ်မှိတ်၍ နေရသောအချက်တစ်ခု ရှိနေလိမ့်မည်ဟုလည်း ကျွန်တော့်စိတ်၌ အကြောင်းမဲ့ထင်မိခဲ့ပါသည်။ အမှန်မှာ မမြလွင်သည် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ကာ ရိုးသားသော စိတ်သဘောထားရှိသူဖြစ်သည့်ပြင်၊ အုံပုန်းကြိတ်

၍ ထားတတ်သူမဟုတ်သည်ကို ကျွန်တော်သိထားသဖြင့် သူ့စိတ်ထဲ၌ ကြိတ်မှိတ်ခံစားရသည့်အချက်မှာ လျှို့ဝှက်သော ကိစ္စမဟုတ်ဘဲ သူသူ ငါငါ သိသင့်သိထိုက်သော ကိစ္စပင် ဖြစ်ပေလိမ့်မည်ဟုလည်း ကျွန်တော့်စိတ်တွင် ထင်ခဲ့ပါသည်။

သူတို့ မောင်နှမသည် ဘယ်သောအခါတွင်မှ သူတို့၏မိခင် အကြောင်းကို မပြောကြ။ သူတို့ မိခင်သည် သူတို့ နှစ်ယောက်ကို တကွဲတပြား ဖြစ်အောင် ဖန်တီးခဲ့သည် သာမက သူတို့ဖခင်၏ဘဝကိုပါ ဖျက်ဆီးခဲ့သည်ဟု ယူဆကြဟန်တူ၏။ ထို့ပြင် မမြလွင်သည် မန္တလေးတွင် နေခဲ့စဉ်ကပင် သူ့ဘဝကို သူဖန်တီး၍ လာရဟန်တူ၏။ သူ့တွင် ကိုယ့်ဘဝကို ကိုယ့်ဖာသာ ဖန်တီးရသူများ၏ အပြုအမူဖြစ်သော လူတိုင်းနှင့်သင့်အောင် ပေါင်းခြင်း မည်သူကိုမျှ အပူမရှာဘဲ သူ့ကိုယ်သူ တင့်တယ်အောင် စီစဉ်တတ်ခြင်း အရှက်အကြောက်ကြီးခြင်း တို့နှင့် ပြည့်စုံ၏။ အချစ်ကိစ္စမှာ သူ၏အသဲနှလုံးကြားဝယ် လျှို့ဝှက်စွာ သိုလှောင်ထားသည့် အရာဖြစ်သည်ဟု ကျွန်တော်ထင်၏။ မမြလွင်၏ဘဝ နန်းတော်ကြီးတွင် ကျွန်တော့် အတွက် ဖွင့်လှစ်ထားအပ်သော တံခါးပေါက်ပေါင်း မြောက်မြားစွာရှိရာ တံခါးပေါက်တိုင်းကို ကျွန်တော် ဝင်ခွင့်ရှိခဲ့သော်လည်း ပိတ်ထားအပ်သော တံခါးကိုကား ကျွန်တော် မဖွင့်ရက်ပါ။

သူ့ကို မပြောရက်သည့် အချက် တစ်ချက်သည် ရှိပါသေးသည်။ ထိုအချက်ကား အကယ်၍ ကျွန်တော်က ချစ်ရေးဆိုပါက ကျွန်တော့်အချစ်ကို ငြင်းပယ်ကာ အိမ်သို့ပင် လာခွင့်

မပြောဘဲ နေတော့မည်ကို စိုးရိမ်သည့် အချက်ပင် ဖြစ်ပါသည်။ ကျွန်တော့်အဖို့မှာ မမြလွင်၏ မျက်နှာကလေးကို မြင်တွေ့နေရသည့် အဖြစ်မျှနှင့်ပင် ဝမ်းသာကျေနပ်၍ နေခဲ့၏။ သူတို့နှင့် ကွေကွင်းရမည့်အဖြစ်ကို လုံးဝအလိုမရှိ။ သို့သော်.... အချစ်ဆိုသည်မှာ မျိုသိပ်ဖိနှိပ်ထား၍ ရကောင်းသည့်အရာ မဟုတ်ပါပေ။ နောက်ဆုံး၌ကား ကျွန်တော်သည် အကြောင်းအားလျော်စွာ ချစ်ရေးဆိုမိခဲ့ပါသည်။

တစ်ညနေတွင် ကိုမြသွင်မရှိခိုက် အိမ်ရှေ့ ဝရံတာတွင် ရပ်နေကြရာမှ ကျွန်တော်က သူ၏ လက်မောင်းကို မသိမသာ ဆုပ်ကိုင်မိပါသည်။ မမြလွင်သည် ကျွန်တော့်လက်ကို ဖယ်ချလိုက်ပြီး....

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ-ကိုဝင်း...." ဟု ပြောပါသည်။

ကျွန်တော်က အံ့အားသင့်ရာမှ ရှက်စိတ်မွှန်သွားကာ မည်သို့မျှ ပြန်မပြောဘဲ နေနေခိုက် မမြလွင်က ထပ်၍ ပြောပြန်ပါသည်။

"လွင့်အသားကို ဘယ်သူ့အထိမှ မခံတတ်လို့ပါ။ စိတ်မကောင်းဖြစ်သွားသလား-ကိုဝင်း၊ ဘယ်လိုမှန်းလဲ မသိဘူးလွင်, ငယ်ငယ်ကလေးထဲက ကိုယ့်အသားနဲ့ သူများ အသားထိရမှာ သိပ်ကြောက်တာဘဲ။ ဒါကြောင့် ညအိပ်ရင် မေမေနဲ့ တောင်မှ အတူတူ မအိပ်ဘူး...."

"ဘယ်လိုမှ စိတ်ထဲကမဖြစ်ပါဘူးလွင်၊ ကျွန်တော် လွင့်ကို ချစ်လွန်းလို့ ကိုင်မိတာပါ၊ လွင့်ကို ကျွန်တော် ချစ်နေ

မိပြီ....”

ဤအကြိမ်ကား ကျွန်တော့် တစ်သက်တွင် ပထမဆုံး လူပျို စကားပြောခြင်းဖြစ်ပါသည်။ မမြလွင်သည် တော်တော်နှင့် စကားမပြန်သေးဘဲ အတန်ကြာ ငေးနေပြီးမှ....

“မဖြစ်နိုင်ဘူးထင်ပါတယ်-ကိုဝင်း၊ လွင်တို့ အခုလိုဘဲ မောင်နှမလို နေရတာ မကောင်းဘူးလား....”

“ဘာဖြစ်လို့များ မဖြစ်နိုင်ဘူး ငြင်းနေရတာလဲ- လွင် ဘာဖြစ်လို့လဲ....”

“လွင်....မောင်သွင်နဲ့ မခွဲနိုင်ဘူး။ လွင့်,မောင်လေးကို လွင်,သိပ်ချစ်တယ်....”

“တကယ်လို့ သူလက်ထပ်သွားတဲ့အခါကျရင်ကော”

“အို-သူဘယ်တော့မှ မိန်းမ,မယူဘူး....”

ကျွန်တော်သည် ဆက်လက်၍ ဇွတ်တရွတ်ပြောရန်ကြံမိပါသေးသည်။ သို့သော်-ကျွန်တော်၏ အာခေါင်များ ခြောက်ကပ်နေသဖြင့် စကားပြော၍မရပါ။ တစ်ကိုယ်လုံးတုန်၍ နေပါသည်။

“ကျုပ်ဖြင့်- မမြလွင်ကို သိပ်ချစ်နေမိပြီ။ မမြလွင်ကို ကျွန်တော် လက်ထပ်ယူပါရစေ၊ ကျွန်တော် တစ်သက်လုံး မမြလွင်နဲ့ အတူနေပါရစေ....”

ဤတွင်-သူ၏ လက်ဖဝါးသည် ကျွန်တော်၏ပုခုံးပေါ်သို့ ရောက်လာပါသည်။ ကျွန်တော့်မှာ ပန်းပွင့်၏အတွေ့ကိုခံစားရင်းက ငြိမ်သက်နေစဉ်တွင် မမြလွင်က....

“လွင်တို့ကို တကယ်ခင်မင်ရင် ဒီစကားမျိုး မပြောပါ

နဲ့-ကိုဝင်း၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ပါ....”ဟု ဆက်၍ ပြောပါသည်။

နှစ်ယောက်စလုံး တိတ်ဆိတ်၍ နေကြပါသည်။ ကျွန်တော့်ဝမ်းတွင်းရှိ အလိုဆန္ဒကို ပြောပြရန်မှာ လွန်စွာခက်လှပါသည်။ အမှန်အားဖြင့် ကျွန်တော်မှာ ရှက်လည်းရှက်တတ်ပါ၏။ မမြလွင်ကဲ့သို့သော မိန်းကလေးတစ်ဦးအား လင်ယောကျ်ားနှင့်အတူနေခြင်းသည် မောင်နှင့်အတူနေခြင်းနှင့်မတူ၊ ထူးခြားကွဲပြားလျက်ရှိကြောင်း၊ လင်ယူသားမွေးခြင်းမှာ မိန်းမတို့၏မွေ့တာတစ်ရပ်ဖြစ်ကြောင်း၊ မိန်းမမှန်က အချိန်တန်အရွယ်ရောက်ပါက လင်ယူကာ သားသမီးမွေးမှ သဘာဝကျမည်ဖြစ်၍သဘာဝကို မလွန်ဆန်သင့်ကြောင်း၊ ဤသို့ အရွယ်တိုင်ပါလျက် လုံးတည်းနေခြင်းသည် မိမိ၏နုပျိုစို ပြေခြင်းကို ဖြုံးတီးရာရောက်ကြောင်း ပြောပြလိုလှသော်လည်း ပြောပြရန် မဝန့်ခဲ့ပါ။

“ကဲပါလေ-ဒီအကြောင်းတွေကို မပြောဘဲ နေကြပါစို့လား-၊ ကိုဝင်း လွင့်အပေါ်မှာ စိတ်ထားပြောင်းလွဲလာတာကိုလဲ လွင်ရိပ်မိပါတယ်။ တစ်ခါခါ ကိုဝင်းရဲ့ ကြည့်ပုံရှုပုံဟာ လွင့်စိတ်ခာတ်ကို ထိခိုက်စေပါတယ်။ လွင်,အနေရခက်ပါတယ်။ မောင်လေးလဲ ဒါကို ရိပ်မိပါတယ်။ လွင့်, သဘောကတော့ ကိုဝင်းကို မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ အမြဲဆက်ဆံချင်ပါတယ်။ လွင်တို့ မိတ်ဆွေအဖြစ်က ကွဲကွာရမှာကိုလဲ အင်မတန်စိုးရိမ်ပါတယ်။ လွင်တို့ သုံးယောက်ဟာ မောင်နှမအရင်းတွေလို ပျော်ပျော်ပါးပါးနေသွားစို့

ကြပါလားရှင်။ ကိုဝင်းမလာရင် ကျမတို့မှာ တကယ်ပဲမျှော်မိပါတယ်။ လွင်တို့ ကိုဝင်းကို တကယ်ပဲ ခင်ပါတယ်....

"ကျွန်တော်လဲသိပါတယ်။ ကျွန်တော်ကလဲ မမြလွင်တို့မောင်နှမကို အင်မတန်ခင်ပါတယ်။ မမြလွင်တို့ ခင်မင်မှုကိုလဲ ကျွန်တော်လေးစားပါတယ်။ တန်ဘိုးထားပါတယ်။ မမြလွင်တို့အိမ်ကို လာရတာ ပျော်လဲပျော်ပါတယ်။ ကျွန်တော်ဖြင့် တစ်သက်မှာ ဘယ်သူ့ကိုမှာ ဒါလောက်မခင်ခဲ့ဖူးဘူး- မမြလွင်တို့နဲ့ နေရတာလဲ ပျော်လှပါတယ်...."

"လွင်က အခုလိုပြောတဲ့အတွက်ကိုတော့- ကိုဝင်းစိတ်မဆိုးပါဘူးနော်...."

"ဘာဖြစ်လို့ ဆိုးရမှာလဲ- လွန်တာက ကျွန်တော့် အလွန်ပဲ၊ တကယ်ဆိုတော့ မမြလွင် ကျွန်တော့်ကို မချစ်လို့ အခုလိုပြောတာဘဲ။ ချစ်ရင် ကိုမြသွင်အတွက် ဘာစဉ်းစား နေစရာလိုသလဲ...."

မမြလွင်သည် ပြုံးပြုံးလေးနားထောင်နေရာမှ သက်ပြင်းချလိုက်ပါသည်။

ထို့နောက်တွင်ကား ကျွန်တော်တို့မှာ ခင်မင် ရင်းနှီးစွာ မောင်နှမဝမ်းကွဲပမာ ဆက်ဆံ၍ နေခဲ့ကြပါသည်။ တစ်ခါတစ်ရံ ကိုမြသွင်သည် ရန်ကုန်သို့သွားတတ်ပါသည်။ ထိုအခါများ၌ ကျွန်တော်ကပင် မမြလွင်နှင့် အဖော်အဖြစ် နေခဲ့ပါသည်။ မမြလွင်သည် ရန်ကုန်တွင် ခင်တွယ်စရာ ဟူ၍ ကုက္ကိုင်းခြံမှအိမ်ကြီးမှတစ်ပါး အခြားမရှိသောကြောင့် ရန်ကုန်တွင် နေရသည်ကို မပျော်ဟု ဆို၏။ ရန်ကုန်မြို့လယ်

တွင် မနေလိုဘဲ အတုအယောင် ကြည်နူးဘွယ်တို့ကိုသာ ဖန်တည်းထားအပ်သည့် ရန်ကုန်ပျော်ရွှင်မှုကို မနှစ်သက်ဟုဆိုပေသည်။ ထို့ကြောင့် ကုက္ကိုင်းခြံကို ပြန်မဝယ်နိုင်သည်မျှ ရန်ကုန်ကို မပြန်ဟု ဆုံးဖြတ်ထားလေသည်။

ရန်ကုန်နှင့်ဝေးသောမြို့များ၌ နေရသည်မှာ အကုန်အကျနည်းသဖြင့် ငွေများများစုမိနိုင်သည်ဟုလည်း အယူရှိထား၏။ ရန်ကုန်သို့ ကိုမြသွင် သွားသည့်အခါ၌ သူပါရောလိုက်လျှင် ငွေကုန်များသည်ဟုဆိုကာ မလိုက်ဘဲနေရစ်ခဲ့၏။ ကျွန်တော်က မမြလွင်အား ချစ်ရေးဆိုခဲ့လင့်ကစား၊ မမြလွင်က မည်မျှထူးခြားဟန်မပြဘဲ ခင်မင်ရင်းနှီးစွာ ဆက်ဆံ၍နေပေရာ ကျွန်တော့်မှာ မမြလွင်အား ပိုမို၍လေးစားမိရာမှ နောက်ထပ်မပြောမိအောင်ပင် သတိထား၍ နေခဲ့ရလေသည်။ ကျွန်တော်က မမြလွင်အား ချစ်ရေးဆိုကြောင်းကို မမြလွင်သည် သူ့မောင်အား ပြောပြဟန်မတူ။ သူ့မောင်ကလည်း သိနေသည့်အရိပ်အရောင်ကိုမျှ မပြပေ။ ကျွန်တော်ကား ချစ်လျက်နှင့်ပင် ချစ်စိတ်ကို မျိုသိပ်၍နေခဲ့ရလေသည်။ ကိုယ့်ကိုယ်ကိုလည်း ချုပ်တည်းထိန်းသိမ်းနိုင်ခဲ့လေသည်။ မမြလွင်နှင့် ဆက်ဆံရသည့်အခါ ထူးခြားသည့် စိတ်ခံစားမှုကို ခံစားရ၏။ နောက်ဆုံး၌ ကျွန်တော်၏ ချစ်မေတ္တာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမည်ဟုထင်၏။ ထိုနောက်-ကျွန်တော်တို့တတွေသည် ထူးခြားစွာ မိတ်ဆွေရင်းများဖြစ်နေကြလိမ့်မည်ဟုလည်း မျှော်လင့်၏....။ အ မှန်မှာ-ကျွန်တော်ပျော့ညံ့သော စိတ်ကြောင့် ဤသို့ဖြစ်ရ ခြင်းပင်....

ကိုမြသွင် ရန်ကုန်သို့ သွားနေသည့်အခါ၌ မမြလွင်နှင့် ကျွန်တော်တို့သည် သဘော်ဆိပ်သို့ မကြာမကြာသွား၍ ကြိုကြ၏။ သဘော်ဆိုက်ချိန်တွင် ပါလိုပါပြေးသွား၍ကြိုကြ၏။ သူ့အား ခင်သူမိတ်ဆွေသင်္ဂဟများက ကိုမြသွင်မရှိသောအခါ၌ သူတို့၏အိမ်တွင်လာ၍ နေရန်ခေါ်ကြ၏။ အချို့က အဖော်အဖြစ်လာနေရန် မိန်းကလေးအဖော်ကို လွှတ်ကြ၏။ သို့သော်....မမြလွင်က ငြင်းဆန်ခဲ့လေသည်။ တစ်နေ့တာ အဖို့ မမြလွင်တွင် လုပ်ခင်းဆောင်တာများစွာရှိ၏။ အိမ်မှုကိစ္စနှင့်ပင် များပြားလှ၏။ သည်ကြားထဲက ပန်းပင်စိုက်သေး၏။ စာဖတ်သေး၏။ တစ်ခါမျှ 'ပျင်းလိုက်တာ'ဟူသော ညည်းညူသံ မကြားရ။ သူ့အိမ်တွင် သူပျော်၏။ သူ့အိမ်တွင်ရှိ ထမင်းချက် မာလီမင်းစေတို့နှင့် သူသည် ပျော်ရွှင်စွာနေ၏။ ဧည့်သည်များနှင့်လည်း သင့်တင့်အောင် နေတတ်၏။ အိမ်၌ မည်သူမျှမရှိလျှင်လည်း တစ်ယောက်တည်းနှင့်ပင် သူ့ကိုယ်သူ ပျော်အောင်နေတတ်၏။

မမြလွင်ကား အံ့ဩဘွယ်ရာ မိန်းမဖြစ်၏။ သူ့ကိုယ်သူ အားကိုးကာ သူ့မောင်ကိုသာလျှင် ခင်တွယ်၏။

မြို့သူမြို့သားတို့သည် ကျွန်တော် မမြလွင်ကို ချစ်နေသည်ကို အဘယ်ပုံအဘယ်နည်း သိရှိနားလည်ကြသည်ဟူ၍ကား ကျွန်တော်မသိရပါ။ ကျွန်တော့်အနေဖြင့်ကား မည်သူ့ကိုမျှမပြောခဲ့ပါ။ သို့သော် သူတို့သိနေကြကြောင်းကိုကား ဟိုမှသည်မှသိခဲ့ရ၏။ ဌာနအုပ်ကတော် ဒေါ်အေးညွန့်ကဆို

လျှင် ကျွန်တော်တို့နှစ်ယောက်အား ဘယ်သောအခါတွင် လက်ဖွဲ့ရပါမည်နည်းဟုပင် မေးခဲ့၏။ ကျွန်တော်က သူ့အမေး ကို နားမလည်ဟန်ပြုခဲ့ရ၏။ သို့သော် ကိစ္စကား ဤမျှနှင့်မရပ် မမြလွင်တစ်ယောက် ကိုမြသွင်နှင့် ရန်ကုန်သို့လိုက်၍ မသွား ခြင်းကိုပင် ကျွန်တော့်ကြောင့်ဟုဆိုကြ၏။ ဤသို့ သူတို့က ပြောကြသည့်အခါ၌ ကျွန်တော့်စိတ်တွင် ကြည်နူးမိသည်ကို ကား တားဆီး၍ မရနိုင်ခဲ့ပါ။

မမြလွင်သည် ဤသို့ ဖာသိဖာသာ နေခြင်းအားဖြင့် ကျွန် တော်က သူ့အား ချစ်ရေးဆိုခဲ့ဖူးသည်ကို မေ့မေ့ပျောက် ပျောက် နေသွားတော့မည်လားဟုလည်း တစ်ခါတစ်ရံ တွေး တောပူပန်မိပါသည်။ သူသည် ကျွန်တော့်အပေါ်တွင် ရက် စက် စိမ်းကားလှပေသည် ဟူ၍လည်းမပြောရက်ပါ။ သူ သည် မည်သူ့ကိုမျှ ရက်စက်စိမ်းကားစွာ မပြုခဲ့ပါ။ သူက ကျွန် တော့်အား ဆက်ဆံနေပုံမှာ ဆွေမျိုးသားချင်း မောင်နှမ ဝမ်း ကွဲတစ်ယောက်ကို ဆက်ဆံနေသည်နှင့် တူလှပါတော့သည်။ ကျွန်တော့်ကို တွေ့သည့်အခါများ၌ ရွှင်လန်းပျော်မြူး၍နေ သည့် အမူအရာမှာ အံ့ဩဘွယ်ရာပင် ကောင်းနေပါသည်။ ဆက်ဆံပုံမှာလည်း ရင်းရင်းနှီးနှီး ရှိလွန်းလှပါသည်။ တစ်ခါ တစ်ရံ သူ, ကျွန်တော့်ကို ဆက်ဆံနေပုံမှာ ယောက်ျားတစ် ယောက်ကို ဆက်ဆံနေပုံနှင့်မတူဘဲ ဝတ်ရချွတ်ရ လွယ်သည့် ပြင် မျက်စိအောက်၌ လွယ်လွယ်တွေ့ရသဖြင့် အမြဲဝတ်နေ မိသော ကုတ်အင်္ကျီဟောင်းနှင့်ပင် တူနေပါသည်။ ကျွန်တော် ၏ ချစ်ခြင်းမေတ္တာသည် သူနှင့် မိုင်ပေါင်း တစ်ထောင်ခန့်

ကွာလှမ်း နေသည့်အဖြစ်ကိုကား ကျွန်တော့်မှာ လုံးဝ မမြင်လိုပါ။

သို့နေခဲ့ရာမှ တစ်ခါတွင်မူ ကိုမြသွင် ရန်ကုန်သို့ သွားနေခိုက် သူ့အိမ်သို့ အလည်အပတ်သွားခဲ့ရာ ငိုနေသည်နှင့်ကြုံနေပါတော့သည်။ ကျွန်တော့်မှာ ထိတ်လန့်သွားမိ၏။ တစ်ခါမျှ မမြလွင် ငိုသည်ကို မမြင်ဘူးခဲ့သောကြောင့် အံ့သြမိ၏။

"ဘာဖြစ်လို့လဲ-လွင်...."

"ဘာမှ မဖြစ်ပါဘူး"

"ဟာဗျာ....ဒီလိုမလုပ်ပါနဲ့ဗျာ။ ဘာဖြစ်လို့ ငိုတာလဲဗျ ပြောပါအုံး"

မမြလွင်က ကြိုးစား၍ ပြုံးပြပါသည်။

"တခြားမဟုတ်ပါဘူး မောင်လေးက သူပြောသွားတဲ့ ရက်မှာ ပြန်မလာနိုင်သေးတဲ့အကြောင်း စာရေးလိုက်လို့ပါ။ အဲဒါနဲ့ ဝမ်းနည်းပြီး ငိုမိတာပါ"

"သြော်....ဒါကြောင့်လား။ ဖြစ်မှ ဖြစ်ရတယ်ဗျာ"

"ဟုတ်တယ် လွင်ကဖြင့် သူပြန်လာမဲ့နေ့ကို လက်ချိုးပြီး ရေနေရတယ်။ သူကတော့ ရက်ရွှေ့ပစ်တယ်"

"ဘာဖြစ်လို့ မလာနိုင်သေးတဲ့ အကြောင်းကို ရေးမထားဘူးလား...."

"စာနဲ့ပြောတာမဟုတ်ဘူး။ သံကြိုး ရိုက်လိုက်တာပါ ဖတ်ကြည့်လေ-ဒီမှာ...."

မမြလွင်က တုံတုံရီရီ ဖြစ်နေရင်းပင် ကျွန်တော့်အား

သံကြိုးစာရွက်ကို ထုတ်ပြပါသည်။ သူ၏ မျက်လုံးတွင် စိုးရိမ်စိတ် သန်းနေပါသည်။

"ချစ်လှစွာသော မမခင်ဗျား...."

ကျွန်တော်ပြောခဲ့တဲ့ရက်တွင် ပြန်မလာနိုင်သေးပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ-

'အချစ်ဆုံးမောင်လေး...."

ကျွန်တော်သည် ကြေးနန်းစာကို ဖတ်ပြီး "သူ့မှာ တခြားကိစ္စများ ရှိနေလို့များလားမှ မဆိုနိုင်ဘဲ-" ဟု သူ၏ စိတ်ကို သက်သာရအောင် ပြောမိပါသည်။

"ကိစ္စရှိရင်လဲ ကိစ္စရှိကြောင်း စာရေးပေါ့၊ အခုတော့ ဘာမှန်းမသိ ညာမှန်းမသိ၊ ဒီကလူက ဘယ်လောက် စိတ်ပူရတယ်ဆိုတာ သူမသိဘူးလား...."

"ဒါကို ဘယ်စဉ်းစားမလဲ- လွင်....ဒါကတော့ သူသူ ကိုယ်ကိုယ်ပဲ တကယ်လို့ လွင်, တခြားသွားတဲ့အခါကျရင်လဲ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ လူအကြောင်းကို စဉ်းစားချင်မှ စဉ်းစားပေလိမ့်မယ်။ ဒါကို အပြစ်ယူလို့ ဘယ်ဖြစ်ပါမလဲ...."

ဤတွင် မမြလွင်မှာ ပြုံး၍လာပါတော့သည်။

"ဟုတ်တယ် ကိုဝင်းပြောတာ မှန်တယ်။ မောင်လေး စိတ်ကိုက ဒီလိုဘဲ တစ်နေရာကထွက်သွားရင် ဇောင်းထဲက လွှတ်လိုက်တဲ့ မြင်းလိုဘဲ၊ နောက်ကို ပြန်ပြီး လှည့်မကြည့်ဘူး။ အို....လွင်,အလကားသက်သက် တစ်စိပ်ကို တစ်အိတ် လုပ်ပြီး ပူမိတယ်။ ဘယ်လိုကိစ္စဆိုတာ သူစာရေးမှာတော့

အမှန်ဘဲ။ ဒီတော့ သည်းခံပြီး စာအလာကို စောင့်မျှော်ရသေးတာပေါ့ရှင်....”

မမြလွင်ကား သူ့စိတ်ကို သူ လွန်စွာထိန်းနိုင်သူ ဖြစ်၏။ ဤသို့ အတွင်းကြိတ်၍ စိတ်ကို ထိန်းသိမ်းခြင်းကြောင့်ပင် သူ့မှာ တနေ့တခြား မျက်တွင်းတွေကျကာ ငိုင်တိုင်တိုင်ဖြစ်၍ လာလေသည်။ ကျွန်တော့်မှာ ဤတွင်မှ မမြလွင်သည် သူ့မောင်အတွက် စိုးရိမ်စိတ် ပြင်းထန်နေရှာသည့် အဖြစ်ကို သိရလေသည်။

ကျွန်တော့်မှာ သူ့အား သည်အတိုင်း ကြည့်၍ မနေနိုင်တော့ပါပြီ။ ထို့ကြောင့် တစ်နေရာတွင် အလည်အပတ်ထွက်ကြရန်ချိန်းဆိုပါသည်။ ချိန်းဆိုထားသောနေ့၌ သူ့အိမ်သို့ သွားသောအခါ မမြလွင်နှင့်မတွေ့မီ သူတို့အိမ်ရှိ ထမင်းချက်မိန်းမကြီးနှင့် တွေ့ပါသည်။

“ဒီနေ့ အကိုလေးဆီက စာလာတယ်....”

ကျွန်တော်ကား “အော်....ဟုတ်လား”ဟု တစ်ခွန်းသာ ပြောပြီးနောက် အိမ်ပေါ်သို့ တက်လာမိပါသည်။ ဧည့်ခန်းမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေသောကြောင့်-

“မမြလွင်-မြ....လွင်....”ဟု ခေါ်မိပါသည်။

မီးဖိုဆောင်သို့ သွားမိသောအခါ၊ အိပ်ခန်းဆီမှ ရှိုက်သံကြားရသဖြင့် ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားမိပါသည်။ အသံကြားသည့်အခန်းတံခါးက တွန်းလိုက်ရာတွင် ကုတင်ပေါ်တွင် ဝမ်းလျားမှောက်၍ ငိုနေသူ မမြလွင်အား တွေ့ရပါတော့သည်။ ကျွန်တော်က ကုတင်နံဘေးတွင် မရဲတရဲ ရပ်ကာ....

"ဘာဖြစ်လို့လဲ-လွင်"

"ဘယ်သူလဲ- ဘာလဲ...."

မမြလွင်သည် ဝမ်းလျားမှောက်နေရာမှ မေးရင်း မျက်နှာကို စောင်းငဲ့၍ မော့ကြည့်လိုက်ရာ၊ ကျွန်တော့ကို မြင်တော့မှ "အော်....ကိုဝင်း"ဟု ပြောပြီး မျက်နှာကို အောက်သို့ငုံ့လိုက်ကာ "မောင်လေး- မိန်းမယူလိုက်ပြီ" ဟု ငိုသံပါနှင့် ပြောလေသည်။

အမှန်ကို ဝန်ခံရပါက၊ ကျွန်တော့်စိတ်တွင် ထိုစဉ်က သူ့အား သနားသည်ထက် သူ့မောင် မိန်းမယူပါက သူသည် ကျွန်တော်နှင့် မုချ လက်ထပ်ပေတော့မည် ဟူသော အတွေးဖြင့် ဝမ်းသာသည့်စိတ်က ပိုမိုနေပါသည်။ ဤအတွေးသည် တစ်ကိုယ်ကောင်းစိတ်ဟု ကျွန်တော် သိပါသည်။ သို့သော်....မမြလွင်တစ်ယောက် စိတ်မချမ်းမသာ ဖြစ်နေသည်ကို မြင်ရသည့်အတွက်ကား ကျွန်တော့်ရင်ထဲတွင် မည်သည့်နည်းနှင့်မျှ မရွှင်လန်းနိုင်ပါ။

"ဖြစ်မှဖြစ်ရတယ် လွင်....ကဲပါလေ....လာပါ....အပြင်မှာထွက်ပြီး စကားပြောရအောင်-ထ-ထ....ငိုမနေပါနဲ့ဗျာ....ဒီကိစ္စမျိုးဟာ ဓမ္မတာပဲရယ်...."

ကျွန်တော့်မှာ မမြလွင်၏ပခုံးကိုပင် အမှတ်မထင် ယုယစွာ ပွတ်သပ်မိပါသည်။ မမြလွင်ကလည်း ဖယ်ရှားခြင်းမပြုဘဲ ငြိမ်သက်နေပါသည်။ ကျွန်တော်က သတိရ၍ လက်ကို ရုတ်ကာ အပြင်သို့ ထွက်တော့မှ သူလည်းထွက်၍ လိုက်လာ

ကာ ဧည့်ခန်းတွင် အတူထိုင်နေကြပါတော့သည်။ အတန်ကြာမျှ စကားမပြောဘဲ နေကြရာမှ မမြလွင်မှာ မျက်ရည်ပေါက်တွေ တစ်ပေါက်ပြီးတစ်ပေါက် ကျဆင်းလာပြီး....

"အင်း....လုပ်ရက်ပါပေ့....လုပ်ရက်ပါပေ့-" ဟု ညည်းညူရှာပါသည်။

"လွင်ကလဲကွာ....၊ ဒါမျိုးဆိုတာ လူရယ်လို့ ဖြစ်လာကြရင် အနေ့းနဲ့အမြန် ဖြစ်ကြတာမျိုးဘဲ၊ ဒါတွေက မလွန်ဆန်နိုင်တဲ့ တရားတွေဘဲ....သူ့ကို ဘယ်တော့မှ မိန်းမ မယူမဲ့လူလို့ ထင်ထားတဲ့ လွင့်ရဲ့ အထင်ကိုက သိပ်မှားတဲ့ အထင်ပဲ...."

မမြလွင်ကား ဘာမှပြန်မပြောဘဲ ခေါင်းကို ရမ်းပါသည်။ သူ့လက်တွင်း၌ကား စာရွက်တစ်ရွက် ကျစ်ကျစ်ပါအောင် ဆုပ်၍ထားပါသည်။ စာကား မောင်မြသွင်ထံမှ စာ ဖြစ်ပေလိမ့်မည်။

"ကိုမြသွင်က ဘာတွေရေးလိုက်သလဲ လွင်...."

"သူ့စိတ်ကိုပင် သူ ဘယ်လိုမှ တားမရလို့ပါတဲ့၊ အခြေအနေအရ လက်မထပ်ရင် မဖြစ်တော့တာမို့- ရုံးမှာ လက်ထပ်လိုက်ကြပြီတဲ့။ ဒီလောက်လောလောဆယ် လက်မထပ်ရင် မဖြစ်လောက်အောင် ဘယ်လိုအရေးကိစ္စများ ကြီးကျယ်နေလို့ပါလိမ့်...."

"ဒါကတော့....ဒီလိုဖြစ်ပါလိမ့်မယ်....မိန်းကလေးက

အတင်း တွယ်ကပ်နေလို့ ဖြစ်ပါလိမ့်မယ်….သူ့ အနေနဲ့ အေး အေးဆေးဆေး ယူရမယ့်အခြေဆိုရင် လွင့်ကို တိုင်ပင်ဦးမှာ ပေါ့….အခုတော့-သူ့ခမြာမှာလဲ မလွဲသာလို့ ဖြစ်မှာပေါ့….”

“အို-ယောကျ်ားလေးဖြစ်ပြီး ဒီလောက်တောင်ပဲ စိတ် က ပျော့ရသလား”

“ဒါထက်….သူတို့….ဒီကိုလာကြပြီတဲ့လား”

“လာကြတော့မယ်တဲ့လေ….သန်ဘက်ခါမနက် ကိုး နာရီ သင်္ဘောနဲ့ လိုက်လာကြလိမ့်မယ်…. ဖိန်းနွဲ့ခါ ညနေ လေးနာရီလောက်မှာ ရောက်မှာပေါ့…. သူ့အဆိုကတော့ သူ့မိန်းမပါလာတဲ့အတွက် မမဘာမှ အားမငယ်ပါနဲ့တဲ့။ ယောကျ်ားလေးတွေဟာ မိန်းမနဲ့ပတ်သက်လာရင် ဒီလိုချည်း ပဲထင်ပါရဲ့-လွင်တော့-ဘယ်သွားနေရမှန်းတောင် မသိတော့ ဘူး….”

မမြလွင်ကား ငိုပြန်လေသည်။ မမြလွင်ကဲ့သို့…. တည် ကြည်လှသော မိန်းကလေး တစ်ယောက် ဤသို့ လှိုက်လှဲ ကြေကွဲစွာ ငိုနေသည်ကို မြင်ရသည်မှာ လွန်စွာ စိတ်မ သက်သာဘွယ်ရာပင် ဖြစ်တော့သည်။ သူ၏ တည်ငြိမ်သည့် ဣန္ဒြေသည် သူ၏ နက်ရှိုင်းသောခံစားမှုကို ကာကွယ်ထား သည်ဟု ယူဆခဲ့၏။ ယခုကဲ့သို့ သူ၏ကြေကွဲခြင်းကို ဖွင့်အံ လိုက်သည့်အခါတွင်ကား ကျွန်တော်မှာ ရင်ထဲတွင် ဆို့ ကျပ်နာကျင်ခဲ့ရလေသည်။

ဤတွင် သူ၏ ပခုံးနှစ်ဘက်ကို ဆွဲလှည့်မိခါ….

“ဒီမှာ….လွင်….”ဟု ခေါ်မိလေသည်။

"ဘာလဲ....ကိုဝင်း....လွင် ဘာလုပ်ရမလဲ"

"လွင်....ကိုနဲ့ လက်ထပ်ပါ"

"အို....မဖြစ်နိုင်ပါဘူး ကိုဝင်း"

"ဖြစ်ပါတယ်-လွင်....လွင့်ကို....ကျွန်တော်....ချစ်လွန်းလို့ပါ....လွင် စိတ်ချမ်းသာမှုကို ဖန်တီးပေးပါ့မယ်"

"မဖြစ်နိုင်ပါဘူးဆိုမှဘဲ....ကိုဝင်းရယ်...."

"ဘာဖြစ်လို့လဲ....လွင်"

"လွင်....ကိုဝင်းကို ချစ်မှမချစ်ဘဲ"

"လွင်မချစ်ပေမဲ့ ကျွန်တော် ချစ်တယ်"

ကျွန်တော် ဘာတွေပြောခဲ့သည်ကိုကား မမှတ်မိတော့ပါ။ မှတ်မိသမျှကား-သူ့စိတ်ချမ်းသာမှုကို မြင်လိုကြောင်းသာ ထပ်တလဲလဲ ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်၏ တောင်းခံချက်များမှာ သူပေးလိုပါက လွယ်လင့်တကူ ပေးနိုင်သည့် အရာများသာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်တစ်ယောက်ထည်း စကားတွေ ဖောင်သာ ဝေအောင် ပြောခဲ့ပါသည်။ အကျိုးအကြောင်းဆင်ခြင်နိုင်ရန်ပြောခဲ့ပါသည်။ ကိုမြသွင်လာသောအခါတွင် ဤအရပ်၌ မနေလိုက တခြားတစ်မြို့၌ ကျွန်တော်နှင့်အတူ လိုက်၍နေရန် ပြောရပါသည်။ ထိုသို့ပြောနေဆဲမှာပင် မမြလွင်မှာ ငြိမ်သွားလေရာ ကျွန်တော်မှာ ကျွန်တော်၏ စကားသံကိုသာ နားစိုက်ထောင်နေသည်ဟု ယူဆသောကြောင့် အားပါးတရ ပြောခဲ့ပါသည်။ ကျွန်တော့်စကားဆုံးသွားသောအခါ မမြလွင်က....

"ရှင်....လွင့်အကြောင်းကို မသိပါဘူးရှင်...."

"ကျွန်တော့်မှာ သိတတ်တဲ့စိတ်တော့ ရှိမှာပါပဲ" မမြလွင်က ပြုံးပါသည်။

"ဘယ်လိုလဲ-လွင်-ဘယ်လိုလဲ...."

မမြလွင်သည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး အတန်ကြာ တိတ်ဆိတ်နေပြီးမှ "ကိုဝင်း....သဘောပဲလေ" ဟု ပြောလိုက်သည့်အသံကား ကျွန်တော့်တစ်သက်တွင် မမေ့နိုင်တော့ပါ။

ကျွန်တော်ကား ပြောစရာစကားမရှိတော့သဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာကာ မမြလွင်အား နမ်းမည်ပြုသောအခါ မမြလွင်က မျက်နှာကို တစ်ဘက်သို့ လွှဲပစ်ပါသည်။ ကျွန်တော်က လက်ထပ်ရက်ကို မေးသည်တွင် မမြလွင်က ကိုမြသွင်ပြန်လာသည်အထိ စောင့်ပါရန် ပြောပါသည်။ လူတို့၏စိတ်ကား လွန်စွာဆန်းကျယ်လှပါသည်။ မမြလွင်၏ စိတ်၌ ကိုမြသွင် ရန်ကုန်၌ လက်ထပ်လိုက်သည်ကို ယုံကြည်ဟန်မတူပါ။ သူ့စိတ်၌ သူ့မောင်သည် ဤတစ်သက် မိန်းမယူလိမ့်မည်မဟုတ်ဟူသော ကြောက်စရာ့အစွဲသည် စွဲကပ်လျက်ရှိပါသည်။ သူ၏ထိုအစွဲကြောင့် ကျွန်တော့်ရင်ထဲတွင် နာကျင်စွာ ခံစားရသော်လည်း သူ့ကို ချစ်သောကြောင့် သီးခံရပါသည်။ မမြလွင်နှင့် ပတ်သက်လာပါက ဘာမဆိုခံစားရန် အသင့်ရှိပါသည်။ ကျွန်တော်သူ့ကို မြတ်နိုးလှပါသည်။ ကိုမြသွင်ပြန်မလာမချင်း သူနှင့်ကျွန်တော် ချစ်ကြိုက်နေသည့်အကြောင်းကို မည်သူ့မျှမပြောရန် တားမြစ်ရှာသေးသည်။

ကိုမြသွင်တစ်ယောက် ရန်ကုန်၌လက်ထပ်ခဲ့သည့် အကြောင်းကိုလည်း မည်သူ့မျှမပြောရန် တားမြစ်ပြန်ပါသည်။

သို့သော်....လူ့သတင်းဆိုသည်မှာ ပိတ်ဆို့ထား၍ ရကောင်းသည့်အရာမဟုတ် "ရန်ကုန်၌ ကိုမြသွင် လက်ထပ်ခဲ့ပြီ"ဟူသောသတင်းမှာ ကိုမြသွင် ရန်ကုန်မှ မရောက်မီ အတွင်းမှာပင် ရောက်၍နေလေပြီ။

နောက်တစ်နေ့နံနက်တွင်.... ဌာနအုပ်ကတော် ဒေါ်အေးညွန့်က ထိုသတင်းကြားရကြောင်း ပြောလာပါသည်။ ကျွန်တော်က "အော်....ဟုတ်လား"ဟု မသိဟန်ပြုကာ ပြောရပါသည်။

"ကျွန်မလဲ ထမင်းချက်တဲ့ကောင်မ ပြောလို့သိရတာ။ ဒါနဲ့ အခုပဲ မမြလွင်ကို သွားပြီးမေးခဲ့တယ်။ ရန်ကုန်မှာ မိန်းမယူ လိုက်ပြီဆိုတဲ့ စာကတော့ရပါသတဲ့။ ကဲ....ဖြေပုံက မဆန်းဘူးလား၊ နောက်ပြီး- ကျွန်မမေးတာတွေကို ဟုတ္တိပတ္တိ မဖြေဘူး...."

"မမြလွင်ဟာ သူ့မောင်ကို သူသိပ်ချစ်တယ်-ဒေါ်ဒေါ်။ သူ့ခမြာ အတော်ဘဲ စိတ်ထိခိုက်နေမှာပေါ့။ နောက်ပြီး သူ့ယောင်းမဟာ ဘယ်လိုမိန်းကလေးမျိုးဆိုတာကို သူမသိသေးဘူး၊ ဒီတော့- စိတ်မချမ်းမသာ ဖြစ်နေမှာပေါ့...."

"ကဲ-မောင်တို့ကရော ဘယ်တော့ယူကြမှာလဲ...."

"ဒီအမေးကို ကျွန်တော်ဘယ်လိုဖြေရမလဲ-ဒေါ်ဒေါ်"

ဤတွင်....ဒေါ်အေးညွန့်က ပြုံးပြကာ....

"ဆရာလေးကလဲရှင် ကျမတို့ကိုတောင် ဖုံးဖိနေတာကိုး၊ ဆရာလေးနဲ့သူနဲ့ တကယ်မယူကြသေးဘူးလား၊ ရက်မကန့်သတ်ကြသေးဘူးလား...."

ကျွန်တော်ကား သူ့အား မုသားလည်း မပြောလိုပါ၊ မမြလွင်အား ပေးထားသည့် ကတိဖျက်၍ အဖြစ်အပျက်မှန်ကိုလည်း ဖွင့်ဟမပြောလိုပါ။ ထို့ကြောင့်....

"ဒီလိုပါ-ဒေါ်ဒေါ်ရယ်၊ အကြောင်းမထူးသေးလို့သာ ဒေါ်ဒေါ်တို့မသိရသေးတာပေ့ါ။ အကြောင်းထူးရင် ဒေါ်ဒေါ်တို့ပဲ အရင်သိမှာပေ့ါ၊ ကျွန်တော်ကတော့ မမြလွင်ကို လိုချင်တာကတော့ အမှန်ဘဲ...."

"အလို-မောင်မြသွင်....မိန်းမယူသွားတယ်ဆိုတော့ မမြလွင်ဟာ ဆရာလေးနဲ့ ယူဖို့နီးလာပြီပေ့ါ....၊ ဒါမှပဲ ကောင်းပါတယ်။ အချိန်အရွယ်ရောက်နေကြရက်သားနဲ့ သဘာဝကို လွန်ဆန်ပြီး အပျိုကြီး လူပျိုကြီး လုပ်နေတာဟာတော့ တယ်မဟန်လှဘူး...."

မမြလွင်တို့အိမ်သို့ရောက်သောအခါ.... သူငယ်စဉ်က မန္တလေးတွင် နေခဲ့ရပုံများ ရန်ကုန်တွင် နေခဲ့ရပုံများကို ပြောရှာပါသည်။ မမြလွင်၏အခြေအနေမှာ မနေ့ကလောက် မဆိုးတော့ပါ။ သူ့စိတ်ကို သူ ဖြေသိမ့်လေသလား၊ လှည့်စားလေသလား။ ခွဲခြား၍ကား မရပါ။ ကျွန်တော့်စိတ်တွင်မူ ကိုမြသွင် မလာမချင်း ဤအတိုင်းနေနေပြီး ကိုမြသွင် ရောက်လာပါက နောက်တစ်နေ့တွင်ပင် ကျွန်တော်နှင့်လက်ထပ်ယူ ကြပါရန်

ပြောဆို၍ ယူတော့မည်ဟု ဆုံးဖြတ်ထားလေသည်။ ထို့နောက်-အလုပ်မှ ခွင့်ရက်ရှည်ယူကာ တစ်မြို့ တစ်ရွာကို ခေတ္တသွား၍ နေရန်ကိုပင် ကြံစည်ထားလေသည်။

ကိုမြသွင်တို့ လာကြပါက သင်္ဘောဆိပ်တွင် သွား၍ ကြိုရန် ကျွန်တော်က ခေါ်ပါသည်။ သို့သော်- မမြလွင်က မလိုက်လိုဟု ငြင်းလေသည်။

"ဟာ-ဒီလိုဘယ်ဖြစ်မလဲ ကိုမြသွင်တို့ စိတ်မကောင်းဖြစ်မှာပေါ့...."

"ဖြစ်ပါစေပေါ့။ ဒီမှာ-ကိုဝင်း လွင့်စိတ်ကို လွင် ဆုံးဖြတ်ပြီးသားပါ။ သူတို့လာရင် အိမ်ကိုလဲ မခေါ်ခဲ့ကြပါနဲ့"

"ဟင်-ဒါဖြင့် ဘယ်လိုလုပ်မလဲ...."

"ကိုဝင်းတို့အိမ်မှာပဲ ခေါ်ပြီး ထမင်းကျွေးပါ...."

မမြလွင်က ခပ်ပေါ့ပေါ့ပင် ပြောပါသည်။ ကျွန်တော်သူ့အား အံ့သြ၍နေမိပါသည်။ ထိုနေ့အဖို့ မမြလွင်သည် ကိုမြသွင်အကြောင်းကို နောက်ထပ်မပြောတော့ပါ။ ထိုနေ့က မမြလွင်သည် သူ့အိမ်၌ ညစာစားရန်ပြောပါသည်။ ထိုကြောင့် ထိုညက ကျွန်တော်သည် သူ့အိမ်တွင် အတော် ညဉ့်နက်သည်အထိ နေခဲ့ရပါသည်။

ညစာစားသောက်၍ ပြီးကြသောအခါ ကျွန်တော်ကပင် စတင်၍ မမြလွင်အား စကားစ,ရလေသည်။ အစက မမေးတော့ဟု အောက်မေ့ထားသည့် စကားကိုပင် မေးရလေတော့သည်။

"ကိုဝင်းကလဲရှင်-လွင်ပြောတာကို စွဲစွဲမြဲမြဲချည်းမှတ်မနေပါနဲ့ရှင်...."

ကျွန်တော်က မသက်သာစွာ ရီမိရာမှ "ဒီကိစ္စကို လေးလေးနက်နက် မစဉ်းစားလို့ ဘယ်ဖြစ်မလဲ လွင်-လေးလေးနက်နက် စဉ်းစားရပေမပေါ့...."

မမြလွင်သည် ခေါင်းကို သွက်သွက်ခါရမ်းပြပါသည်။

"ဟိုနေ့က လွင့်,စိတ်ထဲမှာ သိပ်ညစ်နေတယ်။ အဲဒီလို လွင် သိပ်ပြီးစိတ်ညစ်နေတုန်းက ကိုဝင်းက ယုယုယယနဲ့ ပြောလာတော့ လွင့်မှာ ကိုဝင်းကို အားနာလာတာနဲ့ ပြောမိပြောရာ ပြောခဲ့တာအဟုတ်ပါဘဲ။ ကိုဝင်းကို မညှင်းရက်ပါဘူး။ အဲဒါ-ကိုဝင်း....လွင့်ကို ပြောချင်သလိုပြောပါ။ လွင်ကတော့ လွင့်ကို ခွင့်လွှတ်စေချင်ပါတယ်...."

"အို....လွင်ကထဲ မဟုတ်တာဟုတ်တာတွေ သိပ်ပြောမနေပါနဲ့ကွယ် ကိုဝင်း လွင့်ကို ဘယ်လိုမှသဘောမထားပါဘူး...."

"တကယ်ဘဲကိုဝင်း....ဘာဖြစ်လို့ မဆိုနိုင်ဘူး။ လွင်လက်ထပ်ဖို့ကိစ္စ စဉ်းစားလို့ မရနိုင်ဘူး ကိုဝင်း....လွင့်ကို ခွင့်လွှတ်ပါ...."

ကျွန်တော့်စိတ်တွင် အမှန်ပင် မမြလွင်အား စိတ်မဆိုးခဲ့ပါ။ ယခုကဲ့သို့သောအချိန်အခါတွင် မမြလွင်၏စိတ်မှာ ဤသို့ပင် မငြိမ်မသက် ဖြစ်နေမည်မှာ မုချပင်ဟု ကျွန်တော်ယူ

ဆထားပါသည်။ ထိုယူဆချက်သည်ပင် ကျွန်တော်၏ စိတ်ကို သက်သာရာရစေနိုင်ကာ မမြလွင်အပေါ်တွင်လည်း မည်သို့မျှ အပြစ်မယူသာအောင် ဖြစ်ခဲ့ရပါသည်။

ထူးခြားချက်ကား ထိုညက မမြလွင်အား ကျွန်တော်က နမ်းသည်ကို ကျေနပ်စွာ ခံယူခဲ့ခြင်းပေတည်း။

နောက်တစ်နေ့ညနေ သဘော်ဆိုက်ချိန်တွင် ကျွန်တော် က သွား၍ ကြိုရပါသည်။ ကိုမြသွင်က ကျွန်တော်လာ၍ ကြိုသည်ကို ဝမ်းသာ၍ နေဟန်တူပါသည်။ ကျွန်တော်နှင့် တွေ့လျှင်တွေ့ချင်း သူ၏ဇနီးသည်နှင့် မိတ်ဆက်ပေးရာမှ သူ့ အစ်မကို မေးပါတော့သည်။

ကျွန်တော်က မမြလွင် အိမ်တွင်ရှိကြောင်း ပြောရပါ သည်။

“ကဲ....ကဲ....လာကြ ကားပေါ် တက်ကြ။ ဒီနေ့ည တော့ ကျွန်တော်တို့အိမ်မှာဘဲ ညစာ-စားရလိမ့်မယ်။ မမြ လွင်ကို ပြောခဲ့ပြီးပြီ....”

ကိုမြသွင်၏ဇနီးသည် မခင်ဝေက ကျွန်တော့်ကို ကြည့်၍ နေပါသည်။ မခင်ဝေကား မိန်းမချောတစ်ဦး ဖြစ်ပါသည်။ ပြူးဝိုင်းသော မျက်လုံးအစုံနှင့် ဖြောင့်တန်း ပေါ်လွင်သည့် နှာတန်မှာသူ၏မျက်နှာတွင် ပေါ်လွင်သည့်အလှဖြစ်ပါသည်။ ဖြူဝင်းသောအသားကြောင့် နွဲ့နှောင်းသော ကိုယ်ကာယတွင် ရှု၍မဝအောင် လှ၍နေပေသည်။ လမ်းတွင် ကိုမြသွင်က....

“ကျွန်တော် မိန်းမယူထာကို မမက ဘာပြောသေးသလဲ ဗျ” ဟု မေးလိုက်ပါသည်။

"အတော်ပဲ စိတ်မကောင်းဖြစ်နေပုံရတယ်ဗျ"

ကိုမြသွင်သည် ဟင်းကနဲသက်ပြင်းချလိုက်ပြီး....

"ခက်တယ်....မမတစ်ယောက်ကြောင့် ခက်တယ်" ဟု ပြောပါသည်။

ကိုမြသွင်က ဘာကိုဆိုလိုကြောင်း ကျွန်တော်မသိပါ။

မခင်ဝေကား အတော်ပင် ဖော်ရွေသွက်လက်သည့် မိန်းကလေး ဖြစ်ပါသည်။ ကျွန်တော်နှင့်သိ၍မှ ဆယ်မိနစ် မပြည့်သေးမီ ကျွန်တော့်အား 'အစ်ကိုကြီး' ဟု ရင်းနှီးစွာ ခေါ်ပါတော့သည်။ သူသည် ဤမြို့သို့ တစ်ခါမျှ မရောက်ဖူးကြောင်းကို ပြောဆိုပုံ နားထောင်ခြင်းအားဖြင့် ကိုမြသွင်အား လွန်စွာချစ်ခင်သောကြောင့် လိုက်လာကြောင်းကို တွေးယူနိုင်ပါသည်။ ဤမျှသွက်လက်ချက်ချာကာ အပြောအဆို ယဉ်ကျေးလှသူ မခင်ဝေအား မမြလွင်သည် မုချခင်မင်ပေလိမ့်မည်ဟု ကျွန်တော့်စိတ်တွင် ယုံကြည်စွဲမှတ်လျက် ရှိပါသည်။

ကိုမြသွင်တို့ ဇနီးမောင်နှံသည် ပျော်ရွှင် ကြည်နူးစွာဖြင့်ပင် ကျွန်တော်နှင့်အတူ ညစာစားကြပါသည်။ ညစာစားပြီးကြသောအခါ သူတို့နှစ်ယောက်ကိုသာ အိမ်သို့ပြန်နှင့်စေပါသည်။ ကျွန်တော့်မှာမူ အိမ်တွင်နေရစ်ပြီး ညဉ့်မိုးချုပ်မှ လိုက်လာမည်ဖြစ်ကြောင်း ပြောပြပါသည်။

ကိုမြသွင်တို့ သွားပြီး၍ အတန်ကြာသောအခါ ကျွန်တော်လည်း လိုက်လာခဲ့ပါသည်။ မမြလွင်တို့ အိမ်အနီးသို့ ရောက်သောအခါ တစ်အိမ်လုံးမှောင်မဲနေသည်ကို တွေ့ရပါ

သည်။ ကျွန်တော့်ရင်ထဲတွင်လည်း ထိတ်ကနဲ ဖြစ်သွားပါ သည်။ ဤတွင် "ဘာတွေများ ဖြစ်နေပါလိမ့်" ဟု တွေးကာ အိမ်တွင်းသို့ ကမန်းကတန်းဝင်သွားမိပါသည်။ အိမ်ရှေ့ ခန်းမှာ မလင်းဘဲ မှောင်နေရာ ကျွန်တော်က မီးခလုတ်ကို ဖွင့်လိုက်ရပါသည်။

ဤတွင်မှ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေ သော မခင်ဝေကို တွေ့ရှိပါသည်။ မခင်ဝေသည် ကျွန်တော့်ကို တွေ့လျှင်တွေ့ခြင်း ငိုပါတော့သည်။ အကျိုးအကြောင်းကို မေးကြည့်တော့မှ သူတို့ ရောက်လာသောအခါ သေနတ်ဒဏ် ရာဖြင့် လဲနေသော မမြလွင်ကို တွေ့ရကြောင်း မမြလွင် သည် သူတို့ ကျွန်တော့်အိမ်တွင် ထမင်းစားနေချိန်ကပင် ကိုယ့် ကိုယ်ကို ကိုမြသွင်၏ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း ပြောပြပါတော့သည်။

"သေပလား....အဝေ....လွင်....သေပလား"

"ခုတော့ မသေသေးဘူး....အိမ်မှာရှိတဲ့လူတွေက ဆ ရာဝန်ကို ခေါ်ပြီး ဆေးရုံရောက်အောင် ပို့လိုက်တယ်"

ကျွန်တော်ကား မည်သို့လုပ်ရမည်ကိုပင် မသိတော့ပါ။ မခင်ဝေကိုပင် ဘာတစ်ခွန်းမျှမပြောနိုင်ဘဲ အိမ်အပြင်သို့ အ ပြေး အလွှားထွက်လာမိပါသည်။ ထို့နောက်ဆေးရုံကြီးသို့ လာခဲ့ပြီး မမြလွင်ရှိရာသို့ မေးမြန်း၍လာခဲ့ပါသည်။ မမြလွင်၏ အခန်းသို့ ဝင်မည်ပြုသောအခါ ကျွန်တော့်အား ဆရာဝန် အမိန့်အရ အထဲသို့ မဝင်ရန် ဆွဲထားကြပါသည်။ ကျွန်တော် လည်း ဇွတ်တရွတ်ပင် ဝင်မည်ပြုနေခိုက် ဆရာဝန်ရောက်

လာလေသည်။

“ဟာ-ဆရာလေးပါလား-ဘာလုပ်မလို့လဲ”

“မမြလွင် သေပလားဆရာ- သူသေပလား”

“မသေပါဘူး-ဒါပေမဲ့ သတိလစ်နေတယ် စဖြစ်ကတဲ က သတိတစ်ချက်မှ လည်မလာသေးဘူး”

“ကျွန်တော်ကြည့်ပါရစေ....”

“သည်းခံပါဆရာ- မဖြစ်နိုင်သေးလို့ပါ”

“မဟုတ်ပါဘူး ဆရာ- ကျွန်တော်သူနဲ့ကြိုက်နေတာပါ ကျွန်တော်တွေ့ပါရစေ....”

“ဩ....ဒီလိုလား အဲဒီလိုဆိုရင် သာပြီး တွေ့ခွင့်မပေး နိုင်ဘူးပေါ့၊ အခုနေအခါ သူ့စိတ်ကို လှုပ်ရှားအောင် လုပ် လို့ မဖြစ်ဘူး....”

ဆရာဝန်ပြောသည့်စကားကို ကျွန်တော် နားမလည်ခဲ့ ပါ။

“ဆရာ သူ့အသက်ကို ကယ်နိုင်ပါ့မလား....”

“ဒါကို ဘယ်ပြောနိုင်မှာလဲ ဆရာလေး....”

ထိုအခိုက် ရှိုက်သံ တသံသဲ့သဲ့ ကြားရသဖြင့် ကြည့်လိုက် ရာ ငိုနေသော ကိုမြသွင်နှင့်အတူ အနီးတွင် ရပ်နေသော ဌာနာအုပ်ကတော် ဒေါ်အေးညွန့်ကို တွေ့ရပါတော့သည်။ ဒေါ်အေးညွန့်သည် ကျွန်တော့်ကို တွေ့လျှင် တွေ့ခြင်း၊ ကျွန် တော့်အနီးသို့ ကပ်လာကာ “ပြန်ကြစို့ ဆရာလေး တယ်ပြီး အကြောင်းထူးပုံ မရပါဘူး ပြန်ကြပါစို့” ဟု ပြောပါသည်။

“နေပါစေဗျာ....ကျွန်တော်ဒီမှာနေပါရစေ....”

ဤတွင် ဆရာဝန်က "ဒါဖြင့် ခင်ဗျားတို့ ၂ ယောက် ဟို အခန်းထဲကသွားစောင့်နေ ကျွန်တော်အကျိုးအကြောင်း လာပြောပြမယ်...."ဟု ပြောပါသည်။

ကျွန်တော် ကိုမြသွင်နှင့် ဒေါ်အေးညွန့်တို့သည် တစ်ယောက်နှင့်တစ်ယောက် စကား မပြောဘဲ အချိန် အတော်ကြာမြင့်စွာ ထိုင်နေကြပါသည်။ ကျွန်တော့်စိတ်ထဲ၌ ထမင်းလုံးတစ္ဆေ အခြောက်ခံရသူကဲ့သို့ ဖြစ်၍နေလေသည်။ ထိုင်နေခဲ့ကြသည်မှာ မည်မျှကြာခဲ့သည်မသိပါ။ သုံးနာရီ လေးနာရီခန့် ကြာမည်ဟု ထင်ပါသည်။ ထိုအခါကျမှ ဆရာဝန်သည် ကျွန်တော်တို့အခန်းတွင်းသို့ ဝင်လာကာ....

"သွားပြီ....ဆုံးပြီ...." ဟု ခပ်တိုတိုပင် ပြောမိပါသည်။

ကျွန်တော်ကား ကလေးငယ်ပမာ အားရပါးရ ငိုမိပါတော့သည်။ ဘေးကလူများ မည်သို့ယူဆကြမည်ကိုလည်း ကျွန်တော် ဂရုမစိုက်တော့ပါ။ ရှိုက်၍ရှိုက်၍သာ ငိုမိပါတော့သည်။

ထိုနောက်တွင်ကား ဒေါ်အေးညွန့်သည် ကျွန်တော့်အား အိမ်သို့ ရောက်အောင် လိုက်ပို့ပါတော့သည်။ အိမ်သို့ ရောက်သောအခါ....ခြေပစ်လက်ပစ် အားရပါးရငို၍ မောတော့မှပင် အိပ်ပျော်သွားပါတော့သည်။

အိပ်ရာမှ နိုးလာသောအခါ နေပင်အတော် မြင့်နေပါသည်။ စိတ်နှလုံး လေးလံထိုင်းမှိုင်းစွာနှင့်ပင် အိပ်ခန်းမှ ထွက်လာသောအခါ ဧည့်ခန်းတွင် ထိုင်နေသော မခင်ဝေကို

တွေ့ရပါတော့သည်။

မခင်ဝေကား တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော်ဖြစ်၍ နေကာ မျက်တွင်းများလည်း ဟောက်၍နေပါသည်။ ညက ဖြစ်ခဲ့ရသည့်အခင်းမှာ မခင်ဝေကဲ့သို့သော ငယ်ရွယ်သူ သတို့သမီးလေးတစ်ယောက်အဖို့ ကြောက်လန့်စရာ အတွေ့အကြုံဆိုးပင် ဖြစ်ပါသည်။ ကျွန်တော်က သူ့အနီးတွင် သွား၍ထိုင်ရင်း ကိစ္စကို မေးမြန်းရပါသည်။

“ဒီအရပ်မှာ ကျွန်မသိတဲ့လူဆိုလို့ အစ်ကိုကြီးပဲ ရှိပါတယ်.... ကျွန်မ အားကိုးပါရစေ- ကျွန်မကို သနားပါ”

“ဘာပြောမလို့လဲ အဝေ ဘာကိစ္စလဲ”

“ကျွန်မ အရှည်ကြီးလဲ မပြောချင်ဘူး.... ဘာမှလဲ မမေးချင်ဘူး ကျွန်မကို ရန်ကုန်ပြန်ပို့ပါ ကျွန်မရန်ကုန်ပြန်ပါရစေ”

“အို- ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ- အဝေ၊ ကိုမြသွင်ကို ငဲ့အုံးမှပေါ့၊ ခုနေအခါမှာ ၂-ယောက်စလုံး တောင့်ပြီးခံဖို့လိုတယ်။ သူ့ခမျာ စိတ်ညစ်နေတုံးမှာ အဝေက ထပ်ပြီး ခုလိုလုပ်ရင် သူပိုပြီး ဒုက္ခရောက်သွားလိမ့်မယ်။ အခုလိုအချိန်မှာ အဝေက ကိုမြသွင်ကို ယုယုယယ လုပ်နိုင်ရင် သူသက်သာရာ ရလိမ့်မယ်။ ဟုတ်လား- ဝေ မပြန်ပါနဲ့....”

“မဖြစ်ဘူး- မဖြစ်ဘူး- အစ်ကိုကြီး မသိဘူး၊ ကျွန်မ မပြောတတ်ဘူး။ ကျွန်မ သိပ်ကြောက်တယ်။ အစ်ကိုကြီး ကျွန်မကို ကူညီဖို့ တောင်းပန်ပါတယ်။ ကျွန်မကို ဒီကနေပြီး ရေးကိုသွားတဲ့ မော်တော်ကားနဲ့ ပို့ပါ။ ရေးကနေပြီး ကျွန်မ, ရထားနဲ့ ပြန်မယ်။ ရန်ကုန်ရောက်အောင်ပြန်မယ်....။ ကျွန်မ ဒီမြို့မှာ

နောက်ထပ်တစ်ရက်ပိုပြီးနေရရင် ကျွန်မရူးလိမ့်မယ်။ ကျွန်မကို သနားရင် ကူညီပါ-အစ်ကိုကြီးရယ်....”

“မင်း- ဒီလိုထွက်လာတာကို ကိုမြသွင် သိသလား-”

“မသိဘူး၊ ကိုသွင်နဲ့ မနေ့ညကတဲက မတွေ့ရဘူး....၊ နောက်ထပ်လဲ မတွေ့ချင်တော့ဘူး....၊ ကျွန်မကြောင့် သူတို့ မောင်နှမ ဒုက္ခရောက်ကြပြီ။ ကျွန်မက ဂြိုဟ်မွှေတာ ကျွန်မ ဟာ ဂြိုဟ်ကောင်မပါ....”

“နေပါအုံး မင်းပစ္စည်းတွေရော....”

“အရေးမကြီးပါဘူး၊ ကျွန်မမှာ လဲစရာ ဖယ်စရာလေး တော့ ပါပါတယ်....”

“ပိုက်ဆံရော ရှိရဲ့လား....”

“ရှိပါတယ်၊ လမ်းစရိတ်ရော လမ်းမှာစားဖို့စရိတ်ရော ပါပါတယ်....”

“ကောင်းပြီလေ၊ ဒီလောက်တောင် ပြန်ချင်နေရင်လဲ ပို့ ပေးမယ်....”

“ကျေးဇူးပါဘဲ၊ ဒါဖြင့်-အဝေ ဒီကစောင့်နေမယ်၊ အစ်ကို ကြီးစီစဉ်ပေးပါ....”

ကျွန်တော်က ကျွန်တော်၏ တပည့်တစ်ယောက်အား အငှါးကားတစ်စီးကို ရှာခေါ်ခဲ့ရန် ခိုင်းစေရပါသည်။

“နေပါအုံးကွာ မင်းမှာ ဒါလောက်တောင် အလော သုံးဆယ်ပြန်ရအောင် ဘယ်လိုများဖြစ်လာလို့လဲ....”

"မသိချင်ပါနဲ့-အစ်ကိုကြီးရယ်၊ အစ်ကိုကြီးသာ ကျွန်မနေရာမှာရောက်နေရင်လဲ ဒီနည်းကလွဲပြီး တခြားနည်း ရှိမှာ မဟုတ်ပါဘူး၊ ကျွန်မ, မပြောပါရစေနဲ့ရှင်...."

"ဘယ်လိုများ ဖြစ်ရပါလိမ့်မယ်ကွယ်...."

"အိုလေ-မပြောပါရစေနဲ့ သူဟာ ကျွန်မကို မယူသင့်ဘူး။ ကျွန်မကို လက်မထပ်သင့်ဘူး၊ အင်း တော်တော်တော့ ကြောက်စရာကောင်းတဲ့ အဖြစ်ပဲ...."

"မင်းကရော....သူ့ကို မချစ်ဘူးလား...."

"ချစ်တော့ ချစ်ပါတယ်.... ဒါပေမဲ့....အတူတူနေဖို့ ကတော့ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး...."

"ကဲ တကယ်လို့ ကျွန်တော်က ပြန်မပို့ရင်ရော"

"အို.... ဂါတ်တဲက အရာရှိတွေဆီမှာ အကူအညီ တောင်းရမှာပေါ့...."

"ကိုမြသွင်....ဒီလိုက်လာရင် ဘယ့်နှယ်လုပ်မလဲ"

"မလာပါဘူး....ကျွန်မ, သူ့ဆီကို စာရေးခဲ့တယ်- ကျွန်မကို သူလိုက်ပြီး မနှောက်ယှက်နိုင်ဘူး...."

ကျွန်တော်ကား မည်သို့မျှ မတတ်နိုင်ခဲ့ပါ။ မခင်ဝေ၏အရွယ်သည် သူ့စိတ်ကိုသူ ဆုံးဖြတ်နိုင်သည့်အရွယ်မဟုတ်ပါလော....။

ထို့နောက်တွင်ကား ကျွန်တော်သည် မခင်ဝေအား ရေးသို့သွားသည့် ကားပေါ်သို့ တင်ပေးလိုက်ပါသည်။ ထို့နောက် မမြလွင်တို့ အိမ်သို့ လာကာ မမြလွင်အလောင်းကို သင်္ဂြိုဟ်ခဲ့ရ

ပါသည်။ ကိုမြသွင်ကား ကျွန်တော့်အား စကား တစ်ခွန်းမျှ မပြောဘဲ ငိုင်၍သာနေပါသည်။ ကျွန်တော်ကလည်း သူ့အား စကားတစ်ခွန်းမျှပင် မဟခဲ့ပါ။

ဘာကိုစ၍ ပြောရမည်ဟူ၍လည်း ကျွန်တော်မသိခဲ့ပါ။

မမြလွင်၏အလောင်း မြေသို့ကျသည့်အထိ အောင့်အည်း၍ နေခဲ့ရပါသည်။ ကျွန်တော်အသဲနှစ်မျှ ချစ်ရသူကား ဆုံးရှုံးခဲ့ရလေပြီဟူသောအသိသည် ကျွန်တော်၏ဦးနှောက်အတွင်းသို့ ဝင်လာသောအခါ ကျွန်တော့်မှာ ဣန္ဒြေကိုပင် မဆောင်နိုင်ခဲ့ပါ။

မမြလွင်၏အလိုကို လိုက်ခြင်းအားဖြင့် တစ်နေ့နေ့တွင် မမြလွင်သည် ကျွန်တော်၏အလိုဆန္ဒကို လိုက်လျောပေလိမ့်မည်ဟု ကျွန်တော့်စိတ်တွင် ထင်ခဲ့၏။

အခုတွင်မူ မမြလွင်ကား ကျွန်တော်၏ မေတ္တာကိုမျှ မငဲ့မညှာ ပြုရက်ခဲ့လေပြီ။ သူ့ဘဝကို သူ အဆုံးစီရင်ခြင်းသည် ကျွန်တော်၏ ချစ်မေတ္တာဖြင့် ပြည့်လျှံသည့် အသဲနှလုံးကိုပင် ခြေမှုန်းဆုတ်ချွေခဲ့ခြင်းဖြစ်သည်ကို သူမတွေးမိလေရော့သလား။ ကျွန်တော် ရက်လကြာမြင့်စွာ မြတ်နိုးခဲ့သူကား ဆုံးခဲ့ရပြီ။

နောက်ဆုံး အားလုံးကို ခြုံ၍ကြည့်လိုက်သောအခါ သည်မောင် သည်နှမအပေါ်တွင် ချစ်ခြင်းကြီးစွာနှင့် ချစ်မိကြသော ကျွန်တော်နှင့် မခင်ဝေလေးတို့သာလျှင် အကုသိုလ်ဝင်ကာ ကြမ္မာဆိုးလှသူများ ဖြစ်ပေတော့သည်တကား။

**သန်းဆွေ**

# ★ ကျွန်းညီ့ညီ့ ★

တစ်ရံရောအခါက လစ်စဘုန်းမြို့မှ ဒွန်လူဝစ်- မီဖာလာ ဆိုသူသည် ကမ္ဘာအရပ်ရပ်ကို သင်္ဘောဖြင့် လှည့်လည်ခဲ့ရာ အတော်အတန်နှံ့စပ်ခဲ့ပြီးကာမှ ပင်လယ်ထဲတွင်ရှိ ကျွန်း တစ်ကျွန်းတွင် သေဆုံးခဲ့လေသည်။

သူသည် လစ်စဘုန်းမြို့တွင် နေထိုင်ခဲ့စဉ်အခါက စိတ် သဘောထား ကောင်းမွန်ကာ အရေးပါအရာရောက်သူ တစ် ဦးဖြစ်လေသည်။ အခြားအခြားသော မြို့ပေါ်သားများကဲ့သို့ ပင် အေးဆေးစွာ နေထိုင်ခဲ့ရာမှ ထိုသို့ အေးချမ်းစွာနေရသည် ကို ငြီးငွေ့လာရကား သူ့တွင်ပါလာသမျှ ပစ္စည်းတို့ကို ရောင်း ချရသမျှငွေဖြင့် သင်္ဘောတစ်စင်းဝယ်ကာ ကမ္ဘာလှည့်ထွက်ခဲ့ လေသည်။

သူတို့သည် ရှေးဦးစွာ စပိန်ကျွန်းစုရှိ ကာဒစ်စ်ပြည်သို့ သွားကြကာ ပါလက်စ်တိုင်း၊ အာရေဗျ၊ သီဟို၊ မလေး၊ ဂျာ ဗားကျွန်းထိအောင် သင်္ဘောကို လွှင့်ခဲ့ကြလေသည်။ လမ်း တစ်လျှောက်တွင် သူတို့ထဲမှ တိုင်းပြည်မှသတင်းကို ကြား ရသဖြင့် ဝမ်းသာဝမ်းနည်း မျက်ရည်တွေ တဝဲဝဲဖြင့် နားထောင် ကြရှာသော တစ်ပြည်ထဲသားများနှင့်လည်း ထူးခြားဆန်း ကျယ် အံ့ဘွယ်များကိုသာ တွေ့ရသဖြင့် ကြည်နူး နှစ်သိမ့်စွာ ရနေခဲ့လေသည်။

ထိုအတွင်း တစ်နေ့တွင် လေနီကြမ်း မိလေတော့သည်။

ကြီးမားပြင်းထန်သည့် လှိုင်းလုံးကြီးများသည် သင်္ဘောကို ကမ်းရိုးပမာ ပုတ်ခတ်လေ၏။ သုံးရက်မျှကြာလေသော် လေနီကြမ်းသည် ရမ်းသည်ထက်ရမ်း၍ လာလေသည်။ ဆူညံစွာ ဟစ်အော်နေကြသော သင်္ဘောသားများ အသံနာခံရင်း ဒွန်လူဝစ်လည်း လေဟာတွင် လွင့်စင်သွားရာမှ ရေပြင်သို့ပြန်၍ အကျတွင် လှိုင်းလုံးတစ်လုံးသည် သင်္ဘောပျက်ဘောင် တစ်ခု အပေါ်သို့ ပုတ်တင်ခတ်လေ၏။ သတိလစ်၍ မေ့မျောခဲ့ရာမှ သတိရလာသောအခါတွင် အေးချမ်းငြိမ်သက် လျက်ရှိသော ပင်လယ်ပြင်ပေါ်ရှိ ပျဉ်တစ်ချပ်ပေါ် သူတစ်ယောက်တည်း ကျန်နေသည်ကို သိရလေတော့သည်။

ထိုအချိန်ကျမှ သူ့ဘဝ၏ပျော်ရွှင်မှုကို ရှေ့ဦးစွာ ခံစားရပေပြီဟု သူ့စိတ်ထဲတွင် ထင်ခဲ့လေသည်။ သင်္ဘောပျက် ပျဉ်စုပေါ်တွင် တစ်နေကုန် တစ်နေဆန်းခဲ့ လ-နှစ်ဆက်-မြောက်သည့်နေ့တွင်ကား ပျဉ်ချပ်တို့မှာ ရေစီးအရှိန်ကြောင့် တစ်ချပ်ပြီးတစ်ချပ် ပြုတ်ထွက်ကြလေရာ ဒွန်လူဝစ်မှာ သူ၏ အဝတ်ကိုဆုတ်၍ ချည်နှောင်သော်လည်း မရခဲ့ပေ။ သို့နှင့်ပင်နောက်ဆုံးပျဉ်ချပ် သုံးခုမျှကျန်သည့်အခါတွင်ကား ကံစီမံရာဟုသဘောထား၍နေလေတော့သည်။

သုံးရက်မြောက်နေ့၏ အရုဏ်တက်ချိန်၌ ပင်လယ်လှိုင်းများသည် သူ့အား ထူးဆန်းအံ့ဘွယ်ရာကောင်းလှသည့် ကျွန်းတစ်ကျွန်းသို့ သယ်ဆောင်ခဲ့လေ၏။ လှပသော တောင်တန်းများနှင့် စိမ်းလန်းသောချုံနွယ်တို့သည် သူ့အား ကြိုဆိုလျက်ရှိကြလေ၏။ နောက်ဆုံးတွင် ဒွန်လူဝစ်သည် ဆားခဲများနှင့်

ပင်လယ်ရေမြှုပ်များဖြင့် ဖုံးလွှမ်းလျက်ရှိအပ်သော သင်္ဘောဆိပ်ပေါ်သို့တက်ခဲ့လေ၏။ ကုန်းပေါ်သို့ရောက်သည်နှင့် တပြိုင်နက် တောတန်းအလယ်မှ ဒေါသတကြီး အော်ဟစ်၍ ထွက်လာသော လူရိုင်းတစ်စုကို တွေ့ရလေရာ ဒွန်လူဝစ်မှာ ကြောက်လန့်ကာ တောင်းပန်ရင်း သင်္ဘောဆိပ်ဆီသို့ ပြန်၍ ပြေးသွားပြီး မြေပြင်ပေါ်တွင် အိပ်၍နေရှာလေသည်။

နေဝင်ချိန်သို့ ရောက်သည့်အခါ၌ကား ဆာလောင်မွတ်သိပ်လှ၍ အိပ်ရာမှ နိုးလာလေသည်။ သူ့နဘေးရှိ သဲပြင်တဝိုက်တွင်ကား ခြေရာများ ပြည့်နှက်နေသည်ကို သူသည် ဂရုပြုမိလေရာ သူ့အား အန္တရာယ်မပြုဘဲ အထူးအဆန်းတစ်ခု ပမာဝိုင်းအုံကြည့်ကြပြီး ဘာသာဘာဝ ဆူညံစွာ ပြောဆို၍ ပြန်သွားသည့် လူရိုင်းများနှင့် တွေ့ရခြင်းအတွက် အားတက်လာမိလေ၏။ ဤတွင် လူရိုင်းများထံမှ စားစရာတောင်းရန် အမှောင်စုအတွင်းဝယ် ထွက်ခဲ့လေသည်။

အခန့်သင့်ပင်ကျောက်ဆောင်တစ်ခုအနီးတွင်ယောက်ျားမိန်းမ၊ ကလေးမှစ၍ စုရုံးစားသောက်နေကြသော လူရိုင်းအုပ်ကြီးကို တွေ့ရသော်လည်း သူတောင်းစားကဲ့သို့ သွားရောက်တောင်းရန် မဝံ့ရကား ခပ်လှမ်းလှမ်းမှရပ်၍ မျှော်ကြည့်နေရလေသည်။ ထိုအခိုက် လူအုပ်ထဲမှ လူရိုင်းမငယ်ငယ်တစ်ယောက်ကမူ သစ်သီးမျိုးစုံထည့်ထားသော ကောက်ရိုးခြင်းတစ်ခုကို လာ၍ပေးလေရာ-ဒွန်လူဝစ်မှာ ဝမ်းသာအားရစွာ ယူငင်စားသောက်မိလေသည်။ ဒွန်လူဝစ်သည် သစ်သီးမျိုးစုံနှင့် အတူယူ၍လာသော အသားခြောက် ငါးခြောက်များကို

ပါ ဆက်ခါ ဆက်ခါ စားသောက်ရှာလေသည်။

ထို့နောက်တွင်ကား အခြားလူရိုင်းများ တောထဲသို့ ဝင်သွားကြလေရာ လူဝစ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည့်အရေးကို တွေးတောကြောက်ရွံ့လာလေသဖြင့် လူရိုင်းမကလေးအား သူသည် ပင်လယ်တွင် သင်္ဘောပျက်၍ ဤကျွန်းသို့ ရောက်လာရသော ဒုက္ခသည်တစ်ဦးဖြစ်ကြောင်း သင်္ဘောသည် မည်ကဲ့သို့ နစ်မြုပ်သွားကြောင်းကို သနားစဖွယ် လူရိုင်းမလေးအား ကယ်ဆယ်ရန် တောင်းပန်လေသည်။

လူရိုင်းမလေးမှာမူ စကားတစ်ခွန်းမှမပြောဘဲ သဲသောင်ပြင်ပေါ်တွင်ပင် သူ့ကိုယ်ကလေးကို လှဲလျောင်း၍ အိပ်လိုက်လေရာ လူဝစ်မှာ ဝမ်းသာအားတက်မိပြီး လူရိုင်းမကလေးနှင့် မနီးမဝေးမှာပင် လှဲလျောင်းကာ ထွန်းပြောင်နေသော ကြယ်ရောင်တို့ကို မော့ကြည့်၍ ပင်လယ်မှဂရက် ရိုက်သံကို နားထောင်ရင်း အိပ်ပျော်သွားခဲ့လေသည်။

နံနက်မိုးသောက်အခါရောက်၍ အိပ်ရာမှ နိုးလျှင်နိုးခြင်း လူရိုင်းမလေးကို ကြည့်ရာ လူရိုင်းမကလေးကို မတွေ့ရတော့ဘဲ သဲသောင်ပြင်တွင် အရာထင်၍ ကျန်ရစ်ခဲ့သော လူရိုင်းမလေး၏ ကိုယ်လုံးပုံစံကလေးကိုသာလျှင် တွေ့ရလေသည်။ လူဝစ်သည် ထိုမြေချိုင့်ကလေးကို စမ်းကြည့်ရာ နေရောင်ကြောင့် ပူနွေးနေသည်ကို တွေ့ရလေသည်။

ထိုမှ လူဝစ်သည် ကျွန်းကို ပတ်၍ကြည့်မိလေ၏။ တစ်ခါတစ်ရံ သူသည် တောအုပ်ချုံပုတ်များကို ဖြတ်သန်းသွားရကာ တစ်ခါတစ်ရံတွင်မူ ကျောက်ဆောင်များ မြက်ခင်းကြီးများကို

ဖြတ်ကျော်၍ သွားရလေသည်။ မကြာမကြာ လူရိုင်းများနှင့် တွေ့သော်လည်း လူဝစ်ကား မကြောက်တော့ပေ။

ကျွန်းကို ဝိုင်းရံလျက်ရှိသော ပင်လယ်ရေမှာ အခြားအခြားသော ပင်လယ်ရေနှင့်မတူဘဲ အထူးပင် ကြည်လင်ပြာစိမ်းနေသည်သာမက ကျွန်းတွင်ရှိ သစ်ပင်များမှာလည်း အခြားအခြားသော ကျွန်းပေါ်ရှိ သစ်ပင်တို့ထက် ထူးခြားသော သစ်ပင်များ ဖြစ်ပေသည်။ သူသည် ကျွန်းတကာတို့ထက်လှနေသည့် ကျွန်းပေါ်တွင် တစ်နေ့လုံး လမ်းရှောက်၍ နေခဲ့လေသည်။ သူ၏စိတ်ထဲ၌ ထိုကျွန်းပေါ်ရှိ လူရိုင်းများပင်လျှင် အခြားသောလူမျိုးတို့ထက် လှပချောမောသည်ဟု ထင်မိလေသည်။ ကျွန်းကို တစ်ပတ်ပတ်မိအောင် ရှောက်ခဲ့ရာတွင် စမ်းချောင်းကလေးများ တောပန်းရုံများ ကျေးသာရကများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရလေရာ ကျွန်းငယ်အား (အေဒင်ဥယျာဉ်ပမာ သာယာလှပေသည်ဟု ထင်မိပေ၏။)

သို့နှင့်ပင် တဖြည်းဖြည်း လမ်းလျှောက်ခဲ့ရာ ညအချိန်တွင်မှ သူ့စတင်၍တက်ခဲ့ရာ ကမ်းစပ်သို့ ရောက်လေ၏။ ကမ်းစပ်တွင် ဆံပင်ကို ဖြန့်ကာ ရပ်နေသူမိန်းမပျိုအား တွေ့ရလေ၏။ မိန်းမ၏ခြေထောက်အောက်တွင်မူ သူ့ပင်လယ်ထဲမှ မျောလာစဉ်က တွယ်ကပ်လာခဲ့ရသော ပျဉ်စများကို တွေ့ရလေ၏။ လူဝစ်သည် မိန်းမပျို၏နံဘေးတွင် ဝင်၍ထိုင်လိုက်ပြီး ပင်လယ်ရေပြင်ကို ငေးစိုက်၍ကြည့်နေလေသည်။ တလိမ့်လိမ့်တက်လာသော ပင်လယ်ရေလှိုင်းချက်နှင့်အမျှ သူ၏စိတ်အာရုံတွင် အတွေးမျှတို့သည် တစ်ခုစီတစ်ခုစီ သွယ်တန်း၍

လာကြလေ၏။ လှိုင်းလုံးရိုက်သည့် အချက်ပေါင်း များလာသည့်အခါတွင်ကား သူ၏ရင်တွင်းရှိ ဝမ်းနည်း ကြေကွဲခြင်းတို့မှာ တားဆီးဖိနှိပ်၍ မရတော့ဘဲ လျှံ၍ထွက်လာလေတော့သည်။

နှစ်ရက်ကျော်ကျော်မှ ကျွန်းကို ပတ်၍ အခြေအနေကို ကြည့်ရာ၌ မြို့လည်းမရှိ သင်္ဘောလည်းကင်းမဲ့ကာ မိမိနှင့်တူသူ တစ်ယောက်တလေကိုမှ မတွေ့ရသည့်ဤကျွန်းပေါ်ဝယ် သူ၏သင်္ဘောသားများနှင့်လည်း မဆုံနိုင်တော့ဘဲ တကိုယ်တည်း နေရတော့မည့်အရေးမှာ တွေးမိတိုင်း ရင်ထဲတွင် ဆို့၍လာစေတော့၏။ ကိုယ့်ဘာသာစကားကိုလည်း သူတို့က နားမလည် သူတို့၏ဘာသာစကားကိုလည်း ကိုယ်က မသိသည့် လူရိုင်းများအလယ်တွင် မျက်စိသငယ်နှင့် ပြန်လမ်းမရှိ နေရတော့မည်ပါတကား။ လူဝစ်သည် သူ၏ကံကြမ္မာကို သူယူကြုံးမရ တ-သ ငြီးငြူမိလေ၏။ လူရိုင်းမကလေးသည် ဝမ်းနည်းငိုယိုမြည်တမ်းနေသူ လူဝစ်ကို ကြည့်ကာ တတွတ်တွတ်ပြောဆိုသံကို နားထောင်ရင်း လူဝစ်၏ ဘေးတွင်လဲလျောင်းလိုက်လေရာ လူဝစ်သည် သူ၏ကံကြမ္မာကို လူရိုင်းမကလေးအား ထပ်တလဲလဲ ပြောပြမိလေတော့သည်။

နောက်တစ်နေ့ နံနက်တွင်ကား သူတို့နှစ်ယောက်သည် ပင်လယ်ကမ်းစပ်ရှိ ကျောက်ဆောင်တခုပေါ်တွင် ယှဉ်တွဲ၍ ရပ်ရင်း မိုးကုတ်စက်ဝိုင်းကို ငေးမျှော်ကြည့်နေကြလေ၏။ လူဝစ်သည် ငေးရာမှ သူ၏ဖြစ်စဉ်ကို ပြန်လည်တွေးမိ

လေ၏။ လစ်စပုံးမြို့ပေါ်တွင် ကြီးကျယ်ခမ်းနားစွာ နေခဲ့ရပုံ သူ၏ အချစ်ကိစ္စများ ခရီးသွားရင်း တွေ့ခဲ့သည့် ပျော်မွေ့ဘွယ်ရာများ ကမ္ဘာနှင့်တစ်ဝှမ်း သူတွေ့ခဲ့ရသည့် ဖြစ်စဉ်များသည် မှိတ်ထားသော သူ၏ မျက်လုံးအိမ်ထဲတွင် ပန်းချီကားချပ်များပမာ တစ်ခုစီ တစ်ခုစီ ပေါ်၍လာလေသည်။

သူ၏မျက်လုံးအစုံကို ဖွင့်လိုက်သည့်အခါ၌ကား သူ၏မျက်နှာချင်းဆိုင်တွင် ထိုင်ကာ ချစ်ရည်လွှမ်းနေသော မျက်လုံးများဖြင့် သူ့အားကြည့်နေသော လူရိုင်းမကလေးကို တွေ့ရလေတော့၏။ နွဲ့နှောင်းပြေပြစ်သော ကိုယ်လုံး ညိုဝင်းသော အသားရောင် ပြည့်ဖြိုးသည့်တင်ပါး သွယ်လျသည့်ခါး....

ထိုနေ့မှစ၍ လူဝစ်သည် မကြာမကြာ ထိုကျောက်ဆောင်ပေါ်သို့လာ၍ သင်္ဘောများကို မျှော်မိလေ၏။

ပင်လယ်ရေပြင်မှထွက်ခဲ့သည့် နေမင်းပင်လျှင် ပင်လယ်တွင်းသို့ ငုတ်လျှိုးပျောက်ကွယ်သွားသည်ကိုသာ တွေ့ရသော်လည်း သူမျှော်သည့်သင်္ဘောကိုကား မတွေ့ရရှာ။ သို့သော် သူ့အဖို့တွင်ကား ထိုကျွန်းပေါ်တွင် ပျော်မွေ့၍နေလေပြီ။ လူရိုင်းများ တောပန်းများ ချုံနွယ်များ ကျေးငှက်များဖြင့် ပြည့်နှက်နေသည့် ဤကျွန်းကား သူ၏ချစ်ကျွန်းညို့ညို့ ကလေးပေတည်း။

လူရိုင်းများသည် သူ့အားအရေးတယူ ဂရုစိုက်၍ စောင့်ရှောက်ကြလေ၏။ နေ့စဉ်မပြတ် စားသောက်ဖွယ်ရာများကို ယူဆောင်၍ပေးလာကြ၏။ သို့နှင့်ပင် မိုးရာသီသို့ဝင်သည့်

အခါ၌ကား လူဝစ်မှာ လူရိုင်းမကလေးနေထိုင်ရာ တဲကလေးတွင် နေရလေ၏။

"သူသည် လူရိုင်းတို့၏အလယ်ဝယ် လူရိုင်းတို့ကဲ့သို့ပင် ကိုယ်တုံးလုံးနေရသော်လည်း လူရိုင်းတို့ကို စက်ဆုတ်မုန်းတီးသဖြင့် လူရိုင်းတို့၏စကားကို မသင်ဘဲနေခဲ့လေ၏။ ထို့ကြောင့် သူရောက်နေသည့် ကျွန်းအမည်ကို မဆိုထားဘိ သူနေထိုင်သည့်အမိုးကို မည်ကဲ့သို့ ခေါ်ဆိုကြောင်းမသိခဲ့။ ကုန်ကုန်ပြောရလျှင် သူ၏ အထီးကျန်ဘဝကို ယုယကယ်တင်ရန်အတွက် ဘုရားသခင်မြတ် ဖန်ဆင်းပေးသနားထားသူ လုံမငယ်၏အမည်ကို မသိရှာ။ တဲငယ်သို့ပြန်သွားသည့် ညတိုင်း သူ့အတွက်အဆင်သင့် ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများနှင့် ညိုလဲ့ဝင်းမိန်းမပျိုအား တွေ့ရမြဲဖြစ်လေ၏။ သူသည် လူရိုင်းမကလေးအပေါ်တွင်....ချစ်ခင်တွယ်တာသော်လည်း ဆက်ဆံရာတွင်မူ တိရစ္ဆာန်ကဲ့သို့ ဆက်ဆံ၏....။ လူရိုင်းမကလေး နားမလည်မှန်း သိသော်လည်း သူပြောနေကျ ဘာသာစကားဖြင့်သာ ပြောတတ်လေသည်။ သူရောက်ဖူးသည့် အရပ်ဒေသများ လစ်စဘုန်းမြို့ပေါ်တွင် နေခဲ့စဉ်က အကြောင်းကို သေချာကျနစွာ ပြောပြတတ်လေသည်။ ပြောစတွင်မူ မိန်းမပျိုက သူ၏စကားကို နားမလည်ခြင်းအတွက် စိတ်ရှုပ်မိသော်လည်း နောင်တွင်မူကား ထိုစကားကို ထပ်ခါတလဲလဲ အားရပါးရ ပြောပြပြီးနောက် သူ၏ငယ်ချစ် ဇနီးသည်ပမာ ပွေ့ပိုက်ယုယခြင်းဖြင့် အဆုံးသတ် လိုက်လေတော့သည်။

တဖြည်းဖြည်းအချိန်ကာလ ညောင်းသည့်အခါ၌ကား သူ၏နောက်ကြောင်းများမှာ တစစ မေ့လျှော့ပျောက်ကွယ်၍သွားကြလေ၏။နေ့စဉ်နှင့်အမျှ အိပ်ရာထဲ၌သာလဲလျောင်းကာ မည်သူနှင့်မျှ စကားမပြောဘဲ တစ်ယောက်တည်း စဉ်းစားတွေးတော၍သာ နေရချည်းသာဖြစ်သဖြင့် သူတို့အဖို့တွင် ထူးထူးခြားခြားပြောင်းလဲမှု မရှိတော့ပေ။ တစ်ရံတစ်ခါပင် လယ်စပ်ရှိ ကျောက်ဆောင်ပေါ်တွင် သွားရောက်ထိုင်ရင်း မိုးကုတ်စက်ဝိုင်းကို ငေးမျှော်ကြည့်သော်လည်း သင်္ဘောကိုကား မမျှော်မိတော့ပေ။

တရွေ့ရွေ့နှင့်ပင် နေ့မှလပြောင်း နှစ်တွေညောင်းခဲ့၏။ လူဝစ်ကား ပြန်ရန်လည်း သတိမရ။ သူ၏ဘာသာစကားကိုပင် ပြောစရာမရှိသဖြင့် မေ့လျှော့ကုန်သကဲ့သို့ စကားပြောရမည်ကိုပင် ဆွံ့၍နေခဲ့လေ၏။ သူ၏ လောကတစ်ခုလုံးမှာ နေ့တွင် ကျောက်ဆောင်တစ်ခု၏အစွန်းပေါ်တွင် ထိုင်ပြီး ညဘက်တွင်မူ လူရိုင်းမကလေးနှင့်အတူ မွေ့လျော်ခြင်းဖြင့်သာ အချိန်ကုန်နေလေတော့၏။

တစ်နေ့သ၌ လူဝစ်သည် တောတန်းထဲမှ ပင်လယ်ကမ်းဘက်သို့ ထွက်လာရာ ကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် သင်္ဘောတစ်စင်းကိုတွေ့ရသဖြင့် ရင်ထဲတွင် ဟာကနဲ ဖြစ်သွားပြီး သင်္ဘောရှိရာသို့ ပြေးသွားမိပေ၏။ သူသည် သင်္ဘောသားများနှင့်အတူ သင်္ဘောအရာရှိများကို တွေ့သောအခါတွင် လူရိုင်းတဦးပမာ ချုံကြားကို ပုန်းရင်း သင်္ဘောသားများ၏ စကားပြောသံကို နားစွင့်နေမိလေ၏။ သူတို့၏ စကား

သံများသည် လူဝစ်၏စိတ်ထဲတွင် ကြားဘူး သလိုလိုရှိသည်ဟု အောက်မေ့ရာမှ သူပြောနေကျ ဘာသာစကားမှန်း သတိရလာသောအခါတွင် သူပါဝင်၍ ပြောရန် စကား စလိုက်လေ၏။ သို့သော် သူ၏စကားသံအစား အော်သံသာ ထွက်ပေါ်လာလေ၏။ သူ၏အော်သံကြောင့် သင်္ဘောသားများ လန့်၍ သွားကြလေရာ နောက်တစ်ကြိမ် အော်သံထွက်လာသည့် အခါ၌ကား သေနတ်ဖြင့် ချိန်ရွယ်ထားကြလေ၏။ ဤတွင် လူဝစ်၏လျှာဖျားမှာ သွက်လက်လာပြီး "ကယ်တော်မူပါ"ဟု အော်မိလေတော့သည်။

သင်္ဘောသားတို့သည် ဝမ်းသာအားရစွာ အော်ဟစ်ရင်း ပြေးလာကြရာ လူဝစ်မှာ လူရိုင်းများကဲ့သို့ ထွက်ပြေးနေပြန်သဖြင့် ဝိုင်း၍ ဖမ်းကြပြီး မေးခွန်းအမျိုးမျိုး ထုတ်ကြလေ၏။

"မကြောက်ပါနှင့်ကွ မင်းလဲ လူပဲဆိုတာ သတိထားမှပေါ့- ရော့ အရက်သောက်စားစမ်း။ အသားကင်တွေ။ မင်းသိပ်ပိန်ပါကလား-လာ ဒို့နဲ့ထိုင်ပြီး စကားပြောစမ်းပါအုံး။ ဒို့လာတဲ့အခါ လူစကားပြောစမ်းပါ မျောက်တွေလို အော်မနေပါနဲ့။

သင်္ဘောအရာရှိသည် ဝိုင်အရက်နှင့် စားသောက်ဘွယ်ရာတို့ကို ထုတ်ပေးရင်း ချိုသာပြူငှာစွာ ပြောပြလေ၏။

လူဝစ်သည် ကျွေးသမျှအစာတို့ကိုစားရင်း အိပ်မက်မက်ရာမှ ရောင်ရမ်းနေသူပမာ ငေးကြောင်ကြောင်ဖြစ်နေပေတော့၏။ သင်္ဘောသားများမှာ ကျွန်းပေါ်တွင် သူတို့လူမျိုးတစ်ယောက်နှင့် တွေ့ဆုံရသဖြင့် ဝမ်းသာရွှင်လမ်းစွာ စားသောက်

နေကြလေသည်။ စားသောက်၍ ပြီးစီးသည့်အခါတွင်ကား လူဝစ်သည် လူရိုင်းမကလေး ကျွေးမွေးပြုစုစဉ်ကကဲ့သို့ပင် ကျေးဇူးတင်မိသည်။ သင်္ဘောသားများက သူ့အား ညီအစ်ကို သဖွယ် ပြုစုကျွေးမွေးသည်ကိုလည်း ဝမ်းသာအားရ ကျေးဇူး တင်လှသဖြင့် သူ၏နှုတ်ခမ်းဖျားသို့ ဝင်လာသော ကျေးဇူး တင်စကားဖြင့် အားရပါးရ ပြောရှာလေသည်။

"ခဏနေပါအုံးကွ- မင်း-ဘယ်ပုံဘယ်နည်းနဲ့ ဒီကျွန်းကို ရောက်လာထာ တို့-မင်း ဘယ်သူလဲဆိုတာ ဒို့ကို ပြောစမ်းပါ အုံး။ ဒီလိုဆိုရင် လူတွေ သဘာဝက မွန်မြတ်တဲ့လက်ဆောင် ကောင်းတစ်ခုဖြစ်တဲ့ စကားလုံးတွေဟာ တစ်လုံးပြီး တစ်လုံး သတိရလာမှာပေါ့။ လူတွေမှာ အဘိုးတန်ဆုံး ကိုယ်ပိုင်ပစ္စည်း ဟာ စကားပဲကွ။ အဲဒီစကားလုံးတွေနဲ့ အခြား သူတွေကို ကိုယ်ဘာဖြစ်ခဲ့တယ်။ ဘာတွေ့ခဲ့တယ်။ ဘယ်လို ထင်တယ်။ ဘာလိုချင်တယ်ဆိုတာတွေကို ပြောနိုင်တာဟာ လူတွေရဲ့ အသုံးဝင်ဆုံးအရာဘဲ...."

သင်္ဘောအရာရှိကြီးသည် လူဝစ်အား ချိုသာစွာ ပြောပြ နေခိုက် သင်္ဘောသားတစ်ယောက်သည် သာယာနာပျော် ဖွယ်ရာကောင်းသည့် သီချင်းတစ်ပုဒ်ကို ဆိုနေလေ၏။ သီ ချင်းမှာ ပင်လယ်သို့ထွက်လာသော သင်္ဘောသား၏ ချစ်သူ ရည်းစားသည်က ကောင်းကင်ဘုံရှိ လေနတ်သားတို့အား သူ့ ချစ်သူသင်္ဘောသားကလေး သူ့ထံသို့ ပြန်ရောက်လာအောင် ပို့ဆောင်ပေးပါမည့်အကြောင်း တောင်းပန်နေသည့် သီချင်း ဖြစ်လေသည်။ ရည်းစားသည်မိန်းမလေး၏ ရင်ထဲ၌ ကြေကွဲ

လွမ်းဆွတ်နေပုံ ဖော်ပြသည့်စကားလုံးတို့မှာ ကြားရသူတိုင်း မသနားဘဲမနေနိုင်အောင် သီကုံးထားလေ၏။ သီချင်းဆုံးသည့်အခါတွင် တခြားတစ်ယောက်က ကဗျာတစ်ပုဒ်ကို ညည်းပြန်လေ၏။ သူတို့၏ သီချင်းများ မှာ သူတို့၏ချစ်သူများ သူတို့ရောက်ခဲ့သည့်တိုင်းပြည်များ ထာဝစဉ် ဆန်းပြားပြောင်းလဲနေသည့် ပင်လယ်ခရီးများ၏အကြောင်းတို့သာ ဖြစ်လေ၏။ ထိုနောက်သူတို့သည် ကျန်ရစ်ခဲ့သူ အိမ်သားများအကြောင်းကို တသ လွမ်းဆွတ်စွာ ပြောကြပြန်လေ၏။

လူဝစ်သည် သူမေ့လျော့နေသောသီချင်းများ....စကားလုံးများကို ပြန်လည်ကြားရသဖြင့် ဝမ်းသာနေလေ၏။ ထိုမှ ရှိုက်ကြီးတငင် ငိုမိပြန်လေသည်။ အကြောင်းမူကား သူကြုံတွေ့နေသမျှမှာ အိပ်မက်ကဲ့သို့ ထင်မှတ်နေလေရာ အိပ်မက်မှ လန့်နိုးမည်ကို စိုးရိမ်သောကြောင့်တည်း။

"ကဲ-မောင်ရင်တို့ ဒို့တွေ့တဲ့ကျွန်းရဲ့ အနေအထားကို လျှောက်ကြည့်ပြီး ညနေ နေဝင်ကာနီးတော့မှ ဘုရားသခင်ရဲ့ အစောင့်အရှောက်ကိုခံပြီး သင်္ဘောပြန်လွှင့်ကြစို့ရဲ့...."

သင်္ဘောအရာရှိကြီးသည် သူ၏ သင်္ဘောသားများကို ပြောလိုက်ပြီး လူဝစ်ကိုပါ ဆက်လက်ပြောလိုက်လေ၏။

"မင်းလဲ ဒီကျွန်းထဲမှာ သိမ်းထားတဲ့ပစ္စည်းတွေဘာတွေရှိရင် သွားယူပေတော့ အမှတ်တရပစ္စည်းအဖြစ် သိမ်းထားဖို့ပေါ့ကွာ။ ဟုတ်လား- နောက်ပြီး ဒီနေရာမှာ လာစောင့်နေပေါ့- ငါတို့ညနေကျရင် ပြန်လာမယ် ဟုတ်လား"

လူဝစ်သည် တဲသို့ သွက်လက်စွာ ပြန်ခဲ့လေသည်။

တဲအနီးသို့ ရောက်လေလေ သူ၏ခြေလှမ်းမှာ နှေး၍နှေး၍လာလေ၏။ လူရိုင်းမကလေးအား သူပြန်ရတော့မည့်အကြောင်းကို မည်ကဲ့သို့ ချိုသာသည့်စကားလုံးများသုံး၍ ပြောရပါအံ့နည်း။ တိတ်တဆိတ်ပင် အသိမပေးဘဲ ပြန်သွားရမည်လော။ လူဝစ်သည် ကျောက်တုံး တစ်တုံးပေါ်တွင် အတန်ကြာရပ်၍ စဉ်းစားနေပြီးမှ မည်သို့ပင်ဖြစ်စေ အသိမပေးဘဲပြန်သွားခြင်းထက် အကျိုးအကြောင်းပြော၍ ပြန်သွားခြင်းက ပိုမို၍ သင့်လျော်သည်ဟု ဆုံးဖြတ်လိုက်လေ၏။

ဆယ်နှစ်ခန့်မျှ သူ့အား ပြုစုစောင့်ရှောက် စားသောက်ဖွယ်ရာအမျိုးမျိုးနှင့်တကွ ကိုယ်ခန္ဓာကိုပါ အပ်နှင်း၍ ဖြေဖျော်ခဲ့သမျှတို့အတွက် ကျေးဇူးစကားပြောကြားမှ ကောင်းမည်ဖြစ်သည့်အတိုင်း လူဝစ်သည် တဲထဲသို့ဝင်ကာ မိန်းမပျို၏နဘေးနားတွင် ဝင်၍ ထိုင်လိုက်ပြီး အကျိုးအကြောင်းကို ပြောပြလေ၏။ သူနေခဲ့သည့် တိုင်းပြည်မှ မိတ်ဆွေများရောက်လာကာ သူ့အားခေါ်ဆောင်သွားကြမည် ဖြစ်သဖြင့် အတူလိုက်သွားရတော့မည်ဖြစ်ကြောင်း စသည်ဖြင့် မိန်းမပျိုကလေး ယုံလောက်အောင် အမျိုးမျိုး အကြောင်းပြ၍ ပြောလေ၏။ တဖန် ရင်ခွင်ထဲသို့ ဆွဲငင်ယူပွေ့ကာ မကြာမီ ပြန်လာမည်ဖြစ်ကြောင်းကိုလည်း လေးနက်စွာ ကတိပေးလေ၏။ အတော်ကြာကြာပြောပြနေသည့်တိုင် လူရိုင်းမကလေးမှာ နားမလည်နိုင်ဘဲ ဖြစ်၍နေလေရာ လူဝစ်သည် စိတ်မရှည်တော့ဘဲ ဒေါသထွက်လာလေ၏။ ထပ်ခါထပ်ခါ ပြောနေသော်လည်း အကြောင်းမထူးလေရာ စိတ်လိုက်မာန်ပါ ကန်

ကြောက်ပုတ်ခတ်ပြီး သဘော်သားများ ပြန်ရောက်ကြပြီ အထင်နှင့် ပင်လယ်ကမ်းစပ်သို့ ပြေးထွက်လာခဲ့လေ၏။

သို့သော် ပင်လယ်ကမ်းစပ်သို့ သဘော်သား တစ်ယောက်မျှ ပြန်မလာကြသေးရာ ကျောက်ဆောင်စွန်းပေါ်တွင် ထိုင်စောင့်နေမိလေ၏။ စောင့်ရင်းစောင့်ရင်း ကွဲကွာကွေကွင်း ရတော့မည်ဖြစ်သဖြင့် ကျန်ရစ်ခဲ့သည့် လူရိုင်းမကလေးကို သတိရလာ၏။

အကျိုးအကြောင်းဘာမှမသိစေဘဲ ထားရစ်ခဲ့ရသည်ကို တွေးမိသောအခါ သနားဂရုဏာတို့၏အရှိန်ကို မခံနိုင်တော့ဘဲ အကျိုးအကြောင်းရှင်းလင်းပြရန်အတွက် တဲငယ်သို့ ပြေးလာမိလေ၏။ တဲသို့ ရောက်သည်တွင် ရုတ်တရက် အထဲသို့ မဝင်သေးဘဲ လူရိုင်းမကလေး၏ အခြေအနေကို တဲထရံပေါက်မှ ချောင်းမြောင်း၍ ကြည့်ရမိလေသည်။

မိန်းမပျိုကား ပကတိရိုးသားစွာပင် သူတို့ အိပ်နေကျအိပ်ရာကို ပြင်ဆင်လျက်နေလေ၏။ ထိုနောက် လူဝစ်၏ ညစာဖို့ ရှာဖွေထားသော သစ်သီးဟင်းလျာတို့အထဲမှ အကောင်းဆုံး အသန့်ဆုံး အလတ်ဆုံးဖြစ်သော စားစရာကို ရွေးချယ်လေ၏။ ဤတွင် လူရိုင်းမကလေးသည် လူဝစ်အတွက် ကောင်းမွန်လတ်ဆတ်သည့် စားစရာများကို ကျွေးမွေးကာ သူကိုယ်တိုင်မှာမူ အကြွင်းအကျန်နှင့် ညှံ့ဖျင်းသော စားစရာများကိုသာ စားကြောင်းသိရလေ၏။ လူရိုင်းမကလေးသည် စားသောက်ဘွယ်ရာတို့ကို ပြင်ဆင်ပြီးသောအခါ တံခါးပေါက်ဝတွင် ထိုင်ကာ လူဝစ်၏အပြန်ကို စောင့်မျှော်၍ နေရှာ

လေ၏။ လူဝစ်သည် မကြာမီအတွင်း လူရိုင်းမကလေး ပြင်ဆင်ထားသည့် စားကောင်းသောက်ဖွယ်တို့ကိုစားပြီး အိပ်ရာသို့ ဝင်လဲလျောင်းခြင်းဖြင့် လူရိုင်းမကလေးအား နောက်ဆုံးစောင့်ခြင်းအဖြစ် ဖြစ်စေမည်ဟု တွေးမိလေ၏။

ထိုအခိုက်- နေလုံးသည် တဖြည်းဖြည်းဝင်ခဲ့လေရာ.... သင်္ဘောသားတို့သည် ကမ်းနားသို့ ပြန်လာကြပြီး သင်္ဘောလွှင့်ရန် စီစဉ်ကြလေ၏။ ပြန်ရောက်မလာသေးသော လူဝစ်ကို ဟစ်အော်၍ ခေါ်ဝေါ်လေ၏။ လူဝစ်သည် ခေါ်သံကို ကြားသော်လည်း မထူးဘဲနေလေ၏။ သူရှိရာသို့ ပြေးလာသော သင်္ဘောသားနှစ်ဦးကို တွေ့ရသဖြင့်.... ချုံပုတ်အတွင်းသို့ ပြေးဝင်၍ ပုန်းအောင်းရပြန်လေ၏။ လူဝစ်သည် သူ့အား သင်္ဘောသားတို့ တွေ့သွားမည်ကို စိုးရိမ်၍ နေလေ၏။

နောက်ဆုံးတွင်ခေါ်သံပျောက်ကာ ညဘက်သို့ရောက်ခဲ့သဖြင့် သင်္ဘောသားများသည် လူဝစ်အတွက် ယူကြုံးမရ ဂရုဏာကြီးစွာဖြင့် တစ်ယောက်တစ်ခွန်းပြောရင်း သင်္ဘောလွှင့်သွားလေ၏။ လူဝစ်သည် အသံတွေ တိတ်ဆိတ်သွားတော့မှ တဲသို့ပြန်ခဲ့လေရာ တဲဝတွင် မလှုပ်မရှက်ထိုင်၍ ကြိုဆိုနေသော လူရိုင်းမကလေးကို တွေ့ရလေသည်။ အသင့်ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို စားပြီး အိပ်ရာသို့ဝင်ကာ လူရိုင်းမကလေး၏ ရင်ခွင်သို့ဝင်၍ လှဲလျောင်းလေ၏။

အရုဏ်တက်ချိန်သို့ရောက်သည့်တိုင် လူဝစ်မှာ အိပ်မပျော်နိုင်သဖြင့် တဲဝသို့ထွက်ကာ သစ်ပင်များအကြားမှ မြင်ရသည့် ပင်လယ်ပြင်ကို ငေးမျှော်၍ကြည့်မိလေ၏။ သင်္ဘော

ကား အတော်ဝေးဝေးသို့ ရောက်နေလေပြီ။ ထိုမှ တဲတွင်းသို့ ဝင်လာခဲ့ရာ အိပ်ရာပေါ်တွင် အိပ်မောကျနေသည့် လူရိုင်းမ ကလေးကိုတွေ့ရလေ၏။ လူရိုင်းမကလေး တွေ့စကလောက် လှုပခြင်း မရှိတော့ဘဲ စက်ဆုတ်ကြောက်ရွံ့ဘွယ်ရာ ဖြစ်၍နေ လေ၏။

ဤတွင် အမျိုးမျိုး မြည်တမ်းကာ ရှိုက်ကြီးတငင်ငိုမိလေ ၏။ မျက်ရည်ပေါက်များသည် လူရိုင်းမကလေး၏ ရင်ခွင်ပေါ် သို့ ကျဆင်းနေကြသော်လည်း အိပ်မောကျနေသည့် လူရိုင်း မကလေးကား သောကဝေဒနာကို ဖော်ပြနေသော ဒွန်လူဝစ် ၏စကားလုံးများ စာပိုဒ်များကို ကြားရှာလိမ့်မည်မဟုတ်ပေ။

သင်္ဘောသည် တစထက်တစ မိုးကုတ်စက်ဝိုင်းအောက် တွင် ပျောက်ကွယ်ခဲ့သော်လည်း လူဝစ်ကား ဤကျွန်းညို့ညို့ ပေါ်တွင် ကျန်ရစ်ခဲ့ရှာလေ၏။

သူကား ထိုနေ့မှစ၍သေသည်ထိစကားတစ်ခွန်းမှ မပြောတော့ချေ။

**သန်းဆွေ**

# ★ လက်လွှန်ပန်း ★

"ဘာဖြစ်လို့များ လက်ထပ်ဖို့စကားကိုသာ ထပ်တလဲလဲ ပြောနေရပါလိမ့်-မောင်ရာ။ လက်ထပ်တယ်ဆိုတာ မချစ်ဘဲနဲ့လဲ လုပ်လို့ရတာမျိုးတွေပါ။ နောက်ပြီး.... လက်ထပ်လို့သာ ညားလာရတဲ့လင်မယားဘဝဟာလဲ တစ်ယောက်နဲ့တစ်ယောက် ကွဲကွာခြင်းမရှိသေးခင်မှာသာ တည်မြဲနေတာပါ။ ချစ်ခြင်းမေတ္တာဆိုတာက ဘယ်လိုပဲ ကွေကွင်းခြင်းတွေနဲ့ ဆုံရပေမဲ့ ပျောက်ပျက်တတ်တာမျိုးမဟုတ်ပါဘူး။ ဒါကြောင့် လက်ထပ်ခြင်းဟာ လူနှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို ဖော်ပြရာ ပြယုဂ်လို့ မဆိုနိုင်ပါဘူး။ ဒီတော့ လက်ထပ်ဖို့စကားကို သိပ်ပြောမနေစမ်းပါနဲ့ - မောင်ရယ်။ ခုလိုနေရတာ မပျော်လို့လား....။ မောင်ပြောသလို လက်ထပ်လိုက်ကြရင် မောင့်မှာသာ တာဝန်တွေ များလာတော့မှာပေါ့...."

ကျွန်တော်က လက်ထပ်ကြရန် ပူဆာလေတိုင်း မြထံမှ ဤစကားမျိုးကိုသာ ကြားရတတ်ပေသည်။ မြ၏စကားတို့မှာ တကယ်လူ့သဘာဝနှင့် ကင်းကွာကာ စိတ်ကူးဆန်လွန်းသည့်စကားလုံးများ.... စိတ်ကူးယဉ်ဝတ္ထုဆန်လွန်းသည့်စကားများဖြစ်သည်ဟု ကျွန်တော်က ယူဆမိသော်လည်း ကျွန်တော်မှ ထိုစကားများတွင်သာ နှစ်သိမ့်ကျေနပ်နေခဲ့မိပါသည်။

မြမှာ.... ကျွန်တော်လူမှန်းသိစ အရွယ်ကပင် စတင်၍

ချစ်ခဲ့ရသည့် တစ်ယောက်တည်းသော ချစ်သူဖြစ်၏။ မြအဖို့တွင်လည်း ကျွန်တော်မှာ သူ၏တစ်ဦးတည်းသော ချစ်သူသာလျှင် ဖြစ်ခဲ့၏။

သဘာဝတရား၏စေ့ဆော်ချက် ကိုယ်ခန္ဓာ၏ တောင့်တချက်ကြောင့် စိတ်ကူးယဉ်လောကတွင် နစ်မွန်းကာ ချစ်စခန်းဖွင့်ခဲ့ရာမှ လူ့လောက၏တာဝန်များကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမည့် အရွယ်သို့ ရောက်ခဲ့သဖြင့် ကျွန်တော်က မြအား ဘဝခရီးဖော်အဖြစ်.... လက်တွဲ၍လျှောက်ကြရန် တောင်းဆိုမိခဲ့လေသည်။ သို့သော်...မြကမူကား စိတ်ကူးယဉ်လောကတွင်သာ ယစ်မူး၍ နားဝင်ချိုဘွယ်ကောင်းလှသည့် စကားတို့ဖြင့် ကျွန်တော်အား နှစ်သိမ့်စေခဲ့ပေသည်။

မြနှင့်ဆုံနေရခိုက်တွင်သာ မြ၏စကားပြောသံ မြ၏အမူအရာ မြ၏ကိုယ်ငွေ့များတွင် မိန်းမောကာ ကြည်နူးနေခဲ့သော်လည်း မြနှင့်ခွဲ၍တစ်ကိုယ်တည်း နေရသောအခါ 'မြဘာ့ကြောင့် ငါ့ကို မယူနိုင်တာပါလိမ့်-' ဟူသော အတွေးမှာ ကျွန်တော့အသွေးအသားတို့ ဆူပွက်လုမတတ် ဖိစီးနှိပ်စက်လာပါတော့သည်။ 'ငါ့ကို မချစ်လို့ထင်ပါရဲ့' ဟူသော သံသယမှာလည်း လှံဖျားနှင့်ဆွသကဲ့သို့ ခံစားရပြန်လေသည်။

"မြက မောင့်ကို လက်မထပ်နိုင်ပါဘူးလို့ ငြင်းငြင်း နေတာဟာ မောင့်ကို မချစ်လို့လား-မြရယ်...."

"ဘယ်လိုမေးလိုက်တာလဲ-မောင်....။ မြရဲ့အချစ်ဟာ ဘယ်လောက်ချစ်တယ်ဆိုတာကို မောင်ဘာမှ မသိဘူးဆို

ရင် တခြားသိရမဲ့လူမရှိတော့ပါဘူး။ မြရဲ့စိတ်အာရုံထဲမှာ ရှိတဲ့ ချင်ခြင်းစေတသိက်မှန်သမျှတွေကို မောင်သာ စိုးပိုင်နေတာပါ....”

“ချစ်ရက်သားနဲ့ မယူနိုင်ဘူးဆိုတာကို မောင်တော့ဖြင့် နားမလည်နိုင်အောင် ရှိနေတော့တာပဲကွယ်....”

မြက မည်သို့မျှမဖြေဘဲ ပြုံး၍သာလျှင် ကျွန်တော့်အား ကြည့်နေခဲ့လေသည်။

“ဘာဖြစ်လို့လဲ-မြရယ်။ မောင့်ပညာ မောင့်အလုပ် အကိုင်နဲ့ မြကို လုပ်မကျွေးနိုင်ဘူးထင်လို့လား။ မြဆင်းရဲမှာ စိုးလို့လား။ ပြတ်ပြတ်သားသား ပြောစမ်းပါမြရယ်....”

ဤတွင်မှ မြက ခေါင်းကို တဆတ်ဆတ်ငြိမ့်ရင်း “မောင်မောင်.... တယ်ဆိုးတဲ့မောင်ပါလားကွယ်” ဟုသာ လေးလေးကြီးပြောပါတော့သည်။

ထိုစဉ်က မြသည် ကျွန်တော့်အား အဘယ့်ကြောင့်ငြင်းဆန်ခဲ့သည်ကို နားမလည်နိုင်ခဲ့။ နားမလည်၍ စဉ်းစားလေလေ ပြဿနာမှာ ရှုပ်ထွေးလာလေဖြစ်ရတော့သည်။

ရင်းနှီးရာမိတ်ဆွေများနှင့် တိုင်ပင်ဆွေးနွေး၍ကြည့်မိသောအခါ “ဒါ မင်းကို မချစ်လို့ မယူတာပေါ့.... မင်းကို တကယ်ချစ်ရင် မင်းအလိုလိုက်ပြီး ယူမှာပေါ့.... ခုတော့ မင်းကို သက်သက်မဲ့ ကြိုးရှည်ရှည်နဲ့လှန်ပြီး လှည့်စားနေတာ....” ဟု အပြစ်ပြောသူက ပြော၍ “အဲဒါ အချစ်စစ်ပေါ့ ထွေးမောင်.... ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ညားကြတယ်ဆိုတာ တကယ့်အချစ်စစ်ဆိုတဲ့ အ

ဆင့်ကို မရောက်ခင်မှာသာ ညားကြတာ ဂမူးရှူးထိုးအချိန်မှာသာ ညားကြတာ။ များသောအားဖြင့် လူတွေဟာ အဲဒီလို အချိန်အခါမျိုးမှာ ညားကြတာမို့ ခုညား တော်ကြာကွဲ ဖြစ်ကုန်ကြတာပေါ့....။ တချို့ကြတော့လဲ ညားလာပြီးမှ ကြင်နာသမှုတွေ ပွားပြီး ချစ်သထက် ချစ်လာကြတယ်။ အခုမင်းတို့ဟာကတော့ တကဲ့အချစ်စစ်ရဲ့ အဆင့်ကိုရောက် နေကြတော့ ညားဘို့ ခက်နေတာပေါ့....။ မညားပေမဲ့လဲ ချစ်ခြင်းမေတ္တာက ပျယ်သွားတော့မှာမှ မဟုတ်ဘဲကိုး....” ဟူ၍ အကောင်းဘက်က လှည့်၍ ပြောသူကလည်းပြောတတ် ပါသည်။

ထိုစကား နှစ်ရပ်လုံးမှာ ယုတ္တိယုတ္တာနှင့် ပြည့်စုံလှပေရာ ကျွန်တော့မှာ ဘယ်စကားကို ယုံရမှန်းမသိဘဲ ယောင်ချာချာဖြင့်သာ ကြုံခဲ့ရပေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်သဘောတွင်မူ မြကိုချစ်သည့်အတိုင်း မြနှင့်အတူနေလိုသည်သာ ဖြစ်ခဲ့၏။ ဘာကြောင့်မြက ကျွန်တော့်ကို လက်ထပ်မယူနိုင်သည်ကိုကား နားမလည်ခဲ့။ မြက ‘မယူဘဲ နေပါရစေဦး’ ဟူ၍ အေးချမ်းစွာ ပြောနေသည်ကိုလည်း ‘ဟင့် အင်း မယူရင် မရဘူး။ မယူဘူးလား ယူမလား လာ အခုလိုက်ခဲ့’ ဟူ၍ အကြမ်းဘက်ကာ အတင်း ဗလက္ကာယ ပြောဆိုလုပ်ကိုင်လိုက်ပါက လိုက်လာကောင်း လိုက်လာနိုင်မည်ဖြစ်သော်လည်း ကျွန်တော့်မှာ ဤသို့ မပြောရက်။

“မြ အဲဒီလိုသာ လုပ်နေရင်တော့ မောင် ရူးလိမ့်မယ်။ မောင့်အသဲတွေ ကွဲတော့မယ်.... မောင့်ရင်ထဲမှာ ပူလှချီရဲ့” ဟူ၍လည်း အလွမ်းမင်းသား ချွဲသလိုလည်း မချွဲတတ်။ မြ

ကဲ့သို့လည်း တွတ်တီးတွတ်တာ မပြောတတ်။ မြနှင့်မတွေ့မီ တွင်သာ မြနှင့်တွေ့ပါက သူနှင့်တွေ့ရအောင် မည်သို့ပြော ဆိုလိုက်မည်။ မည်သို့ချွဲနွဲ့လိုက်မည်ဟု တွေးမိသော်လည်း မြနှင့်ဆုံရသည့်အခါတွင်မူ ကျိန်စာသင့်နေသူပမာ ဘာကို မှ မပြောတတ်ဘဲ ‘လက်ထပ်ကြပါစို့လားမြရယ်....’ ဟူ သောစကားကို ထပ်ခါတလဲလဲ ပြောမိလေသည်။ ကျွန် တော်က ‘လက်ထပ်ကြပါစို့’ ဟူသောစကားတစ်ခွန်းနှင့် တစ် ခွန်းမှာ ရှည်လျားလှသော မြ၏အကြောင်းပြစကားတို့ အောက်တွင် ပျောက်ကွယ်ခဲ့ရလေရာ နောက်ဆုံးတွင် အ ချိန်ကုန်ကာ အိမ်သို့ ပြန်လာရသည်သာဖြစ်သည်။

အနှစ်တစ်ထောင်တွင်မှ.... တစ်ကြိမ်သာကြွေသော မဉ္ဇူသကနတ်ပန်းခက်အား လက်လှမ်းမှီရာတွင် ပွင့်နေသဖြင့် လှမ်းယူဆွတ်ချူနိုင်ခဲ့သော်လည်း မခူးရက်- မဆွတ်ရက်ဘဲ သူ့အလိုလိုကြွေမည့်ရက်ကိုသာ.... စောင့်နေရှာသော ကုမ္ဘာန် ယက္ခပမာ ကျွန်တော့်မှာလည်း အမှောင့်ပယောဂ အမျိုးမျိုး ဖက်လိုက်ပါက မြသည် ကျွန်တော့်လက်တွင်းသို့ ချက်ခြင်း သက်ဆင်းလာနိုင်ဘွယ်ရာရှိသော်လည်း မြ အလိုအလျောက် မြသဘောအတိုင်း ‘မြကို လာခေါ်ပါတော့.... မောင်ရေ....’ ဟူသောစကားသံမျိုး.... ထွက်မလာမချင်း စောင့်စားနေခဲ့မိ ပါသည်။

သို့နှင့်.... နေ့တို့သည် တရွေ့ရွေ့ ပြောင်းလာခဲ့ကာ လပေါင်းများစွာမှ နှစ်များပင် ညောင်းခဲ့လေသည်။

“မင်းတို့ဟာက ဘယ်လိုလဲ- ထွေးမောင်။ ကားနဲ့ဆွဲ

တင်ပေးရမှာလား။ ဆွဲတင်ပေးဆိုလဲ ဆွဲတင်ပေးမယ်။ မင်းတို့ဟာက 'တနင်္ဂနွေမှာလေ.... သနင်းဆွေ သီသီဆိုင်းပါအုံး ရက်ပိုင်းသူခွါလို့ တနင်းလာ အင်္ဂါကူးရာက ယိမ်းလဲ့ကာဗုဒ္ဓဟူးမှာလဲ စိမ်းလိုက်တာ ဟုတ်ချိဘူးရယ်လို့ ထူး၍သုံးမှုန်...." ဆိုတာလို ဟိုနေ့-ဒီနေ့နဲ့ ရက်တွေရွှေ့နေတော့တာပဲလားကွာ...."

ကျွန်တော်၏ငေးငိုင်ငိုင်အဖြစ်ကို မကြည့်ရက်နိုင်သူများက ကျွန်တော့်အား အကူအညီ ပေးလိုကြောင်းဖြင့် ပြောလာကြလေသည်။

ဤတွင် ကျွန်တော့်မှာ 'မြသည် ကျွန်တော့်အား ချစ်လျက်နှင့် မယူနိုင်သေး' ဟု အကြောင်းမဲ့ အဘယ်ကြောင့်ငြင်းသည်ကို သေချာစွာ ဝေဖန်စဉ်းစားမိပါသည်။

မိန်းမဆိုသောသတ္တဝါများ၏စိတ်မှာ သိရခက်ခဲလှသောအရာဝတ္ထုများတွင် အပါအဝင် ဖြစ်ပေသည်။ တစ်ခါတစ်ရံလောကနှင့်ပတ်သက်၍ မဖြစ်စလောက် သေးဖွဲလှသော အကြောင်းအချက်ကလေးတစ်ခုသည် သူတို့သည်ရောမ အရေးကိစ္စကြီးတစ်ရပ်ဖြစ်နေတတ်၏။ ထိုအချက်အတွက် သူတို့၏ဘဝနောင်ရေး၊ သူတို့၏ အလားအလာမျှော်လင့်ဘွယ်ရာများဆုံးရှုံးကြရ၏။ မိန်းကလေးတစ်ယောက်က ယောကျ်ားကလေးတစ်ယောက်အား ချစ်လျက်နှင့် မယူနိုင်ဟု ဆိုခြင်း၌ 'အိုချင်တော့ ခဏကလေး၊ ပျိုချင်တော့တစ်ဘဝပေး' ဟူသောစကားတစ်လုံးကို နှုတ်ကပတ်တော်အသွင်ထင်မြင်ယူဆ၍ ငြင်းသည်လည်းရှိ၏။

'ကလေးကငို၊ သေးကစို၊ ဒန်တိုကပျောက်၊ လင်က ငေါက်သနဲ့.... သပေါက်မ,မယ့်ကိုယ်.... အပျိုလိုမနေမိ လို့.... ကိုယ်ရိတယ်လေး....' ဟူသော တေးသွားအတိုင်း 'ဃရာ ဝါသ သမ္ဗန္ဓဟု ကိစ္စများမြောင် လူတို့ဘောင်ဝယ်....၊ အိမ်ထောက်သက်မွေး၊ ခြန္ဓယ်မြေးသား' စသည့် အိမ်ထောင် သည် ဘဝ၏ဒုက္ခတာဝန်တို့ကို ကြောက်ရွံ့ခြင်းကြောင့် ငြင်းကြသည်လည်း ရှိ၏။

အချို့မှာမူ အပျိုဘဝကို အမြတ်တနိုးပြုကာ အပျိုဘဝ တွင် ကြာရှည်နေလိုသေးသည့်အတွက်ကြောင့် ငြင်းရသည် လည်းရှိ၏။ အချို့မှာ- အိမ်ထောင်ပြုလိုက်ပါက ယခုလက် ရှိအခြေအနေထက်.... ပိုမိုနိမ့်ကျသွားမည်ကို စိုးရိမ်သော ကြောင့် ငြင်းရသည်လည်းရှိ၏။ အိမ်ထောင်ပြုလိုက်ပါက လက်ရှိအခြေအနေထက် ပို၍ သာယာချမ်းမြေ့သော အခြေ တွင် နေရရန်ကိုသာ မျှော်မှန်းတတ်ကြသည်မှာ မိန်းမတို့၏ ဓမ္မတာပင်ဖြစ်၏။

ထို့ထက် သင်းတို့မိန်းမများတွင် ပိုမို၍ ကြောက်စရာ ကောင်းသည့်အချက်တစ်ချက်ရှိ၏။ ထိုအချက်ကား ယောကျ်ား တစ်ယောက်ကို အသက်လောက်တွယ်တာကာ စွဲလန်း၍ အသဲလောက်မြတ်နိုးစေကာမူ လင်အဖြစ်မပေါင်း ဘဲ နေနိုင်၏။ ထိုယောကျ်ားအား သူ့အသဲနှလုံးတွင်သာ အုံပုန်းကြိတ် ချစ်ရင်း ဘဝဆုံးသည်အထိ နေသွားတတ်ကြ၏။ နေလည်း နေနိုင်ကြ၏။ နဲနဲကလေးမျှမချစ်သည့် ယောကျ်ား ပင် ဖြစ်စေကာမူ လင်အဖြစ် ပေါင်းသင်း၍ တစ်ကိုယ်လုံး

အပ်နှင်းကာ အလုပ်အကျွေးပြုနေနိုင်ကြ၏။ သူ့တွင် အချစ်နှင့် အိမ်ထောင်ရေးမှာ တခြားစီလိုဖြစ်နေတတ်၏။ ‘ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်း မချစ်’ ဟူသော စကားပုံမှာ မိန်းမများကြောင့် ပေါ်လာသော စကားပုံပင်ဖြစ်၏။ သူတို့၏ဘဝ၌ ‘အချစ်သည် ရောမ ရေသောက်မြစ်ကြီးဖြစ်၏။ သစ်ပင်သည် ရေသောက်မြစ်နှင့် ကင်းကွာ၍ မနေနိုင်ကြသကဲ့သို့ အချစ်နှင့်ကင်းကွာ၍ သူတို့မနေနိုင်ကြ။ သို့သော် ရေသောက်မြစ်ဆိုသည်မှာ မြေပေါ်တွင် ပေါ်၍နေခဲ့သောအရာ ဖြစ်ကာ ထာဝစဉ် မြေ၌နစ်မြုပ်နေတတ်သည်သာ မဟုတ်ပါလော….

သူတို့အသဲကြားတွင်သာ နစ်မြုပ်ပျောက်ကွယ်နေသည့် အချစ်အား တ,သလွမ်းဆွတ်ခြင်းတည်းဟူသော ရေယာဉ်ကို ထာဝစဉ် ဆွတ်ဖြန်းခြင်းအားဖြင့် နေနိုင်ကြ၏။ တတမ်းတတ တသနေရန် အချိန်လည်း ရကြ၏။

ယောက်ျားများအတွက်မှာမူကား အချစ်ဟူသည် အချိန်အခါလျှောက် ပေါ်ပေါက်လာသော စိတ်လှုပ်ရှားမှုကို စွဲမှီ၍ဖြစ်လာသော အာရုံပင်ဖြစ်၏။ ထိုအာရုံတရားကို အဖန်တလဲလဲ ပွားများခြင်းအားဖြင့် ကြီးကျယ်လာနိုင်သော်လည်း အဖန်တလဲလဲ ပွားများရန် အချိန် မရပါက တစ်နေ့ထက်တစ်နေ့ ပျောက်ကွယ်မှေးမှိန်၍ သွားတတ်လေသည်။ ကျွန်တော်ကဲ့သို့စိတ်ကူးဖြင့် တမ်း၍မနေတတ်သူတို့အဖို့တွင်ကား သာ၍ဆိုးလှပေသည်။

ကျွန်တော်သည် မြနှင့်ငယ်စဉ်ကပင် ဆုံတွေ့ခင်မင်ခဲ့၏။

ကျွန်တော် လူပျိုပေါက်အရွယ်ရောက်သောအခါ 'အချစ်ကိုတောင့်တကာ ရင်ထဲတွင် ဟာတာတာဝေဒနာတစ်ရပ်ကို ခံစားရ၏။ ထိုဝေဒနာကို သက်သာစေရန်အတွက် အဖော်ကို ရှာသောအခါ အလွယ်တကူအားဖြင့် မြကိုတွေ့ရ၏။ မြကလည်း ကျွန်တော်ကဲ့သို့ပင်....အဖော်တောင့်တသောဝေဒနာကို ခံစားရဟန်တူ၏။ ထို့ကြောင့်-ကျွန်တော် ချစ်ရေးဆိုသောအခါ အလွယ်တကူပင် ချစ်ပါသည်ဟု ပြန်ကြားခဲ့၏။ အကယ်၍ ထိုစဉ်အခါက မြသည် ကျွန်တော်၏ တောင်းခံချက်ကို ငြင်းပယ်ခဲ့လျှင် ကျွန်တော်သည် အနည်းငယ်မျှ သူ့အတွက် ကိုယ်လိုချင်သောအရာကို မရသဖြင့် ပူပန်သော ပူပန်ခြင်းဖြင့် ပူလောင်မိပေမည်။ ထို့နောက်တွင်ကား စိတ်ပြေသွားကာ အခြားတစ်ယောက်ယောက်ကို ချစ်မိပေလိမ့်မည်။

"သို့သော်.... မြကား....'ကျွန်တော်ကချစ်ပါသည်'ဟု ဆိုခြင်းကို 'သူကလည်း ချစ်ပါသည်'ဟု ပြန်လည်ဖြေဆိုခဲ့၏။ သို့ဖြင့် မြနှင့်ကျွန်တော်မှာ ပိုမိုရင်းနှီးချစ်ခင်၍ လာခဲ့ခါတစ်ယောက်ကိုတစ်ယောက် မသိမသာ စိုးမိုးပိုင်ဆိုင်လာသည်အထိ ဖြစ်ခဲ့ရလေသည်။

ဤသို့ရွေ့ဤမျှချစ်လာခဲ့ကြပါလျက်နှင့် ကျွန်တော်ကလက်ထပ်ရန် တောင်းခံချက်ကို ငြင်းပယ်ရက်သည်မှာ ကျွန်တော့်မှာ တစ်ခုတည်းသော ချို့ယွင်းချက်ကိုသာ တွေ့ရလေသည်။

ထိုအချက်ကား.... ကျွန်တော့်တွင် ငွေကြေး မကြွယ်ဝခြင်းပင်ဖြစ်ပေမည်။ များစွာသော မိန်းမတို့သည် ချမ်းချမ်းသာသာ နေလိုကြ၏။ ချမ်းချမ်းသာသာနေလိုကြောင်းကို

ဝန်မခံလိုကြ။ အကယ်၍သာ သူတို့အား'ခင်က.... မောင်နဲ့ညားရင် ဆင်းရဲမှာစိုးလို့ လက်မထပ်တာလား....' ဟုမေးပါက 'ဘာလဲ.... မောင်က.... ခင့်ကို ငွေမက်တဲ့အစား အောက်မေ့လို့လား.... ခင့်အပေါ်မှာ အထင်သေး ရက်လေခြင်း....'ဟူ၍ မျက်ရည်တဝေဝေနှင့် ပြောရှာပေမည်။ သင်းတို့ တတွေနှင့် အလွယ်တကူပေါင်းနိုင်ရန် အရေးတွင် သွေးအေးအေး ခေါင်းအေးအေးထားကာ ကြံရာမရ။ ဆန္ဒရမက်ဇောတွင် နစ်မြောနေခိုက်တွင်ငင်း၊ ချစ်အာသာတငမ်းငမ်းဖြင့် သောင်မမြင်ကမ်းမမြင် ဆင်ခြင်စိတ် ကင်းဝေးချိန်တွင်သော်ငင်း၊ ဖြားယောင်းဆွဲဆောင်ပါမူ အလွယ်တကူလိုက်ကြသည်က များ၏။ သုဿန်တစ သင်းချိုင်းဝမှ စဏ္ဍာလ နောက်သို့ မြနန်းပင်တိုင်ထက်မှ သက်ဆင်း၍ သွေးအေးအေးဖြင့်လိုက်သည့် မင်းသမီးဇာတ်လမ်းကား တကယ့်လောကတွင် ရှားပါဘိ။

မြက ကျွန်တော့်ကို လက်မထပ်လိုသေးဟု ငြင်းနေခြင်းမှာ ကျွန်တော်၌ ကြွယ်ဝခြင်းကင်းသောကြောင့်သာ ဖြစ်ရပေမည်ဟု ကျွန်တော်က ခိုင်မာစွာ ဆုံးဖြတ်မိခဲ့ပါသည်။ မြကို မေးရန်လည်း မလိုတော့။

ကျွန်တော်သည် ကျွန်တော်၏ကံကြမ္မာကို ကျွန်တော့်ဘာသာဖန်တီးနိုင်ရေးအတွက် ကျွန်တော်နေရာ တောမြို့ကလေးမှ ထွက်ခွာခဲ့ပါသည်။ မြကိုမူကား ရန်ကုန်တွင် လုပ်ငန်းတစ်ခုလုပ်ရန် ရှိသဖြင့် သွားမည်ပြောခဲ့ပါသည်။ မြက ထိုအချိန်တိုင်အောင်ပင် မတုန်မလှုပ်ရှိခဲ့လေသည်။ အကယ်

၍သာ ထိုအချိန်အခါက....'မသွားပါနဲ့ မောင်ရာ....မြတို့ တတွေ ဖြစ်သလိုနဲ့ နေနိုင်ပါတယ်' ဟု ဆိုခဲ့လျှင်လည်း ကျွန်တော်မှာ တစ်ရပ်တစ်ရွာသို့ ခွဲခွာလာနိုင်မည်မဟုတ်ပါ။ ကျွန်တော်ကသာ ဤသို့သော တားမြစ်ချက်ကို စောင့်မျှော်ခဲ့မိသော်လည်း မြကမူ တုတ်တုတ်မျှ မလှုပ်ခဲ့ပါ။

သို့နှင့်ပင် မြနှင့်ကျွန်တော်မှာ ဝေးမှန်းမသိ ဝေး၍ ဝေး၍သာ လာခဲ့ပါတော့သည်။

မိဘဆွေမျိုးများကိုလည်း ရန်ကုန်၌လုပ်ငန်းတစ်ခု ဖွင့်လှစ်ရန်အတွက် ထွက်ခွာလိုကြောင်း ပြောခဲ့ရလေသည်။

ရန်ကုန်ကဲ့သို့သော မြို့ကြီးပေါ်တွင် လုပ်ငန်းတစ်ခုကို အခိုင်အမာ အခြေတည်မိရန်မှာ လွယ်ကူလှသော ကိစ္စမဟုတ်ပေ။ ကျွန်တော်သည် ရန်ကုန်သို့ရောက်လျှင် ရောက်ခြင်း အိမ်ခန်းတစ်ခန်းကို ငှါးနေခဲ့ရပါသည်။ ကျွန်တော်က အိမ်ရှင်မိန်းမကြီးအား ကျွန်တော်သည် တောမြို့ကလေးမှ စာရေးအလုပ်ကို စွန့်ခွာ၍ ထွက်လာခဲ့သူဖြစ်ကြောင်း၊ ကျွန်တော့်တွင် ငွေကြေးအရင်းအနှီး အနည်းငယ် ပါလာကြောင်း၊ ရန်ကုန်တွင် လုပ်ငန်းတစ်ခု အခြေစိုက်လိုကြောင်း ပြောပြမိပါသည်။

ထိုခေတ်အခါမှာ ကုလားဗမာအဓိကရုဏ်း၊ တရုတ်ဗမာအဓိကရုဏ်းစသော လူမျိုးရေးအဓိကရုဏ်းကြီးများ ဖြစ်နေသည့်အချိန်အခါ ဝံသာနုခေတ်စားခိုက်ဖြစ်ရာ အိမ်ရှင်အဒေါ်ကြီးက ကုန်စုံဆိုင်ဖွင့်ရန် ပြောရှာသည်။ အိမ်ရှင်အဒေါ်ကြီးအကြံပေးချက်အရ ကျွန်တော်သည် ကုန်စုံဆိုင်

ဖွင့်ရန်စီမံမိခဲ့လေသည်။

မြထံသို့လည်းကျွန်တော်၏ကြံစည်ပြုလုပ်ချက်များကို စာဖြင့်ရေး၍ အကြောင်းကြားခဲ့ပါသည်။

အိမ်ရှင်မိန်းမကြီးနှင့် ကျွန်တော်တို့သည် ရှိသမျှငွေကြေးတို့ကို အရင်းတည်၍ ဆိုင်ကြီးတစ်ဆိုင် ဖွင့်ခဲ့ကြရာ ဝံသာနုခေတ်ဖြစ်သည့်အလျှောက် အတော်ပင် ရောင်းပန်းပွင့်ကာ ဆိုင်မှာ တဖြည်းဖြည်း ဖွံ့ဖြိုးလာခဲ့ပါသည်။ ကျွန်တော့်မှာလည်း အရောင်းရတွင်ကျယ်နေခိုက် ကုန်ပစ္စည်းများကိုသာ ထပ်ခါထပ်ခါ ဝယ်ခဲ့ကြပါသည်။

ကျွန်တော်တို့ဆိုင်ကြီးမှာ တစ်နေ့ထက်တစ်နေ့ ကြီးပွား၍လာကာ ကျွန်တော့်တွင်လည်း ငွေကြေးအတော်အတန် စုမိသောအခါ၌ မြနှင့်အတူ တခမ်းတနားကြီးကျယ်စွာ လက်ထပ်ပွဲဆင်ရန် အရေးကို တွေးမိသောအခါ စိတ်ထဲတွင် လွန်စွာ ကြည်နူးမိခဲ့လေသည်။

"မြရေ.... မောင်တို့ ဆိုင်ကြီးကတော့ တစ်နေ့တခြား ဟန်ကျနေတော့တာပဲ။ မြကိုလေ ရန်ကုန်မြို့လို မြို့ကြီးမှာ မောင် တိုက်ဆောက်ပြီး တင်ထားပါ့မယ်....။ တကယ်ဆိုတော့ မောင်အခု ကြိုးစားသမျှတွေဟာ တစ်နေ့ကျရင် မြဖို့ပါကွာ၊ မောင်တို့ကျောင်းနေတုန်းက ဆရာပြောခဲ့ဖူးတာ မှတ်မိသေးလား-မြရေ၊ ဘာလဲ-မယားချစ်-ပစ်ရှာ ဆိုတာလ-မောင့်မှာတော့ မယားဘဝမရောက်သေးတာတောင် ပစ်ပြီးတော့ရှာခဲ့ပြီ။ ခုတော့-မောင့်မှာ- 'ဖြိုးစေတနာ လောင်းချွေမှီးရစ်ပေတော့၊ မိုးတွေရွာ ချောင်းရေစီးကာမှ ခေါင်းတွေဖြီးပါ

လို့ ညှိုကျော့ရေ.... လောင်းလှေကြီးကိုတဲ့ ကြိုတော့လေ....’
ဆိုသလို မောင်ပြန်လာမဲ့ရက်ကိုသာ စောင့်ပြီး ကြိုရစ်ပေတော့
နော်.... ”

ကျွန်တော်က ဤသို့လျှင် စာအစောင်စောင်ဖြင့် နောင်အရေးကို မျှော်ကိုး၍ ရေးသားပေးပို့ခဲ့ပါသည်။ မြကကျွန်တော့်ထံသို့ ပြန်လည်ပေးပို့သောစာများကား၊ ကျွန်တော်၏ စာလောက် ဝေဝေဆာဆာမရှိလှ။ သူ၏ဝါသနာအတိုင်း အေးစက်စက်ပင် ဖြစ်လေသည်။

သို့သော်....သူတစ်ယောက်၏....‘ဘဝလမ်းကြောင်းမှာ လွန်စွာဆန်းကြယ်လှပါပေသည်။ ကွေ့မရှောင်နှင့် ဖြောင့်ကာ တွေ့တော့မရှောင်နှင့် ပျောက်တတ်ပါသည်။ တစ်ခါတစ်ရံ လူတစ်ယောက်၏ ဘဝလမ်းကြောင်းသည် မမျှော်လင့်ဘဲ တိမ်းစောင်း ကွေ့ကောက်သွားတတ်ပါသည်။

ရန်ကုန်သို့ရောက်၍ ကျွန်တော်၏ဆိုင် ကြီးပွားတိုးတက်လာစအခါကမူ ကျွန်တော်၏ဘဝလမ်းခရီးစဉ်မှာ လွန်စွာသာယာဖြောင့်ဖြူးလျက်ရှိပါသည်။ ဆိုင်ကြီး အတော်အတန်ကြီးပွားလာပါက မြကိုပြန်ခေါ်၍ ပျော်ပျော်ပါးပါး နေရန်အတွက်သာ အစဉ်တွေးခဲ့ပါသည်။

သို့ရာတွင်.... ကျွန်တော်တို့ ဗမာလူမျိုးများ၏စိတ်ဓာတ်မှာ ကောက်ရိုးမီးပမာ ဟုန်းကနဲတောက်ပြီးနောက် ငြိမ်းအေးပျောက်ကွယ်တတ်လေရာ ၎င်းတို့၏ ဝံသာနုစိတ်မှာလည်း ကြာရှည်မခံနိုင်ဘဲ တဖြည်းဖြည်း ပျောက်ကွယ်သွား ပါတော့သည်။ ယင်းတို့၏ဝံသာနုစိတ် တရွေ့ရွေ့ ပျောက်ကွယ်သည်

နှင့်အမျှ ကျွန်တော်၏ဆိုင်ကလေးမှာလည်း တဖြည်းဖြည်း အရောင်းရပါး၍လာပါတော့သည်။

ဤသို့အရောင်းအဝယ် ပါးလှသည့်အခါ ကျွန်တော်မှာ လွန်စွာစိတ်ပူလာမိပါတော့သည်။ ကျွန်တော် အားတက်သရော ကြိုးပန်းပါလျက်နှင့် အရောင်းအဝယ်မသွက်ဖြစ်ရသည်ကို လွန်စွာအားပျက်မိပါသည်။ အိမ်ရှင်အဒေါ်ကြီးနှင့် တိုင်ပင်ကာ အခြားနည်းလမ်းများဖြင့် အကြိမ်ကြိမ် ကြိုးစားရပြန်ပါသည်။ ကျွန်တော်၏ဆိုင်ကား တစ်နေ့တခြား ဆုတ်ယုတ်၍သာ လာခဲ့၏။

ကျွန်တော့်မှာလည်း စိတ်ပန်း လူပန်းဖြစ်ကာ နောက်ဆုံးအပြင်းအထန်ဖျားကာ အိပ်ရာ၌ လဲပါတော့သည်။ နေ့ရောညပါ အလုပ်....အလုပ်....အလုပ်ကိုသာ အာရုံထား၍ ကြိုးစားခဲ့သော်လည်း မအောင်မြင်သောအခါ ခဲလေသမျှ သဲရေကျကာ အားတင်း၍ မရနိုင်တော့ဘဲ လက်ပန်းကျသူပမာ ကြုံခဲ့ရလေသည်။ စိတ်ပင်ပန်းခြင်း လူပင်ပန်းခြင်းတို့၏ ဒဏ်ကို တစ်ကြိမ်တည်းတွင် စု၍ခံလိုက်ရပေရာ သုံးရက်တိုင်တိုင် လူမှန်းမသိဘဲ အပြင်းအထန်ဖြစ်ခဲ့လေသည်။

ကျွန်တော် သတိရသောနေ့တွင် ကျွန်တော်၏ အိပ်ရာဘေးရှိ ဆေးပန်းကန်ကို လာရောက်ယူငင်သော မိန်းခလေးတစ်ဦးကိုတွေ့ရလေသည်။ထိုမိန်းကလေးအား ကျွန်တော်သည် တစ်ခါမျှ မမြင်ဖူးခဲ့သဖြင့် သေချာစွာ ကြည့်နေမိခဲ့ပါသည်။

အိမ်ရှင်အဒေါ်ကြီးရောက်လာသောအခါ-

"ဘယ့်နှယ်လဲ....မောင်ထွေးမောင် သက်သာသွားပလား.... ဒေါ်ဒေါ်ဖြင့်လေ.... စိတ်ပူလိုက်တာ မပြောပါနဲ့တော့ ချက်ခြင်းဆရာဝန်ခေါ်.... နောက်ပြီး လက်တိုလက်ရှည် အကူအညီဆိုပြီး တူမလေးတစ်ယောက်ကိုတောင် ခေါ်ထားရတယ်.... ဒေါ်ဒေါ်ကလူကြီးဆိုတော့ နေရာတကာဖျပ်ဖျပ်လတ်လတ် မလုပ်နိုင်ဘူး။ ဘာမှအားမနာနဲ့ စိတ်အေးအေးထားပြီး နေကောင်းအောင်သာနေ။ လိုချင်တာ ခိုင်းချင်တာရှိရင် အသောင်းကိုသာ ခေါ်ခိုင်းကြားလား.... ဘာမှအားမနာနဲ့ ကိုယ့်သွေးသားလိုသာ အောက်မေ့...." ဟုပြောပါသည်။

ကျွန်တော်ကား ဘာမျှမပြောနိုင်ဘဲ ငိုင်၍သာ ကျန်ရစ်ခဲ့ပါသည်။ အသောင်းကို လှမ်း၍ကြည့်ရင်း မျက်စိများရီဝေလာကာ မျက်လုံးထဲတွင် မြကိုသာ မြင်ယောင်လာမိလေသည်။

မြတစ်ယောက် ဤအချိန်၌ မည်သို့ရှိရှာလေမည်နည်း။ ယခုကဲ့သို့ ဖြစ်နေသည့်အခါမျိုးတွင် မြသာရှိပါက ကျွန်တော်မည်မျှအားတက်ရပေလိမ့်မည်နည်း။ မြအကြောင်းကို စဉ်းစားရာမှ လုပ်ငန်းကို သတိရလာသောအခါ ဦးခေါင်းတစ်ခုလုံးမှာ တင်းပုတ်ဖြင့် အထုခံရသည့်ပမာ နာကျင်ကိုက်ခဲ၍လာပါတော့သည်။ ထိုသို့နာကျင်ရာမှ နားထဲတွင် စူးရှဆူညံသောအသံများ ကြားလိုက်ရပြီး ရင်ထဲတွင် ဆို့ကြပ်လာသော ဝေဒနာကို ခံစားရလေတော့သည်။

"ကိုထွေးမောင်.... ကိုထွေးမောင်...."

ကျွန်တော်သည် မျက်စိကို ဖွင့်ကြည့်လိုက်မိ၏။ အဝတ်ဖြူကို ဝတ်ထားသော ဆရာဝန်သည် ကျွန်တော်၏ဘေးတွင် ရပ်နေလေသည်။ ထိုနောက်-ဆရာဝန်သည် ကျွန်တော့်အား စိတ်ညစ်ဘွယ်ရာများကို မစဉ်းစားရန် ပြောလေသည်။

ထိုမှ.... ဆရာဝန်၏ကုသမှု အိမ်ရှင်အဒေါ်ကြီး စောင့်ရှောက်မှု အသောင်း၏ယုယစွာ ပြုစုမှုများကြောင့် ကျွန်တော်၏ကျန်းမာရေးမှာ တစ်နေ့ထက်တစ်နေ့ သက်သာလာခဲ့လေသည်။ ထိုမှ.... တစ်နေ့တွင် ကျွန်တော်က အသောင်းအား နေ့စွဲကိုမေးမိပါသည်။ အသောင်းထံမှ နေ့စွဲကို ကြားရသောအခါ ကျွန်တော် နေမကောင်းဖြစ်ခဲ့ရသည့်ရက်ပိုင်းကို သိလာပါတော့သည်။ ကျွန်တော်ကား နှစ်လနီးပါး ဖျားခဲ့ပေသည်။ ထိုနှစ်လအတွင်း၌ ကျွန်တော်၏အသက်အား အသောင်းတို့တူဝရီးက ကယ်တင်ခဲ့ကြပေသည်။

ကျွန်တော်၏ ကျန်းမာရေး တိုးတက်လာသည်နှင့်အမျှ ကျွန်တော်၏ဆိုင်အခြေအနေမှာ.... ဆုတ်ယုတ်၍လာလေတော့သည်။

“ကုသိုလ်ကံအကြောင်းတရားပေါ့...၊ မောင်ထွေးမောင်ကိုယ်က ကြံစည်ကြိုးစားရက်သားနဲ့ ပျက်စီးရခြင်း ကြုံရတာကတော့ ဘာမှမတတ်နိုင်ဘူးပေါ့လေ....”

အဒေါ်ကြီးက ကျွန်တော့အား စိတ်သက်သာရာရအောင် အားပေးစကား ပြောကြားရှာပါသည်။

ကျွန်တော်ကား-ဇာတိဌာနေကိုလည်း မပြန်လိုတော့ပြီ။ ဘဝတိုက်ပွဲတွင် ရှုံးနိမ့်သူအဖြစ်ဖြင့် မြနှင့်မဆုံလိုတော့ပြီ။

မြထံလည်း စာမရေးလိုတော့။ ဘဝတိုက်ပွဲတွင် အသုံးပြုခဲ့ရသဖြင့် ခွန်အားများ ကုန်ခဲ့ပြီဖြစ်ရာ လူတစ်ယောက်ကို ချစ်နေရန် ခွန်အားပင် မရှိတော့။

ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သောကြောင့်သာလျှင် ကျွန်တော်၏ဘဝမှာ ခံသာပေတော့သည်။ အဒေါ်ကြီး၏အိမ်တွင် အရေးနိမ့်သူဘဝဖြင့်နေရင်း အလုပ်ကို ရှာခဲ့ရာမှ ခြောက်လခန့်ကြာသောအခါတွင် အဒေါ်ကြီး၏ မိတ်ဆွေတစ်ဦးကြောင့် ကျွန်တော့်မှာ ကုန်တိုက်တစ်ခု၌ စာရေးအလုပ် ရပါတော့သည်။ အဒေါ်ကြီးကား-ကျွန်တော့်အသက်ကိုသာ ကယ်ခဲ့သည်မဟုတ်။ ကျွန်တော်၏ဝမ်းရေးအတွက် အလုပ်ကိုပင် ရှာဖွေပေးခဲ့ပေသည်။

ထိုမှ.... အဒေါ်ကြီးသည် ကျွန်တော့်အား အသောင်းနှင့် လက်ထပ်ပါရန် ပြောလာလေသည်။ ကျွန်တော်ကား ကျွန်တော့်ကိုယ်ကျွန်တော် ဘဝဆုံးသူအဖြစ် သတ်မှတ်ထားပေရာ ကျွန်တော့်အတွက် ဘာကိုမျှမစဉ်းစားခဲ့။ ကျေးဇူးရှင်အဒေါ်ကြီးကိုသာ ကျွန်တော့်ဘဝကို ပုံအပ်ထားပေရာ အဒေါ်ကြီးစီမံသမျှကိုသာ ခံခဲ့ပါသည်။ မိဘဆွေမျိုးများထံသို့လည်း စာမရေးတော့။ သူတို့တတွေ အကြိမ်ကြိမ် တားလျက်နှင့် ဇွတ်ထွက်ခဲ့ခြင်းဖြစ်လေရာ ရှုံးနိမ့်သူဘဝဖြင့်ကား ကျွန်တော်မပြန်လို။ ကျွန်တော်၏ရှုံးနိမ့်ခြင်းအား အကြောင်းမကြားလိုပါ။

ကျွန်တော်နှင့်အသောင်းကား.... မပျော်လင့်ဘဲ.... အ

ကြောင်းဆုံခဲ့ရပေပြီ။ ကျွန်တော်ကဲ့သို့ စိတ်ကူးမယဉ်တတ်သူအဖို့၌ အသောင်းအား မည်သို့မျှသဘောမထားဘဲ.... ပေါင်းသင်းစေခဲ့ကာမူ အကြွင်လင်မယားဘဝသို့ ရောက်လာသောအခါ လင်တို့၏ဝတ္တရားအတိုင်း ချစ်ကြင်နာစိတ်ပွားကား ပေါင်းသင်းခဲ့ရပါတော့သည်။

ရက်တို့သည် တရွေ့ရွေ့ ပြောင်းလာခဲ့လေသည်။

ကျွန်တော်ကား.... စာရေးဘဝဖြင့် အသောင်းနှင့် နေထိုင်ခဲ့သည်မှာ သားသမီးများပင် ထွန်းကားခဲ့လေပြီ။ ကျွန်တော်နှင့်အသောင်း လက်ထပ်ပြီး တစ်နှစ်ခန့်အကြာတွင် ကျွန်တော်နေသည့်မြို့မှ ကျွန်တော်၏အစ်ကို ရောက်လာသဖြင့် အကြောင်းစုံကို ပြောပြလေရာ ကျွန်တော်၏ဌာနေမှ အားလုံး သိသွားလေတော့သည်။

ထိုအဖြစ်တို့ကား.... နှစ်ပေါင်း ၂၀-ကျော်မျှကြာခဲ့ပြီဖြစ်သော်လည်း ကျွန်တော်ကား ယခုတိုင်အောင် မမေ့နိုင်ဘဲ တရေးရေး မြင်ယောင်နေမိပါသည်။

ခေတ်၏လှုပ်ရှားမှုအလယ်ဝယ် ကျွန်တော်တို့အိမ်ထောင်မှာ လှိုင်းအကြားမှ ငှက်ပျောတုံးသဖွယ် တဝဲလည်လည် ကြုံခဲ့ကြရ၏။

ကျွန်တော်၏မိဘများလည်း ဆုံးပါးကွယ်လွန်ခဲ့ပေပြီ။ ကျွန်တော်၏ကျေးဇူးရှင်အဒေါ်ကြီးမှာလည်း ကွယ်လွန်ခဲ့လေပြီ။ ကျွန်တော်၏ ဦးခေါင်းထက်တွင် ဆံပင်များပင်လျှင်

ငွေရောင်ဖုံးကာ မျက်လုံးများလည်း ရီဝေမှုံမှိုင်းခဲ့ပေပြီ။

လွန်ခဲ့သော လအနည်းငယ်ကမူ ကျွန်တော်သည် ဇာတိ ဌာနေသို့ ပြန်သွားရင်း မြနှင့်ဆုံခဲ့ရပါ၏။ ဟိုယခင်အခါများ က ဌာနေသို့ပြန်လေသော်လည်း မြနှင့်မဆုံမိခဲ့။ တမင်တကာ ပင် ရှောင်ခဲ့၏။ ဤတစ်ခေါက်တွင်မူ အဘယ့်ကြောင့်ဟူ၍မ သိ မြနှင့်တွေ့ဆုံလိုစိတ်ပြင်းထန်လှသဖြင့် မတွေ့တွေ့အောင် ရှာဖွေ၍ တွေ့ခဲ့ရ၏။ မြကား ယခုထက်တိုင်ပင် အပျိုကြီးဘဝ ဖြင့် ရှိပေသေးသည်။

“ဘယ့်နှယ်လဲ.... သားသမီးတွေ နေကောင်းကြရဲ့ လား ကိုထွေးမောင်....”

“ကောင်းပါတယ် မြ.... အဲလေ မမြရယ်....”

မြက ကျွန်တော်စကားပြင်၍ ပြောလိုက်သောအခါ ဟင်းကနဲ သက်ပြင်းချလိုက်လေ၏။ နောက်ထပ် ဘာကိုမျှစ ကားမပြောနိုင်ကြ။ ကျွန်တော်မှာ ဇရာလွှမ်းခြင်းခံရ၍ နွမ်းနေ သော မြကို ကြည့်နေမိ၏။

တစ်ရံရောအခါက ကျွန်တော်၏စိတ်တွင် အကြည်လင် ဆုံးဟူ၍ ထင်ခဲ့ရသည့် မျက်လုံးများကား မှေးမှိန်ခဲ့ပေပြီ။ ပြည့်ဝဖောင်းမို့ခဲ့သည့် ပါးအို့လေးမှာလည်း ရှုံ့တွခဲ့ချေပြီ။ ပုလဲပုတီးလေးဆွဲထားတတ်သည့် လည်တိုင်ကြော့ကြော့ လေးမှာလည်း ယခုအခါတွင် အုန်းပုတီးဆွဲထားရာ လည်ပင်း တွန့်တွန့်ကြီး ဖြစ်နေချေပြီ။

အကယ်၍သာ ဟိုစဉ်အခါ ကျွန်တော် အကြိမ်ကြိမ်

အဖန်ဖန် လက်ထပ်လိုကြောင်း တောင်းပန်ခဲ့စဉ်က အကြောင်းညီညွတ်ပါခဲ့မူ.... စိတ်ကူးမယဉ်လွန်းခဲ့ပါမူ ကျွန်တော့် သားသမီးမှာ သူ၏သားသမီးများပင် ဖြစ်ရမည်မဟုတ်ပါလော....။

ကျွန်တော်သည် တွေးရင်းတွေးရင်း ရင်ထဲတွင် ဆို့ကြပ်လာသဖြင့် "သွားတော့မယ်နော်" ဟူသော စကားကို ငိုသံမပါအောင်ပြော၍ ထွက်ခွာခဲ့ရပါသည်။ သို့ရာတွင် "ဟုတ်ကဲ့" ဟူသော မြ၏အဖြေတွင် ငိုသံပါနေသည်ကို ကျွန်တော်ကောင်းစွာ သတိထားမိပါသည်။

"ပါတော ဖုလ္လံ၊ ကောကနဒံ
သူရိယာလောကေန ဘိဇ္ဇတေ၊
ဧဝံမနုဿတ္တ ဂတာသတ္တာ၊
ဇရာ ဘိဝေဝေန မိသာယံရေ"

နံနက်အခါတွင် ပွင့်လန်းသော ကြာနီပန်းကား.... နေရောင်တက်သောအခါ၌ ရင့်ရော်ညှိုးနွမ်းသကဲ့သို့ သတ္တဝါဟူသမျှသည်လည်း ဇရာဖုံးလွှမ်းပါက ညှိုးနွမ်းရသည်ပါတကား....။

တစ်ခါက ပန်းကလေးပမာ လှခဲ့ရှာသည့်မြကား ယခုအခါ နေရှိန်တည်းဟူသော ဇရာ၏ဒဏ်ချက်ကြောင့် နွမ်းပျက်ညှိုးလျော်ခဲ့ချေပြီ....။

ကျွန်တော်တို့ကား ပြုသင့်ပြုအပ်သော ကိစ္စကို ပြုသင့်

ပြုအပ်သော အချိန်ကာလတွင် မလုပ်မိခဲ့ကြဘဲ အချိန်လွန်ကာမှ နောင်တရ၍မဆုံး ဖြစ်တတ်ကြ၏။ ဤသည်လျှင် လူ့ဘဝ ကြေကွဲဖွယ်ရာဖြစ်ပေတော့သည်။

အချစ်၏ကြည်နူးဘွယ်ဆိုသည်မှာလည်း ပန်းတစ်ပွင့်၏ သက်တမ်းလောက်မှ မကြာလှ။ အချစ်နှင့်ပန်းပွင့်မှာ လတ်လတ်ဆတ်ဆတ်အချိန်တွင် မဆွတ်ခူးဘဲထားပါက ညှိုးနွမ်းတတ်ပေသည်။ ကျွန်တော်သည် ကျွန်တော်၏ဘဝကို ပြန်လည်သုံးသပ်မိ၏။ ဤသို့ဖြစ်လာရခြင်းတွင် ကျွန်တော်၏ အပြစ်မရှိဟု ထင်၏။ မြန်နှင့်နီးလိုခြင်းကြောင့် ကြံစည်ခဲ့ရာမှ ဝေးခဲ့ရခြင်းသာလျှင်ဖြစ်၏။

ဝေးခဲ့ကြပြီဆိုသောစကားလုံးမှာလည်း စက္ကန့်ပိုင်းအတွင်း၌ ပြောဆို၍ ပြီးခဲ့သော်လည်း ထိုစကားလုံး၏ အကျိုးသက်ရောက်မှုဝေဒနာမှာကား ကမ္ဘာအသခင်ျပြောင်း၍ နှစ်တွေညောင်းသည့်တိုင်အောင် အရှိန်မပြေနိုင်သည့် ဝေဒနာတစ်မျိုးပင်။ အချိန်ကာလဆိုသည်မှာလည်း ကုန်လွန်ခဲ့ပါလျှင် နောက်တစ်ဖန် ပြန်၍ရနိုင်တော့သည်မဟုတ်။ ထိုစဉ်အခါက ကြည်နူးမှု သာယာမှုတို့မှာလည်း နောက်တစ်ဖန် ပြန် ၍ ခံစား၍ ရကောင်းသည်မဟုတ်။

“ပြု၍မရှင်၊ ပြင်၍မလန်း
လက်လွန်ပန်းကို၊ မှန်း၍အော်အော်
တရားမျှော်က၊ ပါတော်ဖုလ္လမ်း၊
တေးကိုတမ်းမိ၊ လွမ်းလည်းလွမ်းချင်

မလွမ်းချင်နှင့်၊ လန်းလျှင်ညှိုးမွဲ
ပွင့်ကြွေမြဲဟု၊ မလွဲသောဝန်….၊
မလွန်သောဘေး၊ လွန်ဖို့ရေးလည်း
အေး၍မနေသာပါတကား….။

ကျွန်တော့်အဖို့တွင် ယခုအချိန်အခါဝယ် အထက်ဖော်ပြပါ 'ရှင်ဉာဏိသရ' ၏ ကဗျာကိုဖတ်၍ စိတ်ကိုဖြေရသည်မှတစ်ပါး အခြားဘာမှ မတတ်နိုင်တော့ပြီ….။

**သန်းဆွေ**

# ★ ဖုံးရှဲ့ခဲ့တယ် ★

ရင်ရင်နွဲ့နှင့် တွေ့ခဲ့ရသည့်အချိန်၏ စောစောပိုင်းကို စဉ်းစားလိုက်ပါက ကိုတင်စိုးအဖို့မှာ စိတ်အာရုံ တစ်ခုလုံး ရွှင်ပြုံးလတ်ဆတ်၍ လာတတ်ပေသည်။

ထိုစဉ်ကဆိုလျှင် ကိုတင်စိုးမှာ ကာယဗလနှင့် ပြည့်စုံကာ ဆယ်တန်းစာမေးပွဲ အောင်ပြီးဖြစ်သဖြင့် ကျောင်းမှ ထွက်ကာ စာရင်းစစ်ရုံးတွင် စာရေးလေးဘဝဖြင့် အသက်မွေးနေရသည့် လူငယ်တစ်ဦးဖြစ်သကဲ့သို့ ရင်ရင်နွဲ့မှာလည်း အတွင်းဝန်ရုံးတွင် လက်ရေးတိုနှင့် လက်နှိပ်စက် စာရေးမလေးအဖြစ်ဖြင့် လုပ်ကိုင်နေထိုင်ရရှာသူတစ်ဦး ဖြစ်လေသည်။

ရှေးဘဝရေစက်က မည်သို့ဖန်လာခဲ့သည်မသိ။ ကိုတင်စိုးနှင့်ရင်ရင်နွဲ့တို့မှာ ရုံးသို့လာကြတိုင်း လာကြတိုင်း မီးရထားတစ်တွဲတည်းတွင် ဆုံမိခဲ့ကြပေသည်။ တွေ့စကမူ တစ်ယောက်ကိုတစ်ယောက် သတိမထားမိကြဘဲ နေခဲ့ကြသော်လည်း တစ်နေ့ထက်တစ်နေ့ မြင်ပါများလာသောအခါ မျက်မှန်းတန်း၍ လာလေတော့သည်။ ထိုမှ တစ်ယောက်နှင့် တစ်ယောက် တွေ့နေကြအချိန်တွင် မတွေ့ဘဲနေပါက သိသိသာသာ ရင်ထဲတွင် ဟာသွားမိသည်အထိ တွယ်တာမှန်းမသိ တွယ်တာ၍လာမိလေသည်။ သို့သော်မည်သူကမျှ စကားစပ်မပြောကြ။

နံနက် ၉နာရီခွဲ မီးရထားဖြင့် အင်းစိန်ဘူတာမှ လိုက်ပါလာသည့် ကိုတင်စိုးသည် ကြို့ကုန်းဘူတာသို့ ရောက်ပါက တွဲပေါ် တက်လာမြဲဖြစ်သော ရင်ရင်နွဲ့ကို စောင့်မျှော်တတ်၏။ ရင်ရင်နွဲ့ကလည်း ကိုတင်စိုးပါသည့်တွဲကိုမှ တက်လာတတ်ပေသည်။ အစသော် အကြောင်းတိုက်ဆိုင်မှု သက်သက်ထင်ခဲ့သော်လည်း ကြာသောအခါ တမင်တကာ မဆုံဆုံမိအောင် လုပ်ကြသကဲ့သို့ပင် ရှိနေလေသည်။ ရင်ရင်နွဲ့ ယခုကဲ့သို့ နေ့တိုင်းဆုံမိအောင် လာတတ်သည်ကို သတိထားမိသောအခါ ကိုတင်စိုးမှာ ရထားတွဲတွင် လူမည်မျှပင် ပြည့်ကျပ်နေစေကာမူ ရင်ရင်နွဲ့အတွက် တစ်နေရာ ယူထားတတ်၏။ ရင်ရင်နွဲ့ကလည်း ရထားတွဲပေါ် သို့ရောက်လျှင် ရှေးဦးစွာ ကိုတင်စိုးကိုသာ ကြည့်တတ်၏။ ထိုအခါ ကိုတင်စိုးက နေရာလွတ်ရှိရာသို့ မျက်လုံးဖြင့်ကြည့်၍ပြ၏။ သို့လျှင် သူတို့ နှစ်ယောက်မှာ စကားတစ်ခွန်းမျှမဆိုဘဲ အဓိပ္ပာယ် ကြွယ်ဝသော အမူအရာများဖြင့် ဆက်သွယ်ခဲ့ကြပေသည်။

ဤသို့နေကြရင်းပင် နှစ်လခန့်ကြာတော့မှ "ခင်ဗျားက ဘယ်ရုံးမှာ လုပ်ပါသလဲ" ဟူသော အမေးစကားကို စတင်၍ သုံးခြင်းဖြင့် စကားစမိကြလေတော့သည်။

ထိုမှ တစ်ယောက်နှင့်တစ်ယောက် မည်မျှဂရုတစိုက် သတိထားနေကြကြောင်းကို စကားဖြင့် ဖော်ပြလာကြလေသည်။ တစ်ရက်တလေ ရင်ရင်နွဲ့သော်၎င်း၊ ကိုတင်စိုးသော်၎င်း၊ တစ်ယောက်ယောက် ရက်ပျက်သွားပါက နောက်တစ်နေ့ဆုံ တွေ့ကြသည့်အခါ၌ "မနေ့က ဘာဖြစ်လို့ အလုပ်

မဆင်းတာလဲ နေမကောင်းလို့လား....” ဟူသော အသုံး အနှုန်းများသို့သုံး၍ အရေးယူကြသည်သာမက နေ့တိုင်းမြင် နေပါလျက်နှင့်ပင်၊ မျက်နှာလေး ညှိုးနေပါက ‘ဘာဖြစ်လို့တုန်း နေများမကောင်းလို့လား’ စသည်ဖြင့် မေးမြန်းတတ်ကြပေ သည်။

အဘယ်ကြောင့်-ရင်ရင်နွဲ့အပေါ်တွင် ကိုတင်စိုးသည် တွယ်တာမိခဲ့လေသနည်းဟု ကိုယ့်ကိုယ်ကို စမ်းစစ်ကြည့် မိလေသည်။ အဖြေကား-ခက်လှဘိသည်။ ချစ်နေလို့များ လားဟုလည်း တွေးမိသည်။ ချစ်နေလို့ပါဟုလည်း အဖြေ မပေးနိုင်။ တွယ်တာသည်မှာမူ အမှန်ပင် ဖြစ်လေသည်။ ရင်ရင်နွဲ့မှာ ယဉ်လှသည်။ နွဲ့လှသည်။ ချောလှသည်။ သူလို ယောကျ်ားတစ်ယောက်နှင့် မထိုက်တန်ဟု ကိုတင်စိုး၏စိတ် တွင် ယူဆခဲ့သည်။ သို့သော် ရင်ရင်နွဲ့ကိုကား.... နေ့တိုင်း တွေ့လိုသည်။ မြင်လိုသည်။ ရင်ရင်နွဲ့နှင့်မတွေ့ရပါက သူ့ ရင်ထဲမှာ သိသိသာသာ ဟာလာဟင်းလင်း ဖြစ်နေတတ် လေသည်။

သည်လိုနှင့်ပင်.... နေ့တွေပြောင်းကာ လတွေညောင်း ခဲ့သည်။

တစ်နေ့တွင်မူ ရင်ရင်နွဲ့အား ကိုတင်စိုး မတွေ့ရသဖြင့် တစ်နေ့လုံး စိတ်ထဲတွင် တထင့်ထင့်ဖြင့်ဖြစ်ခဲ့ရသည်။ နောက် တစ်နေ့တွင် မျှော်ပါသော်လည်း မတွေ့ရပေ....။ ထိုနေ့တွင် ပဌမနေ့ကထက် သာ၍ပင် စိတ်တထင့်ထင့် ဖြစ်ရလေသည်။ နောက်တစ်နေ့တွင်လည်းမတွေ့ရ။ စိတ်ပူလာမိလေသည်။

နေများမကောင်းလေရော့သလား။ နေမကောင်းတာပဲ ဖြစ်မှာပဲ။ နေမကောင်းတာ မေးချင်လိုက်တာ။ ခက်တာဘဲ သူ့အိမ်ကလဲ ဘယ်မှာရှိမှန်းမသိ။ စသည်ဖြင့် ကိုတင်စိုး၏ ရင်ထဲတွင် ဗလောင်ဆန်၍ လာခဲ့လေသည်။ ကြို့ကုန်းရပ်ကွက်ထဲသို့ ဝင်၍ရှာရန်ကိစ္စမှာလည်း လွယ်ကူလှသည်မဟုတ်။

ရင်ရင်နွဲ့အား တွေ့ရနိုး၊ တွေ့ရနိုးဖြင့် စောင့်စားနေစဉ်ပင် ကိုတင်စိုး၏အလုပ်တိုက်သို့ စာတစ်စောင် ရောက်လာသဖြင့် ဖွင့်၍ဖတ်ကြည့်မိလေသည်။ စာကား.... ရင်ရင်နွဲ့ထံမှ ဖြစ်လေသည်။

မိဆွေကြီး-ကိုတင်စိုးရှင့်....

မိတ်ဆွေကြီး ကူညီနိုင်သည့်အကြောင်းအရာဟု စိတ်ကယုံကြည်မိပါသောကြောင့် မိတ်ဆွေကြီးထံမှ အကူအညီ ရလိုသဖြင့် စာဖြင့်အကြောင်းကြားလိုက်ပါသည်။

ကိုတင်စိုး၏စိတ်ထဲတွင် အကူအညီမပေးနိုင်ဟု ဆုံးဖြတ်ထားပါက မလာဘဲ နေနိုင်ပါသည်။ အကယ်၍ နွဲ့အား ကူညီမည်ဟု သဘောပိုက်ပါက လာမည့်တနင်္ဂနွေနေ့တွင် နွဲ့နှင့်တွေ့ဆုံကြရန်အတွက် နေ့လည် ဆယ့်နှစ်နာရီတွင် ဆန်းကဖီးသို့ လာခဲ့စေလိုပါသည်။

ကြိုတင်ကျေးဇူးတင်လျက်

နွဲ့

ကိုတင်စိုးမှာ စာကိုဖတ်ပြီး ဝမ်းသာရမလို ဝမ်းနည်းရမလိုနှင့် အူကြောင်ကြောင် ဖြစ်နေမိလေသည်။ ဘယ်လို

အကြောင်းများပါလိမ့်။ ဘာအကူအညီများပါလိမ့်ဟူသော အတွေးတို့သည် သူ၏ရင်ကို တထိတ်ထိတ်ခုန်စေ၏။ နောက်ဆုံးတွင်ကား မိန်းကလေးတစ်ယောက်က အကူအညီတောင်းသည်ကို လက်မခံဘဲ ရှောင်လွှဲသွားပါက ယောကျ်ားမပီသရာကျတော့မည်ဟူသော အတွေးဖြင့် ရင်ရင်နွဲ့ထံသို့ တနင်္ဂနွေနေ့တွင် လာခဲ့မည်ဖြစ်ကြောင်းကို စာပြန်လိုက်လေသည်။

မိန်းကလေးတစ်ယောက်နှင့် နှစ်ယောက်ချင်း တွေ့ရန်အတွက် ထိုမိန်းခလေး၏ တောင်းပန်ချက်အတိုင်း လာရသည်ဆိုခြင်းမှာ ကိုတင်စိုးအဖို့တွင် ပြုရခဲလှသော စွန့်စားခန်းတစ်ခုကဲ့သို့ ဖြစ်နေလေသည်။ ဘာတွေများပြောမှာလဲ။ ဘယ်လိုအကူအညီမျိုးကို တောင်းမှာလဲ။ သူ့အကူအညီကို ငါက ပြည့်စွမ်းအောင် ဖြည့်စွမ်းနိုင်ပါ့မလားဟုလည်း တွေးမိသေးသည်။

တနင်္ဂနွေနေ့ နေ့လည်ဆယ့်နှစ်နာရီတွင်ကား စောင့်မျှော်နေသည့် ရင်ရင်နွဲ့အား ဆန်းကဖေးတွင် တွေ့ရလေသည်။ စားပွဲတွင် အတန်ကြာမျှ ထိုင်နေသော်လည်း....တစ်ယောက်ကိုတစ်ယောက် စကားတစ်ခွန်းမျှ မပြောဘဲ ရပ်နေမိကြလေသည်။

"ဘာသောက်မလဲ.... ကာဖီလား....၊ လိမ္မော်ရည်လား...."

"လိမ္မော်ရည်သောက်တာပေါ့...."

ကိုတင်စိုးက လိမ္မော်ရည်ကို မှာယူလိုက်လေသည်။

"ဆိုစမ်းပါအုံး-ကိစ္စ...."

ကိုတင်စိုးက လောဆော်လိုက်လေသည်။

"ဟုတ်ကဲ့-ပြောတာပေ့ါ...."

ရင်ရင်နွဲ့က ကိုယ်ကလေးကို ကြုံ့ကာ လက်နှစ်ဘက်ကို ဒူးပေါ်သို့တင်လိုက်ပြီး စကားကို စလေသည်။

ရင်ရင်နွဲ့ပြောစကားအရဆိုလျှင် ရင်ရင်နွဲ့၏မိခင်သည် မကျန်းမာခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ရင်ရင်နွဲ့ကိုယ်တိုင်မှာလည်း ညီအစ်ကို မောင်နှမထဲတွင် အကြီးဆုံးဖြစ်ရာ ညီမနှင့်မောင်ငယ်များ၏တာဝန်ကိုလည်း ယူနေရကြောင်း ယခု မိခင်ဖြစ်သူ မမာမကျန်းဖြစ်နေသည့်အခိုက်အတန့်မှာပင် သူအလုပ်လုပ်နေသောရုံးမှ ရုံးနှင့်စကားများကာ အလုပ်ပြုတ်ခဲ့ကြောင်း၊ အလုပ်ပြုတ်သည်ကို အိမ်သားများသိလျှင် စိတ်မချမ်းမသာဖြစ်ကာ အားငယ်ကြမည်စိုးသဖြင့် ဟန်မပျက် နေ့တိုင်း မြို့ထဲသို့ လာနေကြရကြောင်း၊ ကြို့ကုန်းတွင် နေသည်ဟု ဆိုသော်လည်း ဇာတိမဟုတ်ဘဲ လွန်ခဲ့သည့်နှစ်က တောင်ငူမှ ပြောင်းလာကြခြင်းဖြစ်သဖြင့် ခင်မင်ရင်းနှီးလှသူဟူ၍ မရှိကြောင်း၊ အဘယ်သို့သော ရေစက်ကြောင့်ဟူ၍ မသိ ကိုတင်စိုးအား တွေ့မြင်စကပင် ဆွေမျိုးသားခြင်းတစ်ဦးနှင့် တွေ့ရသကဲ့သို့ထင်မိကာ မိမိတွင် အခက်အခဲတွေ့သည့် အခါ၌ အကူအညီတောင်းလျှင် ပေးမည့်သူတစ်ဦးဟု ယုံကြည်မိခဲ့ကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် ကိုတင်စိုးအား ကူညီရန် တောင်းပန်မိကြောင်းဟူ၍ဖြစ်လေသည်။

"အဲဒီတော့ နွဲ့ဟာ ဒီလအတွင်းမှာ နောက်ထပ်အလုပ်

သစ်တစ်ခုကို ရအောင်ရှာရမယ်။ အခုနေတော့ မြို့ထဲက အသိတစ်ယောက်ဆီကိုပဲ လာလာနေရတယ်။ သူကိုယ်တိုင်ကလဲ နွဲ့လိုပဲ မြို့ထဲမှာ ခင်မင်ရင်းနှီးတဲ့လူသိပ်ရှိတာ မဟုတ်ဘူး။ သူနဲ့တိုင်ပင်ကြည့်တော့ ကိုတင်စိုးဆီမှာ အကူအညီတောင်းရင် ကောင်းမှာပဲဆိုပြီး ကိုတင်စိုးဆီကို စာရေးမိတာပါဘဲ”

“ဟုတ်ကဲ့ ကျွန်တော်က ဘယ်လိုကူညီရမှာလဲ”

“နွဲ့မှာ.... အဲဒါတွေရှိတယ်။ အဲဒါတွေကို ကိုတင်စိုး တစ်နေရာရာမှာ ထားပေးပါ။ ငွေကတော့ သိပ်မလိုပါဘူး။ တစ်ရာလောက်ပေါ့။ အလုပ်မရခင်အတွင်း နေသွား စားသွားနိုင်ဖို့ပဲ”

ရင်ရင်နွဲ့သည် သူ၏လွယ်အိတ်အတွင်းမှ လက်ကိုင် ပဝါဖြင့်ထုပ်ထားသော ရတနာအချို့ကို ပြလေသည်။ မမျှော်လင့်သော အကူအညီပေတကား။ ထိုခေတ်အခါက ငွေတစ်ရာဆိုသည်မှာ ရှာဖွေ၍မလွယ်လှ။ ထို့အတူပင် ရင်ရင်နွဲ့ ကဲ့သို့ မိန်းကလေးများ အလုပ်ရဖို့ဆိုသည်မှာလည်း လွယ်ကူလှပေသည်မဟုတ်။ ရင်ရင်နွဲ့ အလုပ်ရဖို့ထက် လောလောဆယ် ငွေတစ်ရာရဖို့ကိုကား ကူညီရပေမည်။

“နွဲ့ရဲ့ပစ္စည်းတွေကို ပေါင်ပေးဖို့ ကျွန်တော်ယူသွားတာကို သက်သေအဖြစ် နွဲ့သူငယ်ချင်းကို ခေါ်လာဖို့ ကောင်းတယ်....”

“ပထမတုန်းကတော့ ခေါ်လာဖို့စိတ်ကူးပါတယ်။ နောက်တော့ ကိုတင်စိုးရဲ့အဖြေက ဘယ်လိုမှန်း မသိရသေး

တာနဲ့ ခေါ်မလာတာဘဲ....”

“ဒါဖြင့် ဒီလိုလုပ်လေ ကျွန်တော်ဒီနေ့ပစ္စည်းတွေ မယူဘဲနဲ့ပြန်သွားမယ်။ အသိတွေဆီမှာ စုံစမ်းကြည့်အုံးမယ်။ မနက်ဖြန်ညနေဘက် ကျွန်တော်ရုံးက ခွင့်တိုင်ပြီး စောစောဆင်းခဲ့မယ်။ နွဲ့နဲ့ ဘယ်မှာတွေ့နိုင်မလဲ....”

ရင်ရင်နွဲ့က သူနှင့် တွေ့နိုင်မည့်နေရာကို ပြောပြလေသည်။

“ကောင်းပြီလေ....ကျွန်တော်လဲ ဒီလိုကိစ္စမျိုးကို တစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး။ ဒီတော့ စုံစမ်းကြည့်မယ်။ စုံစမ်းလာတဲ့အခါမှာ နွဲ့ရဲ့သူငယ်ချင်းကိုပါ ခေါ်ခဲ့ပေါ့။ ကျွန်တော့်ကို ယုံပြီး သက်သေမထားဘဲ ပေးတာဟာ ကျွန်တော်က လိမ်သွားရင် မခက်ပါလား....”

“လိမ်မဲ့လူလား၊ မလိမ်မဲ့လူလားဆိုတာ မြင်ယုံနဲ့ သိနိုင်ပါတယ်ရှင်....”

ရင်ရင်နွဲ့နှင့် လူချင်းခွဲခွါ၍ ပြန်လာရသည့်အခါတွင် ကိုတင်စိုး၏စိတ်ထဲ၌ ဘာလိုလို ဖြစ်၍နေလေသည်။ တစိမ်းတရံစာ မိန်းကလေးတစ်ဦးက ယခုကဲ့သို့ ငွေကြေးအခက်အခဲကို ထုတ်ဖော်ပြကာ အကူအညီတောင်းလာသည်ဆိုခြင်းမှာ အံ့သြဖွယ်ရာ ဖြစ်ပေသည်။ သူ့ခမြာ တကယ်ပင် အရေးကြီးနေသောကြောင့်သာလျှင် ယခုကဲ့သို့ ဆွေမျိုးမတော်စပ်သူ ယောကျ်ားတစ်ယောက်ကို အကူအညီတောင်းခြင်း ဖြစ်ပေမည်။ ရင်ရင်နွဲ့ထံမှ ပစ္စည်းများကို မယူဘဲ သူလိုနေသည့်ငွေကို ပေးပါက မည်မျှဟန်ကျလိမ့်မည်နည်း။ ကိုတင်စိုးတွင်

စုထားသော ငွေတစ်ရာနီးပါးရှိသည်။ အကယ်၍ အစ်မ ဖြစ်သူအား အကျိုးအကြောင်းပြောပြကာ လိုသမျှဖြည့်၍ ကူညီရလျှင် ကောင်းလိမ့်မည်ဟု တွေးခဲ့ကာ အိမ်သို့ရောက်သည့် ညဘက်တွင် အစ်မကြီးအား ပြောပြရာ လွယ်လင့်တကူပင် ထုတ်ပေးရှာလေသည်။ သို့သော်.... ထိုငွေနှင့်အတူ ထွက်ပေါ်လာသော အစ်မကြီး၏စကားတစ်ခွန်းက ကိုတင်စိုး၏ စိတ်အား တုန်လှုပ်စေခဲ့လေသည်။

"မင်းက ဒီကောင်မလေးကိုများ.... ကြိုက်နေလို့လားကွာ၊ ကိုယ်က ကြိုက်လို့ ပေးတာမဟုတ်ဘဲ စေတနာနဲ့ ကူညီတာကို နောက်ပိုးကြေးပေးတယ် ထင်နေဦးမယ်နော်-"

ကိုတင်စိုးသည် ညဘက်၌ ရင်ရင်နွဲ့ထံသို့ စာတစ်စောင်ရေးလေသည်။ ထိုစာမှာ ရင်ရင်နွဲ့၏ပစ္စည်းများကိုမယူဘဲ ငွေကို အတိုးမဲ့ချေးထားမည်ဖြစ်ကြောင်း ဆပ်နိုင်သည့်အချိန်တွင် ပြန်၍ဆပ်ရန်သာဖြစ်ကြောင်း ဤသို့ကူညီခြင်းအတွက် သူ့အားတစ်မျိုးတစ်မည်မထင်ဖို့အကြောင်း ရေးသားထားသည့်စာဖြစ်လေသည်။

ဤသို့လျှင်.... ကိုတင်စိုးသည် ရင်ရင်နွဲ့အား ကူညီခဲ့ခြင်းဖြင့် သူတို့နှစ်ယောက်၏ ခင်တွယ်မှုနှောင်ကြိုးမှာ ခိုင်မြဲသည်ထက် ခိုင်မြဲလာလေတော့သည်။

ကိုတင်စိုးက ရင်ရင်နွဲ့အား လိုအပ်သည့်အကူအညီကို ပေးပြီးသည့်နောက်၌ မေ့မေ့ပျောက်ပျောက်နေစေချင်သည်။ ငွေအကြောင်းကို စကားမစဘဲ နေစေချင်သည်။ ရင်ရင်နွဲ့ကမူ ထိုငွေနှင့် ပတ်သက်၍ကျေးဇူးတင်သည့် စာကို မကြာမကြာ

ရေးနေပေသည်။ ထိုစာများထဲတွင် အချို့သော စကားလုံး အသုံးအနှုန်းမှာ ကိုတင်စိုးအဖို့ မျက်လုံးပြာစရာများ ဖြစ်ခဲ့လေသည်။

ကိုတင်စိုးမှာ တစ်ခါတရံတွင် စိတ်များပင် ပျက်မိလေသည်။ ရင်ရင်နွဲ့၏စာတွေကို နင်း၍ သူ၏စိတ်အလိုကိုလိုက်ကာ ရေးပါက သူကူညီထောက်ပံ့ခဲ့သည့် စေတနာတွေမှာ အရာမထင် ဖြစ်ရှာချေတော့မည်။ ဗမာတို့တွင် ‘ဒီယုန် မြင်လို့ ဒီချုံထွင်သည်ဟူသော စကားပုံတစ်ခုရှိသည်။ ထိုစကားပုံမှာ ယုန်ကိုမြင်၍ ချုံထွင်သူအဖို့ မထောင်းသာလှသော်လည်း ချုံကို ရှင်းချင်သည့်စေတနာဖြင့် ရှင်းရင်း ချုံထဲတွင် ပုန်းနေသည့်ယုန်ကို မမျှော်လင့်ဘဲ တွေ့မြင်ရသူအဖို့တွင် ချုံထွင်သူ၏စေတနာကို စော်ကားရာရောက်ပေသည်။ ချုံထွင်သူ၏စေတနာကို အရာမထင်ဖြစ်စေသည်။

ကိုတင်စိုးသည်.... သူ၏စေတနာကို စောင့်ထိန်းသောအားဖြင့် ရင်ရင်နွဲ့အား ချစ်သမျှကို ဖွင့်ဟသည့်စာမျိုး မရေးရက်အောင် ဖြစ်ခဲ့လေသည်။ သို့သော်.... ရင်ရင်နွဲ့နှင့် ကားတွေ့မြဲတွေ့လျက် စာများကား လာမြဲလာလျက်ပင်-

ကိုတင်စိုးသည် ရင်ရင်နွဲ့ထံမှ စာများကို ငြီးငွေ့လာလေတော့သည်။ ရင်ရင်နွဲ့သို့ စာရေးသည့်အခါတွင် ကိုယ့်စိတ်ထဲရှိသမျှ မရေးနိုင်ဘဲ ချုပ်တည်းထိန်းသိန်း၍ ရေးရခြင်းကိုလည်း စိတ်ပျက်လာလေတော့သည်။ လောကတွင် ဟန်ဆောင်၍လုပ်သမျှ.... ဘယ်တော့မှ မကောင်း....၊ လုပ်ချင်ရာကို မလုပ်ရဘဲ လုပ်သင့်ရာသာ လုပ်နေရခြင်းမှာ

လည်း တကယ်ဆိုတော့ သက်သာလှသည့်အရာမဟုတ်။ ထို့ကြောင့် ရင်ရင်နွဲ့နှင့်အဆက်ပြတ်လိုလာလေသည်။ ရင်ရင်နွဲ့အား စာမရေးပါနှင့်တော့ဟူ၍လည်း မပြောဝံ့ မပြောရက်။ ရင်ရင်နွဲ့ထံမှစာတွေလာပြန်လျှင်လည်း စာမပြန်ဘဲမနေနိုင်ပေ။ ရင်ရင်နွဲ့နှင့် အဆက်ပြတ်ရန် ကိစ္စမှာ ရန်ကုန်တွင် မနေပါမှ ဖြစ်နိုင်ပေလိမ့်မည်။

ကံအားလျော်စွာပင် ကိုတင်စိုး ရန်ကုန်တွင် မနေရမည့်ကိစ္စတစ်ခု ပေါ်ပေါက်လာလေတော့သည်။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့တွင် ကုမ္ပဏီတစ်ခုဖွင့်ထားသော သူငယ်ချင်းတစ်ဦးက သူ့ထံလာရောက်၍ ပျော်သလောက် အလုပ်လုပ်စေလိုကြောင်း လခကိုလည်း ယခုကိုတင်စိုး အလုပ်လုပ်နေသည့် လခထက် ပို၍ပေးမည်ဟုဆိုသောကြောင့် ရန်ကုန်မှခွာချင်နေသော ကိုတင်စိုးအဖို့ ငိုချင်ရက် လက်တို့ ဖြစ်နေလေသည်။

ကိုတင်စိုးသည် ရင်ရင်နွဲ့ထံ နှုတ်ဆက်စာ တစ်စောင်ရေးပြီး ရင်ရင်နွဲ့ထံမှ ပြန်စာကိုမျှ မစောင့်တော့ဘဲ တောင်ကြီးသို့ထွက်ခွာသွားလေတော့သည်။ တောင်ကြီးသို့ရောက်သောအခါတွင်လည်း ရင်ရင်နွဲ့ထံသို့ စာတစ်စောင်မျှ မရေးခဲ့ပေ။ သို့သော် သူ၏စိတ်ထဲတွင်ကား မကြာမကြာ သတိရမိလေသည်။ တောင်ကြီးတွင် တစ်နှစ်ခန့်နေပြီးသည့်အခါတွင် ရန်ကုန်မှ ဖခင်ဖြစ်သူ လွန်စွာမမာသဖြင့် ပြန်လာရန်ခေါ်သောကြောင့် ကိုတင်စိုးသည် ပြန်ခဲ့ရလေသည်။

တောင်ကြီးတွင် စုဆောင်းရရှိခဲ့သည့်ငွေများဖြင့် ဖခင်

ကြီးအား ပြုစုရန် ပြန်လေသည်။ ဖခင်ကြီးကို ပြုစုရင်းပင် ကိုတင်စိုးမှာ ရှမ်းပြည်တွင် စွဲခဲ့သော ငှက်ဖျား ထ,ပြန်လေသည်။ ဖခင်ကြီးကိုလည်း ပြုစုရ မိမိကိုယ်ကိုလည်း ကုသ၍ နေစဉ်မှာပင် ဖခင်ကြီးမှာမူ ကွယ်လွန်ဆုံးပါးခဲ့ရှာလေသည်။ ရက်ရှည်လများ မမာနေခဲ့သည့်ဖခင်ကြီးကွယ်လွန်လိုက်ခြင်းသည် ကိုတင်စိုး၏နေရေးထိုင်ရေးအား တစ်မျိုးတစ်ဖုံပြောင်းလွဲစေခဲ့လေသည်။ ဖခင်ကြီးကွယ်လွန်ပြီး သုံးလေးလကြာမှ ကိုတင်စိုးမှာလည်း ကျန်းမာလာသည့် အခြေသို့ ဆိုက်ခဲ့လေသည်။

ဖခင်ကြီးမရှိတော့သည့်နောက်၌ အိမ်၏တာဝန်မှာ ကိုတင်စိုး တစ်ယောက်သာလျှင် ဆောင်ရွက်ရလေတော့သည်။ ဤတွင် ရန်ကုန်မှာပင် ရရာအလုပ်ကို ရှာကာ ဝင်ရောက်လုပ်ကိုင်ရလေသည်။ အလုပ်သို့ နေ့စဉ်နေ့တိုင်း သွားနေရသောအခါ ရင်ရင်နွဲ့အား သတိရလာလေ၏။ ယခင်ကကဲ့သို့ပင် ရင်ရင်နွဲ့နှင့် ဆုံမိလေမလားဟု အလုပ်ဆင်းချိန်တွင် မျှော်မိလေ၏။ ရှာမိလေ၏။ သို့သော် ရင်ရင်နွဲ့အား မတွေ့ရပေ။ ရင်ရင်နွဲ့ကို မတွေ့ရကာမှ ရင်ရင်နွဲ့အား တွေ့ချင်လာလေသည်။

သို့နေခဲ့ရာမှ တစ်နေ့တွင် ရင်ရင်နွဲ့နှင့် စကော့ဈေး အလယ်တွင် ဆုံမိလေတော့သည်။

"နွဲ့...."

"ဟင်.... ကိုတင်စိုး...."

ရင်ရင်နွဲ့က ဖျော့တော့နွမ်းလျနေသော ကိုတင်စိုး၏ရုပ်

သွင်ကို အံ့အားသင့်စွာ ကြည့်နေလေသည်။ ကိုတင်စိုးကမူ မနှစ်ကထက် လှ၍နေသော ရင်ရင်နွဲ့၏အလှကို နှစ်သိမ့်နေလေသည်။

"ဘယ်တုန်းက ပြန်ရောက်နေသလဲ"

"လေးငါးလ ရှိသွားပါပြီ.... နွဲ့တစ်ယောက်ထဲပဲနော်"

"ဟုတ်ပါတယ်...."

"ဒါဖြင့်.... အေးအေးဆေးဆေး စကားပြောရအောင်"

"ဟုတ်ကဲ့...."

ကိုတင်စိုးနှင့် ရင်ရင်နွဲ့တို့သည် စားသောက်ဖွယ်ရာ ရောင်းသည့် ဆိုင်ခန်းတစ်ခန်းသို့ လာခဲ့ကြလေသည်။

"နွဲ့ အခုဘာလုပ်နေသလဲ...."

"ကုမ္ပဏီတခုမှာ အလုပ်ရတယ်...."

"နွဲ့မေမေရော...."

"မေမေ နေကောင်းသွားပါပြီ...."

"အော်.... အော်...."

"ကိုတင်စိုးရော.... အခု ဘယ်မှာလုပ်နေသလဲ.... ရှမ်းပြည် ပြန်သွားရဦးမှာလား...."

"မသွားတော့ပါဘူး စာတိုက်ကြီးမှာ အလုပ်ဝင်လုပ်နေတယ်...."

"ကောင်းပါတယ်ရှင်.... ကိုယ့်မိဘနဲ့ သိုက်သိုက် ဝန်းဝန်းနေတာပဲ ကောင်းပါတယ်...."

"ကျွန်တော့်အဖေတောင် ဆုံးသွားတယ်၊ လွန်ခဲ့တဲ့ သုံးလေးလလောက်ကပဲ"

"အော်.... ဖြစ်မှဖြစ်ရတယ်...."

ကိုတင်စိုးနှင့် ရင်ရင်နွဲ့တို့ကား ဆုံမိကြပြန်လေပြီ။ သူတို့နှစ်ယောက် ဆုံမိကြပြီးနှင့် တပြိုင်နက် ကိုတင်စိုးထံသို့ ရင်ရင်နွဲ့က စာတွေ ရေးလေတော့သည်။ ကိုတင်စိုးကလည်း စာပြန်လေတော့သည်။ ရင်ရင်နွဲ့က ကိုတင်စိုးနှင့် မကြာ မကြာ တွေ့ဆုံကာ လည်ပတ်သွားလာလိုသော်လည်း မိန်းမတို့၏ အိန္ဒြေကို ဆယ်ရသဖြင့် ကိုတင်စိုးအား အကြောင်းမဲ့ မခေါ်ရဲပေ။ ကိုတင်စိုးကလည်း ရင်ရင်နွဲ့အား ရုပ်ရှင်ရုံ တိရစ္ဆာန်ရုံများသို့ လိုက်ပို့လိုသော်လည်း ရင်ရင်နွဲ့၏ အထင်သေးခြင်းကို ခံရမည်စိုးသဖြင့် မချိန်းရဲပေ။

ရင်ရင်နွဲ့၏စာများကား တစ်စောင်ထက်တစ်စောင် ပြင်းထန်၍လာလေတော့သည်။ ကိုတင်စိုး၏ စာများမှာလည်း သတိထား၍ ရေးပါသည်ဟုဆိုစေကာမူ ရင်ရင်နွဲ့အဖို့ ထိခိုက်စရာဖြစ်လျှင်လည်း.... ဖြစ်နိုင်ပေမည်ကို ကိုတင်စိုးကား မသိခဲ့ပေ။

ကိုတင်စိုးသည် ရင်ရင်နွဲ့ထံမှစာအချို့ကို သူငယ်ချင်းတစ်ယောက်အား ပြကြည့်လေရာ သူငယ်ချင်းဖြစ်သူက "ရီးစား စာတွေပါလား၊ ခင်ဗျား တယ်စွန်ပါလား...."ဟု ဆိုသဖြင့် ကိုတင်စိုးမှာ အနေခက်သွားလေသည်။

အစ်မကြီးအား ပြမိသည့်အခါတွင်ကား "သြော်.... မင်းတို့တတွေ ဒီအခြေအနေတောင် ရောက်နေမှကိုး....၊ မင်းမိန်းမယူတော့မလို့လား မောင်လေးရယ်၊ အေးလေ မမကတော့ မောင်တစ်ယောက်မို့ အားကိုးမိတာပါပဲ

ကွယ်....” ဟု အားကိုးရာမဲ့အသံဖြင့် ပြောလေရာ ကိုတင်စိုး မှာ အသက်ရှူများပင် မှားခဲ့လေသည်။

“ကျွန်တော်တို့ ကြိုက်နေကြတာ မဟုတ်ပါဘူး၊ မမ ရဲ့....”

“မကြိုက်ဘူးတာဆိုတယ်။ မင်းတို့စာတွေက ရည်းစား စာတွေဘဲ။ မင်း ဟိုငွေပေးကတည်းက ငါအထင်သားပဲ မင်းကြိုက်နေလို့ ပေးတာပဲလို့ တွေးမိပါတယ်ကွာ”

“မဟုတ်ပါဘူး မမရဲ့။ တကယ်ပြောတာပါ။ ကျွန်တော် မကြိုက်ဘူး။ တကယ်မကြိုက်ပါဘူး”

ကိုတင်စိုးသည် ရင်ထဲတွင် ဆို့လာလေသည်။ ဤကိစ္စ မှာ ပြတ်သားမှ ဖြစ်တော့မည်။ ကြားလူများကပင် ဤသို့ ထင်နေလျှင် အကူအညီခံရသူ ရင်ရင်နွဲ့ခမြာမှာ သာ၍ပင် ထင်ရှားပေတော့မည်။ ပြတ်ပြတ်သားသားလုပ်မှ ဖြစ်ပေ တော့မည်။

ကိုတင်စိုးသည် ရင်ရင်နွဲ့နှင့် တွေ့ဆုံစကား ပြောလို ကြောင်း ခွင့်တောင်းစာတစ်စောင် ရေးလိုက်လေသည်။ ရင်ရင်နွဲ့ထံမှ တွေ့နိုင်ကြောင်း စာပြန်ရာတွင် တွေ့ဆုံကြ ပါက သူ့အပေါ်တွင် သစ္စာရှိစွာဖြင့် ငဲ့ညှာပါမည့် အကြောင်း ကို တောင်းပန်ထားလေရာ ကိုတင်စိုးမှာ ရင်ရင်နွဲ့၏ အတွေး ခေါင်ပုံကိုတွေးကာ ရီချင်မိလေသည်။

ချိန်းဆိုထားသည့်နေ့တွင်ကား သူတို့နှစ်ယောက် ဆုံမိ ကြလေသည်။ ကိုတင်စိုးက ရင်ရင်နွဲ့အား အိမ်ထောင်ရေး နှင့်ပတ်သက်၍ သူမြင်သည့်အမြင်များကို ပြောပြလေသည်။

သူယူဆသည့်အယူအဆများကို ပြောပြလေသည်။ အိမ်ထောင်သည်တို့၏ဒုက္ခများ၊ အိမ်ထောင်သည်တို့၏ ကြီးမားလှသည့်တာဝန်များ၊ ထို့နောက် ယခုလက်ရှိလူပျိုဘဝနှင့်ပင် ကိုတင်စိုးထမ်းဆောင်နေရသည့်တာဝန်များ၊ ရင်ရင်နွဲ့ ထမ်းဆောင်နေသည့်တာဝန်များ၊ အကယ်၍ ထိုကဲ့သို့ တာဝန်ကြီးသူနှစ်ယောက်တို့ ပေါင်းဖော်ကြပါက မည်မျှတာဝန်ကြီး ဖြစ်လာနိုင်ပုံကိုပါ ပြောပြလေသည်။

"ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ချစ်ကြပြီဆိုတဲ့အခါမှာ ချစ်တာတွင်ရပ်နေလို့ မဟုတ်ဘူး။ အိမ်ထောင်ဖက်အဖြစ်အထိ ရည်မှန်းရမယ်။ စိတ်ကူးရမယ် အိမ်ထောင်ရေးဆိုတာကလဲ ပန်းမွေ့ရာခင်းထားသလို ချမ်းမြေ့လှပလှတာမဟုတ်ဘူး။ ချစ်သူအချင်းချင်း ယူရလို့ တွေ့ကြုံခံစားရမဲ့ သုခထက် ခံစားရမဲ့ ဒုက္ခကို ကြိုတင်ပြင်ထားနိုင်ပါမှ တကယ်သာယာတဲ့အိမ်ထောင်မှုရဲ့ အရသာကို ခံစားနိုင်မယ်"

ရင်ရင်နွဲ့ကား ဘာမှမပြော ပြူးဝိုင်းကြည်လင်သော မျက်လုံးများဖြင့်သာ ကိုတင်စိုးကို ငေးကြည့်နေရာမှ တစ်ချက်တစ်ချက် ခေါင်းငိုက်စိုက်ကျကာ မျက်လွှာကို ချ၍နေရှာလေသည်။ ထိုစဉ်က ရင်ရင်နွဲ့၏မျက်နှာတွင် ပန်းဆီရောင် စွေသန်းနေသည်ကိုလည်း ပြန်၍စဉ်းစားလိုက်တိုင်း မြင်ယောင်မိလေသည်။ ရှက်ရှာပေမည်။ သူ့ခမြာ အတော်ရှက်ရှာပေမည်။ ကိုတင်စိုးကမူ အလိုက်မသိ အားမနာ အိမ်ထောင်၏အပျက်တရားများကို ဟောကြားခဲ့လေသည်။

ထိုနေ့မှာ ကိုတင်စိုးနှင့် ရင်ရင်နွဲ့တို့ နောက်ဆုံး တွေ့ခဲ့သည့်နေ့ဖြစ်လေသည်။ ရင်ရင်နွဲ့ထံမှ စာလည်းမလာတော့ပေ။ တစ်ခါတရံ ကိုတင်စိုးကတွေ့သော်လည်း ရင်ရင်နွဲ့က မတွေ့ဟန်ဆောင်ခြင်းပေလော။ တကယ်ပင် မတွေ့၍လော မသိ မျက်နှာချင်းမဆိုင်မိအောင်ဖြစ်ခဲ့ကြလေသည်။ ကိုတင်စိုးနှင့် ရင်ရင်နွဲ့တို့ နောက်ဆုံးတွေ့ကြပြီးနောက် ခြောက်လခန့်အကြာတွင် ရင်ရင်နွဲ့တစ်ယောက် အိမ်ထောင်ကျ သွားပြီဟု ကြားသိရလေတော့သည်။

ကိုတင်စိုး၏စိတ်တွင် ကျေနပ်ခြင်းနှင့် နှမြောတသခြင်းတို့ကို တစ်ကြိမ်တည်းတွင် ပြိုင်တူခံစားရရှာလေသည်။ ရင်ရင်နွဲ့ ဘယ်လိုလူနဲ့များ ညားပါလိမ့်။ သူချစ်လို့လား။ လူကြီးတွေ ပေးစားလို့လားဟုလည်း သေသေချာချာ စုံစမ်းမိပြန်လေသည်။ သတင်းကြားအရဆိုလျှင် လူကြီးတွေပေးစားလို့သာဟု ကြားရပေသည်။ အင်း.... သူ့ခမြာ စိတ်ထဲက ကျေနပ်မှ ကျေနပ်ပါလေစ။

ကိုတင်စိုးကဲ့သို့ တာဝန်တွေ ဗလဝနှင့် အလုပ်များလှသူအဖို့တွင် သည်လိုကိစ္စကို အဖန်တလဲလဲ တစိမ့်စိမ့်တွေး၍ မဆွေးနိုင်အား။ လုပ်ရင်းကိုင်ရင်း သွားရင်လာရင်းနှင့်ပင် တရွေ့ရွေ့ဖြင့် နေ့တွေကုန်ခဲ့ပေသည်။

နေ့မှလသို့ ပြောင်းကာ နှစ်တွေညောင်းခဲ့ပြန်သည်။ ကိုတင်စိုးမှာ မိခင်နှင့်ညီအစ်ကိုမောင်နှမတာဝန်အကြားတွင် ချာချာလည်၍ နေပေသည်။ ရင်ရင်နွဲ့ကဲ့သို့ သူ၏မေတ္တာကို တောင်းခံမည့်သူကား ပေါ်လာဖို့ဝေးစွ။ သူက တောင်းခံ

သည်ကိုပင် ငြင်းပယ်သူများနှင့် တွေ့ခဲ့ရ၏။ တခါတရံ အဆင်ပြေမည်ထင်သည့် မိန်းကလေးများကို တွေ့သော်လည်း သူ့ညီအစ်ကို မောင်နှမ တာဝန်တွေကို လှည့်ကြည့်ကာ နောက်ဆုတ်နေမိပြန်သည်။

သို့နှင့် အချိန်တွေပြောင်းခဲ့ရာမှ လွန်ခဲ့သည့် ၃လ ကမူ ရင်ရင်နွဲ့တို့တတွေအား အမှတ်မထင် တွေ့မြင်လိုက်ရပေသည်။ ရင်ရင်နွဲ့ကား တစ်ယောက်တည်း မဟုတ်ပေ။ သူ၏ ညီမငယ် မောင်ငယ်များပါကြသည်သာမက သုံးလေးနှစ်အရွယ် ကလေးနှင့် လူရွယ်တစ်ယောက်ပါ ပါလာလေသည်။

သူတို့တတွေသည် အဝေးကြီးကပင် မြင်ခဲ့သော် ကိုတင်စိုးမှာ ခေါ်သင့်မခေါ်သင့်ကို ချိန်ဆ၍နေလေသည်။ နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ်ဟု ယူဆကာ ရင်ရင်နွဲ့တို့ လူစုနှင့် မနီးနီးအောင် ကပ်သွားကာ "နွဲ့.... နွဲ့...." ဟု ခေါ်မိလေသည်။ ဤတွင် ရင်ရင်နွဲ့က အံ့အားသင့်စွာ ခေါင်းထောင်၍ ကြည့်ကာ "ဟင်.... ကိုတင်စိုး...." ဟု ခေါ်လိုက်လေသည်။

ရှေးဦးစွာ သူ့ယောက်ျားနှင့် မိတ်ဆက်ပေးလေသည်။ သူ့ကလေးလေးနှင့် မိတ်ဆက်ပေးသည်။ ထိုနောက် သူတို့အိမ်သို့ လာလည်ရန် ဖိတ်ကြားလေသည်။ ကိုတင်စိုးကတော့ ဘာမှမပြောဘဲ ငိုင်နေလေသည်။ မည်မျှငိုင်နေသည် မသိ ရင်ရင်နွဲ့တို့လူစု ဘယ်အချိန်က နှုတ်ဆက်သွားသည်ကိုပင် သတိမရလိုက်ပေ။ နောက်က တိုးဝင်လာသော ကလေးတစ်ယောက်ကြောင့် သတိရ၍ကြည့်မိသည့်အခါတွင်ကား ရင်ရင်

နွဲ့တို့လူစု ပျောက်ကွယ်သွားချေပြီ။

"ဟောဒါ နွဲ့ယောက်ျား.... ကိုမြဒင်လေ။ ကိုကို အဲဒါ နွဲ့ရဲ့သူငယ်ချင်း ကိုတင်စိုး...."

"အော်- အော်- တွေ့ရတာ ဝမ်းသာပါတယ်- ကိုတင်စိုး...."

"နွဲ့.... သားလေးလေ.... လူလေးဦးကို သိသလား...."

"အိမ်ကို လာလည်ပါကိုတင်စိုး။ နွဲ့တို့ ကျောက်မြောင်း တစ်ရာ့နှစ်ဆယ့်ခြောက်လမ်း။ အိမ်နံပါတ် ဆယ်...."

ကိုတင်စိုး၏နားထဲတွင် ထိုအသံများသာလျှင် ထပ်တလဲလဲ ကြားလာမိလေသည်။ စိုးရွှမ်းပြောင်လက်သွားသော ရင်ရင်နွဲ့၏မျက်လုံးအရောင်များကို မြင်ယောင်လာလေသည်။ ကိုတင်စိုးအား ဝိုင်းကြည့်နေသော ရင်ရင်နွဲ့၏ ညီမငယ် မောင်ငယ်တို့၏ မျက်နှာများကို မြင်ယောင်လာလေ၏။

မေ့မေ့လျော့လျော့နေကာမှ လာ၍တွေ့ရဘိသည်။

ဤရွေ့ဤမျှသော ကာလအတွင်းဝယ် နှစ်ယောက်စလုံးပင် အိမ်၏တာဝန်ကို ထမ်းဆောင်နေရသူများ ဖြစ်ကြပါလျက်နှင့် တယောက်သောသူမှာ ခင်ပွန်းကြင်ယာဖြင့် တင့်တယ်စွာ နေနေသော်လည်း တစ်ယောက်သောသူမှာမူ စိတ်နှလုံး ခွေနှုံးနွမ်းလျစွာ ဖြစ်နေချေသည်။ ကိုတင်စိုးသည် စဉ်းစားရင်း စဉ်းစားရင်း ရင်ရင်နွဲ့အား ဆုံးရှုံးခဲ့ရသည်ကို နှမြောတသ နောင်တရလာမိလေ၏။

"အိမ်ကိုလာလည်ပါရှင်...."တဲ့

အခုအခြေကျမှ အိမ်ကိုသွားနေလို့ကော ဘာများထူး ဦးမှာလဲ။ သူ့မှာ လင်နဲ့သားနဲ့ ပိုင်ဆိုင်သူတွေ ရှိနေပြီ။ ငါ သွားလို့ သူ့မှာ စိတ်ချမ်းသာရတယ်။ ငါ့မှာလဲ စိတ်ချမ်းသာရ တယ်ဆိုရင် တော်ပါသေးရဲ့။ အခုလို ခဏတဖြုတ်တွေ့တာ တောင် ငါ့စိတ်ထဲမှာ နှမြောတသနေရင် သူ့အိမ်မှာ သွား တွေ့ရင် သာမခက်ပါလား။ တကယ်လို့ ငါသွားတဲ့အတွက် သူတို့လင်မယား သူတို့ရဲ့အိမ်ထောင်မှာ အမဲစွန်းငြိစရာ အကြောင်းမပေါ်နိုင်ပေဘူးလား....။ မပေါ်ဘူးလို့ရော အာမ ခံနိုင်ရဲ့လား....။ သွားလို့မဖြစ်ဘူး-မဖြစ်ဘူး”

ကိုတင်စိုးသည် တွေးရင်း တွေးရင်း ရင်ထဲမှ ဆို့လာ လေ၏။ ရင်ရင်နွဲ့က ဆန်းကဖီးတွင် ရတနာများကို ထုတ် ပေးကာ ယုံကြည်စိတ်ချစွာ ငွေချေးခိုင်းပုံ၊ နောက်ဆုံးတွင် အိမ်ထောင်ရေးအကြောင်းပြောစဉ်က ရင်ရင်နွဲ့မှာ ညှိုး ငယ်စွာ နားထောင်ခဲ့သည်များကို သတိရမိလေ၏။ သတ္တိ ကြောင်လှသော သူ့ဘဝကို သူပြန်၍ မုန်းတီးလာ၏။ ရွံရှာ လာ၏။ ယခုမှ နှမြောတသဖြစ်လာသည့်စိတ်ကို ရှုံ့ချမိလေ ၏။ နှလုံးနာမိလေ၏။

ရင်ရင်နွဲ့ကား လှလျက်ပင်ရှိပေသေးသည်။ ကိုတင်စိုး သာလျှင် အသက်ငယ်ငယ်နှင့် အဘိုးအိုရုပ်ပေါက်ခဲ့ပေပြီ။ သတ္တိကြောင်သူ လူ့ဘဝတွင် မုချဆတ်ဆတ်ကြုံတွေ့ရမည့် အိမ်ထောင်ရေးဒုက္ခတာဝန်ကို မထမ်းဝံ့သူ ရင်မဆိုင်သူတို့ ခံစားရမြဲဖြစ်သည့် စိတ်ဒုက္ခကို ကိုတင်စိုးကား ညှိုးငယ်နွမ်းလျ စွာ ခံစားနေရချေပြီတကား....။

ယူပါနှင်းသော်လဲ....
သူငြင်းကာသုံဖယ်လို့
ငုံစပယ်ဝတ်ဆံညွှန့်ကိုရှင်....
ဖုန်းရွံ့ခဲ့တယ်....

(မင်းထင်-မယ်မှန်ပြဇာတ်မှ)

**သန်းဆွေ**

# ★ အရိပ်အရောင် ★

**ဤဝတ္ထုကို နာမည်ပေးရန် စဉ်းစားခဲ့စဉ် ဆန်းသော ဝတ္ထု သို့မဟုတ် 'ဝတ္ထုဆန်း'ဟု စိတ်ကူးရမိခဲ့ပါသည်။ သို့သော်....**

ရိုးသားလှသည့်ထိုနာမည်မှာ စာဖတ်ပရိသတ်ကို ဆွဲဆောင်ခြင်းငှါ မစွမ်းနိုင်ဟု အဆိုရှိသောကြောင့် 'အရိပ်အရောင်' ဟူသောနာမည်ဖြင့် ရေးရပါသည်။ ဝတ္ထု၏ဆိုလိုရင်းနှင့် ဆိုင်ချင်မှဆိုင်ပေမည်။

ဝတ္ထုဇာတ်လမ်း ဖြစ်ပေါ်လာပုံမှာလည်း လွန်စွာဆန်းလှသည်ဟု ကျွန်တော့်စိတ်ထဲတွင် ထင်မိပါသည်။ စာတတ်သူတို့အဖို့တွင်ကား မည်သို့ဖြစ်ပေလိမ့်မည်နည်းဟု.... မတွေးတတ်ပါ။ ကျွန်တော့်အဖို့တွင်ကား ပြန်၍စဉ်းစားမိ တိုင်းအံ့သြနေရသည်အထိ ဆန်းကြယ်လှပေသည်ဟု ထင်မိပါသည်။

တစ်ခါက ကျွန်တော်၏မိတ်ဆွေ ကိုဘသင်းနှင့်အတူ လက်ဘက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဘက်ရည်သောက်ရန် ဝင် ခဲ့ကြပါတော့သည်။

"ဟော့.... ကိုဘသင်း...."

ဆိုင်ဒေါင့်မှ လှမ်းခေါ်လိုက်သောကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံးပင် အသံလာရာဘက်သို့ ကြည့်မိရာ ဆိုင်ဒေါင့်စားပွဲတွင် ထိုင်နေသူ တစ်ယောက်ကို တွေ့ရပါသည်။

"ဟင်.... ကိုအေးဖေ...."

ကိုဘသင်းက ကျွန်တော့်လက်ကို ဆွဲကာ ကိုအေးဖေဆို သူထံသို့ ခေါ်ဆောင်သွားလေသည်။

"မင်း ဘယ်တုံးက ရန်ကုန်ကို ရောက်နေသလဲကွ"

ကိုဘသင်း၏အမေးစကားမှာ ရင်းရင်းနှီးနှီးရှိလှပါ သည်။ ကိုဘသင်းနှင့်ကိုအေးဖေတို့ ဘာတွေပြောနေကြ သည်ကိုမူ ကျွန်တော်သတိမထားတော့ပါ။ ကော်ဖီ သုံး ခွက်ကိုသာမှာလိုက်မိပြီး မော်တော်ကားများနှင့် ခရီးသွား များဖြင့် လှုပ်ရှားနေသောလမ်းမကြီးကိုသာ ငေးစိုက်မိပါ သည်။ အတန်ကြာမှ ကိုဘသင်းက သူ့မိတ်ဆွေ ကိုအေး ဖေကို ကျွန်တော်နှင့် မိတ်ဆက်ပေးပါတော့သည်။

"သြော်....သြော်.... အတော်ဘဲဗျို့။ ခင်ဗျားနဲ့တွေ့ရ တာ ကျွန်တော့ဆီမှာ ဝတ္ထုဆန်းတစ်ခုရှိတယ်ဗျ။ ခင်ဗျားကို ပြောပြရအုံးမယ်။

ကျွန်တော်က ကိုအေးဖေအား.... ပြုံးပြုံးရွှင်ရွှင်ပင် ကြည့်နေမိပါသည်။ ကိုဘသင်းကသာ

"ဘာလဲကွ၊ မင်းအဖြစ်အပျက်တွေလား...."ဟု ဝင် ထောက်ပါသည်။

"မဟုတ်ပါဘူးကွ၊ ငါဖြင့် ဆန်းလွန်းလို့ ပြောရပေမဲ့ တယ်မယုံချင်ဘူးကွ။ ကာယကံရှင်ဟာ မလိမ်တတ်မှန်းသိ လို့သာ ယုံရတာကွ"

ကိုအေးဖေကား.... ကိုဘသင်း အေးစက်စက်နိုင်လှသ လောက် စကားပြောသူ အာဝဇ္ဇန်းကောင်းသူ ဖြစ်ပေသည်။

ယခုမှတွေ့ရသူ ကျွန်တော့်အား.... ဝတ္ထုဇာတ်လမ်းကိုပင် ပြောပြ၍နေချေပြီ။

"ဆန်းတာကတော့ တကယ်ဆန်းတာဘဲဗျ...."

"အို-မင်းကလဲ ဆန်းတာချည်းဘဲ ထပ်ပြောနေတာဘဲ။ ဘယ်သူ့အဖြစ်တုန်းကွ...."

"အစိုးလေး အဖြစ်အပျက်ပေါ့ကွ...."

"ဘယ်သူ.... အစိုး ဟုတ်လား။ ဩ- အစိုးလေးလား...."

"အေးလေကွာ သူ့အဖြစ်အပျက်ပေါ့ကွ...."

ကိုဘသင်း၏အမူအရာမှာ အတော်စိတ်ဝင်စားပုံ ပေါ်လာပါသည်။ ကိုအေးဖေက ကိုဘသင်းကို ပြောပြနေရာမှ ကျွန်တော့်ဘက်သို့ မျက်နှာမူလာပြန်ပါသည်။

"ဒီလိုဗျ- ကိုသန်းဆွေရ၊ ကျွန်တော်တို့အသိ ကျောင်းနေဘက်ထဲမှာ အစိုးဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်ဗျ။ အဲဒီအစိုးဟာ စစ်ဖြစ်မဲ့နှစ်မှာ သူ့မိဘကလဲ သဘောမတူ သူတို့ချင်းလဲ ကြိုက်နေကြဆိုလား၊ ကိုတင့်အောင်ဆိုတဲ့ လူတစ်ယောက်နဲ့ ယူလိုက်တယ်ဗျ။ အဲဒီလူက စစ်လဲဖြစ်ရော ဘီအိုင်အေထဲဝင်လိုက်ရာက ဘီဒီအေမှာ စစ်ဗိုလ်ဖြစ်ရော ဆိုပါတော့ဗျာ...."

"အစိုးတို့မိဘများက ပဲခူးမှာနေကြတယ်ဗျ.... ။ ကိုတင့်အောင် စစ်ထဲမှာရောက်နေတော့ အစိုးလဲ သူ့မိဘတွေနဲ့ ပဲခူးမှာ နေရတာပေါ့ဗျာ။ ကျွန်တော်ကတော့ အရောင်းအဝယ်လုပ်နေတော့ ဟိုကူး ဒီကူးပေါ့ဗျာ။ အခုပြောမဲ့အဖြစ်တွေက အစိုးပြောပြလို့ သိတာဗျ။ အစိုး ပဲခူးမှာ ရောက်နေ

တုန်း ကိုတင့်အောင်ဟာ ဗိုလ်သင်တန်းက ဆင်းကာစ စစ်ဗိုလ်ဘဝနဲ့ တစ်ခေါက်လာသေးသတဲ့....။ နောက်ကျတော့ တစ်ခါထပ်ပြီး ထွက်သွားလိုက်တာ တော်တော်ကြာသတဲ့။ စာလဲမလာ ဘယ်လိုမှလဲအကြောင်းမကြားရတော့ စိတ်ပူနေတာပေါ့။ မီးရထားဆိုက်ချိန်ကျရင် ဘူတာရုံဘက် သွားသွားပြီး လူကြုံ၊ စာကြုံ၊ သတင်းကြုံလေးများ ကြားလို ကြားငြား သွားပြီးနားထောင်တတ်သတဲ့။ ဒီလိုနဲ့ နေခဲ့ရာက တစ်နေ့ကျတော့ ခါတိုင်းလိုပဲ ဘူတာရုံဘက်သွားပြီး မျှော်နေတုံးမှာ မီးရထားဆိုက်လို့ လူတွေလဲဆင်းလာကြရော ဟား-ဟား-ဟား-ဟား.... ဆိုတဲ့ရယ်သံနှင့်အတူ 'အစ်မလေးက ဗိုလ်တင့်အောင်သတင်းကြားချင်လို့လား။ မကြာခင် စာလာပါလိမ့်ဗျာ' ဆိုတဲ့အသံတစ်သံကို ပီပီသသကြီး ကြားရတာနဲ့ အလန့်တကြား နောက်ဘက်သို့ လှည့်ကြည့်မိသတဲ့...."

"သူ့နောက်မှာ ဘယ်သူမှသူ့ကို ဂရုတစိုက်ပြောနေပုံမရဘူးတဲ့ဗျ။ သူ့ကို ကျောပေးပြီးထွက်သွားတဲ့ ပေးဟိုးစစ်သားတစ်ယောက်ကိုပဲ တွေ့ရသတဲ့။ ပေးဟိုးစစ်သားများက နောက်တာလားလို့ စဉ်းစားမိသေးသတဲ့။ ဒါပေမဲ့ ဒီပေးဟိုးဟာ သူ့ယောက်ျားနာမည်ကို ဘာဖြစ်လို့ သိရသလဲ၊ မဖြစ်နိုင်ဘူးလို့ တွေးမိပြန်သတဲ့။ ခက်ပုံက ပေးဟိုးစစ်သားတွေက ဒီဘူတာရုံမှာ.... လေးငါးဆယ်လောက်ရှိတော့ ဘယ်ပေးဟိုးရယ်လို့လဲ မမှတ်မိဘူးတဲ့။ ဆန်းတာက နောက်တစ်နေ့လဲကျရော စာရောက်လာပါရောတဲ့ဗျာ-။ ဗိုလ်တင့်

အောင်တို့စစ်တပ်တွေ ဟိုအထက်ဗမာပြည် ချင်းတွင်းနယ်စပ် ဘက် နယ်ကျွံသွားလို့ စာမရောက်နိုင် ဖြစ်ရတာပဲ....”

အစိုးရတို့မှာ ကျေနပ်သွားတာပေါ့ဗျာ။ မနေ့ညနေဘက် က ဟေးဟိုးစစ်သားဟာ တကယ်ခါတ်သိမ့် ပြောတာပဲလား လို့ ထင်မိပြီး အဲဒီဟေးဟိုးနဲ့ ဘယ်လိုများ အဆက်ရှိသလဲလို့ သိချင်စိတ်ပေါ်လာသတဲ့။ ဒါပေမဲ့- ဘယ်သူမှန်း မသိရတာနဲ့ မမေးဘဲနေခဲ့သတဲ့။ ဒီလိုနဲ့ နေခဲ့ရာက ဗိုလ်တင့်အောင်ဆီက စာအလာ ဝေးသွားပြန်ပါရောတဲ့။ တစ်လက နှစ်လဆိုတာ လို ကြာလာတော့ စိတ်ပူလာတာပေါ့ဗျာ။ ဒါနဲ့ပဲ အရင်တစ်ခါ ကလို ကြားရလိုကြားရငြား ဘုတာရုံဘက် သွားပြန်ပါရောတဲ့ ဗျာ။ ဘူတာရုံရောက်လို့ ရထားဆိုက်ချိန်မှာ လူတွေများနေ တုန်း လူသံဆူသံတွေကြားက အော်ကျယ် ဟစ်ကျယ် အသံ တစ်ခု ကြားရတာပဲတဲ့ဗျ။ ပြောပုံက ‘အစ်မလေးကလဲ စိတ်ပူ နေပြီလား။ ဗိုလ်တင့်အောင် ဆေးရုံမှာဗျ။ လက်မှာထိသွား တယ်ဗျာ” တဲ့။ အစိုးလဲ- ထူပူပြီး အသံထွက်လာတဲ့နေရာကို ကြည့်လိုက်တော့ ဦးထုပ်ဝိုင်းလေးတွေနဲ့ ဟေးဟိုးစစ်သားတွေ ကိုပဲ တွေ့ရသတဲ့။ ဘယ်သူ ဘယ်ဝါပဲရယ်လို့တော့ မသိဘူး တဲ့။ ဟေးဟိုးတွေရဲ့ အမူအရာကို ကြည့်ပြန်တော့လဲ ဘယ် သူကမှ သူ့ကို ဂရုစိုက်နေပုံ မရဘူးတဲ့ဗျာ”

“အဲ-နောက်တစ်ရက်နှစ်ရက်လောက်လဲကြာရော မန္တ လေးဆေးရုံမှာ ဗိုလ်တင့်အောင်တက်နေရတယ်ဆိုတဲ့စာကို ရတော့တာဘဲ။ စာကိုတောင် သူ့လက်နဲ့မရေးနိုင်လို့ ဆရာမ ကလေးက ရေးပေးရတယ်တဲ့။ အစိုးဆိုတာ ရှူးကြောင်ကြောင်

ဖြစ်သွားတာပဲ။ သူဖြစ်ခဲ့ရတာကို ယုံရအခက် မယုံရအခက်နှင့် တော်တော်ခက်နေတယ်။ ဗိုလ်တင့်အောင်ဆီကိုလဲ စစ်ဗိုလ် မယားပီပီ သူ့အတွက်စိတ်ချစွာ ချေမ်းစွာနဲ့ နိုင်ငံတော်ရဲ့ အကျိုးကို သည်ပိုးဆောင်ရွက်ပါမဲ့အကြောင်း စာပြန်လိုက်သ တဲ့။ ဒီတွင် သူ့စိတ်ထဲမှာ ဘူတာရုံသွားရမှာကို ကြောက် ကြောက်နေသတဲ့။ ဘူတာရုံကိုရောက်ရင်ဖြင့် သူ့လင်ရဲ့အ ကြောင်း ကြားရတော့မှာပဲဆိုပြီး ကြောက်နေသတဲ့။ ဒါနဲ့ပဲ သူဟာ ဘူတာရုံဘက်ကို မသွားဘဲ ရှောင်နိုင်သမျှ ရှောင်သ တဲ့။ ဘယ်လောက်များ အားငယ်တတ်သလဲလို့။”

ကိုအေးဖေသည် စကားကိုရပ်ကာ ဆေးပြင်းလိပ်ကို မီး ညှိနေခိုက် ကိုဘသင်းမှာ ဟင်းကနဲ သက်ပြင်းတစ်ချက်ချသံ ကြားလိုက်ရပါသည်။

“တင့်အောင် ဒဏ်ရာရတာက လက်မောင်းသားကိုရှပ် ပြီး ကျည်ဆံအမှန်ခံရတာဆိုတော့ သိပ်မပြင်းထန်လှဘူးပေါ့ ဗျာ။ ဒါနဲ့ ဒဏ်ရာလဲပျောက်ရော စစ်မြေပြင်ပြန်ဆင်းရတော့ တာပေါ့။ အစိုးလဲ အိမ်ကနေပြီး စာနဲ့ဆက်သွယ်နေရတာ ပေါ့ဗျာ။ ဗိုလ်တင့်အောင်ဆီက စာကလည်း နယ်ခြားဘက် ရောက်အောင် တက်ရလေလေ စာအလှမ်းဝေးလေလေ ဖြစ်ရ တာ ပေါ့ဗျာ။ အဲဒီလိုအလှမ်းဝေးနေတဲ့ ရက်အတွင်းမှာ အစိုး ခမြာ ဘူတာရုံဘက်ကို မသွားရင် မဖြစ်တဲ့ကိစ္စတစ်ခု ပေါ်လာ ရောတဲ့ဗျာ”

“အင်း- အင်း-”

ပေါက်ကွဲ၍ထွက်လာသော ကိုဘသင်း၏အသံဖြစ်

ပါသည်။ ကိုဘသင်းကား စိတ်ဝင်စားလှသဖြင့် အံ့အားသင့် စိတ်ကို ဖိနှိပ်ထားနိုင်ဟန် မတူပေ။

"အကောင်တစ်ယောက်ကို ဘူတာရုံလိုက်ပို့ရတဲ့ကိစ္စ ဆိုလားဗျာ။ အဲ- အဲဒီကိစ္စနဲ့ ဘူတာရုံအလာမှာ မိုးတွေ ကလဲအုံ့နေသတဲ့။ ဒီတော့ သူ့စိတ်ထဲမှာ ဘူတာရုံကိုလဲ ရောက်ရော သူ့ယောက်ျားရဲ့သတင်းတော့ ကြားရချေရဲ့ဆိုပြီး ထင့်ကနဲဖြစ်သွားသတဲ့။ ဘူတာရုံရောက်လို့ ရထားလဲဆိုက်ပြီး အိမ်ပြန်မလို့လဲလုပ်ကရော ဗိုလ်တင့်အောင် လာတော့မယ်ဗျ ဆိုတဲ့အသံကြားရတာပဲ။ ဒါနဲ့ သူလဲ ရှေ့ဆက်ကြားရမှာ ကြောက်တာနဲ့ နားနှစ်ဘက်ကို ပိတ်လိုက်သတဲ့။ နောက်လဲ လှည့်မကြည့်တော့ဘဲ ဇွတ်ထွက်လာသတဲ့။ ဘူတာရုံအပြင် ဘက်လဲရောက်ရော မိုးတွေဖွဲဖွဲရွာလာတာပဲတဲ့။ သူလဲ စိတ်ရှုတ်လာတာနဲ့ မိုးရွာတာကိုတောင်မှ သတိမထားမိတော့ ဘဲ မိုးဖွဲတွေအကြားထဲမှာ အိမ်ကို အရောက်လစ်လိုက်တာ အိမ်လဲရောက်ရော အအေးမိပြီး ဖျားတော့တာဘဲတဲ့။ ဖျား တော့လဲ သူ့ယောက်ျားနာမည်ကိုချည်းပဲ ယောင်ယမ်းနေသ တဲ့။ သူ့အိမ်သားတွေကိုလဲ ဘူတာရုံမှာ သူကြားခဲ့ရတဲ့အတိုင်း 'ကိုကိုတင့် ပြန်လာတော့မယ်' လို့ချည်း ပြောတော့သတဲ့။ အဲ သူလဲနေကောင်းသလိုလိုရှိသွားရော သူ့ယောက်ျားဆီက ဘူတာရုံမှာ ဘယ်နေ့ဘယ်ရက်လောက်မှာ လာကြိုဖို့မှာတဲ့စာ ရောက်လာသတဲ့။ ဘူတာရုံမှာ သူကြားခဲ့ရတဲ့အသံအတိုင်းပဲ ဖြစ်နေတာပဲတဲ့။ နေမကောင်းတုန်းကများဆိုရင် သူ့ ယောက်ျားအကြောင်းလောက်သာ အိမ်မက်မက်ပြီး ခုနက

အသံကိုဘဲ ခဏခဏကြားနေရသတဲ့။

"သူ့ယောက်ျားအပြန်ကို လာကြိုရတဲ့နေ့မှာတောင်မှ ဟိုအသံဟာ ကြားရသေးသတဲ့။ ဒီတစ်ခါကျတော့ စကားပြောသံမဟုတ်တော့ဘဲ ရီသံသက်သက်ပဲ ကြားရသတဲ့။ အဲဒီတုန်းကလဲ အသံကြားရတဲ့ဘက်ကို လှည့်ကြည့်လိုက်တော့ ဟေးဟိုး လေးငါးယောက်ကိုပဲ တွေ့ရပြန်သတဲ့။ နောက်ကျတော့ ဒီလောက်အံ့ဩစရာကောင်းလှတဲ့ ကိစ္စကို သူ့ဝမ်းထဲမှာ မျိုသိပ်မထားနိုင်တော့တာနဲ့ သူ့ယောက်ျားကို ပြောပြသတဲ့။ သူ့ယောက်ျားကတော့ ခပ်ပေ့ါပေ့ါပဲ။ မင်းထင်လို့ပါကွလို့ ပြောသတဲ့။ ကဲဗျာ- မဆန်းဘူးလားဗျ....မဆန်းဘူးလား...."

ကိုအေးဖေက သူ့စကားကို နိဂုံးချုပ်ကာ မေးခွန်းထုတ်နေသဖြင့် ကျွန်တော်လဲ "အင်း- ဆန်းသားဘဲ" ဟု ဖြေလိုက်သော်လည်း ကိုဘသင်းမှာမူ ငေးမြဲငေးနေပါသည်။

"ကျွန်တော်ဖြင့် ကြားကာစက ယုံတောင်မယုံဘူး။ ဒါပေမဲ့ မိစိုးအကြောင်းက ကျွန်တော်တို့ငယ်ငယ်ကလေးထဲက သိနေတာမို့ မလိမ်တတ် မညာတတ်ဘူးလို့ စိတ်ချရတာနဲ့ ယုံရတာဘဲဗျ။ ခင်ဗျားရော ယုံရဲ့လားဗျာ...."

"ယုံနိုင်စရာရှိသားပဲဗျ- ဖြစ်နိုင်သားဘဲ"

"ကျွန်တော်ဖြင့်ဗျာ သူတစ်ယောက်ပဲ ဒီလိုဖြစ်တာ ကြားဖူးတယ်။ အဲဒါ ဘာခေါ်သလဲ။ ဘာဖြစ်သလဲ။ နိမိတ်ပြတာလား။ ဘာဖြစ်တာလဲဗျ...."

ကိုအေးဖေ၏ဝတ္ထုကို အစအဆုံး နားထောင်ပြီးနောက်

'ဘာ့ကြောင့်ဒီလိုဖြစ်ရသနည်း' ဟူသော ပြဿနာကို ကျွန်တော်ကောင်းစွာ နားလည်မိသဖြင့် ကိုအေးဖေက ဆန်းသည်ဆိုသောစကားကို လိုက်လျှောကာ ဆန်းသားပဲဟု ပြောရသော်လည်း စင်စစ်ကား စိတ်ထဲတွင် ဆန်းလှသည်ဟု မထင်မိပါ။

ဗမာလိုတော့ ဘာခေါ်သလဲဆိုတာ ကျွန်တော်သေသေချာချာ မစုံစမ်း မလေ့လာရသေးဘူးဗျ။ အင်္ဂလိပ်လိုတော့ အဲဒီလိုဖြစ်တာကို တယ်လီပယ်သီ ( Telepath ) လို့ခေါ်တာပဲဗျ....။ မျက်လှည့်ဆရာ၊ စိတ်ပညာဆရာကြီး ဂျိုးဇက် ဒွန်းနင်းဂါး ( Joseph Dunninger ) ရေးတဲ့ ( What Son Your mind) ဆိုတဲ့ စာအုပ်ထဲမှာတော့ အဲဒီ တယ်လီပယ်သီနဲ့ပတ်သက်ပြီး တော်တော်ရေးထားတယ်။ သူ့အဆိုကတော့ လူနှစ်ယောက်ဟာ လူချင်းတစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ ဆက်သွယ်မှုမရဘဲ မရှိဘဲနဲ့ တစ်ယောက်ဖြစ်နေတာကို တစ်ယောက်က စိတ်ထားဖြင့် အကြောင်းတိုက်ဆိုင်စွာ သိနေတာကို ခေါ်တာပဲတဲ့။ ခုနက အစိုးဟာ ဗိုလ်တင့်အောင် ဘာဖြစ်နေတယ်ဆိုတာကို သူ သိနေသလိုပေါ့"

"အစိုးက ဒီလိုသိရအောင် စိတ်ပညာကို လိုက်စားနေတဲ့မိန်းကလေးမှ မဟုတ်ဘဲဗျ...."

"ဒါပေမဲ့ ဒီလိုရှိတယ်လေဗျာ.... လူတစ်ယောက်ဟာ ကိုယ့်ကိုရင်လဲ လူတစ်ယောက်က သိပ်သတိရနေမယ် သို့မဟုတ် ကိုယ်ကရင်လဲ သိပ်ပြီးသတိရနေမယ်ဆိုရင် အခုလိုအရိပ်နိမိတ်တွေ မြင်လာရတာပေါ့။ ဥပမာဗျာ ခင်ဗျားက ကျွန်

တော့်ကို သိပ်သတိရပြီး ကျွန်တော့်ဆီလာဖို့ ကြိုးစားနေတယ်။ ကျွန်တော့်ဆီကို လာဖို့ကိစ္စကို အပြင်းအထန် လုံးပန်းနေတယ်။ နေ့ရောညပါ ဒါပဲစဉ်းစားနေမယ်။ ပြောနေမယ်။ လာနိုင်အောင် ကြိုးစားနေမယ်ဆိုရင် ကျွန်တော့်မှာ ခုနက ပြောတဲ့နိမိတ်မျိုးလာမြင်နေမှာပေ့ါ။ ကျွန်တော်က သတိမရလဲ မြင်ယောင်လာမှာပေ့ါ။ ဒီသဘောပေ့ါ။ ခုနက ကျွန်တော် ပြောတဲ့စာအုပ်ထဲမှာ ဥပမာတွေပြထားတဲ့ အင်္ဂလန်က "အင်္ဂလန်ပြည်သစ် ထောင်" က ဝါဒင်တစ်ယောက်ဆီကို ထောင်သားတစ်ယောက်ရဲ့သားလေး ရေနစ်တဲ့အကြောင်း အကြောင်းကြားတဲ့စာ လာတာနဲ့ အဲဒီ ဝါဒင်က သူ့ထောင်သားဆီကို အကြောင်းကြားဖို့ သွားသတဲ့။ ရောက်တော့ 'ဟော့မင်းအတွက် သတင်းဆိုးတစ်ခု ပါတယ်ကွ" လို့ဆိုတော့ 'ကျွန်တော့်သားလား ရေနစ်သေတာပြောမလို့မဟုတ်လား' လို့ ထောင်သားက မေးသတဲ့။ ဒါနဲ့ ဝါဒင်က မင်းဘယ်လိုလုပ်သိသလဲလို့မေးတော့ ထောင်သားက သူဟာသူ့သားလေးကို အမြဲသတိရနေတဲ့အကြောင်း။ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်အတွင်းကတော့ သူ့သားလေး ရေနစ်နေတဲ့ပုံကြီးပဲ မျက်စိထဲမှာ မြင်နေလို့ပါတဲ့။ အဲဒီလိုပဲပေ့ါဗျာ အဲဒီစာအုပ်ထဲမှာတော့ ဒီလိုဥပမာတွေ တော်တော်ပါတယ်။ အမေရိကန်စာရေးဆရာကြီး 'မာတ် တွိမ်' တို့ 'သောမတ်စ် အယ်ဒီဆင်' ဆိုတဲ့ လောကဓာတ် ဆရာကြီးတို့ရဲ့ အဖြစ်တွေရော စုံလို့ပဲဗျ....."

ကျွန်တော်က တတ်သမျှပြောတော့မှ ကိုအေးဖေက နား

လည်သလိုလို မလည်သလိုလို လုပ်နေပါတော့သည်။

အစိုးနဲ့ ဗိုလ်တင့်အောင်ဟာ နောက်ဆုံးဘူတာရုံမှာ ခွဲကြရတယ်ဗျာ။ နဂိုက အစိုးဟာ လင်ကို သိပ်ချစ်တဲ့မိန်းမဆိုတော့ ဘူတာရုံကို ရောက်ရင် သူ့ယောက်ျားနဲ့ခွဲရတာကို သတိရပြီး သူ့ယောက်ျားကို သိပ်လွမ်းတယ်ဗျာ။ သူ့ရဲ့ ယောက်ျားရဲ့အကြောင်းကို သူ အပြင်စိတ်ကမတွေးပေမဲ့ အတွင်းစိတ်က တွေးနေမယ်ဗျာ။ အဲဒီလိုတွေးလွန်း သတိရလွန်းအားကြီးတော့ ခုနပြောတဲ့ အကြားတွေကြား အမြင်တွေ မြင်တာပေါ့ဗျာ။ အဆုံးကျတော့ စိတ်ရဲ့စွဲလန်းခြင်း ပြင်းထန်မှုပေါ့။ အဲဒီစိတ်ကို အသုံးချတတ်ရင် အသုံးကျတာပေါ့။ ကျွန်တော်ပြောတဲ့ကျမ်းပြုဆရာဆိုရင် ကိုယ့်အကြောင်းတွင်မက.... သူတစ်ပါးအကြောင်းကိုပါ သိလောက်အောင် စွမ်းနေတယ်။ အစိုးတို့မှာတော့ ချစ်တဲ့စိတ်ကိုမှီပြီး စွဲလန်းတာ တွေကြောင့် ဖြစ်ရတာကိုး။ ဒီတော့ သူ့ယောက်ျားအကြောင်း လောက်ပဲ သိရတော့တာဘဲ။ တခြား ကိုယ်မချစ်တဲ့ဟာ စိတ်မဝင်စားမဲ့ဟာတွေကိုပါ စိတ်ကို နိုင်အောင်ထိမ်းပြီး ဒီကျင့်နည်းအတိုင်း လျှောက်ကျင့်ရင် ဖြစ်နိုင်တာပေါ့...."

"နို့ဗျာ.... ဟေးဟိုးတွေပြောသလိုလို ဖြစ်ရတာကရော ဗျာ- ဘာသဘောလဲ...."

"ဟေးဟိုးဆိုတာကတော့ဗျာ ဘူတာရုံမှာ အဲဒီအခါက အမြဲရှိနေတဲ့လူတွေမဟုတ်လား။ နောက်ပြီး သူတို့တတွေက ယူနီဖောင်းနဲ့ဆိုတော့ လူအုပ်ထဲကို ကြည့်လိုက်ရင် သူတို့တတွေကို ထင်းကနဲမြင်ရတာပေါ့ဗျ။ ဒီတော့ သူတို့များ ပြော

လေရှော့သလားလို့ စိတ်ထဲမှာ ထင်ရတာပေါ့ဗျ”

“ဩော်....ဩော်....”

ကိုအေးဖေကား ယခုမှပင် သဘောပေါက်သွားဟန် တူပါသည်။ အတန်ငယ်ကြာတော့မှ....

“ဟာဗျာ....ကျွန်တော်လဲ စကားကောင်းနေလိုက်တာ သွားအုံးမှဗျို့.... ကဲ-သွားမယ် ဟော့ကောင် ဘသင်း ဘာ ငိုင်နေတာလဲကွ။ ငါသွားမယ်....”

ဤတွင်မှ ငိုင်ချက်သားကောင်းလှသည့် ကိုဘသင်းကို ကျွန်တော် သတိထားမိပါတော့သည်။ ကိုအေးဖေက ပုခုံးကို ပုတ်၍ နှုတ်ဆက်တော့မှ ရောယောင်ကာ-

“အင်း....အင်း....” နှင့် လုပ်နေပါသည်။

ကိုဘသင်းနှင့်ကျွန်တော်တို့နှစ်ယောက်သား အပြန်တွင် တစ်လမ်းလုံး ငြိမ်သက်လှသည့် ကိုဘသင်းကို အကဲခတ်မိပါ တော့သည်။ ‘ကျွန်တော့်မှာ အင်မတန်ဆန်းလှသည်’ ဟု ကို အေးဖေက အမွှန်းတင်ခဲ့သည့်ဝတ္ထုမှာ ကျွန်တော့်အဖို့ မ ဆန်းလှသောဝတ္ထုဖြစ်နေသဖြင့် အောင့်သက်သက်ဖြစ်နေ သောကြောင့် စကားမပြောဘဲ နေခဲ့မိပါသည်။ နှစ်ယောက် သား လူချင်းခွဲကာနီးမှ- ‘ကိုသန်းဆွေ မပြန်ပါနဲ့အုံးဗျ- နေပါအုံး’ဟု ကိုဘသင်းက ဆွဲပါတော့သည်။

“ဘာလုပ်မလို့လဲ- ဘာပြောချင်သေးလို့လဲ”

စကားပြောချင်ပုံရနေသော ကိုဘသင်း၏မျက်နှာကို ကြည့်ကာ ကျွန်တော်က စကားထောက်လိုက်ပါတော့ သည်။

"ခင်ဗျားပြောပုံဆိုတော့ အစိုးဟာ- သူ့ယောက်ျားကို တော်တော်ချစ်တာပေါ့နော်...."

"ကိုအေးဖေ ပြောတဲ့အတိုင်းသာဆိုရင် အစိုးဟာ သူ့ယောက်ျားကို ချစ်လွန်းလို့ သတိရလွန်းလို့ အောက်မေ့လွန်းလို့ ဒီလိုဖြစ်ရတာပေါ့။ ဘာပြောချင်လို့တုန်း။ အံမယ်လေး ကိုယ့်လူ တစ်လမ်းလုံး ငြိမ်လှချေလား အောက်မေ့တယ်။ လက်စသတ်တော့ ဒါကြောင့်မို့ကိုး။ ဒါတွေစဉ်းစားလာတာကိုးဗျ။ ပြောစမ်းပါအုံး"

ကိုဘသင်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်ပါသည်။

"ဒီလိုဗျ ပြောရမှာကတော့ ခပ်ခက်ခက်ဘဲ။ ဒါပေမဲ့လေ မထူးတော့ပါဘူးဗျာ။ ပြောမှဖြစ်မှာပါပဲ"

"ပြောစမ်းပါအုံးဗျ- ဘာများတုန်း...."

ငါးနှစ်နီးပါးမျှ ကျွန်တော်နှင့် အသိအကျွမ်းဖြစ်ခဲ့သည့် ကာလအတွင်းဝယ် တစ်ခါမျှ အားရပါးရ ဟက်ဟက်ပက်ပက်စကားမပြောခဲ့ဖူးသော ကိုဘသင်းထံမှ ထွက်လာမည့်ဖြစ်စဉ်ကို ကျွန်တော်က ကြားလိုလှပါသည်။ တစ်ခါမျှ မိန်းမအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတလေပင် မပြောခဲ့ဖူးသော ကိုဘသင်းထံမှ ကြားရမည့် မိန်းမအကြောင်းကို နားစွင့်မိပါတော့သည်။

"အဲဒီ-အစိုးရယ် ကျွန်တော်ရယ် အေးဖေရယ်က ငယ်ငယ်လေးကတည်းက ကျောင်းနေဘက်ဗျ။ ကျွန်တော်က ငယ်ငယ်လေးကတဲက...."

"အစိုးကို ကြိုက်ခဲ့တယ်ဆိုပါတော့"

"ဟုတ်ကဲ့- အစိုးကို တော်တော်ကြိုက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က မပြောဘူးဗျ။ ဘီအေအောင်မှပဲ ပြောမယ်ဆိုပြီး နေခဲ့တယ်။ ဘယ်သူမှလဲ ပြောမပြဘူး။ အေးဖေတောင်မသိဘူးဗျ။ ဟိုတုန်းကဆိုရင် အစိုးတောင်မှမသိဘူး။ ကျွန်တော် ကောလိပ်ရောက်ပြီး ဥပစာအထက်တန်းမှာတွင် အစိုးလင်ရသွားတယ်လို့ ကြားရတယ်။ ကျွန်တော်လဲ စိတ်ထဲမှာ ကြိတ်ပြီး တော်တော် ထိခိုက်ခဲ့သေးတာပေ့ါ။ ကျွန်တော် ဘီအေ မအောင်ခင်မှာ သူလင်ရတာဟာ ကျွန်တော်နဲ့ မတိုက်ဆိုင်လို့ပဲဆိုပြီး ဖြေရတော့တာဘဲဗျ။ ဒီကြားထဲ စစ်ကဖြစ်လိုက်တော့ ကျွန်တော်လဲ စာဆက်ပြီး မသင်နိုင်တော့ဘဲ ကိုးယိုး ကားယားဖြစ်ရတာပေ့ါ။ ကံများ ခေပုံက-"

ကိုဘသင်းလိုလူတစ်ယောက်က စကားကို ဤမျှ စီကာပတ်ကုံးပြောနေသည်မှာ ကျွန်တော့်အဖို့ ဆန်းလှပေသည်ဟု ထင်လာမိပါသည်။

"ဒီလိုနဲ့- ဂျပန်ခေတ်ကို ရောက်လာရောဆိုပါတော့ဗျာ။ အဲ-အဲဒီဂျပန်ခေတ်မှာ အစိုးနဲ့ ပဲခူးမှာဆုံကြပြန်ပါရော။ ခက်နေတာက အစိုးဟာ ဘယ်လိုပဲ လင်ရနေတယ်ပြောပြော ကျွန်တော်ကတော့ ချစ်မြဲချစ် ကြိုက်မြဲကြိုက်နေရတာပဲဗျ။ ဒါနဲ့ ကျွန်တော်ဟာ ပဲခူးမှာ အစိုးနဲ့အတူ သွားလာ ဝင်ထွက်နေခဲ့တာပေ့ါဗျာ။ အစိုးယောကျ်ားဟာ အဲဒီတုန်းက စစ်ထဲမှာဗျ။ မှန်တာပြောရရင် အစိုးရဲ့ယောကျ်ားဟာ တကယ်လို့ စစ်ထဲမှာ ကျဆုံးသွားရင် အစိုးကို ကျွန်တော်ယူမယ်လို့တောင်

တွေးမိခဲ့သဗျ။ အိုဗျာ အဲဒီတုန်းက အစိုးနဲ့အတူ သွားရလာရ တာတွေကိုတော်တော် ကြည်နူးမိခဲ့သဗျ။ ကျေနပ်ခဲ့သဗျ။ အစိုးကလဲ သူ့အိမ်ကိုတော့ ဘူတာရုံသွားမယ်လို့ ပြောပြီး စာမျှော်ရင်း သတင်းနားထောင်ရင်းလိုလိုနဲ့ ထွက်လာကြတာ ပဲ။ အဲဒီလိုနေ့တိုင်းသွားနေကြလာနေကြရာက မချောဟာ ဘာဖြစ်လာတယ်ရယ်လို့ ဟိုတုန်းကမသိခဲ့ဘူးဗျ။ ဘူတာရုံ ဘက်ကို ခေါ်လို့မရတော့ဘူး။ သူကလဲ မသွားချင်ဘူးတဲ့။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ လိပ်ပြာကန်ဘက်၊ ဟသ်ာ ကုန်းဘက်ကို လျှောက်ရတာပေ့ါ....”

“ရှင်းရှင်းဝန်ခံရရင်တော့ဗျို့၊ သူ့ယောက်ျားဒဏ်ရာ ရတယ်ဆိုတုန်းကများ စိတ်ထဲမှာ ဘာလိုလိုနဲ့ တစ်မျိုးပဲဗျို့။ အစိုးနဲ့ နီးရတော့မှာလိုလို တွေးမိတယ်ဗျ။ နောက်ဆုံးကျ တော့ ကျွန်တော်လဲ အောင့်မထားနိုင်တာနဲ့ပဲ အစိုးကို ကျွန်တော်ကြိုက်နေကြောင်း မျှော်လင့်နေကြောင်း ပြောပြမိ တော့တယ်။ သူကတော့ မဖြစ်နိုင်ဘူး ငြင်းသဗျ။ အဲဒီလိုလဲ ပြောပြီးရော ကျွန်တော်လဲ ပဲခူးမှာ မနေချင်တော့ဘူးဗျ။ ဒီတွင် ‘မင်း ဟာ.... ငါ့ကို အလိုရှိတဲ့တစ်နေ့မှာ ရောက်ရာအရပ် ကသာ အကြောင်းကြားပေတော့’လို့ ပြောခဲ့ပြီး ကျွန်တော် တခြားကို သွားတော့မှာမို့လို့ ဘူတာရုံကို လိုက်ပို့ပါလို့ ပြောရ တယ်။ ဒီတုံးက-သူဟာ ဘူတာရုံကို လိုက်ပို့ဖို့ကို တော်တော် ငြင်းသေးတယ်။ နောက်ကျတော့မှ ပို့ပါမယ်ဖြစ်လာတယ်။ ကျွန်တော်လဲ ဒီလာတော့ သူနဲ့မတွေ့ရတော့ဘူး။ သတင်း တော့ အမြဲကြားနေပါရဲ့။ မနှစ်ကပဲ တတိယမြောက်သမီး

ကလေး မွေးပြန်ပ တဲ့။ စောစောက အေးဖေပြောတော့မှပဲ အစိုးဟာ-အဲဒီတုန်းက ကျွန်တော်နဲ့အတူ-ဘူတာရုံဘက်ကို ဘာကြောင့်ခေါ်လို့မရပါလိမ့်ဆိုတာကို သိရတော့တာပဲ။ အောင် အစိုး....အစိုး....”

အဆုံး၌ ကိုဘသင်း၏အသံကား ငိုသံပါနေသည်။ သူ၏ မျက်လုံးများမှာလည်း စိုးရွှမ်းနေပါသည်။

ကိုဘသင်းကဲ့သို့သော- လူရိုး-လူအေး-လူပျိုကြီး တစ် ယောက်က ယခုကဲ့သို့ စစ်ထွက်ယောက်ျားတစ်ဦး၏ မယား ကို ကြာခိုခဲ့သည်ဆိုခြင်းမှာ ကျွန်တော့်အဖို့တွင် ပြန်၍စဉ်း စားလိုက်တိုင်း အံ့သြနေသည်အထိ ဆန်းကျယ်လှပေသည် ဟု ထင်မိပါတော့သည်။

**သန်းဆွေ**

## ★ မောင် ★

များစွာသောမိန်းမတို့၌ အကြိမ်ပေါင်း မည်မျှပင် ထပ်ခါထပ်ခါ ပြောစေကာမူ နားထောင်၍ မငြီးနိုင်သော စကားတစ်ခွန်းစီ ရှိကြလိမ့်မည်ဟု ထင်မိပါသည်။ ထိုစကားပိုဒ်သည် မည်မျှပင် တိုတောင်းလှသည့် စကားလုံးကလေးဖြစ်စေကာမူ ကာလရှည်ကြာစွာ ပဲ့တင်ထပ်ကာ နားဝတွင် အစဉ်မပြတ် ကြားယောင်နေပါသည်။ အချို့အချို့သော မိန်းမများအဖို့တွင် ထိုစကားခွန်းမှာ "မောင်လေ ခင့်ကို.... သိပ်ချစ်တာပဲ...." ဟူ၍ဎင်း၊ "မေမေ" စသည့် ကလေး၏ မပီကလာ ပီကလာ စကားသော်လည်းကောင်း၊ "သမီးရေ" သော်လည်းကောင်း ၊ "ကိုကိုလေ မင်းကို ဘယ်တော့မှ မမေ့ပါဘူးကွယ်...."သော်လည်းကောင်း၊ အသီးအသီး မိမိတို့၏ အဖြစ်အပျက် ကလေးများနှင့် တိုက်ဆိုင်သည့် စကားလုံးကလေးများ ဖြစ်ကြပေလိမ့် မည်။

ကျွန်မတို့တွင်ကား.... "ညိုရေ.... မောင်ပြန်လာပြီ" ဟူသော စကားခြောက်လုံးပင် ဖြစ်ပါသည်။ ထိုစကားလုံးကလေးများသည် အခါများစွာ တစ်နေကုန် တစ်နေခမ်းပင် ပန်းနွမ်းလျ ပူပန်ရသည့်စိတ်အာရုံကို နတ်ရေစင် ဖြန်းသည့်ပမာ ရွှင်လန်းလတ်ဆတ် ပီတိဓာတ်ဖြာဝေစေခဲ့ပါသည်။

"ညိုရေ.... မောင်ပြန်လာပြီ...."

ထိုစကားသံကို ပဌမဆုံး ကြားရသည့်အချိန်မှာ ကာလအတော်ကြာကြာကပင် ဖြစ်လေသည်။ သို့သော်.... ထိုထို

သော နှစ်အပိုင်းအခြားတို့ကြောင့် ထိုစကားခွန်းမှာ တိုးသွားသည်။ ကျယ်လာသည်ဟူ၍မရှိဘဲ တစ်သံထဲပင် ညီညာစွာ ကြားယောင်နေမိလေသည်။ စင်စစ်.... ထိုစကားသံသည် ကျွန်မဘဝင်ကို မည်မျှအေးချမ်းအောင် ဖန်တီးနိုင်စွမ်းရှိကြောင်း ကောင်းစွာသဘောပေါက် နားလည်လာသည်မှာ အမည်မဖော်လိုသည့် မြန်မာပြည်မြေလတ်ပိုင်း ရှိ မြို့တစ်မြို့သို့ မြို့အုပ်ရာထူးဖြင့် မောင်နှင့်ကျွန်မ ပြောင်းရွှေ့လာခဲ့သည်တွင်မှဟု ထင်ပါသည်။

မောင်နှင့်ကျွန်မ ညားစကမူ ကျွန်မအတွက် သီးသန့်အိမ်တစ်ဆောင်ဖြင့် မနေဘဲ ကျွန်မ၏အိမ်သားများနှင့်အတူ ရောထွေးနေခဲ့ကြပါသည်။ ထိုစဉ်က- ကျွန်မတို့၏ အိမ်ထောင်ရေးမှာ အမှန်အားဖြင့်ဆိုရလျှင် အပျိုမကလေးတစ်ဦး စိတ်ကူးယဉ်ယဉ်နှင့် မျှော်မှန်းလာသည့် ‘လင်ကလဲ မယားကိုချစ်.... မယားကလဲ လင်ကိုချစ်ရင် ဘယ်လိုလုပ်ပြီး ကြားကလာလို့ ဖျက်နိုင်မှာလဲ....”ဟူသော အိမ်ထောင်ရေးမျိုးဖြစ်ခဲ့ပါသည်။ အိမ်ထောင်ပြုခြင်းကြောင့်လည်း ကျွန်မဘဝမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍မလာဘဲ အခါတိုင်းကဲ့သို့ပင် မိဘအစ်ကို အစ်မ မောင် ညီမများ မိတ်ဆွေသင်္ဂဟတို့ နှင့် သိုက်သိုက်ဝန်းဝန်း နေခဲ့ရလေသည်....။ ထို့ကြောင့် ကျွန်မတို့၏ အိမ်ထောင်ရေးမှာ သံလမ်းအစုံပေါ်တွင် တင်၍ တွန်းလွှတ်လိုက်သည့် ရထားတွဲပမာ ဖြောင့်ဖြူးသာယာစွာ လိမ့်သွားရင်း ဘူတာစဉ်အတိုင်းဝင်၍ ဆိုက်ရုံသာ ရှိပေမည်ဟု ထင်မိခဲ့၏။

ထို့မှ.... မောင်သည် မြို့အုပ်ရာထူးဖြင့် မြို့တစ်မြို့သို့သွားရန် ခန့်အပ်ခြင်း ခံရလေတော့သည်။

"ပျော်စရာတော့ ကောင်းမှာပဲကွ။ ညိုနဲ့မောင်နဲ့ နှစ်ယောက်ထဲနေရမှာ။ ညိုလဲကိုယ့်အိမ်ကိုယ့်ယာမို့ အိမ်ရှင်မကြီးအဖြစ်နဲ့ တာဝန်ယူရတော့မယ်။ မဟန်ဘူးလားကွယ်။ ဟင်.... ပြောင်းမယ်မဟုတ်လား...."

ဤတွင်.... အိမ်နှင့်ခွဲနေရန် တစ်ခါမျှ စိတ်မကူးမိခဲ့သော ကျွန်မမှာ အလွယ်တကူပင် ခွဲခွာနေရေးကို ထောက်ခံမိလေသည်။ ကျွန်မကိုယ်တိုင် အိမ်ထောင်သည်ဘဝသို့ ရောက်နေလင့်ကစား ဘာမှန်း-ညာမှန်း မသိသည့်အချိန် ဖြစ်လေရာ ဘာဘာညာညာ စဉ်းစားစရာလည်း ပေါ်ပေါက်၍မလာခဲ့ပေ....။

ထို့ကြောင့်- "ပြောင်းတာပေါ့ မောင်ရဲ့။ အလုပ်လက်ခံလိုက်ပါ။ ချီတော်မူရာ နောက်တော်ပါးက ဘုရားနှမလေးတစ်ဖဝါးမခွါ လိုက်ပါမယ်ဆိုတာလိုပေါ့-မောင်ရဲ့" ဟူ၍ ဇာတ်ဆန်ဆန် စကားကိုပင် နန်းဆန်ဆန် ရွှင်ပြုံး၍ ပြောမိပါသည်။

သို့နှင့်ပင်.... မောင်နှင့်ကျွန်မတို့မှာ မိဘမြို့ရွာ ဇာတိဌာနေကို ခွဲခွာ၍ လာခဲ့ကြပါတော့သည်။

ထိုမြို့သို့ရောက်ပြီးသည့် နောက်တစ်နေ့တွင် ကျွန်မတို့နေသည့်အိမ်နှင့် တစ်ဘက်ခြံတွင်ရှိ အိမ်တစ်အိမ်မှ စာရေးကြီးကတော်တစ်ဦးမှာ ကျွန်မတို့ထံသို့လာရောက်၍ စားသောက်ဘွယ်ရာများ ပေးသည်သာမက သူတို့အိမ်မှ အခိုင်းအစေ

တို့အားခေါ်ကာ ကျွန်မတို့၏ပစ္စည်းများကို နေရာတကျ စီစဉ်၍ပေးပါသည်။

"ဒီလိုပဲပေါ့. . ကိုယ်မရောက်ဘူးတဲ့အရပ်မှာ ရောက်စဆိုတော့ ဘာလိုလို ဖြစ်တတ်တာပေါ့။ ဒါပေမဲ့ နေသားကျသွားတော့လဲ ပျော်လာမှာပေါ့...." ဟူ၍လည်း ယောင်ချာချာ ဖြစ်နေသူ ကျွန်မကိုလည်း အားပေးစကားပြောရှာပါသည်။

သို့သော်.... တစ်ရက်မှနှစ်ရက် သုံးရက် လေးရက် စသည်ဖြင့် ရက်တွေသာ ပြောင်းသည် ကျွန်မမှာ ပျော်စရာမတွေ့ဘဲ နေ့စဉ်နှင့်အမျှ ပျင်းရိငြီးငွေ့နေလေတော့သည်။ စင်စစ်အားဖြင့်ဆိုရပါမူ ကျွန်မ၏တစ်သက်တွင် ထိုကဲ့သို့....တစ်ယောက် ထီးထီး မနေခဲ့ဖူးပါ။ ကျယ်ဝန်းလှသည့် အိမ်ကြီးအတွင်းဝယ် များပြားလှသော အိမ်သားမိတ်ဆွေများဖြင့် စုစုဝေးဝေး ရောထွေးပျော်ရွှင်စွာ နေခဲ့သည်သာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို ကြည့်ပြန်လျှင်လည်း ကားသံ လူသံ ဈေးသည်သံတို့ဖြင့် ဆူညံနေသည့် ရပ်ကွက်တွင် နေခဲ့ရသည့် ကျွန်မမှာ ယခုကဲ့သို့ နေ့လည်ပိုင်းတွင် "မောင်" ရုံးတက်နေသဖြင့် တစ်ယောက်တည်း ကျန်ခဲ့သည့်ဘဝဖြင့် နေရသည်မှာ အရှင်လတ်လတ် ငရဲပြည်ရောက်နေသူကဲ့သို့ပင် ထင်မှတ်မိခဲ့ပါသည်။

သို့ဖြစ်သောကြောင့်.... ညနေစောင်း ရုံးဆင်းချိန်တွင် အိမ်ဝဆီမှ "ညီုရေ.... မောင်ပြန်လာပြီ...." ဟူသော စကားကြားရပါက ရွှေထုပ်ကောက်ရသည့်ပမာ ဝမ်းသာ

အားရဖြစ်မိပါသည်....။ အသံကြားသည်နှင့် တပြိုင်နက် ရှိရာအရပ်မှ.... ဖျတ်ခနဲထကာ.... အပြေးအလွှား ကြိုဆိုရင်း.... နှစ်ပေါင်းများစွာ ကွဲနေသည့်အလား မျက်ခြေမပြတ်ကြည့်နေပါသည်။

တစ်နေ့တွင် ထိုသို့ကြိုရာမှ ရင်ထဲတွင် ဆို့တို့တို့ကြီး ဖြစ်လာကာ မျက်ရည်တွေ ဖြာလာပါတော့သည်။

"ဟင်.... ဘာဖြစ်လို့လဲ.... ညိုရယ်- ဘာဖြစ်လို့လဲ"

"ညို...ညို တစ်ယောက်ထဲ သိပ်ပျင်းတာပဲ.... မောင်ရယ်.... ညိုမနေချင်တော့ဘူး.... ဒီမှာ မနေချင်တော့ဘူး- ညိုတို့ပြန်ကြပါစို့ မောင်ရယ်...."

မောင်သည် သက်ပြင်းတစ်ချက်ချလိုက်ပါသည်။

"လက်စသတ်တော့ ညိုက အိမ်ကိုလွမ်းနေတာကိုး။ ကိုယ့်ကိုယ်ကို ပျော်အောင် ကြံဖန်ပြီးနေပေါ့ညိုရယ်။ ဘယ့်နှယ် ပြန်စကားတွေ ပြောနေပါလိမ့်...."

"အို.... ဘယ်လိုစဉ်းစားကြည့်လို့မှ ပျော်စရာမတွေ့ပါဘူးမောင်ရယ်.... ဒီအတိုင်းသာဆိုရင် ညိုတော့ ပျင်းတာနဲ့ သေလိမ့်မယ်...."

ပြင်းထန်သော ကျွန်မ၏စကားသံကြောင့် မောင့်မှာ မျက်လုံးများပင် ချာချာလည်သွားရာက "တယ်ခက်ပါလား ညိုရယ်.... အစိုးရအလုပ်ကို ပျော်ပွဲစားထွက်တယ်လို့များ.... အောက်မေ့နေသလား.... အစကတည်းက ညို့ကို ပြောတယ်မဟုတ်လား- ညိုနဲ့မောင်တို့ချည်းပဲ နေရမယ်လို့.... သိရက်သားနဲ့များ စိတ်ဆင်းရဲခံမနေပါနဲ့ကွာ....။

ညိုလဲပေါင်းသင်းဆက်ဆံရေးမှာ ညံ့တာမှ မဟုတ်ဘဲ။ မြို့ပေါ်ကလူတွေနဲ့ အသိအကျွမ်းဖွဲ့ပြီး.... ပျော်ပျော် နေပေ့ါ....” ဟု ကျောပြင်ကို သပ်ခါ-သပ်ခါ ယုယကြင်နာစွာ ပြောရှာပါသည်။

ကျွန်မဘာမှပြန်မပြောတော့ပါ။

ကျွန်မ၏တစ်သက်တွင် အချစ်ဆုံးမှာ မောင်သာလျှင်ဖြစ်ပါသည်။ ကျွန်မသေသည်အထိ ချစ်သွားမည် ဖြစ်ပါသည်။ မောင့်အပေါ်တွင် ကျွန်မမည်မျှ ချစ်ကြောင်းကို ကျွန်မ ဖာသာ ကျွန်မသိနေသော်လည်း သူတစ်ပါးနားလည်အောင် မဖော်ပြတတ်ပါ။ “မောင်” စိတ်ညစ်သွားမည်ကိုလည်း မကြည့်နိုင်သည့်အတိုင်း ကျွန်မကိုယ်ကို ကျွန်မ ဆုံးမကာ စိတ်သက်သာရာရရေးအတွက် မိတ်ဆွေဖွဲ့ရန် တွေးမိပါသည်။ တစိမ်းတရံဆန်တို့အား မိတ်ဆွေဖွဲ့ရန်ကိစ္စမှာ ကျွန်မအဖို့ မလွယ်ကူလှပါ။ ကျွန်မကစတင်၍ မည်သူ့ကိုမျှ မိတ်မဖွဲ့ဖူးခဲ့ပါ။ ယခုအထိရှိနေသော မိတ်ဆွေတို့မှာလည်း အထူးမိတ်ဖွဲ့စရာမလိုသည့် အစ်ကို၊ အစ်မ၊ မောင်၊ ညီမတို့၏ မိတ်ဆွေများ၊ ဖေဖေနှင့် မေမေတို့၏ မိတ်ဆွေများမှ မွေးသည့်သား သမီးများ၊ တစ်တန်းတည်း စာသင်ဖက်များ.... တစ်ကျောင်းတည်း စာသင်ဖက်များသာ ဖြစ်လေသည်။

လွန်ခဲ့သည့်အရေးများကို အသာဖယ်ကာ၊ ယခုလက်ရှိအခြေအနေအရ၊ ကိုယ်ကစ၍ မိတ်ဖွဲ့ရန် ကြံပြန်ပါလည်း ခေါင်းရင်းဘက်အိမ်မှ ဝတ်လုံတော်ရကတော် မခင်မေမှာ ကျွန်မထက် ငယ်ရွယ်သူဖြစ်သော်လည်း သူ့ကြည့်ရသည်မှာ

မာနကြီးပုံရလှသည်။ မျက်စောင်းထိုးအိမ်မှ ယစ်မျိုးဝန် ထောက်ကတော်.... မမေစီမှာလည်း ကျွန်မနှင့်အသက် အရွယ်ချင်းတူတူပင်ဖြစ်သော်လည်း အနေအထိုင်ချင်းမှာ ကွာခြားနေပါသည်။ နေ့စဉ်နှင့်အမျှ ပိုကာဝိုင်းကြီး လုပ်၍ ကစားနေတတ်ကာ ဖဲဝိုင်းမရှိသည့်နေ့များတွင်မူ လှပသပ် ယပ်စွာ ဆင်ယင်ကာ အပြင်ထွက်၍ လမ်းသလားနေတတ် သည့် သူ့ဝါသနာမှာ မြင်ရုံနှင့်ပင် ရွံမိပါသည်။ ခြေရင်းအိမ် က စာရေးကြီးကတော်မှာလည်း ကျွန်မထက် ဆယ်နှစ်ခန့် ကြီးနေကာ အတင်းအဖျင်း စကားတွေများလှသဖြင့် တစ် ခါသွားလည်ရုံမျှနှင့် စိတ်ပျက်လာခဲ့ပါသည်။

သို့နှင့်ပင် ဖောင်စီးရင်း ရေငတ်နေသူပမာ လူစုလူဝေး တွင် ရောနှောနေပါလျက်နှင့် မိတ်ဆွေမရှိဘဲ တစ်ကိုယ်တည်း နေရသည့် ကျွန်မမှာ မောင်မရှိသည့်အချိန်များတွင် ရေဒီယို ဖွင့်။ ဓာတ်စက်ဖွင့်။ ကာလပေါ် ဝတ္ထု မဂ္ဂဇင်းတို့ကို ဖတ် ကာ မြို့နှင့်မနီးမဝေးတွင်ရှိ တံတားဘက်ဆီသို့ အညောင်း ပြေလမ်းလျှောက်ထွက်ခြင်းဖြင့် အပျင်းဖြေခဲ့ရပါသည်။ မောင်သည် မကြာမကြာပင် ကျွန်မအား "မိတ်ဆွေမတွေ့ သေးဘူးလား...."ဟု မေးကာ ကျွန်မ၏အဖြေတွင် စိတ်ရှုပ် သွားတတ်ပါသည်။

တစ်နေ့တွင် မောင်မှာ အလုပ်ဝတ္တရား အလျှောက် တောရွာများသို့ ခရီးထွက်ရန် ကိစ္စကြုံလာပါတော့သည်။ ကျွန်မအား ထမင်းချက်မိန်းမကြီးလင်မယားက အဖော်အဖြစ် စောင့်ရှောက်ကြပါသည်။

"ကဲကွာ.... မောင်ပြန်မလာခင်အတွင်းမှာတော့ ညို လဲ မိတ်ဆွေတွေ့အောင်ရှာနိုင်ရောပေါ့...."

သွားခါနီး မှာကြားသွားရှာသော မောင်၏စကား အ တိုင်းပင် ကျွန်မမှာ မောင်သွားပြီး ရက်အနည်းငယ် အ တွင်းမှာပင်....မိတ်ဆွေတစ်ဦးနှင့် တွေ့ရပါတော့သည်။

× × ×

ခါတိုင်းဆိုလျှင် မြို့ထဲအလည်အပတ်ထွက်ပါက ထမင်း ချက်သူ မိန်းမကြီးကို အဖော်ပြု၍ ထွက်လေ့ရှိသော်လည်း ထိုနေ့ကမူ တစ်ယောက်တည်း ထွက်လာမိပါသည်။ မြို့ပေါ် ရှိဈေးထဲတွင် ချာချာလည်နေရာမှ အိမ်နားမှ ယစ်မျိုးဝန် ထောက်ကတော် ဒေါ်မေစီနှင့် ဆုံမိပါသည်။ ဒေါ်မေစီသည် သူနှင့်ပါလာသော အဖော်နှစ်ယောက်နှင့် မိတ်ဆက်ပေးပါ သည်။ အဖော်တစ်ယောက်မှာ မသန်းသန်းနွဲ့ဆိုသူ ဖြစ်၍ ယောက်ျားအဖော်မှာ သူ၏မောင်ဝမ်းကွဲ ကိုဝင်းအောင် ဆိုသူ ဖြစ်လေသည်။

"ဘယ့်နှယ်.... မညိုညို တစ်ယောက်ထဲပဲကိုး.... စီတို့ မှာ ကားပါတယ်လေ- အပြန်လိုက်ခဲ့ပေါ့...."

မမေစီ၏ လောကွတ်စကားအတိုင်း ကျွန်မသူတို့နှင့် အ တူလိုက်ခဲ့ရပါသည်။ ဈေးကအထွက်တွင် ကိုဝင်းမောင်က ကားမောင်းပါသည်။

"ကဲ- မောင်ဝင်းက ဟောဒီမညိုညိုကို မြို့ထဲလည်ပြီး ပြလိုက်ပါကွယ်။ သူ့ခမြာ ရောက်နေတာသာ နှစ်လသုံးလ

ရှိတယ်။ တစ်ခါမှ လည်တာမတွေ့ရဖူးဘူး....”

ကိုဝင်းအောင်သည် မမေစီစကားအတိုင်း မြို့ထဲသို့ ကားကိုလှည့်ပတ်၍ မောင်းပါသည်။ ကားပေါ်တွင် လိုက်ပါနေသောကျွန်မမှာ လူကသာ ကားပေါ်တွင်ထိုင်နေသော်လည်း စိတ်ထဲကမူ ကျွန်မတို့၏ အိမ်ထောင်ရေးကိုသာ တွေးတော၍နေမိပါသည်။ အကယ်၍ ‘မောင်’ သာယခုကဲ့သို့ သားပစ်မယားပစ် တစ်နယ်တစ်ရွာသွား၍ လုပ်ရသည့်အလုပ်ကိုသာ မလုပ်ဘဲနေပါက ကျွန်မ ဤမျှပျင်းရိ ငြီးငွေ့ဖွယ်ရာအကြောင်း မရှိနိုင်။ ဘယ်ကိုမှ သွားစရာမရှိသည့်အဆုံး လင်မယား နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကာမျှဖြင့် ပျော်စရာရနိုင်ပေသည်။ ယခုမူ “ကုသိုလ်မတူ။ ဘယ်ဆုယူကြောင့်၊ သူလည်းတစ်သွယ်၊ မယ်မှာတစ်မြေ၊ သမုဒ်ရေလျှင်....၊ ခြားလေသောဟန်၊ ဝေးရပြန်ခဲ့” ဆိုသကဲ့သို့ ကြုံရဘိသည်။ ကျွန်မသည် တွေးရင်းတွေးရင်း စိတ်ရှုပ်လာသဖြင့် သက်ပြင်းကိုသာ ချမိလေသည်။

ထိုမှ ခပ်စောင်းစောင်းမြင်ရသည့် ကိုဝင်းအောင်၏ ရုပ်သွင်ကို ဂရုထား၍ ကြည့်မိပါသည်။ ကိုဝင်းအောင်ကား အတော်ပင် ရုပ်ရည်သန့်ပြန့်သူ ဖြစ်ပါသည်။ ကျွန်မသည် သူ၏နောက်ပိုင်းကို ကြည့်ရင်း လိုက်ပါလာရာ ကားသည် မြို့ကို ပတ်ပြီးသည့်နောက် အိမ်ကိုလှည့်မောင်းပါသည်။ ကားသည် ရှေ့ဦးစွာ မမေစီတို့အိမ်ရပ်ပြီး မမေစီနှင့် မသန်းသန်းနွဲ့တို့ နှစ်ယောက်ဆင်း၍ နေရစ်ခဲ့ကြကာ.... ကိုဝင်းအောင်ကမူ ကျွန်မကို ကားဖြင့် အိမ်အထိ လိုက်ပို့ပါသည်။

“ရောက်တဲ့အခါ.... ကာဖီလေး .... ဘာလေး.... သောက်သွားပါဦးရှင်....”

ကိုဝင်းအောင်သည် ကားပေါ်မှ ဆင်းကာ ကျွန်မနှင့် အတူလိုက်ခဲ့ပါသည်။ ကျွန်မသည် သူ့အား ဧည့်ခန်းတွင် ထားရစ်ခဲ့ကာ မီးဖိုခန်းသို့ဝင်ကာ ထမင်းချက် မိန်းမကြီးအား ကော်ဖီဖျော်ရန် မှာကြားခဲ့ပါသည်။ ဧည့်ခန်းသို့ ပြန်ရောက် လာသည့်အခါ ကျွန်မကို စိမ်းစိမ်းဝါးဝါး ကြည့်နေသည့် ကို ဝင်းအောင်အား တွေ့ရပါသည်။

ကိုဝင်းအောင်ကား တကယ်ပင် ရုပ်ရည် ချောမောသူ ဖြစ်ပါသည်။ ချောမောသည်ဆိုခြင်းနှင့်ပတ်သက်၍ ‘မောင်’ နှင့်ကျွန်မ ယူတော့မည်ပြုစဉ်က.... မေမေပြောသည့်စကား လေးကို သွားသတိရပါသည်။ ထိုစကားမှာ.... ညီး- မောင် သက်တင်ကို ရုပ်ချောလို့ ကြိုက်တာ မဟုတ်လား....”ဟူ၍ ဖြစ်ပါသည်။ မိန်းမတစ်ယောက်၏အလှသည် ယောကျ်ားတို့ ၏စိတ်နှလုံးကို သိမ်းကြုံးဆွဲယူနိုင်သကဲ့သို့ ယောကျ်ားတို့၏ အလှသည်လည်း မိန်းမတို့၏စိတ်အာရုံကို ထွေပြားအောင် တတ်နိုင်ကြပါသည်။

ကျွန်မသည် ကိုဝင်းအောင် ရုပ်သွင်ကို သေချာစွာစေ့စပ်စွာ ကြည့်နေမိပါသည်။ ဘိုကေဖြီးထားပုံ မဟာနဖူး၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နဖူး၊ ပါးစပ်၊ မေးရိုး အားလုံးပင် အဆင်ပြေ ကျနစွာ တည်နေကြပါသည်။ သူ၏ ရုပ်ရည်ကား တစ်ခါမြင် ဖူးလျှင် မမေ့နိုင်သည့် ရုပ်ရည်မျိုး ဖြစ်ပါသည်။ အတော်ကြာ ကြာ ကြည့်ရင်း စဉ်းစားနေပြီးမှ ကျွန်မ၏ မတည်ငြိမ်သည့်

အာရုံကို သတိထားမိပါသည်။ လွန်ခဲ့သည့် ငါးမိနစ်ကမှ တွေ့ရသူတစ်ဦးအား စာဖွဲ့၍ နေမိပေပြီ။ သူ့အား သာမန်လူတစ်ယောက်အနေနှင့် ဖြစ်အောင် ကြည့်ခြင်းဖြင့် ကိုယ့်စိတ်ကို ထိန်းရပါသည်။

"မညို.... ဒီမြို့က မဟုတ်ဘူးနော်...."

ထယ်ဝါခန့်ငြားသည့်အသံ ဖြစ်ပါသည်။

"ဟုတ်ကဲ့- ကိုဝင်းအောင်ကရော...."

"ကျွန်တော်က ရန်ကုန်ကပါ။ ခဏလာလယ်တာပါ"

"အလယ်သက်သက်ပဲလား...."

"ဟုတ်ကဲ့...."

ကိုဝင်းအောင်ကား- ရုပ်ရည်ချောမောသကဲ့သို့ စကားပြောလည်း ပြေပြစ်သူပင် ဖြစ်ပါသည်။ အတော်ကြာကြာမှ သူ-ဤမြို့သို့ မကြာမကြာ လာလည်တတ်ကြောင်းကို ပြောပါသည်။ ကိုဝင်းအောင် ပြန်သွားသည့်အခါ၌ကား ကျွန်မတွင် ဘာမျှထူးခြားခြင်း မဖြစ်ခဲ့ပါ။ တွေ့စကတွင်သာ ညှို့ဓာတ်ပါသော ကိုဝင်းအောင်၏ ရုပ်သွင်ကြောင့် ရင်ထဲတွင် ဖိုတိုတိုနှင့် ဘာလိုလို ဖြစ်မိသော်လည်း တွေ့ပြီးသည့် နောက်တွင်ကား.... ဝတ္ထုစာအုပ်၊ ဘိုင်စကုတ် စသည်တို့ အထဲမှာ ဇာတ်လိုက်နှင့် တွေ့ခဲ့ရသကဲ့သို့ ဘာမျှ ထူးထူးခြားခြား မဖြစ်ခဲ့ပါ....။

ကိုဝင်းအောင်သည် ထိုနေ့မှစ၍ မကြာမကြာ အိမ်သို့ အလည်လာပါသည်။ ကိုဝင်းအောင်နှင့် စကားပြောနေရသည့်အခါများတွင် ကျွန်မ၏စိတ်အာရုံ ပေါ့ပါးလျက် ရှိကာ

ကိုဝင်းအောင်၏ စကားသံ အပြုအမူ၊ အမူအရာတို့ပင် ပြေး ဝင်ခိုကပ်နေကြသည်ဟု ထင်မိပါသည်….။ ကိုဝင်းအောင် ပြန်သွားပါတော့သည်။ စိတ်ထဲတွင် ဟာတာတာ မဖြစ်ခဲ့….။

သို့သော်….ကိုဝင်းအောင်လာသည့်အခါတွင်ကား…. သူ့အား မပြန်စေချင်ပါ။ ထိုစာပိုဒ်ကို ကျွန်မထပ်၍ မရေးဝံ့ပါ။ စင်စစ်- ကိုဝင်းအောင်မှာ ကျွန်မ၏ ပျင်းရိဘွယ်ရာ အဖော် ကင်းသည့်ဘဝကို ဖျော်ဖြေစေရန်အတွက်…. နတ်ကောင်း နတ်မြတ်တွေ ဖန်ဆင်းလာသူကဲ့သို့ပင် ဖြစ်ပါသည်။ သို့ သော်…. သူသည် ကျွန်မအား…. အစဉ် အပျင်းပြေစေနိုင် သည့် အခွင့်မရှိပါ။ ကျွန်မ နားလည်ပါသည်။ သို့သော်…. သို့သော်…. ကိုဝင်းအောင် လာသည့်-လာသည့်အခါတွင် ကား…. သူ့အား သူ့အား (ကျွန်မ မရေးဝံ့တော့ပါ။)

× × ×

စာဖတ်သူများအဖို့တွင် စာတစ်မျက်နှာမျှပင်…. မဆုံး သေးသည့်အချိန်ကလေးဖြစ်သော်လည်း ကျွန်မတို့အဖို့မှာမူ တစ်လပင် ကျော်ခဲ့ပေပြီ။ တစ်နေ့တွင် မောင့်ထံမှ "လာမည့် တနင်းလာနေ့တွင် ပြန်လာမည်ဖြစ်ကြောင်း" စာရောက် လာပါသည်။

သောကြာနေ့က ကိုဝင်းအောင်နှင့် အတွေ့တွင် တနင်း လာနေ့ကျလျှင် မောင်ပြန်လာတော့မည် ဖြစ်ကြောင်းကို ပြော ပြပါသည်။

"ကျွန်တော်တော့ သူနဲ့ မတွေ့ချင်ဘူး…."

ကိုဝင်းအောင်သည် အေးအေးဆေးဆေးပင် ပြောပါသည်။

"ဟင်.... ဘာဖြစ်လို့တုန်း...."

ခပ်ဆတ်ဆတ်ကလေး မေးလိုက်သော်- ကျွန်မ၏ စကားသံကြောင့် ကိုဝင်းအောင်သည် သူ့ခေါင်းကို ထောင်လိုက်ကာ "ဘာဖြစ်လို့လဲဆိုတော့...." ဟုပြောရင်း ငေးနေပါသည်။ အတော်ကြာ ငြိမ်နေပြီးမှ....

"သူလာရင် ကျွန်တော်တို့ဟာ အခုလို ဘယ်နေရတော့မလဲ...." ဟု လေးလေးကြီး ပြောလေသည်။

"ဒါဖြင့်.... ကိုဝင်းပြန်တော့မယ်ပေါ့...."

"ဟုတ်တယ်- ပြန်ရမယ်။ အစကတည်းက ကျွန်တော် ပြောခဲ့တယ်မဟုတ်လား။ ကျွန်တော် ခဏလာလည်တာပါ လို့။ ကျွန်တော်-ကျွန်တော်- ပြန်မှဖြစ်မယ် ညို။ ကျွန်တော် မပြန်ရင် ညိုရော-ကျွန်တော်ရော အရုပ်ဆိုးစရာတွေ ဖြစ်ကုန်လိမ့်မယ်။ ကျွန်တော်အခုလို လာလာလည်တာကို ကိုသက်တင် လာရင် ပြောမပြပါနဲ့။ ပြောလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲ ဆိုရင် လင်နဲ့ဝေးနေတဲ့မိန်းမတစ်ယောက်နဲ့ ယောကျ်ားပျိုတစ်ယောက်ဟာ ဘယ်နည်းနဲ့မှ ရိုးရိုးခင်မင်မှု မဖြစ်နိုင်ဘူး။ ဖြစ်ရင်လဲ ဘယ်သူကမှ မယုံဘူး။ ဒီတော့- ကျွန်တော်တို့တတွေဟာ ဒီအတိုင်း ဆက်နေသွားလို့ မဖြစ်နိုင်ဘူး....။ ညိုလဲ အမြဲတန်း ကိုယ့်ကိုယ်ကို လိမ်လည်ပြီး ပြောခဲ့တဲ့ စကားတွေ သတိတရရ ဖြစ်နေပြီး နောက်ထပ် ဘာတွေလိမ်ပြောရမယ်ဆိုတာပဲ စဉ်းစားနေရတော့မယ်။ နောက်ပြီး- လူတွေကလဲ ဒီလိုဖြစ်တာကို

အချစ်ကိစ္စတစ်ရပ်အနေနဲ့ မစဉ်းစားဘဲ အမှုအခင်း တစ်ရပ်အနေနဲ့ စဉ်းစားကြလိမ့်မယ်။ နောက်ဆုံးမှာ ညိုကိုယ်တိုင် စိတ်ပျက်ပြီး ကျွန်တော့်ကိုပါ မုန်းလာလိမ့်မယ်....”

ကျွန်မကား ဘာတစ်ခွန်းမျှ မပြောဘဲ ငြိမ်သက်စွာပင် နားထောင်နေခဲ့ပါသည်။

“ကျွန်တော်လဲ စိတ်ပင်ပန်းရမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတွေပြောနေတာကတစ်မျိုး၊ ညိုရဲ့ စိတ်ထားက တစ်မျိုး ဖြစ်နေမှာမို့ပဲ။ ကျွန်တော်ဟာ မိန်းမပေါင်းများစွာနဲ့ အသိဖွဲ့ခဲ့တယ်....။ မိတ်ဆွေအဖြစ် ပေါင်းသင်းခဲ့တယ်။ ဒီလို စိတ်ညစ်နွမ်းမှု တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ အခု ညိုနဲ့တွေ့မှ ကျွန်တော့်မှာ တော်တော်စိတ်ပင်ပန်းတယ်....။ စင်စစ် ဒါ ညို့အပြစ်မဟုတ်ဘူး။ ကျွန်တော့်အပြစ်....။ အိုလေ.... တကယ်ဆိုတော့လဲ ကျွန်တော့်ကို ဒီလိုမပြောသင့်ဘူး။ ကျွန်တော့် ရင်ထဲမှာ ခံစားနေရတာကို မျိုထားရမှာပဲ။ ကျွန်တော် ဘယ်လိုခံစားနေရတယ်ဆိုတာ ညိုသိမှာပါပဲ။ သိမှာပါပဲ....၊ ဒါပေမဲ့ ယုံချင်မှာ ယုံမယ်။ ယုံပါလို့လဲ မတိုက်တွန်းပါဘူး။ ဘာပဲဖြစ်ဖြစ်လေ.... အခု အညိုရဲ့ ယောက်ျား ပြန်လာတော့မှာမို့၊ ညိုဟာ အရင်ကလို.... တစ်ယောက်ထဲ ပျင်းနေတော့မယ်မဟုတ်ဘူး။ အခုအထိ ညိုမပျင်းရအောင် စောင့်ရှောက်ပေးရတာကိုပဲ ဝမ်းသာလှပါပြီ”

“အို.... သူပြန်လာတယ်ဆိုပေမဲ့ ညို့အဖို့မှာ မထူးပါဘူး။ တစ်နေ့လုံး သူရုံးမှာ အချိန်ကုန်နေတာ”

ပြောမိပြောရာ ပြောချလိုက်သောကျွန်မ၏စကား

ကြောင့် ကိုဝင်းအောင်သည် မဲ့ပြုံးကလေးပြုံးလိုက်ပြီး....
“ဟုတ်ပါတယ်.... ဟုတ်ပါတယ်.... အင်း.... လက်စသပ်
တော့ ညိုက ကျွန်တော့်မပြန်စေချင်တာက ကျွန်တော် စိတ်
လေမှာထက် ညိုနဲ့ ကွေကွင်းရလို့ စိတ်ညစ်နေရမှာထက် ညို
တစ်ယောက်ထဲ ပျင်းနေမှာ.... စိုးလို့ကိုး....” ဟု ပြောရင်း
ခေါင်းတဆတ်ဆတ်ငြိမ့်နေပါတော့သည်။

“ဟုတ်တယ်.... ညိုဝန်ခံပါတယ်.... ညိုဟာ.... ကိုယ့်
ဘက်ကိုသာ ကြည့်နေမိတယ်....”

“အဲဒါနဲ့တွင်ပဲ ညိုဟာ ကျွန်တော့်ကို မချစ်ဘူး။ ကျွန်
တော် ထားတဲ့စိတ်မျိုး မထားဘူးဆိုတာ သိသာနေတယ်”

ကိုဝင်းအောင်သည် ကျွန်မ၏လက်နှစ်ဘက်စလုံးကို ဆွဲ
ယူဆုတ်ကိုင်လိုက်ပါသည်။ ဘာကြောင့်မှန်းမသိ.... ကျွန်မ၏
မျက်လုံးအိမ်တွင်းမှ မျက်ရည်ပူများသည် ပါးပြင်ပေါ်သို့
တလိမ့်လိမ့် ဆင်းလာပါသည်။ ရှုန်းဖယ်ရန်လည်း သတိမရှိ
တော့ပါ။

“ညို.... ညို မပြောတတ်တော့ဘူး- ညို-၊ ကိုဝင်းအပေါ်
မှာ ထားတဲ့စိတ်ဟာ ဘယ်လိုစိတ်မျိုးလဲ.... မပြောတတ်ဘူး။
ညိုဟာ.... ကိုဝင်းလာရင် ပျော်တယ်။ ကိုဝင်း အမြဲပဲလာ
စေချင်တယ်.... ကိုဝင်းပြောသမျှစကားတွေကို နားထောင်
နေချင်တယ်”

ကျွန်မသည် ကိုဝင်းအောင်၏ နာမည် အစအဆုံးကိုပင်
မခေါ်နိုင်တော့ဘဲ ‘ကိုဝင်း’ ဟူ၍ပင် ခေါ်နေမိပါတော့သည်။
ဤတွင် ကိုဝင်းအောင်မှာ ပိုမို၍.... ရဲတင်းလာပြီး ကျွန်မ

ထိုင်နေသည့် နှစ်ယောက်ထိုင်-ကုလားထိုင်သို့ဝင်၍ ပူးကပ်စွာ ထိုင်လိုက်ပါသည်။

"အခုပြောတဲ့ ညီုရဲ့စိတ်ကို ဘာခေါ်တယ်လို့တော့ မပြောချင်ဘူး။ ဒီစိတ်ကို မေတ္တာလို့ပဲ ခေါ်ခေါ် ဆန္ဒရမက်လို့ပဲဆိုဆို ဒီစိတ်ဟာ မကောင်းမှုကို အားပေးမဲ့စိတ်တွေပဲ။ အင်္ဂလန်ပြည် လူစွမ်းကောင်းတွေ စိုးမိုးခဲ့တဲ့ခေတ်က အဖြစ်အပျက်တွေကို ရေးထားတဲ့ ပုံဝတ္ထုလေးတွေ ညီု ဖတ်ဖူးမှာပေ့ါ။ မိန်းမချောလေးတစ်ယောက်ဟာ တိုက်ပွဲကို ထွက်ရတော့မယ်။ သူ့ချစ်သူကို စစ်တိုက်ရင်း ကိုယ်မှာ လွှမ်းခြုံဖို့ဆိုပြီး ပိုးပုဝါပေးလိုက်သတဲ့။ ရန်သူနဲ့ ရင်ဆိုင်တိုက်ဖို့ သွားတဲ့လူကို သံချပ်အင်္ကျီတို့ ဘာတို့ကို ပေးဖို့သတိမရဘဲ ပိုးပုဝါကို သတိရတဲ့ မိန်းကလေးနဲ့.... ညီုနဲ့ ဘာမှ မထူးဘူး....၊ ညီုရဲ့စကားလေးတွေဟာ ပိုးပုဝါလိုပဲ ချောမွေ့ပါတယ်။ လှပါတယ်။ ဒါပေမဲ့ ရန်သူ့ဓားချက်ကိုတော့ ကာနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်ခံစားရမဲ့သောကကို.... မတားနိုင်ဘူး။ သက်သာရာရအောင် မတားနိုင်ဘူး...."

ကိုဝင်းအောင်၏.... မီးတောက် မီးလျှံနှင့်တူသော စကားသံကြောင့် ကျွန်မနှလုံးအိမ်မှ သွေးသားတို့မှာ ဆူပွက်လှုပ်ရှား၍ လာပါတော့သည်။

"ဒီကိစ္စဟာ ညီု့အဖို့မှာတော့ စဉ်းစားစရာတစ်ခုသက်သက်ပဲ။ ဒါပေမဲ့ ကျွန်တော့်အဖို့မှာ ရောမ စွန့်စားချက်ကြီးပဲ။ ကျွန်တော်ဟာ.... ညီု့ကို ချစ်သူတစ်ယောက်အနေနဲ့ သဘောထားတယ်။ အိမ်ထောင်ဖက်အနေနဲ့ သဘောမ

ထားဘူး။ အဆုံးကျတော့ ကျွန်တော်ဟာ ထိတ်စရာဇာတ်လမ်းတွေ ရေးထားတဲ့ စာအုပ်တစ်အုပ်ပါပဲ။ တကယ့် အစစ်အမှန်မဟုတ်ဘဲ....၊ စိတ်ကူးနဲ့ ရေးထားတဲ့ ဇာတ်လမ်းပဲ။ ဇာတ်လမ်းကတော့ ရှေ့ဆက်ရင် ဆက်နိုင်ပေမဲ့ စာမျက်နှာကုန်ခါနီးလို့ အဆုံးသတ်ပြီး အဖုံးပိတ်ရတော့မယ်”

“ဒီစာအုပ်ကို ကိုဝင်းပဲ ပိတ်လိုက်တာ မဟုတ်လား။ တခြားရှောင်ထွက်သွားပြီး ပိတ်လိုက်မှာ မဟုတ်လား-”

“ဒါပေ့ါ.... ဒီလောက်.... စိတ်နှလုံးချောက်ခြားစရာကောင်းတဲ့ ဇာတ်ကွက်ကြီးကို ဆက်ပြီးဖတ်နေရင် စိတ်ပင်ပန်းရုံရှိတော့မှာမို့ ပိတ်ပစ်ရတော့မှာပေ့ါ။ ဒါပေမဲ့ ညိုဟာဇာတ်လမ်းရဲ့ နောက်ဆုံးအခန်း ဇာတ်သိမ်းကိုတော့ အမြဲသတိရစေချင်တယ်....”

ကျွန်မ၏ ရင်တစ်ခုလုံးမှာ ဆို့ကြပ်၍နေသဖြင့် ဘာကိုမျှပြန်မပြောနိုင်ခဲ့ပါ....။

“တနင်္ဂနွေနေ့ကျရင် မောင်ပြန်လာတော့မယ်။ ညို့စိတ်ထဲမှာ ကိုယ်နဲ့လိုက်ချင်စိတ်ရှိရင် နက်ဖြန်ကာ မြို့ထဲအလည်လိုက်ခဲ့စေချင်တယ်။ အဲဒီနေ့ဟာ- ညိုနဲ့မောင် နောက်ဆုံးတွေ့ခြင်းနဲ့ တွေ့ရမဲ့နေ့ဘဲ။ ဇာတ်လမ်းရဲ့နောက်ဆုံး စာမျက်နှာကလေးကို မဖတ်တော့ဘဲ.... စာအုပ်ကို မပိတ်ပစ်လိုက်ပါနဲ့။ ကျွန်တော် ဇာတ်ကွက်မလည်ဘဲ နေနေပါအုံးမယ်....”

ကျွန်မ ထိုကိစ္စအတွက် ဘာမျှမစဉ်းစားမိပါ။ ဘာကိုမှလည်း မစဉ်းစားချင်ပါ....။

တစ်ခါတစ်ရံ ကျွန်တွင်.... မိုက်မဲသော အပြုအမူများကို အဓိပ္ပာယ်မရှိ ပြုမိတတ်သည့် အကျင့်ဆိုးရှိပါသည်။

"ညိုကြ.... ဦးနှောက်နဲ့ စဉ်းစားမှပေါ့။ ငယ်ထိပ်နဲ့ မစဉ်းစားစမ်းပါနဲ့...." ဟူ၍ပင် မောင်က မကြာမကြာ ပြောတတ်ပါသည်။

ထိုစိတ်၏ တိုက်တွန်းချက်ကြောင့်ပင် နောက်တစ်နေ့တွင် ကိုဝင်းအောင်နှင့်အတူ မြို့ထဲသို့ အလည်လိုက်ပါမိပါတော့သည်။ ကိုဝင်းအောင်သည် ကျွန်မအား . . ကားဖြင့် တင်ဆောင်ကာ မြို့တစ်ဘက်စွန်သို့ ခေါ်၍သွားပါသည်။ ထိုမြို့တစ်ဘက်စွန်တွင် တောရကျောင်းတစ်ကျောင်း ရှိသည်ကို သတိရသဖြင့်....

"ဘာလဲ.... ကိုဝင်းက တောရကျောင်း သွားမလို့လား။ မသွားပါနဲ့ရှင်။ သူတော်ကောင်းတွေနေတဲ့နေရာနဲ့ ကျွန်မတို့နေတဲ့နေရာနဲ့ မတန်ပါဘူး...." ဟု ပြောမိရာ ကိုဝင်းအောင်က ပြုံးပြီး "မဟုတ်ပါဘူး- ညိုရယ်...." ဟု ပြောကာ ကားကို ဆက်လက်၍ မောင်းပါတော့သည်။

ထိုမှ- ကားသည် ခြံကြီးတစ်ခုထဲသို့ဝင်ကာ သပ်ရပ်စွာ ဆောက်လုပ်ထားသည့် အိမ်တစ်ဆောင်ရှေ့တွင် ရပ်လိုက်ပါသည်။ ထိုအိမ်တွင်းရှိ အိမ်ထောင်ပရိဘောဂမှစ၍ ခင်းကျင်းထားပုံများကို ကျွန်မသေချာစွာ မှတ်မိပါသေးသည်။ အိမ်ရှင်များ ဖြစ်ဟန်တူသော လင်မယားနှစ်ယောက် ထွက်လာကြကာ ခေတ္တမျှ ဖော်ရွေစွာ ဧည့်ခံပြီး မြို့ထဲတွင် ကိစ္စရှိသည်ဟုဆိုကာ ထွက်ခွာသွားကြပါသည်။

ဤတွင်.... တစ်အိမ်လုံး ကိုဝင်းအောင်နှင့် ကျွန်မသာရှိကြောင်း သတိထားမိပါသည်။

ကိုဝင်းအောင်သည် ကျွန်မ၏အနီးတွင် လာ၍ထိုင်ကာ....ကျွန်မတစ်ကိုယ်လုံးကို ပွတ်သပ်ချော့မြှူရင်း ပါးစပ်မှလည်း တတွတ်တွတ်ပြောနေပါသည်။ ဘာတွေပြောနေသည်ကိုကား မမှတ်မိတော့ပါ။ သူ၏စကားသံများမှာ ကျွန်မ၏နားထဲတွင် စန္ဒယားခလုတ်ပေါ်တွင် ကြောင်တက်၍ ဆော့နေသည့်ပမာ တိုးတိုးတစ်ခါ ကျယ်ကျယ်တစ်လှည့်နှင့် ပီသတိကျခြင်းမရှိခဲ့ပါ။

ဤနေရာတွင် ကျွန်မအား မိန်းမတစ်ယောက်အဖြစ်ထား၍ စဉ်းစားကြည့်စေချင်ပါသည်။

ကြုံရာနှင့်လိုက် ကြိုက်ရာနှင့်မြောင် တွေ့မရှောင်သားလူ့ဘောင်ဌာန ဤလောကဥ္စ မိန်းမသဘော ရမ္မက်ပြော၏။ မြတ်သောစာရီ ပါရမီနှင့် ဣတ္ထိတို့မှ ကြွင်းသမျှဥ္စ ချစ်လှလွန်းငြား ငါ့မယားကား ငါ့အားသာမျှ ငါမှအထူး စိတ်မကူးဟု သားဦးမောင်လှ မမှတ်ရဘူး အဂ္ဂမဟေသီ ဒေဝီဖြစ်လျက် မင်းထက်လွန်ကာ ကျွန်ဆတ္တာကို အာရုံမက်မှားရမက်ပွား၍ သားသန္ဓေရ ဟူကုန်ကြ၏။ အစရှိသည်ဖြင့်စာဖွဲ့လောက်အောင် ဆိုးသွမ်းခဲ့သော မိန်းမများအထဲတွင်ပါဝင်နေသည့် မိန်းမတစ်ဦးဖြစ်သည့် ကျွန်မမှာ ရက်လ ရှည်ကြာ လင်နှင့်ကင်းကွာရကာ တစ်ယောက်ထီးထီး ဖော်မဲ့ကာနေရသည့် ကျွန်မ၏ဘဝတွင် ဤသို့ယောကျ်ားချော အပြောလယ်လယ် စကားကြွယ်သူတို့နှင့် ယဉ်ပါးမိခြင်းသည် လွန်

လွန်းရာကျပါသလော....

ကျွန်မမှာ ထိုအချိန်က တိမ်တိုက်ကြားရှိ ကောင်းကင်အလယ်မှ တိုင်းပြည်တစ်ပြည်ကို စိုးမိုးအုပ်ချုပ်ရသော ဘုရင်မကဲ့သို့ ဖြစ်နေပါသည်။ တိမ်တိုက် တိမ်လွှာများကို ဖြတ်ကျော်ကာ လဟာပြင်တွင် နတ်ယဉ်ပျံ့စီးနေခဲ့ပါသည်။ ထိုအခိုက် နတ်ယဉ်ပျံကို လေမုန်တိုင်းတိုက်ကာ လွင့်စင်၍ ကျလာပြန်သဖြင့် မှိတ်ထားသောမျက်လုံးအစုံကို ဖွင့်ကြည့်မိသည်တွင် ဖြူဖွေးသော ခြင်ထောင်မိုးကို မြင်ရပါတော့သည်။

ကိုဝင်းအောင်ကား အေးဆေးစွာ စီးကရက်ကို ဖွာနေပါသည်။ ကျွန်မစိတ်ထဲတွင် ကတုန်ကယင်ဖြစ်လာရာမှ အားရ ပါးရ ငိုချမိပါတော့သည်။ ဘာဖြစ်၍ ကျွန်မငိုသည်ကိုကား မရှင်းပြတတ်ပါ။ ကိုဝင်းအောင်နှင့် ကွေကွင်းရတော့မည် ဖြစ်သဖြင့် ငိုမိခြင်းလည်း မဟုတ်ပါ။ ကိုဝင်းအောင်ကို ကျွန်မနည်းနည်းလေးမှ မချစ်မှန်း ကျွန်မကိုယ်တိုင် သိပါသည်....။ သို့သော် သို့သော်.... ကျွန်မဆက်လက်၍ ပြန်မရေးနိုင်တော့ပါ။ ကျွန်မ သည် ထိုကိစ္စကို ပျောက်သွားအောင် ကြိုးစားပါသည်....။ ကျွန်မကား- စိတ်ကူးလောကတွင်ပင် ရှိနေပါသေးသည်။ ကိုဝင်းအောင်အပြောနှင့် ရေးရပါက ဇာတ်လမ်း၏ နောက်ဆုံးစာမျက်နှာတွင် ရောက်နေပါပြီ။

ကားပေါ်သို့တက်၍ အိမ်သို့ပြန်ပို့စေကာ အိမ်ပေါ်သို့ တက်လိုက်တော့မှ ဇာတ်လမ်းဆုံးကာ စာအုပ်အဖုံးကိုလည်း ပိတ်လိုက်ရပါတော့သည်။ စိတ်ကူးယဉ် ဇာတ်လမ်းကား ဆုံးခဲ့ပါပြီ။ တကယ့်အစစ်အမှန်လောကသို့ ဝင်ရတော့မည်။

ကျွန်မသည် တစ်လမ်းလုံး အားရပါးရ ငိုလာခဲ့သဖြင့် ရင်ထဲတွင် ရှင်း၍နေပါသည်။ အိမ်သို့ရောက်လျှင်ရောက်ခြင်း အိမ်ထောင်ပရိဘောဂများကို.... သပ်သပ်ယပ်ယပ် ရှိနေအောင် ကိုယ်တိုင် ပြုလုပ်မိပါတော့သည်။

မောင်ပြန်လာပါက အစစအဆင်သင့်ရှိရအောင် ဂရုတစိုက် ပြုလုပ်မိပါသည်။

မောင်ပြန်လာရင်-မောင်ပြန်လာရင်....

× × ×

"ဖြစ်ပြီးခဲ့တာတွေကို ပြန်ပြောလိုက်ရမလား"

"မပြောပါနဲ့.... မပြောပါနဲ့...."

ကျွန်မသည် အကြိမ်ကြိမ်တွေးခဲ့ပါသည်။ အကယ်၍ ကျွန်မနှင့် ကိုဝင်းအောင်သည် ဆက်လက်၍ဆက်သွယ်ကြဦးမည်ဆိုပါက ပြောပြသည်က သင့်လျော်သော်လည်း ကိုဝင်းအောင်ကား.... ပြန်သွားခဲ့ချေပြီ.... နောက်ထပ်လည်း မတွေ့ရတော့ပါ။ ကျွန်မကိုယ်တိုင်ကလည်း မတွေ့ချင်တော့ပါ.... စင်စစ် ကျွမ ကိုဝင်းအောင်ကို နည်းနည်းမှ မချစ်ပါ။ ကျွန်မ၏ ချစ်သူမှာ "မောင်" သာလျှင် ဖြစ်ပါသည်။ သို့စဉ်လျက် ကိုဝင်းအောင်အား ဘာကြောင့် တစ်ကိုယ်လုံးပုံခဲ့သနည်းဟု မေးရန်ရှိပါသည်။ အချစ်နှင့် ဆန္ဒရမ္မက်မှာ တခြားစီ ဖြစ်သည်ဟု ကျွန်မ ထင်မိပါသည်။ မောင်နှင့်ကျွန်မမှာ အမှန်ဆိုရလျှင် ဘဝ၏အပိုင်းအစများ ဖြစ်ကြပါသည်။ ကျွန်မတို့နှစ်ယောက် ဆုံနေမှသာလျှင် ဘဝင်ကြည်နူး မွေ့လျော်ရာ

ဖြစ်သော အချစ်နှင့်တကွ စုံဖက်ဖြစ်ပေါ်လာရာ စေတသိက်တို့ကို အတိအကျ ခံစားနိုင်ကြပါသည်။

ဆန္ဒ၏အလိုကို လိုက်မိသဖြင့် လောလောဆယ် ခံရသည့် အပြစ်ဒဏ်ကား မှားမိလေခြင်း.... ဟူသော နောင်တ၏ ရိုက်ပုတ်ခြင်းကို ဦးနှောက်ပျက်မတတ် ခံစားရခြင်းပင်ဖြစ်ပါသည်။ ဖြစ်ပြီးခဲ့သည့်ကိစ္စကို နောင်တရနေခြင်းဖြင့် အကျိုး မရှိမှန်း သိသော်လည်း နောင်တကိုကား ပယ်ဖျက်၍ မရနိုင်ခဲ့ပါ။

"ညိုရေ.... မောင်ပြန်လာပြီ...."

မောင်ကား ပြန်လာချေပြီ- ကျွန်မအဖို့တွင်လည်း မောင့်အတွက် အစစအရာရာ အဆင်သင့် စီမံပြီးခဲ့ချေပြီ....။

ထူးဆန်းသည့်အချက်ကား မောင်လာပြီး နေ့ရက်များတွင် အပျော်ဆုံးနေ့များ ဖြစ်ခြင်းကြောင့်ပင်တည်း....။ အသေးအဖွဲကိစ္စကလေးများကိုပင် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ဂရုတစိုက် ယုယကြပါသည်။ ပျော်နေကြပါသည်ဟု.... ဆိုသည့်တိုင် တစ်ခါတစ်ရံ လွန်ခဲ့ပြီးသည့် ကိစ္စကို ပြန်၍သတိရမိပါက ကြက်သီးမွေးညှင်းများပင် ထ၍ လာတတ်ပါသည်။ ဟက်ဟက်.... ပက်ပက် ရီနေသော မောင်၏ရီသံကိုပင် ကျွန်မအား လှောင်ပြောင်နေခြင်းပေလော ဟုတွေးတောမိကာ မနေတတ် မထိုင်တတ် ဖြစ်လာမိပါသည်။

ကျွန်မတို့သည် မကောင်းမှုများကို တခဏအတွင်း ကျူးလွန်ပြီးဆုံးစေနိုင်သော်လည်း.... နောင်တကား တစ်သက်

လုံး ဆုံးတော့မည်မထင်ပါ....။ ထိုနောင်တရခြင်းသည်ပင် လျှင် ကျွန်မအား ကြီးစွာသော စိတ်မချမ်းသာမှုကို ဖြစ်စေပါ သည်။ စိတ်မငြိမ်မသက်၍ ချောက်ချားမိတိုင်း စိတ်ကို ထိန်း သိမ်းမှုလေး ရနိုင်စေရန်အတွက် အိမ်မှုကိစ္စတို့အား ရှာဖွေ ကြံဖန်၍ လုပ်နေမိပါသည်။ ရှင်းရှင်းဝန်ခံရလျှင် ကျွန်မမှာ ယခုမှပင် ပိုမို၍ ပိပြားလာသော မိန်းကလေးဖြစ်မှန်းမသိ ဖြစ်လာပါတော့သည်။ ယောက်ျားတစ်ယောက်နှင့် ဒီလိုနေ မိရင် ဒီလိုဖြစ်လာတတ်ပါကလားဟုလည်း လက်တွေ့သ ဘောတရားကို ထင်မြင်လာပါတော့သည်။

တစ်နေ့တွင် မောင်အလုပ်သွားနေခိုက် မောင်၏ အင်္ကျီ ဟောင်းများကို လျှော်ဖွတ်ရန်အတွက် ချိတ်ထားရာမှ ဖြုတ် ယူရင်း အိတ်ထဲတွင်ရှိသမျှ ပစ္စည်းတို့ကို.... ထုတ်ယူမိပါ သည်။ လက်ကိုင်ပုဝါ စာရွက်လွှတ်တို့အကြားမှ စာအိတ် တစ်အိတ်ကို တွေ့ရပါသည်။

စာသွားရန်လိပ်စာမှာ မောင်၏ နာမည်နှင့်တကွ အ လုပ်ရုံးဖြစ်ပါသည်။ စာတိုက်တံဆိပ်မှာလည်း တစ်မြို့တည်း ပင်ဖြစ်ကာ နေ့စွဲမှာ မောင်အလုပ်ဆင်းပြီး နောက်တစ်နေ့ ဖြစ်ပါသည်။ စာရွက်ခေါက်ကား တိုတိုလေး ဖြစ်ပါသည်။ ဘာကြောင့်ဟူ၍မသိ။ ဟိုယခင်က မောင်၏စာကို ခွင့်မ တောင်းဘဲ.... မဖတ်ဖူးသော်လည်း ယခုအခါတွင် ပြာ ပြာသလဲ.... ဖွ၍ ဖတ်မိပါသည်။

“မြို့အုပ်မင်းခင်ဗျား....”

မြို့အုပ်မင်းတို့အိမ်ထောင်ရေးကို.... ဖျက်ဆီးချင်၍ မ

ဟုတ်ပါ။ မြို့အုပ်မင်း၏ဂုဏ်သရေကို ထိခိုက်မည် စိုးရိမ်၍ အကြောင်းကြားရခြင်း ဖြစ်ပါသည်။ အကြောင်းမှာ.... မြို့အုပ်မင်း၏ဇနီးသည်သည် လွန်ခဲ့သော သောကြာနေ့က မြို့စွန်ကခြံထဲရှိ.... အိမ်တစ်အိမ်တွင် ရန်ကုန်မှအလည်လာသော လူငယ်တစ်ယောက်နှင့်.... တစ်နေ့လုံး နေကြပါသည်။

ဟိုယခင် ရက်များကလည်း ထိုသူနှင့်အတူ မြို့ထဲတွင် လည်ပတ်နေကြသည်သာချည်း ဖြစ်ပါသည်။ မြို့အုပ်မင်းကို ဂုံးချောခြင်းမဟုတ်ပါ။ မယုံလျှင် ထိုအိမ်သို့သွား၍ မေးနိုင်ပါသည်။ ထိုအိမ်မှာ ထိုကဲ့သို့ယောကျ်ားနှင့် မိန်းမများ အတွက် ငှားရမ်းလေ့ရှိပါသည်။

## "အကျိုးလိုသူ မိတ်ဆွေတစ်ဦး"

စာအဆုံးတွင် ကျွန်မ၏လက်ဖျားများသည် တဆတ်ဆတ် တုန်လာပါတော့သည်။ မောင်သည် သိနေပါပြီတကား အလုပ်လုပ်စကပင် သိနေပါသည်တကား။ သို့စဉ်လျက် မောင်သည် ယနေ့အထိ ဘာမျှမဖြစ်သကဲ့သို့ နေခဲ့လေသနည်း။ အံ့ဖွယ်ရာကောင်းလှပါပေသည်။ လော်လီဖောက်ပြားကာ- သာယာမှု၏ဆွဲဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိခဲ့သူကျွန်မအား- အဘယ်ကြောင့် ယနေ့တိုင်အောင် အပြစ်မယူဘဲ လျစ်လျူရှုနေပါဘိသနည်း။ မောင်သည်.... ကျွန်မအပေါ်တွင်.... အချစ်တွေ လွန်နေသဖြင့် အပြစ်ပြောစကားတွေကို နားမဝင်သောကြောင့်လော သို့မဟုတ် ကျွန်မကိုယ်တိုင်က ဖွင့်ဟ ဝန်ခံကာ ဒူးထောက်၍ တောင်းပန်မည့်နေ့ကို မျှော်လင့်နေခြင်းပေလော။

ဟုတ်ပါပြီ။ မောင်သည် ကျွန်မ ကိုယ်တိုင် ဖွင့်ဟဝန်ခံမည့် အချိန်ကို စောင့်စားနေခြင်းသာ ဖြစ်ရပေမည်။ သို့မဟုတ် နောက်ထပ်တစ်ကြိမ် အခြားသို့ သွားဦးမည်ဟု ပြောကာ ထွက်ခွါသွားဟန်ပြုပြီး တစ်နေရာရာမှ စောင့်ကာ ကျွန်မတို့နှစ်ယောက်ကို လက်ပူးလက်ကြပ် ဖမ်းလို၍လော။ မဖြစ်နိုင်။ ဤကိစ္စမျိုး နောက်ထပ်ပေါ်ပေါက်လာရန်အရေးမှာ လုံးဝ မဖြစ်နိုင်ကြောင်းကို ကျွန်မကိုယ်တိုင် ယုံကြည် စိတ်ချပြီး ဖြစ်ပါသည်။ မောင်ကိုယ်တိုင်လည်း ဤကဲ့သို့ အကြပ်ကိုင်သည့် စနစ်ကို သုံးလိမ့်မည်ဟု နည်းနည်းမှ မမျှော်လင့်ပါ။

ကျွန်မသည် မောင်၏ အင်္ကျီဟောင်းကို ကိုင်ကာ.... ကြမ်းပြင်ပေါ်တွင် မည်မျှကြာကြာ ထိုင်နေမိသည် မသိပါ။ ကရွတ်ကင်းလျှောက်အတွေးများကိုသာ ဆက်ခါဆက်ခါ အဖြေရှာမရဘဲ တွေးနေမိပါသည်။

“အမယ်လေး.... ညို့မှားခဲ့ပါပြီ.... မောင်ရဲ့....” ဟူ၍ ခြေသလုံးဖက်ကာ နတ်သံနှော၍ ပြောရမည်လေ။ မဖြစ်နိုင်။ ခွဲခွဲပြစ်ပြစ်ပြောရမည်ကလည်း.... တစ်သက်လုံး ဝါသနာမပါသဖြင့် မဖြစ်နိုင်ပါ။ ဖွင့်ဟဝန်မခံဘဲ နေပါကလည်း တစ်သက်လုံး ကိုယ့်လိပ်ပြာက ကိုယ့်ကိုပင် ပြန်၍ ချောက်လှန့်နေပေတော့သည်။ ဤတွင်မှ ကိုယ့်ကိုယ်ကို အပြစ်တင်၍ မဆုံးနိုင်ဘဲ ဒေါသလည်း ထွက်မိပါသည်။ စင်စစ် ထိုစဉ်အခါက ကျွန်မမှာ ကာမကျူးသည့် မိန်းမတစ်ဦးပမာ ဘာဘာညာညာ မစဉ်းစားနိုင်ဘဲ ကိုဝင်းအောင်၏ ညို့ဓာတ်အလျှောက် ဆွဲဆောင်ရာသို့ လိုက်ပါမိခဲ့သည်ကို စဉ်းစားလိုက်ပါက ကိုယ့်

ကိုယ်ကိုပင် သတ်ပစ်ချင်စိတ် ပေါ်လာပါတော့သည်။

အချိန်ကား မည်မျှပင် ကြာခဲ့လေသည်မသိ....။

"ညိုရေ.... မောင်ပြန်လာပြီ...."

မောင်ကား.... ပြန်လာချေပြီ။ ပကတိလေးနက်ကာ ခန့်ငြားလှသည့် မောင့်အသံကား အပြစ်မကင်းသူ ကျွန်မအား တုန်လှုပ်ချောက်ခြားစေပါသည်။

"ညိုရေ.... မောင်ပြန်လာပြီလေ.... ဘယ်များသွားနေပါလိမ့်...."

ကျွန်မသည် အခန်းထဲမှ ကပျာကရာ ပြေးထွက်လာမိပါသည်။

"ရှိတယ်လေ.... မောင်...."

"ညို့နှယ်ကွာ.... ဘယ်များ သွားနေသလဲလို့ မောင်ဖြင့် ထိတ်သွားတာပဲ.... တကတဲ...."

မောင်သည် ကျွန်မ၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်၍ ဘေးနားမှ လိုက်လာရင်း ပြောပါသည်။

"ဘယ်မှမသွားပါဘူး အခန်းထဲမှာ တစ်ယောက်ထဲ ပျင်းပျင်းရှိတိုင်း ဟိုတွေး သည်တွေး တွေးနေတာနဲ့ပဲ"

"အံမယ်လေး.... အိမ်လွမ်းနေတယ်ပေါ့လေ.... ဟုတ်လား။ ကဲ- ကဲ.... ရေချိုးချင်ပြီကွာ။ ထမင်းလဲဆာတယ်"

မောင်သည် ခါတိုင်းကဲ့သို့ပင် အေးအေးဆေးဆေး ပြောနေပါသည်။ ချွေးခံအကျီအိတ်ထဲရှိ စာရွက်ခေါက် က

လေးကား တဆတ်ဆတ်ခုန်ကာ ကျွန်မ၏ရင်အုံကို တူဖြင့်နှက် နေသကဲ့သို့ ဖြစ်နေပါသည်။ မောင်သည် ရေချိုးခန်းဘက်တွင် ရေချိုးနေရာ တဘုန်းဘုန်းမြည်နေသော ရေကျသံကို နားထောင်ရင်း ကျွန်မ၏အသဲနှလုံးမှာလည်း မီးတောက်မီး လျှံများဖြင့် တဟုန်းဟုန်း တောက်လောင်နေပါသည်။

ထိုမှ မောင်သည် ရေချိုး၍ပြီးခဲ့ကာ ထမင်းစားခန်းသို့ ပင် ဝင်ပါတော့သည်။ ထမင်းစားဝိုင်းသို့ ရောက်ပြန်ပါလည်း ကျွန်မမှာ ထမင်းမစားနိုင်သေးဘဲ ငိုင်၍နေမိပါသည်။

“ဟုတ်ပြီ.... သူ့ကို ငါစာပြလိုက်မယ်။ ဒီစာပြပြီး အကျိုးအကြောင်း ဝန်ခံပြလို့မှ ငါ့ကို ခွင့်မလွှတ်ရင် ဒီမှာလဲ မနေတော့ဘူး အမေတို့ဆီကို ပြန်တော့မယ်....”

ကျွန်မသည် တိကျသောဆုံးဖြတ်ချက်ကို ချလိုက်ပါသည်။

“ဟော့.... ထမင်းစားမယ်လေကွာ.... ဘာများ ငိုင်နေတာလဲညိုရဲ့....”

ကျွန်မသည် မျက်ရည်များ ရစ်ဝဲလာသဖြင့် မှုံရီနေသော မျက်လုံးအစုံဖြင့် မောင့်ကိုကြည့်ကာ....

“ဒီမှာ.... မောင်....”

“ဘာလဲ.... ညို....”

“ဒီမှာ.... စာတစ်စောင်.... စာတစ်စောင်....”

မောင်သည် ကျွန်မလက်ထဲကစာကို တွေ့လျှင် တွေ့ချင်း ဖြတ်ကနဲဆွဲယူလိုက်ကာ....

"ဟာ.... ဒီစာရွက်ကို.... မောင်-လွှင့်ပစ်ပြီးပြီ အောက်မေ့နေတာ.... လက်စသတ်တော့.... ရှိသေးသကိုး...."ဟု တအံ့တဩ ပြောမိပါသည်။

"ဒီစာကို.... မောင့်အင်္ကျီဟောင်း.... အိတ်ထဲက ရတယ်...."

ကျွန်မသည် ဘာကိုမျှ ဆက်မပြောတော့ဘဲ ခေါင်းကို ငုံ့ နေပါသည်။

"သူက.... ဘယ်ကသူလဲ.... ဘယ်သူလဲ...."

"ညို- တကယ်ပဲ ချစ်လို့လား...."

"ညို့စိတ်ထဲမှာ ဘယ်လို စဉ်းစားထားသလဲ.... မောင်နဲ့ပဲ ကွာမလား...."

ထိုထိုသော မေးခွန်းတွေ မေးလာပါက ကျွန်မ.... မည်မျှ ဝမ်းသာချိမ့်မည်နည်း။ ထိုမေးခွန်းတွေကို စီရရီဖြေရင်းကာ မောင့်အား ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်ပါက မည်မျှစိတ်ထဲမှာ ရှင်းသွားချိမ့်မည်နည်း။ မောင်၏စကားသံကား တော်တော်နှင့် ထွက်မလာပါ။ ထမင်းစားပွဲကို လက်ဖျားဖြင့် တဒေါက်တဒေါက် ခေါက်သံသာလျှင် ဆက်ခါဆက်ခါ ထွက်လာပါသည်။ ကျွန်မ၏အာခေါင်များသည် ခြောက်ကပ်၍ လာပါတော့သည်။ လည်ချောင်းဝတွင်လည်း များစွာသော စကားလုံးတို့ဖြင့် တစ်ဆို့၍ နေပါသည်။

မောင်သည် အတော်ကြာ ငြိမ်သက်နေပြီးမှ.... ဟင်းကနဲ သက်ပြင်းတစ်ချက်ချလိုက်ကာ "ဖြစ်မှ ဖြစ်ရလေညိုရာ ဒီစာကိုမှ သွားတွေ့တတ်ပလေ။ ဒီလိုပဲပေါ့ကွာ.... လော

ကမှာ အလိုက်အထိုက်နေရတယ်ဆိုတာ မောင် သိတာပေါ့။ တစ်ခုတော့ရှိတာပေါ့လေ.... ယောကျ်ားဆိုတဲ့သတ္တဝါမျိုးတွေက.... လွယ်လွယ်တွေ့ရင် လွယ်သလို ကြံတတ်တော့ မိန်းမတွေကစပြီး သတိထားရမှာပေါ့...."ဟု အေးဆေးစွာ ပြောနေပါသည်။

ကျွန်မသည် အသက်ကိုမျှ မရှူဘဲ နားထောင်နေမိပါသည်။ မောင်သည် ကျွန်မ၏ပုခုံးစွန်းတစ်ဘက်ကို လက်ဖြင့်ညှစ်ရင်း....၊ "ကဲ.... ဒါတွေကို ပြောမနေချင်တော့ပါဘူး။ ညိုရယ်.... တော်ကြပါစို့ရဲ့။ စာထဲမှာ ရေးထားတာတွေကို မောင်မယုံပါဘူး။ ညို ပျော်သလိုနေပြီး စိတ်ချမ်းသာသလို နေပေါ့။ ဟုတ်လား။ မေ့ပစ်လိုက်ပါကွာ.... ဒီစာရွက်လဲ မီးရှို့ပစ်လိုက်ပါ...."ဟု ပြောပါသည်။

မောင်ကား.... ညို့အပေါ်တွင် တကယ်ယုံကြည်မှုရှိသူဖြစ်ပါသည်။ ကြားကစာကိုပင် မယုံဟု ဆိုပါသည်။ ကျွန်မကား.... အတန်ကြာမျှ ငြိမ်သက်စွာ ငေးနေမိပါသည်။

"ကဲ- စားကြစို့ကွာ...."

မောင်ကား.... ထမင်းစ၍ စားချေပြီ။ ကျွန်မသည် ထမင်းစားရန် ဟန်ပြင်လိုက်စဉ်.... ကိုဝင်းအောင်၏ မျက်နှာသည် ဘွားကနဲပေါ်လာကာ လှောင်သလိုဟန်နှင့် ရယ်နေသည့် အသံကိုလည်း ကြားယောင်မိပါသည်။ ကျွန်မသည် မျက်စိကို စုံမှိတ်ကာ စိတ်ကို တင်းပါသော်လည်း ကိုဝင်းအောင်၏ ရုပ်သဏ္ဌာန်မှာ ပေါ်မြဲပေါ်လျက်ရှိကာ ရယ်သံကိုလည်း ကြားမြဲကြားနေရပါသည်။

မောင်ကား.... ကျွန်မ၏ရာသက်ပန် ချစ်သူသာ ဖြစ်ရပေမည်။ လောက၏ အရှုပ်အထွေးများကို နားမလည်စဉ်ကလည်း ချစ်ခဲ့သည်။ သောကကင်းဝေးစဉ်ကလည်း ချစ်ခဲ့ရသည်။ ယခုလည်း ချစ်မြဲပင်။ နောင်ကိုလည်း သေသည်အထိ ချစ်ရဦးမည်။ မောင်-မောင်- ညို ချစ်မဝနိုင်တဲ့မောင်။

သို့သော်.... သို့သော်....

မောင်နှင့်ကျွန်မအပြင် ကျွန်မစိတ်ကူးလောကတွင် အမြဲကျက်စားနေသူတစ်ဦး ရှိပါသေးသည်။ သူကား.... ဘယ်အခါ လာမေးမေး "မချစ်ဘူး"ဟု အဖြေပေးရမည်ဖြစ်သည့် ကိုဝင်းအောင်ပေတကား။

ကိုဝင်းအောင်.... ကျွန်မ.... မောင်.... သည်အိမ်လေးတွင် သည်သုံးယောက်သာလျှင် အစဉ်အမြဲ ပူးတွဲ၍ နေကြသည်ဟု ထင်မိပါသတည်း။

**သန်းဆွေ**

# ★ မိန်းမဟူသည် ★

ကိုသိန်းအောင်သည် နဖူးပြင်ပေါ်တွင် စည်းကပ်စို့ရွှဲ၍ နေသော ချွေးသီးချွေးပေါက်တို့ကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်ပြီး ဟင်းကနဲ သက်ပြင်းချလိုက်လေ၏။

နောင်တနှင့်အတူ ရောထွေးပေါ်လာသည့် တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်း၊ ယူကြုံးမရခြင်း၊ အံ့သြခြင်းတို့သည် သူ၏ရင်ထဲတွင် မွှေနှောက်ကာ ဗလောင်ဆန်၍နေလေ၏။

× × ×

"ထွီ.... ခွေးမသား.... လှဖေ...."

ယနေ့အဖို့ ကိုလှဖေနှင့် တွေ့ဆုံမိသောကြောင့်သာ ဤမျှ-ဆိုးဝါးမိုက်မဲသော ကြောက်မက်ဘွယ်ရာအမှုကို ပြုမိခဲ့ရလေသည်။

ကိုလှဖေနှင့် မတွေ့မီ- ညနေစောင်းကမူ ကိုသိန်းအောင်သည် အလွန်တရာစိတ်ကြည်နူးစွာဖြင့် မြစ်ကမ်းပါးတွင် လမ်းလျှောက်နေခဲ့လေသည်။ ပြာလဲ့လဲ့ မြစ်ပြင် မြရောင်လက်နေသည့် သစ်ရွက်စိမ်း.... ဝင်လုဆဲ နေမင်းကြောင့် ရောင်စုံတောက်နေသည့်.... တိမ်တောင် ဘယ်အရာကိုပင် ကြည့်ကြည့် သူ့စိတ်ထဲတွင် ကြည်လင်အေးမြခဲ့ရလေသည်။ တစ်နေ့လုံး အာပေါက်လုမတတ် အော်ငေါက်သင်ပြခဲ့ရသဖြင့် ပင်ပန်းနွမ်းလျနေသည့်စိတ်အာရုံတို့မှာလည်း ထိုအခါမှ

ပင် လန်းဆန်း၍ လာလေသည်။ မြစ်ပြင်ကို ဖြတ်၍ တိုက်လာသည့်လေပြေကို အားရပါးရ ရှူရှိုက်မှုတ်ထုတ်လိုက်တိုင်း သူ့ရင်ထဲတွင် ခိုအောင်းနေသည့် စိတ်၏အညစ်အကြေးတို့သည် ရောနှောလွင့်ပါသွားသည်ဟု ထင်မိလေ၏။ ကိုသိန်းအောင်ကဲ့သို့ အေးအေးဆေးဆေး နေလိုသည့်လူစားမှာ ထိုကဲ့သို့သာ နေရလျှင် အမြဲပင် နှစ်သိမ့်ကျေနပ်ခြင်း ဖြစ်ရလေသည်။ ဤသို့-အေးအေးဆေးဆေး နေလိုသောစိတ်ကြောင့်ပင် သူသည် ကျောင်းဆရာကြီးအလုပ်ကို ဝင်လုပ်ခဲ့သည် မဟုတ်ပါလော။ လူအေး- လူပျော့ဖြစ်သော်လည်း မိန်းမကို ချစ်မြတ်နိုးရာတွင်မူ သူတကာထက် ခိုင်မာမြဲစွဲလှပေသည်။

'ဟုတ်ပါရဲ့- သင်းသင်းတော့ ထမင်းစားဖို့ မျှော်နေတော့မှာဘဲ....''

ထိုအတွေးပေါ်လာမှပင် သူ့စိတ်ထဲတွင် ဆာသလိုလိုဖြစ်လာလေ၏။ ဤတွင် လက်ကိုင်ဒုတ်ကို ဝှေ့ရမ်းလိုက်ပြီး အိမ်သို့ ပြန်လာလေသည်။

အိမ်မရောက်မီ ခပ်လှမ်းလှမ်းကပင် အိမ်ထဲမှ ထိုးထွက်နေသည့်မီးရောင်ကို တွေ့ရလေသည်။ ထို့နောက်- အိမ်ဘက်မှ လေချွန်သံတစ်ခု ထွက်လာသည်ကို ကြားရသောကြောင့် ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားလေသည်။

"ဘယ်သူများပါလိမ့်- ဧကန္တ လှဖေများလား...."

ကိုသိန်းအောင်သည် ခြေလှမ်းကို ရပ်၍ စဉ်းစားနေစဉ် အိမ်ဘက်ဆီမှ လျှောက်လာသောလူရိပ်တစ်ခုကို တွေ့ရပေ

သည်။

"ဟုတ်ပါပြီ- လှဖေ နေမှာပါဘဲ။ မလွဲနိုင်ပါဘူး။ ဒီကောင်ဟာ ငါကျောင်းသွားနေတဲ့အချိန်မှာ ငါ့အိမ်ကို နေ့တိုင်းလိုလိုလာတယ်လို့ ဟိုဘက်ခြံက လူတွေပြောဖူးတယ်....၊ တစ်ရပ်ကွက်လုံးကလဲ လှဖေနဲ့ သင်းသင်းနဲ့ကို ဘာလိုလိုတွေ ပြောနေကြတယ်။ ဟုတ်မှာပါဘဲ။ သင်းသင်းကိုယ်တိုင် ဒီအကြောင်းနဲ့ပတ်သက်ပြီး စကားစလိုက်ရင် စိတ်ဆိုးလာတယ်...."

ကိုသိန်းအောင်သည် သာမန်အားဖြင့်သာ ထိုသို့တွေးတောမိခဲ့သော်လည်း သူ၏အတွင်းစိတ်ထဲကမူ သင်းသင်းအပေါ်တွင် ယုံကြည်စိတ်ချသည့် အချစ်စိတ်တို့ လွှမ်းမိုးနေသဖြင့် အရေးမထားခဲ့ပေ။ သို့သော်.... မကြာမကြာ အိမ်သို့လာလည်တိုင်း မရိုးသားသည့် မျက်လုံးများဖြင့် ကြည့်တတ်သော လှဖေ၏ အမူအရာကိုမူ သူအတော်စိတ်ဆိုးမိလေသည်။ စင်စစ်.... ကိုသိန်းအောင်သည် တစ်ရပ်ကွက်လုံးနှင့် သင့်တင့်အောင် ပေါင်းတတ်သော လူရိုးလူဖြောင့်ကြီးဖြစ်သော်လည်း မိမိအမြတ်တနိုးထားခဲ့သည့် သင်းသင်းအပေါ်တွင် ဤသို့ပြုမူခြင်းကိုကား.... နည်းနည်းလေးမျှသည်းမခံနိုင်ရှာ....။

တဖြည်းဖြည်း နီး၍နီး၍လာသည့် လူရိပ်သည် သဲသဲကွဲကွဲ မြင်လုဆဲတွင် လမ်းနံဘေးသို့ ရုတ်တရက် ခွဲထွက်ပျောက်ကွယ်သွားသည်ကို မြင်ရလေရာ သူ၏မသင်္ကာစိတ်သည် သေချာ၍လာလေ၏။

"ဟော့.... ပုန်းမနေပါနဲ့-လှဖေရာ။ မင်းကို ငါအဝေးကြီးကတဲက မြင်ပြီးသားပါ။ ပုန်းနေမဲ့အစား ငါနဲ့ စကားတစ်ခွန်းလောက် ပြောရအောင်...."

ချက်ခြင်းလိုလိုပင် သစ်ပင်နောက်မှ ထွက်လာလေသည်။

"အို.... ဆရာကိုသိန်းအောင်ပါလား။ ဘာတွေများ ဒေါသတကြီးနဲ့ အော်နေရပါလိမ့်။ ကျုပ်ပုန်းနေတာ မဟုတ်ပါဘူးဗျ။ အပေါ့သွားချင်လို့ ခဏသွားတာပါ...."

"ဘာ.... မင်းက ငါ့ကို သူငယ်နှပ်စားလေးများ အောက်မေ့နေလို့လား။ ဘာ- မင်းဘာမှ ပလီပလာတွေ လုပ်နေတာလဲ...."

တင်းမာစွာထွက်ပေါ်လာသော.... ကိုသိန်းအောင်၏ စကားအဆုံးတွင် လှဖေသည် ဟက်ဟက်ပက်ပက် ရီလိုက်လေ၏။ သူ၏ရီသံမှာ သရော်သံပါနေလေ၏။

"ခင်ဗျားကြီး.... အရက်တွေသောက်လာလို့လား"

"ဘာ-ဘာ မင်းကများ ငါ့ကို အရက်သောက်လာတယ်လို့ ပြောတယ်လား။ မူးနေတာက မင်းမဟုတ်လား။ ဟော့ကောင်- ငါဘယ်တော့မှ ဒီလို အသိဉာဏ်ကင်းစင်စေတဲ့ လူမိုက်လူရူး သောက်သုံးမကျတဲ့ ဂျပိုးအလုပ် မလုပ်ဘူးကွ။ သိရဲ့လား....။ မင်းလို ခွေးလောက်မှ အဖိုးမတန်တဲ့အကောင်တွေသာ အရက်သောက် သူများမိန်းမ...."

"ဟာ.... ခင်ဗျားကြီး လွန်လာပြီဗျာ။ ဒိပြင်လူသာဆိုရင် ကျုပ်-သည်းခံနိုင်တော့မှာမဟုတ်ဘူး...."

ကိုသိန်းအောင်၏စကားမဆုံးမီ လှဖေသည် ကမန်းကတန်းဝင်၍ ပြောလိုက်လေ၏။

"အေး-ဒီပြင်လူဆီကသာ လက်မခံနိုင်ပေမဲ့ ငါ့ဆီကတော့ လက်ခံရလိမ့်မယ်....။ မင်းဟာ.... လူယုတ်မာ၊ ကြာသမား။ မင်းအခုငါ့မျက်စေ့ရှေ့မှာ ခြေရာဖျောက်ဖို့ ကြိုးစားနေတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုရင် မင်း ငါ့မိန်းမကို ကြိတ်ပိုးပိုးပြီး ငါ့မိန်းမက ရိုးရိုးသားသား လက်ခံစကား ပြောတာကို မင်းက အသားယူပြီး ရိသဲ့သဲ့ပြောခဲ့လို့ မဟုတ်လား။ ဒါကြောင့် မင်း ငါ့ကိုတွေ့တော့ မျက်နှာပူပြီး ရှောင်ပြေးတာ မဟုတ်လား။

ကိုသိန်းအောင်၏စကားအဆုံးတွင် လှဖေသည် ပုခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး ရင်ကို ခပ်ကြွားကြွားကော့ကာ ပိုင်နိုင်သော စကားလုံးများဖြင့် မထေမဲ့မြင် ပြောရန် စဉ်းစားနေလေ၏။

"ဒါကတော့ ခင်ဗျား ထင်ချင်သလိုထင်ပေ့ါ.... အမှန်ကို ဆိုရရင်လဲ ဟဲ.... ဟဲ အခုတင်ပဲ ခင်ဗျားမိန်းမ အသင်းနဲ့ နှစ်ပါးသွားခဲ့တယ်။ ဒါဘာဖြစ်သလဲ...."

ကိုသိန်းအောင်သည် တစ်ကိုယ်လုံး....တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်အထိ ဒေါသထွက်လာလေ၏။ သူ၏လက်နှစ်ဘက်သည် ပျဉ်းကတိုးသားလက်ကိုင်ဒုတ်ကို တင်းကြပ်စွာ ဆုပ်ကိုင်မိလေ၏။ သို့သော်.... အသိတရား လင်းရောင် ခြည်သည် မှောင်မိုက်သော ဒေါသအကြားသို့ တိုးဝင်လာလေ၏။

"ဘာ.... မင်း ငါ့ကို ဒီလိုပဲ ပြောသလား။ ဒါမင်း အရွဲ့တိုက်ပြောတာပေါ့လေ.... တကယ် ပြောတာလား.... ရွဲ့တာလား။ မင်းတကယ် သင်းသင်းနဲ့ စကားပြောခဲ့တယ်ဆိုရင် ငါ့လက်နှစ်ဘက်နဲ့ မင်းအသက်ကို ဆွဲထုတ်ယူရမှာပဲ။ ဒါပေမဲ့ မင်းဒီလောက် ယုတ်မာဖို့မကောင်းဘူး။ ငါ အကောင်းပြောနေတာ မင်း တကယ်ပဲ ရောက်ခဲ့သလား"

"အို.... တကယ်ပေါ့ဗျ.... ခင်ဗျားထင်တဲ့ အတိုင်းပါပဲလို့ ဆိုမှပဲ နောက်လဲရောက်ချင်ရောက်ဦးမှာပဲ...."

"ဘာ.... မင်း ဒီတစ်ခေါက်ရောက်ပြီးရင် နောက်ရောက်ဦးမယ်လို့ ထင်နေလို့လား။ အေး.... ငါဟာ.... မင်းကို နောက်ဆုံး တားမြစ်ခြင်းအနေနဲ့ မတားမြစ်နိုင်ရင်တော့ ဟုတ်ပေမပေါ့- မင်းဒီလိုပဲ ငါမရှိရင် အိမ်ကိုလာပြီး ငါ့မိန်းမကို ရိသဲ့သဲ့ ပြောမယ်ဆိုတာ ငါသိပါတယ်။ မင်းဒီလို ခွေးကျင့် ခွေးကြံ လုပ်နေတာကို ကြားရတာကတော့ ကြာပါပြီ။ ဒါပေမဲ့ မင်းဟာ ဒီလောက်ယုတ်မာတဲ့အလုပ်ကို လုပ်ရလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး။ ယုံလဲ မယုံခဲ့ဘူး။ အပျိုတွေ ဒီလောက်ပေါနေတဲ့ကြားက ကာမပိုင်လင်ရှိမယား တစ်ယောက်ကို ပိုးနေတယ်ဆိုတာ ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး....သင်းနဲ့တောင် ပြောမိသေးတယ်.."

"အော်.... ဟုတ်လား.... ပြောမိသေးသလား.... သူက ဘာပြောသလဲ...."

"ဘာပြောရမလဲ.... မင်း သူ့ကို တန်းတန်းစွဲ ဖြစ်နေတာကိုတော့ ပြောပြတာပေါ့...."

လောကဓာတ်တစ်ခွင်မှအမှောင်သည် တစထက်တစ စုရုံး၍လာနေသော်လည်း မဲ့ပြုံးပြုံးနေသော လှဖေ၏မျက်နှာကို ကောင်းစွာမြင်ရလေ၏။ ကိုသိန်းအောင်၏ နားတွင် အသံနှလုံးဆတ်ဆတ်ခါနာလှူမျှ ပြောခဲ့သော သင်းသင်း၏ စကားသံကို ကြားယောင်မိလေ၏။ သင်းသင်း.... သင်းသင်း.... သူ့အချစ်ဆုံးသင်းသင်းက သူ့အား နင့်နင့်သီးသီး ကက်ကက်လန်အောင် ရန်ထောင်ခဲ့ဖူးသည်။

"အို.... ခင်ဗျား အပိုတွေပြောမနေပါနဲ့။ ကျုပ် သွားမယ်။ အိမ်ကျရင်သာ ခင်ဗျားနမ်းမဝတဲ့ ဂမုန်းပန်းကလေးကို မေးစမ်းပါအုံး။ ကျုပ်အားရပါးရ နမ်းထားလို့ ခင်ဗျား နမ်းတဲ့အခါ ချစ်ရနံ့ ထွက်သေးရဲ့လား မသိပါဘူး...."

ပြောပြောဆိုဆို ခြေလှမ်းပြင်လိုက်သော လှဖေအား.... ကိုသိန်းအောင်သည် ဒေါသရောင်ထွက်နေသော မျက်လုံးများဖြင့် စေ့စေ့ကြည့်နေရာမှ တဆတ်ဆတ် တုန်နေသော အောက်နှုတ်ခမ်းကို ရှေ့သွားဖြင့် ဖိလိုက်ခါ လက်ထဲတွင်ရှိသော ဒုတ်ကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်လိုက်ပြီး အားရပါးရ ရိုက်လိုက်လေ၏။ 'ဖြောင်' ဟူသော အသံနှင့်အတူ ယိမ်းထိုးသွားသော လှဖေ၏ခေါင်းမှ သွေးတွေ ကျလာလေ၏။ ကိုသိန်းအောင်သည် တစ်ချက်ပြီးတစ်ချက် ဆက်ခါဆက်ခါ ရိုက်လေ၏။ လှဖေမှာမူ ပထမတစ်ချက်တွင်သာ 'အား' ဟု တစ်ချက်အော်နိုင်ပြီးနောက်တွင် သတိလစ်နေတော့သည်။ ရက်စက်ကြမ်းတမ်းသော ရန်ပွဲ၏အလယ်တွင် သွေးများသည် နီရဲဖြာဆင်းလျက် ရှိလေ၏။ လူစိတ်ပျောက်

နေသည့် ကိုသိန်းအောင်သည် လမ်းဘေးတွင် အဆင်သင့် တွေ့ရသော ကျောက်ခဲတစ်လုံးဖြင့် ဦးဆက်ကိုတင်၍ ထုပြန် လေ၏။ ထို့နောက် ခြေနှစ်ဘက် ဒရွတ်ဆွဲကာ လမ်းဘေး မြောင်းထဲသို့ ပစ်ချလိုက်လေသည်။

ထိုနောက်တစ်မိနစ်ခန့်ကြာတော့မှ ကိုသိန်းအောင် သည် သူဘာတွေလုပ်ခဲ့သည်ကို.... သတိရလာလေတော့ သည်။ ပြူးကြောင်သောမျက်လုံးများဖြင့် မြောင်းထဲတွင် မှုန် ဝါးဝါးမြင်ရသည့် ကိုးယို့ကားယားအလောင်းကြီးကို ကြည့်နေ မိ၏။ ခပ်တွန့်တွန့်နောက်သို့ ဆုတ်လာရင်း ထိတ်လန့်တုန် လှုပ်လာလေ၏။ စိတ်ပျက်နောက်ကျိဖွယ်ရာ ညခင်းတွင် ခပ် ပြင်းပြင်း ဝေ့လာသော လေရူးသည် သူ့မျက်နှာကို တိုးဝင် လာလေ၏။ ကိုသိန်းအောင်သည် တုန်ရီသော လက်ချောင်း များဖြင့် အင်္ကျီကော်လံကို ဆွဲတင်ပြီး ခေါင်းကို ဆက်ခါဆက် ခါ ယမ်းနေမိလေ၏။

"ခွေးမသား.... လှဖေ...."

ကိုသိန်းအောင်၏အသံသည် လည်ချောင်းထဲတွင် နစ် ၍နေလေ၏။ သူသည် ခြေလှမ်းကြဲကြီးများဖြင့် အိမ်ဘက်သို့ လျှောက်လာလေ၏။

× × ×

ကိုသိန်းအောင်သည် နဖူးပြင်ပေါ်တွင် စေးကပ်စို့ရွှဲနေ သော ချွေးသီးချွေးပေါက်တို့ကို လက်ကိုင်ပုဝါဖြင့် သုတ် လိုက်ပြီး ဟင်းကနဲ သက်ပြင်းချလိုက်လေ၏။ နောင်တနှင့် အတူ ရောထွေးထွက်ပေါ်လာသည့် တုန်လှုပ်ခြင်း၊ ထိတ်လန့်

ခြင်း၊ ယူကြုံးမရခြင်း၊ အံ့သြခြင်းတို့သည် သူ၏ရင်ထဲတွင် မွှေနှောက်ကာ ဗလောင်ဆန်၍နေလေ၏။

ယနေ့အထိ လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းကာ လူငယ်ကလေးများအား ပြုပြင်သင်ကြားနေသည့်ဆရာ တစ်ဦးဖြစ်ခဲ့သော်လည်း တိုတောင်းလှသည့်အချိန်အတွင်းမှာပင် သူသတ်ယောက်ျား ရာဇဝတ်ကောင်ဘဝသို့ ရောက်ခဲ့လေပြီ။ အနေးနှင့်အမြန် အမှုထမ်းတို့သည် လှဖေ၏အလောင်းကို တွေ့ကြတော့မည်။ ထိုအခါ သူသတ်ကြောင်း မသိသိအောင် စုံးစမ်းကြတော့မည်။

"အို.... သူတို့ မမိနိုင်ဘူး.... မမိစေရဘူး...."

ကိုသိန်းအောင်သည် စိတ်ကို တင်းလိုက်လေ၏။

အမှန်မှာ ထိုကိစ္စသည် သင်းသင်းနှင့်သူသာ သိကြသည် မဟုတ်ပါလော....။ သင်းသင်းနှင့်သူ့အကြားတွင် ဘယ်သူ လာ၍ သွေးခွဲနိုင်ပါမည်နည်း။ အထူးသဖြင့် သင်းသင်း အပေါ်တွင် အခြေတည်၏။ သင်းသင်းကား သူ၏ အချစ်ဆုံး သော ယုံကြည်အားကိုးရသော စိတ်ချရသောအမြတ်နိုးဆုံး သော ဇနီးကလေး မဟုတ်ပါလော....

အိမ်ပေါက်ဝသို့ရောက်သောအခါ သူသည် နဖူးပေါ် တွင် ပြန့်ကြဲနေသော ဆံပင်များကို သပ်ရပ်အောင် ပြုပြင် လိုက်လေ၏။ ထူသော သူ၏တင်းမာခက်ထရော်သော မျက် နှာထားနှင့် ထောင်ထနေသည့် နားထင်ကြောများကိုမူ ပြုပြင် ၍မရပေ။ အိမ်ပေါက်တွင် ရပ်ရင်း သူ၏လှုပ်ရှားထကြွနေ သော စိတ်အာရုံတို့ကို အရှိန်သတ်၍နေလေ၏။

သူ့အဖို့တွင်.... စော်ကားလှသောလှဖေအား မကြာမီက အောင်ပွဲဆင်ခဲ့ရသော်လည်း လှဖေကဲ့သို့ ကျန်းမာသန်စွမ်းလှသူ တစ်ယောက် ပြင်းထန်သည့် ဒဏ်ရာဒဏ်ချက်တို့ဖြင့် သေနေသူကို တွေ့ရသူများကမူ မည်သည့်နည်းနှင့်မျှ ကြေနိုင်မည်မဟုတ်။ လှဖေကား.... ငယ်ရွယ်နုပျိုလှသေးသည်။

တဖြည်းဖြည်းလျှောက်လာသော ကိုသိန်းအောင်သည် ဧည့်ခန်းဝသို့ ရောက်သောအခါ မီးရောင်အောက်တွင် ထိုင်ရင်း စာဖတ်နေသည့် သင်းသင်းကို တွေ့ရလေရာ ခေတ္တမျှရပ်လိုက်ပြီး အင်္ကျီလက်ဖြင့် သူ၏မျက်နှာကို သုတ်လိုက်လေ၏။ လက်ကို ပြန်ချလိုက်သောအခါ၌ကား သူ၏အင်္ကျီလက်မှာ ချွေးဖြင့် စိုရွှဲနေတော့သည်။ ပြုံးပြုံးကလေးမော့လာသော သင်းသင်း၏မျက်နှာသည် ကိုသိန်းအောင်၏ မျက်နှာနှင့် ဆုံမိသည်နှင့်တပြိုင်နက် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

“ဟင်-ကိုကို-ကိုကို- ဘာဖြစ်လာတာလဲ.... မျက်နှာမကောင်းပါလား....” ဟု အလန့်တကြားအော်ရင်း ပြေးလာကာ ကိုသိန်းအောင်၏ပုခုံးကို ကိုင်လိုက်လေ၏။

“ဟင်- ကိုကို ဘာဖြစ်လာသလဲ။ တစ်ခုခု ဖြစ်လာပါပြီဟုတ်လား- ဟင်....”

“ဟုတ်....ဟုတ်တယ်.... တစ်ခုခုဖြစ်လာပြီ....”

ရောယောင်ထွက်ပေါ်လာသော.... ကိုသိန်းအောင်၏ စကားသံကြောင့် သင်းသင်းသည် ထိတ်ကနဲ ဖြစ်သွားလေ၏။

"ဟုတ်တယ်- ဖြစ်လာတယ်။ ဒီနေ့ည လွတ်အောင်ပြေး ရမယ်။ ကိုကို ပြောတာနားထောင်။ မြို့တောင်ဘက်က တောရကျောင်းထဲက ဇရပ်ပျက်ကြီးကို သိတယ်မဟုတ်လား-"

သင်းသင်းသည် စကားတစ်ခွန်းမှမပြောနိုင်ဘဲ ငိုင်နေရာမှ ရမ်းသန်း၍ ခေါင်းညိတ်လိုက်လေ၏။

"အေး.... အဲဒီကျောင်းထဲက ဇရပ်ပျက်ကြီးကို ကိုကိုသွားမယ်.... ဒီမှာနေလို့ မဖြစ်ဘူး။ အဲဒီကမှ တစ်ဆင့် တခြားလွတ်ရာကို ပြေးရမယ်။ ဒီမှာတော့ မနေရဲဘူး။ သွားရမယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ သတ်ချင်စိတ်ပေါက်လာလောက်အောင် အစော်ကားမခံရဘဲနဲ့ သတ်မှာမဟုတ်ဘူးဆိုတာတော့ ဘုရားသိမှာပါပဲ"

သင်းသင်းသည် စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကို ကုတ်လိုက်ပြီး ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာဖြင့် ဆွတ်လေ၏။

"ထိုင်ပါအုံး.... ကိုကိုရဲ့။ ဘာတွေပြောနေတာလဲ သင်းဖြင့် နားကိုမလည်ဘူး"

"အို.... ကိုကို ဒီမှာနေလို့ မဖြစ်ဘူး။ တော်တော်ကြာလာကုန်ကြလိမ့်မယ်။ တောရကျောင်းမှာတော့ လုံခြုံတယ်။ ဘယ်သူက လာမေးမေး ကိုကို ဘယ်သွားမှန်း မသိဘူးလို့ပြော.... အားလုံး အေးဆေးသွားတော့ အဲဒီဇရပ်ပျက်ကြီးထဲကို ထမင်းလာပို့ပေးပေါ့.... ဟုတ်လား.... ကိုကို ဟိုကစောင့်နေမယ်"

"အော်.... ကိုကိုကလဲ.... ဘာဖြစ်လာတယ်ဆိုတာကို

လဲ ပြောဦးမှပေါ့....”

ကိုသိန်းမောင်သည် နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်ပြီးမှ....

“စောစောက လှဖေနဲ့တွေ့ခဲ့တယ်။ သင်းသင်းကို ပိုးနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သူ့ကို ရှုံ့ချမိတယ်.... အဲဒီတော့ သူက မထီလေးစားနဲ့သရော်တယ်၊ လှောင်တယ်။ ဒီတွင် ကိုကိုလဲ ချုပ်တည်းမရနိုင်လောက်အောင် ဒေါသထွက်တာနဲ့ ဒုတ်နဲ့အသေရိုက်မိခဲ့တယ်။ ကိုကိုလေ.... လူမပြောနဲ့ ကြက်တောင် မသတ်ဖူးဘူး.... အခုလူသတ်မှုတရားခံ ဖြစ်နေပြီ”

“ဘယ်သူ့ကို သတ်ခဲ့တာလဲ- ကိုလှဖေကိုလား....”

“ဟုတ်တယ်.... လှဖေပေါ့။ သူလေ.... ကိုကို့ကို စော်ကား....”

ကိုသိန်းအောင်၏စကားမဆုံးမီ သင်းသင်းသည် ဂရုတစိုက် နားထောင်နေရာမှ ဟိုက်ကနဲ အော်လိုက်ပြီး ပုံလျက်သား လဲကျသွားလေ၏။ ကိုသိန်းအောင်သည် စကားစကို ဖြတ်ကာ ပြာပြာသလဲ ပွေ့ချီလိုက်လေ၏။ တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ပါးချင်းကပ်ထားလေ၏။ “သင်းသင်း သင်းသင်း” ဟု ခေါ်နေသည့်တိုင် ထူးသံကို မကြားရတော့ရာ....ကြာရှည်ပါက.... ပုလိပ်တွေ ရောက်လာတော့မည်ကို တွေးမိသဖြင့် နေသားတကျဖြစ်အောင် ထားခဲ့ပြီး အိမ်ပေါ်မှ ဆင်းပြေးလေ၏....။ စိုးရိမ်ကြောက်လန့်မှုသည် သူ၏ အချစ်ဆုံးဇနီး၏အပါးမှ အဝေးသို့ မောင်းနှင်ထုတ်လိုက်လေပြီ

တကား....။

ကိုသိန်းအောင်သည် လမ်းမကြီးကို ကျော်ဖြတ်ကာ ချောင်းရိုးထဲသို့ ဆင်းသွားလေ၏။ ချောင်းထဲသို့ ရောက်သောအခါ တောင်စူးစူးသို့ ခပ်သုတ်သုတ် သွားလေရာ မြောက်လေသည် အဖော်အဖြစ် လိုက်ပို့ရှာလေ၏။ နောက် မိုင်ဝက်ကျော်မျှ ပြေးလေ၏။ ထို့နောက် ခပ်သုတ်သုတ် လျှောက်ပြန်၏။ ထို့နောက် ပြေးပြန်၏။ တစ်ခါတစ်ရံ ကျောက်ခဲကြီးများကို ခလုတ်တိုက်မိ၏။ နောက်ဆုံး တောရ ကျောင်းဝသို့ ရောက်သည်တွင်မှ အပြေးရပ်ကာ သက်ပြင်း ရှည်ကြီး တစ်ချက် မှုတ်ထုတ်လိုက်လေ၏။

သူသည် တံခါးရွက်ပြုတ်နေသော အပေါက်မှ ဇရပ် ပျက်ကြီးထဲသို့ ဝင်လေ၏။ ဇရပ်အလယ်တွင်ရှိ ဘီရိုအပျက် ကြီးပေါ်တွင် ခြေပစ်လက်ပစ် လှဲလိုက်ပြီး ပါးစပ်မှ တတွတ် တွတ် ရွတ်ဆိုလေတော့သည်။

“ဘုရား....ဘုရား.... ကယ်တော်မူပါ။ သင်းသင်းနဲ့ တပည့်တော်ကို နတ်ကောင်းနတ်မြတ်များ စောင့်ရှောက် ပါ....။ လှဖေဟာ လူယုတ်မာပါ....”

တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်ကြောင့် ထရံပေါက် အတွင်းသို့ အပြင်းအထန်တိုးဝင်လာသော လေသံ၊ လေထဲ တွင် ယိမ်းယိုင်နေသော သစ်ရွက်ခြောက်တို့၏ အချင်းချင်း တိုးဝှေ့သံ၊ ညဥ့်ငှက်တို့၏ အမင်္ဂလာအသံတို့ကို ပီသစွာ ကြားရလေ၏။ သူသည် တစိမ့်စိမ့်တွေးကြောက်နေရာမှ လိပ်ပြာမလုံသကဲ့သို့ဖြစ်လာကာ မှောင်မိုက်ထဲတွင် လှဲနေ

ရာမှ ထိုင်လိုက်လေ၏။ ထို့နောက် ခေါင်းကို မော့၍ လက်အုပ်ချီကာ ဆုတောင်းလေသည်။

"နတ်ကောင်းနတ်မြတ်တို့ ကြည့်မနေပါနှင့်။ ကျွန်တော်ဟာ မှန်ရာကိုသာ လုပ်ခဲ့ပါတယ်။ အဲဒီ သစ္စာစကားကြောင့် လာမဲ့ဘေးမှ ကင်းဝေးအောင် ကယ်တော်မူပါ။ အခု ဖြစ်တာဟာ ကျွန်တော်မျိုးက ကျူးလွန်စော်ကားလို့ မဟုတ်ပါ။ ကျွန်တော်မျိုးရဲ့စိတ်ကို မချုပ်တည်းနိုင်လောက်တဲ့ ဒေါသမျိုး ထွက်လာအောင်ပြောလို့သာ ခုလိုဖြစ်ခဲ့ရတာပါ။ ဒါ့ကြောင့် ကျွန်တော်မျိုးကို ခွင့်လွှတ်ပြီး ရောက်မဲ့အပြစ်ဒဏ်က ကာကွယ်တော်မူပါ။ ခုလို-တောင်းပန်ရတာဟာလဲ ကျွန်တော်မျိုး အတွက် မဟုတ်ဘဲ သင်းသင်းအတွက်ပါ....။ သူ့ခမြာ မိန်းမသားတစ်ယောက်ထဲမို့ပါ...."

ကိုသိန်းအောင်သည် ဆောက်တည်မရ ဆုတောင်း၍နေရာမှ အပေါက်ဘက်ဆီသို့ထွက်၍ရပ်ကာ ပိန်းပိတ်အောင်မှောင်နေသော ပတ်ဝန်းကျင်သို့ ခပ်ငေးငေးကြည့်နေမိ၏။ ပြောင်လက်သော ကြယ်တို့သည် အမှောင်ထဲတွင် မြုပ်ချီပေါ် ချီဖြစ်၍နေလေ၏။ ယခုမှပင် ဆာရမှန်းသိ၍လာလေ၏။ နေ့လည်ကတည်းက ဘာမှမစားခဲ့ရသည်မှာ.... ယခုအထိဖြစ်တော့သည်။ နွမ်းနယ်သောကိုယ်ခန္ဓာဖြင့် တံခါးဘောင်တို့ မှီရင်း မှေးနေမိလေ၏။

မျက်လုံးအိမ်တွင်မူ.... သင်းသင်းကို မြင်ရောင်မိလေ၏။

သူ့အတွက် ထမင်းလာပို့ပါက မှောင်ကြီးထဲတွင် တစ်ယောက်တည်း လာရရှာတော့မည်။ သူသည် သင်းသင်းကို

သာ မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော်နေရလေသည်။ တစတစ သင်းသင်း လာချိန်နီးနေပြီဟု တွေးမိလေသည်။

သို့နှင့်ပင် ညဉ့်ဦးယံအချိန်သည် တရွေ့ရွေ့ ကုန်ခဲ့လေသည်။

မြို့ဘက်ဆီမှ စိတ်မချမ်းမြေ့ဖွယ်ရာ ခွေးအူသံ ခွေးဟောင်သံတို့ကို မကြာမကြာ ကြားရလေ၏။ ထိုသို့ ကြားရတိုင်း ခွေးဟောင်သံသည် သူ့ထံသို့ လာနေသော သင်းသင်းကို ဟောင်နေကြခြင်းပေလောဟု တွေးတောမိလေ၏။ သင်းသင်းကား ယခုတိုင် မပေါ်လာသေး။ ဤအချိန်တွင် ရောက်သင့်ကောင်းပါလျက် ရောက်မလာသော သင်းသင်းအတွက် စိတ်ရှုပ်စ ပြုလာလေ၏။

"အို.... ဟုတ်ပါရဲ့.... ငါလာကာနီးတုံးက သူ သတိလစ်ကျန်ရစ်တာဘဲ.... အခု သတိမှ ပြန်ရပါလေစ။ တကယ်လို့များ သတိပြန်မလယ်လာဘူးဆိုရင် ပြုစုမဲ့သူလဲ မရှိဘူး။ သတိများ ပြန်မလည်ရင်တော့ ဘုရား....ဘုရား.... တပူပေါ် နှစ်ပူဆင့်အုံးမှာလားဗျာတို့...."

ကိုသိန်းအောင် စိုးရိမ်စိတ် ပြင်းထန်လာသဖြင့်.... မောဟိုက်လာလေ၏။ သို့သော်.... စိုးရိမ်တကြီး ပူပန်ခြင်းမှတစ်ပါး မည်သို့မျှ မတတ်နိုင်ပေ။ လက်တစ်ဘက်ဖြင့် ခေါင်းကို ကိုင်ကာ မှိန်းနေရလေ၏။ မိနစ်နာရီစသော အချိန်ကလေးများကို ပင်ပန်းခက်ခဲစွာ ကျော်လွှားနေရတော့သည်။ သူ၏ စိတ်အာရုံတွင် အသဲထိတ်ဖွယ်ရာခရီးကြမ်းကို သွားနေသကဲ့သို့ ထင်မှတ်နေလေ၏။ သူသည် ခပ်စောင်းစောင်းလှဲရင်း

ပြူတင်းပေါက်ဆီသို့ လှမ်းမျှော်ကြည့်မိလေသည်။

ထိုခဏ၌ ချောင်းကမ်းပါးတစ်ဘက်ဆီမှ သစ်ရွက်နင်းသံ သဲ့သဲ့ကို ကြားရလေသည်။ ရုတ်တရက် ထ၍ထိုင်ကာ အသံလာရာဘက်သို့ နားစွင့်လိုက်လေ၏။ သစ်ရွက်ခြောက်ကို နင်းလာကြသော ခြေသံများသည် တဖြည်းဖြည်း နီးလာသည်ထက် နီးလာလေတော့သည်။

"အို- ဘာသံမှမဟုတ်ပါဘူး။ ငါ့စိတ်က ထင်နေလို့ပါ" ဟု ကိုယ့်ကိုယ်ကို လှည့်စား၍ ပြနေရသော်လည်း အသံကား- ပို၍ ကျယ်လောင်၍လာလေသည်။ နောက်ဆုံးတွင်ကား အသံမှာ ကျယ်သည်ထက် ကျယ်လာသဖြင့် လှဲနေရာမှ ရုတ်တရက်ထကာ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်လေ၏။ အမှောင်ထုကြီးလွန်းသဖြင့် ဘာကိုမျှမမြင်ရသော်လည်း အသံမှာမူ နီးကပ်၍နီးကပ်၍လာလေသည်။ ထိုမှ.... တိုးတိုး တိုးတိုးပြောနေကြသည့် စကားသံတို့ကိုပင် ကြားမိသလိုလို ဖြစ်နေလေ၏။ တုန်လှုပ်ချောက်ခြားစွာဖြင့် အသံလာရာဘက်သို့ ဂရုတစိုက်ကြည့်လိုက်ရာ သူ့ဘက်ကို ဝှေ့ရမ်းလာသော လက်နှိပ်ဓာတ်မီးရောင်ကြောင့် ကြက်သီးတွေ ဖြန်းကနဲ ထသွားလေ၏။ မီးရောင်ကြောင့် သူ့ဆီကိုလာနေကြသော လူတစ်စုကို တွေ့ရလေသည်။ သူ့အတွက် ထမင်းလာပို့သော သင်းသင်းနှင့် လိုက်လာကြသည့် အဖော်များလော သို့မဟုတ် ပုလိပ်များလောဟု တွေးတောကာ သေသေချာချာသိရအောင် စေ့စေ့စပ်စပ် ကြည့်နေမိသည်။ ရုတ်တရက် ခြေသံများ ပျောက်သွားပြီး တစ်ယောက်တည်း လျှောက်

လာသည်ကို တွေ့ရလေ၏။ ထိုသဏ္ဍာန်သည် လက်နှိပ်ဓာတ်မီးကို အုပ်အုပ်ကလေးထိုးကာ ခပ်သုတ်သုတ် လျှောက်၍လာနေလေရာ အနီးသို့ရောက်တော့မှ ပုံသဏ္ဍာန်ကို ဖမ်းမိလေသည်။

“သင်းသင်း....”

ကိုသိန်းအောင်သည် လေသံဖြင့် ခေါ်လိုက်ပြီး ဟင်းကနဲ သက်ပြင်းချလိုက်လေ၏။

“မျှော်လိုက်ရတာ သင်းသင်းရယ်.... သင်းသင်း ဘာဖြစ်လို့ ကြာနေတာလဲ။ အရပ်ထဲမှာ ဘာတွေပြောနေကြသလဲ။ ဆူပွက်ကုန်ကြပလား.... ပုလိပ်တွေရော ရှာနေကြပလား....”

ရင်ထဲဆီမှ တိုးဝှေ့လာသော စကားလုံးများသည် လည်ချောင်းထဲတွင်ပင် အလုအယက် ထွက်ရန်ပြုနေကြသဖြင့် တစ်ခွန်းမှ ထွက်မလာတော့ဘဲ တစ်၍နေလေ၏။ လက်နှိပ်ဖက်ကိုသာ ရှေ့သို့ တန်းဆန့်ရင်း အကြောင်သား ကြည့်နေမိသည်။ သင်းသင်းသည် လက်နှိပ်ဓာတ်မီးဖြင့် သူ၏မျက်နှာကို ထိုး၍ထားလေ၏။ ကိုသိန်းအောင်အဖို့ မိုက်မှောင် နက်ရှိုင်းသော ချိုင့်ကြီးထဲမှ တက်လာသူတစ်ဦး အလင်းရောင်ကို မြင်လိုက်ရသလို တအားတက်သွားလေ၏။ ဝမ်းသာခြင်းမှာ ဖော်မပြနိုင်လောက်အောင် ဖြစ်နေသဖြင့် သင်းသင်း၏ အနီးသို့ ပြေးသွားကာ အားရပါးရဖက်လိုက်ဟန် ပြင်လေ၏။

သို့သော်....

ကိုသိန်းအောင်၏ ခြေလှမ်းများသည် သင်းသင်း၏ အ

နီးသို့မရောက်မီ ထွက်ပေါ်လာသော သင်းသင်း၏ စကားသံကား....ကိုသိန်းအောင်၏ ဦးခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသလို ဖြစ်စေ၏။ အသဲနှစ်လုံးကို လှံချွန်ချွန်ဖြင့် အထိုးခံရသကဲ့သို့ ဖြစ်စေ၏။ အရှိုက်ကို အကန်ခံရသူကဲ့သို့ ဖြစ်၏။ နောက်ဆုံးတွင် သူ့အား အသူတစ်ရာနက်သည့် ချောက်ထဲသို့ တွန်းချ လိုက်သကဲ့သို့ ဖြစ်စေ၏။

ထိုစကားသံကား....

"ဖမ်းကြလေ.... ရှင်တို့ ဘာလုပ်နေကြတာလဲ.... ကိုလှဖေကို သတ်တဲ့တရားခံကို မြန်မြန် ဖမ်းမှပေါ့.... " ဟူသတည်း။

**သန်းဆွေ**

## ★ ဖုံးမလုံ ★

သိန်းလွင်သည် ကားထဲတွင် ကြာရှည်ထိုင်၍ မနေနိုင်တော့သဖြင့် ကားပေါ်မှဆင်းကာ ပလက်ဖောင်းပေါ်တွင် လျှောက်၍နေလေ၏။ မိုးတိတ်သွားပြီဖြစ်သော်လည်း လမ်းပေါ်၌ မိုးရေတို့ ကျန်နေဆဲပင် ဖြစ်လေ၏။ မိုးသက်လေသည် တစ်ချက်တစ်ချက် ဝေ့နေဆဲပင် ဖြစ်လေ၏။

သူသည် လက်ပတ်နာရီကို ကြည့်လိုက်၏။ သုံးနာရီထိုးရန် တစ်ဆယ့်ငါးမိနစ်သာ လိုတော့သည်။ မိုးသားတို့ကြောင့် နေလုံးကို မမြင်ရသဖြင့် နေဝင်ဆည်းဆာဟုပင် ထင်ရသည်။ ဤနှစ်၌ မိုးကောင်းလှသည်ကို တွေးမိသောအခါ သိန်းလွင်သည် မျက်မှောင်ကုတ်မိလေ၏။

"အင်း.... နာရီဝက်တောင် ရှိသွားပြီ.... ဘာဖြစ်လို့များ မလာရသေးပါလိမ့်.... ဒီအချိန်ကျမှတော့ လာမယ် မထင်ဘူး.... မလာဘူးဆိုတာ သေသေချာချာ သိရရင်လဲ မစောင့်ဘဲနေရအကောင်းသား.... လာတော့ လာမှာပါ.... သူက ချိန်းတဲ့ကိစ္စဘဲ.... သူ့အလိုအတိုင်းချိန်းတဲ့ ကိစ္စပဲ-လာမှာပေါ့....လာလိမ့်မှာပေါ့...."

သိန်းလွင်သည် ခေါင်းပေါ်တွင် တလိပ်လိပ် တက်နေသော တိမ်တိုက် တိမ်မဲတို့ကို မော့၍ ကြည့်နေရာမှ လမ်းဘက်သို့ ကြည့်လေ၏။ အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာကို ပတ်ချာလည်၍ ကြည့်မိလေ၏။ ထိုမှ ကားပေါ်တက်၍ စောင့်ဦးမည်ဟူသောအကြံဖြင့် ကားအနီး

သို့ ကပ်ကာ တံခါးကို ကိုင်နေခိုက်....

"မောင်...." ဟူသော အသံသဲ့သဲ့ကြောင့် လှည့်ကြည့်လိုက်ရာ 'လှ' ကို တွေ့ရလေ၏။

"ဟင်.... လှ ကုန်းကြောင်း လျှောက်လာတယ်။ ဟုတ်လား...."

"တက္ကစီကို.... ဟိုဘက်လမ်းမှာ ရပ်ပေးခိုင်းပြီး ဒီဘက်ကို ကုန်းကြောင်း လျှောက်လာတယ်...."

"ဘာဖြစ်လို့...."

"ဒီ ဒရိုင်ဘာနဲ့ပဲ.... ဟိုတလောက လှတို့သွားဖူးတယ် ထင်လို့ပါ...."

"ကဲ....ကဲ.... ကားထဲဝင်.... ကားထဲကျမှ အေးအေးဆေးဆေး ပြော...."

သိန်းလွင်သည် လှအား ကားနောက်ပိုင်းသို့ ဝင်စေပြီးနောက် ကားစတီယာရင်းတွင်ရှိ ဟွန်းခလုတ်ကို နှိပ်၍ ဒရိုင်ဘာကို ခေါ်လေ၏။

"ဒါ.... မောင်ငှားလာတဲ့ ကားလား...."

"ဟုတ်တယ်.... ဘာဖြစ်လို့လဲ...."

"အရင်က ငှားဖူးတဲ့ကားများ ဖြစ်နေမလားလို့ ပူလို့ပါ...."

"မဟုတ်ပါဘူး။ ဒရိုင်ဘာအသစ်၊ ကားအသစ်ပါ....ရိုးအေးလို့ တစ်ခွက်လောက် သောက်ပါရစေဆိုပြီး ထွက်သွားတာ.... လာပါလိမ့်မယ်...."

"ဖြစ်မှဖြစ်ရတယ် မောင်ရယ်...."

ထိုအခိုက် ဒရိုင်ဘာရောက်လာလေ၏။ ဒရိုင်ဘာသည် နဖူးအနည်းငယ် နီရုံမှတစ်ပါး အခြား ဣန္ဒြေပျက်ခြင်း မရှိ။ အရက်သောက်ထားသည်ဟူ၍ပင် မထင်ရ။ လှသည် မျက်မှန်အနက်ကို တပ်လိုက်လေ၏။

ဒရိုင်ဘာသည် စက်နှိုးရင်း.... "ဘယ်ကိုသွားမှာလဲ ဆရာ...." ဟု မေးလေ၏။

"ကဲ.... လှ.... ဘယ်သွားမှာလဲ...."

"မြို့ပြင်ကို ထွက်ကြရအောင်.... မြို့ပြင်ရောက်မှ ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ပြီး စားရင်း-သောက်ရင်း.... ပြောကြရအောင်...."

"ဆိုင်တစ်ဆိုင်ဆိုင်မှာ.... ဟုတ်လား...."

"ဟုတ်ပါတယ်.... မြို့ပြင်ကို ထွက်ပါ...."

"ကဲ.... ဒရိုင်ဘာဆရာ.... မြို့ပြင်ရောက်အောင်သာ အရင်မောင်းဗျ.... ဟိုကျမှ ကြည့်စီစဉ်မယ်...."

"ဟုတ်ကဲ့ ဆရာ...."

ကားသည် မြို့ပြင်သို့ ဦးတည်၍ ထွက်လာလေ၏။ သိန်းလွင်သည် လှ၏ကိုယ်နောက်ပိုင်းကို လက်လျှိုကာ ခါးကိုဖက်လိုက်လေ၏။

"ငြိမ်ငြိမ်နေစမ်းပါ မောင်ရယ်.... လူတွေ မြင်ကုန်ပါမယ်...."

သိန်းလွင်သည် ပြုံးရယ်ကာ လက်ကို ရုပ်လိုက်ပြီး လှနှင့် လူချင်းခွာ၍ ထိုင်လေ၏။ ကားလေးသည် တဖြည်းဖြည်းနှင့် မြို့ပြင်သို့ ရောက်လာလေ၏။ မြို့ပြင်ဘက်၌ကား အိမ်ခြေ

တို့ ကျဲလှပေသည်။ စိမ်းလန်းသောလယ်ကွင်းပြင်များကိုသာ တွေ့ရပေသည်။

"ဘယ်အထိ မောင်းရမှာလဲ ဆရာ...."

"ရက်စတော့ရင့် တစ်ခုခုတွေ့ရင် ရပ်ပေါ့ကွာ.... နဲနဲ သားသားနားနားနဲ့ သန့်သန့်ရှင်းရှင်း ရှိမဲ့နေရာပေါ့...."

ဒရိုင်ဘာသည် လမ်းဘေးကို မျက်စေ့ကစားရင်း ကား ကို ဆက်လက်၍ မောင်းလျက်ရှိ၏။ တစ်ခါတစ်ရံ မြို့တွင်းမှ ထွက်လာသော အဝေးပြေးဘတ်စ်ကားများနှင့် မြို့ဘက်သို့ သွားမည့် ဘတ်စ်ကားများကို တွေ့ရလေ၏။

"ဘာဖြစ်လို့ ခါတိုင်းသွားနေကျနေရာကို မသွားချင်ရ တာလဲလှ...."

"အကြောင်းထူးရှိလို့ပါ.... ပြောစရာရှိလို့ပါ"

"မြို့ထဲကို ဘယ်အချိန်ပြန်ရောက်မှာလဲ...."

"ခြောက်နာရီလောက် ရောက်ရင်တော်ပါပြီ.... သူ.... ဒီည ဒင်နာတစ်ခု တက်ရမယ်.... အလုပ်ကနေ.... တဆက် တည်း သွားမယ်ပြောတယ်.... အိမ်ကို ရှစ်နာရီ.... ကိုးနာရီ တော့ ပြန်ရောက်မှာပေါ့.... ဒါထက်.... ဟိုတစ်နေ့က ညွှန့် ညွှန့်တို့အိမ်က ဘုရားကိုးဆူကို ဘာဖြစ်လို့ မလာတာလဲ.... သူတို့လဲ ဖိတ်တယ်မဟုတ်လား...."

"ဖိတ်သားဘဲ...."

"ဒါနဲ့များ ဘာဖြစ်လို့ မလာလဲ။ လှတောင် တွေ့မလား လို့ ရှာမိသေးတယ်...."

"တမင်သက်သက် မလာတာဘဲ။ လှအနားမှာ တခြား

သူတွေ ဝိုင်းနေတာကို မမြင်ချင်တာနဲ့ မလာတာ.... ဒါမျိုးဆို ဘယ်တော့မှ မလာဘူး...."

လှသည် ပါးစပ်ကို စေ့ကာ မဲ့ပြုံးပြုံးလေ၏။ အတန်ကြာ တိတ်ဆိတ်၍ နေကြပြီးမှ လှက "အခု ဘယ်ရောက်နေပြီလဲ" ဟု မေးလေ၏။

ဒရိုင်ဘာက "မြို့နဲ့ နှစ်ဆယ့်နှစ်မိုင်လောက် ဝေးလာပြီ။ နောက်သုံးမိုင်လောက်ဆိုရင် ဆိုင်ကောင်းကောင်း ရှိတဲ့နေရာကို ရောက်မယ်.... ဒီဘက်ကို ကျွန်တော် လာဖူးပါတယ်....ဒီဘက်က လူမနေတဲ့နေရာတွေမှာ ဘာမှမရှိဘူး။ လူနေတဲ့ရပ်ကွက်ကျပြန်တော့လဲ အစုံရှိတယ်...." ဟု ဖြေလေ၏။

အတန်ငယ်ကြာသောအခါ ကားသည် လူနေရပ်ကွက်သို့ ရောက်လာလေ၏။ ထိုမှ.... တရုတ် ရက်စတော့ရင့်တစ်ခု ရှေ့၌ ရပ်လိုက်လေ၏။

လှသည် ကားတွင်းမှ ဘေးပတ်ဝန်းကျင်ကို ချာချာလည်အောင် ကြည့်ပြီးနောက် ကားပေါ်မှ ဆင်းလေ၏။ ထို့နောက် နှစ်ယောက်သား သီးသန့်ခန်းလေးထဲ ဝင်သွားလေ၏။ ဒရိုင်ဘာသည် ကားပေါ်၌ပင် ကျန်ရစ်ခဲ့လေသည်။

"ကဲ.... ဘာအရေးတကြီး.... ပြောစရာရှိလို့ခေါ်ရပါလိမ့်...."

အခန်းတွင်းသို့ရောက်၍ စားသောက်ဖွယ်ရာတို့ကို မှာပြီးနောက် သိန်းလွင်ကပင် စတင်၍ ပြောလေသည်။

လှသည် မျက်မှန်အနက်ကို ဖြုတ်လိုက်ပြီးနောက်

"မောင့်ကို လှဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်နော်...." ဟု စကားစလေ၏။

"အံမယ်လေးဗျာ။ ဒါများပြောနေရသလား။ သိပါတယ်ဗျာ၊ သိပါတယ်...."

"လှနဲ့မောင်နဲ့ဟာ ဒီတစ်သက်မှာ နီးရဖို့ မဖြစ်နိုင်တော့ဘူးဆိုတာလဲ မောင်သိတယ်နော်...."

"အွန်...."

သိန်းလွင်သည် အဖြေရခက်နေ၏။ လှ၏မျက်နှာကို ကြည့်လိုက်ရာ လှသည် ခေါင်းငုံ့ထားသည်ကို တွေ့ရ၏။

သူနှင့်လှသည် လွန်ခဲ့သော ရှစ်နှစ်ခန့်က စတင်၍ တွေ့ဆုံခဲ့ကြ၏။ နှစ်ယောက်စလုံးနှင့် ခင်မင်သော မိတ်ဆွေတစ်ဦးအိမ်တွင် ဆုံရသောကြောင့် သူတို့နှစ်ယောက်မှာ ရက်အနည်းငယ်အတွင်း ခင်မင်ရင်းနှီးခဲ့ကြ၏။ ရန်ကုန်သူ ရန်ကုန်သားချင်း ဖြစ်ပါလျက် တစ်မြို့တစ်ရွာတွင် လာရောက်တွေ့ဆုံကာ ခင်မင်ရင်းနှီးရသည်မှာ.... အံ့ဩဖွယ်ရာဟုပင် သိန်းလွင်၏စိတ်၌ ထင်မှတ်ခဲ့၏။ လှရော သိန်းလွင်ပါ ထိုစဉ်အခါက လူပျိုအပျိုများ ဖြစ်ကြသည်။ သိန်းလွင်သည် အထူးပင် စိတ်ဝင်စားခဲ့၏။

ထိုမှ-လူချင်းခွဲခဲ့ရ၏။ လွန်ခဲ့သော ၅-နှစ်ခန့်ကမူ လှသည် မိဘများ ပေးစားသူတစ်ယောက်နှင့် လက်ထပ်ခဲ့၏။ အိမ်ထောင်သည်ဘဝတွင်မှ သိန်းလွင်နှင့်တစ်ခါထပ်ဆုံရ၏။ သိန်းလွင်သည် လှနှင့်ပထမအကြိမ် တွေ့ဆုံပြီးသည့်နောက်ပိုင်းတွင် ရန်ကုန်၌ မနေရဘဲ အထက်မြန်မာပြည်ရှိ မြို့များသို့

တစ်မြို့ပြီးတစ်မြို့ လှည့်လည်သွားလာနေခဲ့ရ၏။ ရန်ကုန် ရောက်၍ ညွန့်ညွန့်အမည်ရှိ သူငယ်ချင်းမတစ်ဦးနှင့် စကား စပ်မိကြရာမှ လှမှာ ညွန့်ညွန့်နှင့်လည်း သိကျွမ်းသူဖြစ်ကြောင်း သိရ၏။ဤတွင်-လှနှင့် သိန်းလွင်တို့ တဖန်ပြန်၍ ဆက်မိ ကြပြန်လေသည်။ ထိုအချိန်၌ကား.... လှသည် လွတ်လပ်သူ မဟုတ်တော့။

သို့သော်.... သိန်းလွင်သည် သူ့စိတ်ကို မထိန်းသိမ်း မဆင်ခြင်နိုင်ဘဲ လှမေတ္တာကို တောင်းခံခဲ့၏....။ လှကလည်း သိန်းလွင်အား အသနားပိုခဲ့၏။ လှသည် သိန်းလွင်အား ပထမ အကြိမ်တွေ့စဉ်ကပင် စိတ်ဝင်စားခဲ့၏။ သိန်းလွင်သည် ထို စဉ်က သူ့အား ချစ်ရေးမဆိုခဲ့။ ထို့ကြောင့်လည်း မိဘများက သူတို့ သဘောတူသူတစ်ဦးနှင့် စီမံကြသောအခါ.... အလွယ် တကူပင် ခေါင်းညိတ်ခဲ့လေသည်။

လှ၏ခင်ပွန်းမှာ ထိပ်တန်းအစိုးရ အမှုထမ်းကြီးတစ်ဦး ဖြစ်၏။ ရာထူးဌာနန္တရ မြင့်မား၏။ ငွေကြေးနှင့်လည်း ပြည့်စုံ ၏။ လှကို အလွန်ချစ်ရှာ၏။ ကြင်နာ၏။ ယုယမြတ်နိုးစွာ ဆက်ဆံ၏။ သို့သော် လှသည် သူ့အား သိန်းလွင်လောက် မချစ်ခဲ့။

လှသည် သိန်းလွင်နှင့် ပေါင်းရန် မမြင်တော့ပြီကို သိသ ဖြင့် ရှောင်လျက်ကပင် သိန်းလွင်၏အလိုကို လိုက်မိရက်သား ဖြစ်နေလေ၏။ သူတို့သည် မကြာခဏ တယ်လီဖုံးဆက်ကာ ချိန်းတွေ့ကြ၏။ တစ်နေရာတွင် ချစ်တင်းနှောကြ၏။ သူတို့ နှစ်ယောက်ဆုံမိကြတိုင်း လှသည် “ဒီတစ်သက်မှာ နီးရဖို့ မမြင်

ကြောင်း” ကို ပြောလေ့ရှိပေသည်။

“သိပါတယ်-လှရယ်၊ သိပါတယ်....”

တိတ်ဆိတ်နေပြီးမှ ထွက်လာသော သိန်းလွင်၏စကား သံကြောင့် လှသည် ခေါင်းထောင်လာလေ၏။

“ဒီတော့.... လှပြောချင်တာက လှနဲ့ မောင်နဲ့ နောက်ထပ် အခုလို မတွေ့ဘဲ နေကြပါစို့လား- ဟင်....”

“ဟင်-ဘာဖြစ်တယ်....”

ဒီလိုလေ- လှဟာ လွတ်လပ်သူမဟုတ်ဘူး....။ ကလေး တစ်ယောက်အမေ ဖြစ်နေတယ်မဟုတ်လား....။ကလေး သာမရှိရင် ဘယ်သူက ဘာပြောပြော မောင့်နောက်ကို လိုက် ဝံ့ပါတယ်။ ခုတော့-ကလေးနဲ့ဆိုတော့ လိုက်လို့မဖြစ်ဘူး။ နောက်ပြီး- သူ့မှာ ဘာအပြစ်မှ မရှိဘူး။ လှဘယ်လိုပဲနေနေ ဘယ်လိုပဲဆိုးဆိုး သည်းခံရှာတယ်။ ဒီတော့.... အပြစ်ကင်း တဲ့သူတွေကို အပြစ်မကင်းတဲ့ လှတို့တတွေက အကြာကြီး ဆက်ပြီး မနှိပ်စက်ချင်တော့ဘူး။ ဟုတ်လား- မောင်။ လှ ပြောတာကို နားလည်တယ် မဟုတ်လား-မောင်။ နားလည်ပါ မောင်....”

“နားလည်ပါတယ်- လှရယ်။ မောင်လဲ ဒီအကြောင်းကို မကြာမကြာ စဉ်းစားမိပါတယ်....”

“ဘယ်လို စဉ်းစာမိတာလဲ မောင်....”

“လှနဲ့ မောင်ဟာ လူပျိုအပျိုဘဝကတည်းက.... ဆုံခဲ့ကြ တယ်။ အဲဒီကတည်းက တစ်ယောက်ကို တစ်ယောက် ချစ်ပေ မဲ့ အချိန်ကျတော့ လှမှာ ကာမပိုင်ရှိနေပြီ။ ဒါပေမဲ့ မောင်က

လဲ မောင့်အချစ်ကို မြုံမထားနိုင်လို့ ဖွင့်ပြောခဲ့တယ်။ လှရဲ့ အချစ်ကို တောင်းခံခဲ့တယ်။ လှကလဲ မောင့်ကို သနားလှချီရဲ့ ဆိုပြီး မောင့်အလိုကို လိုက်ခဲ့တယ်။ ဒီလိုနဲ့ မောင်တို့တတွေ ဟာ အမှောင်ထဲကို ရောက်ခဲ့ရတယ်။ မောင်က ဘယ်လိုပဲ မယားခိုးအဖြစ်ခံပြီး ယူချင်ပေမဲ့ လှက မယူနိုင်ဘူး။ လှရဲ့မိဘ တွေ ရဲ့ဂုဏ်သိန်၊ လှယောက်ျားရဲ့ ဂုဏ်အဆင့်အတန်း၊ လှရဲ့ သား သမီး၊ အဲဒါတွေ ငဲ့ခဲ့တယ်. . . ။ ပထမတော့ လှဟာ ဒီစကားတွေ ပြောလာရင် မောင်, တော်တော်စိတ်ဆိုးခဲ့တယ်။ ဒါပေမဲ့ အိမ်ရောက်လို့ နဖူးပေါ်လက်တင်ပြီး စဉ်းစားလိုက် တော့ လှပြောတာတွေဟာ အမှန်တွေချည်းပဲဆိုတာ သိရ တယ်။ ဒါကြောင့်- လှနဲ့ နောက်ထပ်မတွေ့ဘဲ လှနဲ့ ဝေးရာကို သွားတော့မယ်လို့ ကြံမိတယ်။ ဒါပေမဲ့- လှကို ရက်စက်ရာကျ မှာစိုးလို့ မသွားဖြစ်ခဲ့ဘူး။ လှနဲ့ချိန်းတွေ့ကြတဲ့အခါ၊ ဒါတွေ ပြောမယ် ကြံမိပေမဲ့ မပြောရက်ခဲ့ဘူး။ ဒါကြောင့်မို့ မောင်လဲ စဉ်းစားမိတယ် ပြောတာပါ....”

လှသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်....

“လှလဲ မပြောရင် မဖြစ်လွန်းလို့ လာပြောတာပါ။ ရင် ထဲကတော့ မချိလှပါဘူး-မောင်။ ဒီလိုလေ.... လှနဲ့မောင်နဲ့ ခုလို ခိုကြောင်ခိုးဝှက် တွေ့နေကြတာဟာ သုံးနှစ်လောက် ရှိပြီ မဟုတ်လား။ ဒါမျိုးဆိုတာ ဘယ်လိုပဲ ဖုံးကွယ်ထားပေ မဲ့ ရပ်တန်းက မရပ်ရင် ဘွားကနဲပေါ်လာတတ်တာမျိုး မဟုတ် လား။ အဲ- ခုလို ပေါ်လာရင် လှရော မောင်ရော လူတကာ ရဲ့ တံတွေးခွက်မှာ ပက်လက်မျောရတော့မယ်။ နောက်ပြီး

အတူနေချင်မှလဲ နေရမယ်....။ ဒီတော့.... အခုလို လှရော မောင်ရော သတိတရားရလာတဲ့အချိန်မှာ နောက်ထပ် မတွေ့ဘဲ နေကြပါစို့နော်...."

"နေနိုင်ပါတယ်- လှရယ်။ နေမှာပေါ့။ မောင်ကိုယ်တိုင်ကလဲ ဒီစကားပြောချင်နေတာပါ။ အစာ၀လို့ တောသံပေးတယ်ထင်မှာစိုးလို့ပါ။ တကွဲစီနေကြည့်ကြသေးတာပေါ့။ ဒီလိုနေရင်း ပြတ်ရင်လဲ ပြတ် မပြတ်နိုင်တော့မှဘဲ ထပ်ဆက်တန်ဆက်ရတာပေါ့...."

"ဒီလိုပဲ သဘောထားရမှာပေါ့- မောင်...."

ထိုအခိုက်-မိုးသည် ၀ေါကနဲရွာချလိုက်လေရာ.... နှစ်ယောက်သား လန့်သွားလေ၏။

"ဟော မိုးတွေတောင် ရွာလာပြန်ပြီ။ ကဲ- လှပြောချင်တာ ဒါပဲမဟုတ်လား...."

"ဒါပါပဲမောင်- ဒါပါပဲ...."

"ဒါဖြင့်- ပြန်ကြစို့။ လေးနာရီကျော်နေပြီ။ ပြန်ကြစို့"

× × ×

လှနှင့်သိန်းလွင်တို့ ကားဆီသို့ ရောက်သောအခါ ဒရိုင်ဘာကို မတွေ့ရသဖြင့် သိန်းလွင်က ဟွန်းတီး၍ ခေါ်ရပြန်လေသည်။

"တယ်.... ဒီဒရိုင်ဘာ ဘယ်များသွားသောက်နေပါလိမ့်...."

နှစ်ယောက်သား ကားတွင်းသို့ရောက်၍ မကြာမီပင် ဒရိုင်ဘာ ရောက်လာလေတော့သည်။ လှသည် မျက်မှန် အ

နက်ကို တပ်ရပြန်လေသည်....။ ထိုမှ- ကားသည် မိုးရွာထဲ တွင်ပင် ထွက်ခဲ့လေသည်။

ကားထဲ၌ လှနှင့် သိန်းလွင်တို့သည် စကားမဆိုကြတော့ဘဲ တစ်ယောက်လက်ကို တစ်ယောက် ကိုင်၍ထားကြရင်း အတွေးနယ်ချဲ့၍ လာခဲ့ကြလေသည်။ သူတို့သည် ဖြစ်ပျက်ခဲ့သည့် အကြောင်းကိစ္စများကို မစဉ်းစားတော့ဘဲ.... ရှေ့ရေးကိုသာ တွေးနေကြ၏။

လှမှာ - ရှေးအခါကကဲ့သို့ စိတ်မလုံမလဲဖြင့် နေရတော့မည်မဟုတ်ဘဲ.... လင်ဖြစ်သူအား ရဲရဲတင်းတင်း ပြောဆိုဆက်ဆံနိုင်တော့မည့်အတွက် ဝမ်းသာနေ၏။ ယခင်ကကဲ့သို့ တစ်ယောက်တည်း လမ်းထွက်လျှင်လည်း သိန်းလွင်နှင့် ဆုံမိလေမည်လားဟု ရင်တဖိုဖိုဖြစ်ရန် မလိုတော့ပြီ။ သိန်းလွင်နှင့် အတူသွားပြန်လျှင်လည်း 'လင်သည်' ၏ အသိအကျွမ်းများနှင့် ဆုံမိလေမည်လောဟု တထိတ်ထိတ် တလန့်လန့် ရှိနေဖွယ်ရာ မလိုတော့ပြီ။

ကားသည် မိုးထဲတွင် တရိပ်ရိပ် ပြေးလျက်ရှိ၏။

သိန်းလွင် အနေဖြင့်လည်း စိတ်အလိုလိုက်ကာ မိုက်မှားမိသဖြင့် ကြုံရသော ဒုစရိုက်မှုတစ်ခုနှင့် ကင်းရပေတော့မည်ဟု တွေးကာ ကျေနပ်နေမိ၏။ အစက မခံချင်စိတ်မောဟစိတ်တို့ဖြင့် လှ၏မေတ္တာကို ဇွတ်တရွတ် တောင်းခံခဲ့သော်လည်း ကြာသော် မိမိအမှားကို မြင်ခဲ့၏။ ထိုအချိန်မျိုး၌ လှက ဤသို့ ပြောလာသည်မှာ ကောင်းခြင်းတစ်ရပ်ပင်ဟု....

ထိုအခိုက် ဂျိန်းကနဲမြည်သောအသံနှင့်အတူ လှ၏ကိုယ်

သည် မြောက်ကနဲ ဖြစ်သွား၏။ ထိုမှ တစ်စုံတစ်ခုသော အရာက လှအား တွန်းကန်လိုက်သလို ခံစားရ၏။ ခန္ဓာကိုယ်သည် လေထဲသို့ တဖန် လွင့်သွားပြီး ရင်ထဲတွင် ဟာကနဲ ဖြစ်သွားလေသည်။

ထို့နောက် လမ်းဘေးမြောင်းထဲသို့ ရောက်နေကြောင်းကို လှသည် သတိထားမိလေ၏။

မိုးသည် စောစောကကဲ့သို့ သဲသဲမဲမဲမရွာတော့ဘဲ ဖွဲဖွဲကလေး ရွာနေလေသည်။ လှသည် ပေတစ်ရာလမ်းဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်ရာ ကားကလေးသည် လမ်းဘေးက ကုက္ကိုပင်နှင့် တိုက်မိကာ စက်ခေါင်းတစ်ခုလုံး ကြေမွနေလေသည်။

လှသည် ပေတစ်ရာလမ်းပေါ်သို့ ပြေးတက်လာပြီး ကားအနီးသို့ ကပ်ကာ သိန်းလွင်အား အော်ခေါ်မိ၏။ သိန်းလွင်ထူးသံကို မကြားရ။ အင်း-အင်း ဟူသော ညည်းသံသုံးလေးချက် ကြားရ၏။ ထိုနောက် 'အစ်မကြီး.... အစ်မကြီး' ခေါ်သံကို ကြားရပြီးနောက် ကားကြားထဲမှ ကုန်းထွက်လာသော ဒရိုင်ဘာကို တွေ့ရလေ၏။

ဒရိုင်ဘာကား နဖူးကွဲသွားရုံမှတစ်ပါး အခြားဒဏ်ရာရဟန်မတူချေ။ ဒရိုင်ဘာသည် သူ့ခေါင်းကို လက်ကိုင်ပုဝါဖြင့် စည်းထားလေ၏။

"မင်းဆရာရော...."

ဒရိုင်ဘာသည် ကားတွင်းသို့ ကြည့်လေ၏။ ကားအတွင်း၌ကား သိန်းလွင်သည် ကားထိုင်ခုံစောင်းတွင် မှောက်

ခုံကြီး ဖြစ်နေလေ၏။ ခါးမှနေ၍ ဆွဲချလိုက်သောအခါ ပါး စပ်မှ သွေးပွက်တို့သည် ပွက်ကနဲ ကျလာလေ၏။ မျက်လုံး မှာလည်း အဆမတန် ပြူးထွက်ကာ ထွက်နေသောလျှာမှာ လည်း ပြန်မသိမ်းနိုင်တော့ပြီ....

"ဆရာလေး.... ဆရာလေး...."

ဒရိုင်ဘာသည် သိန်းလွင်၏ကိုယ်ကို လှုပ်၍ လှုပ်၍ ခေါ် ကြည့်၏။ သိန်းလွင်ကား ပြန်မထူးနိုင်တော့ပြီ။ သူ့ကိုယ်သူ လည်း မလှုပ်ရှားနိုင်တော့ပြီ။

"ထိုင်ခုံနဲ့ အရှိုက်နဲ့ ဆောင့်မိတယ်ထင်တယ်။ ဒုက္ခပါ ပဲဗျာ.... ဒုက္ခပါပဲ...."

ဒရိုင်ဘာသည် လှ၏မျက်နှာကို မကြည့်ဘဲ တစ်ဖက်သို့ ငေးရင်း ညည်းညူနေလေသည်။

"ဘာ.... မောင်သေပြီလား.... ဟင်.... မောင်သေပြီ လား.... မဖြစ်နိုင်ဘူး.... မောင်မသေနိုင်ဘူး။ ကျွန်မတို့ တောင် ဘာမှမဖြစ်ဘဲနဲ့...."

လှသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထား၏။

"ကျွန်တော်တော့ ဘယ်လိုလုပ်ရမှန်းတောင် မသိပါ ဘူးဗျာ...."

"မြို့နဲ့ ဘယ်လောက်ဝေးသေးလဲ...."

"မြို့နဲ့ ဆယ်မိုင်လောက် ဝေးသေးတယ်...."

"လူနေရပ်ကွက်နဲ့ရော...."

"လူနေရပ်ကွက်နဲ့ ၂ မိုင်လောက်ဝေးသေးတယ်။ မော် တော်ကားကို ဆွဲဖို့ အဲဒီမှာ လှည်းဖြစ်ဖြစ် ကားဖြစ်ဖြစ် ရှာရ

မှာဘဲ....”

“ဘတ်စကားတွေလာတော့မှ ဆွဲခိုင်းပါလား....”

“ဒီလမ်းက ဘတ်စကားလမ်းမဟုတ်ဘူး။ ကျွန်တော် ဖြတ်လမ်းကနေပြီး မောင်းလာတာ။ ဘတ်စကားလမ်းက ဟောဒီလယ်ကွင်းတွေ ဟိုဘက်မှာရှိတာ။ ကျွန်တော် မြန်မြန် ရောက် ချင်တာနဲ့ ဖြတ်လမ်းက လှည့်လာတာ....”

“ဒါဖြင့် ကားဖြစ်ဖြစ်၊ လှည်းဖြစ်ဖြစ် သွားရှာပါ။ ကျွန်မ ဒီက စောင့်နေပါ့မယ်....”

“ကျွန်တော်သာ သေချင်တာပဲဗျာ....”

ဒရိုင်ဘာသည် ညည်းညည်းညူညူဖြင့် ထွက်သွားလေ၏။ ဤတွင် လှသည် ပွင့်နေသောတံခါးပေါက်ကို ကြည့်မိလေ၏။ ဤတံခါးပွင့်၍ သူလွင့်စင်ကျခြင်းသို့ပင် ကျေးဇူးတင်ရပေသည်။ ထိုမှ ကားဘေးတွင် ဒရိုင်ဘာပစ်ချထားသော သိန်းလွင်၏အလောင်းကို ကြည့်မိပြန်၏။

သိန်းလွင်ကား သေလေပြီ။ အို.... မဖြစ်နိုင်ဘူးဟု လှသည် တစ်ယောက်တည်း ညည်းမိလေ၏။ စောစောကပင် သူ့အနီးတွင် ကပ်ကာ ထိုင်နေခဲ့သော သိန်းလွင်၊ စောစောကပင် အသက်ရှုနေခဲ့သော သိန်းလွင်၊ ကိုယ်ငွေ့တို့ဖြင့် ပူနွေးလျက်ရှိခဲ့သော သိန်းလွင်၊ သူကား- ယခုသေလေပြီ....။ အသက်ရှုရပ်ခဲ့လေပြီ။ တစ်ကိုယ်လုံး.... အေးစက်တောင့်တင်းလျက်ရှိလေပြီ။

လှသည် သိန်းလွင်၏အလောင်းကို ကြည့်ရင်း စိတ်ချောက်ချားလာ၏။ ကြောက်လာ၏။ ဒရိုင်ဘာအား သွား

ခိုင်းမိသည်ကို မှားပြီဟု နောင်တရမိ၏။ လူသေကောင်နှင့်အတူ ဤနေရာမျိုးတွင် အဘယ်မျှကြာကြာနေရဦးမည်နည်း။ ယခုနေအခါမျိုးတွင် တစ်စုံတစ်ယောက်ရောက်လာပါက မည်သို့ ပြုရအံ့နည်း။

ယခုနေအခိုက်- တစ်စုံတစ်ယောက် ရောက်လာပါက.... အကျိုးအကြောင်းကို မေးကြတော့မည်။ ထိုအခါ၌ မည်သို့ ဖြေရပါမည်နည်း။ သိန်းလွင်သည် သူ၏လင်ယောကျ်ားလည်း မဟုတ်။ အဖြေမဟုတ်ပါက သူ့အား ဖမ်းကြတော့မည်။ အဖြေဟုတ်သည့်တိုင်အောင် ရွာသားတစ်ယောက်တလေ သိသွားပါက ရဲဌာနသို့ တိုင်ကြတော့မည်။ ထိုအခါ သူနှင့် သိန်းလွင်တို့၏မှောက်ဇာတ်သည် ဘွင်းဘွင်းကြီး ပေါ်ပေရော့မည်။ ထိုအခါ.... သူ၏ခင်ပွန်း၊ သူ၏ကလေးတို့၏ အမည်နာမများလည်း ရောထွေးပါလာပေရော့မည်။

လှသည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်ရပ်နေမိ၏။ ဤသို့ ရပ်နေခြင်းသည် သူ့အား တစ်ပူပေါ် နှစ်ပူဆင့်ဖွယ်ရာသာ ရှိပေသည်။ သေသည့်သူကား သေခဲ့ချေပြီ။ နောက်ထပ်အမှု မပွေလိုတော့ပြီ....။ ယခုအချိန်ထိ ဒရိုင်ဘာသည် သူ့အား မှတ်မိပုံမပေါ်သေး။ မျက်နှာချင်းမဆိုင်ခဲ့ကြသေး။

ဒရိုင်ဘာက ဤလယ်ကွင်းများကို ဖြတ်ကျော်လိုက်လျှင် မြို့သို့ပြန်သော ဘတ်စ်ကားများနှင့် တွေ့နိုင်သည်ဆို၏။

လှသည် ကားတွင်းသို့ တဖန်ပြန်၍ လှည့်ကာ သူ၏ လက်ပွေ့အိတ်၊ မျက်မှန်နက်၊ ထီးစသည်တို့ကို ယူ၏။ ထို့

နောက် လယ်ကွင်းဘက်သို့ ဆင်းကာ ကန်သင်းရိုးအတိုင်း ဒရိုင်ဘာညွှန်ပြရာဘက်သို့ ဦးတည်၍ ထွက်ခဲ့လေတော့သည်။

× × ×

လှသည် အိမ်သို့ ပြန်ရောက်သောအခါ တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ ထမင်းချက်အဒေါ်ကြီးသည် မီးဖိုထဲ၌ ချက်ပြုတ်နေဟန်တူ၏။ လှသည် တစ်ယောက်ယောက် ထွက်လာအောင် လူခေါ် ခလုတ်ကို နှိပ်ဦးမည်ပြုပြီးမှ သံတံခါးကို ကြည့်မိရာ သော့တန်းလန်းနှင့် သောက်ခလောက်ချိတ်ထားသည်ကို တွေ့ရလေ၏။ ဤတွင် သံတံခါးပေါက်မှ လက်ရှိုကာ သော့ခလောက်ကို ဖြုတ်ပြီးနောက် သံတံခါးကို ဖွင့်လိုက်လေ၏။ ထိုမှ ကျကျနန မူလအတိုင်း ပြန်ထားပြီးနောက် အိမ်အပေါ် ထပ်သို့ တက်လေ၏။ ရေချိုးခန်းသို့ဝင်ကာ ရေမိုးချိုးပြီးနောက် အဝတ်သစ်တို့ကို လဲကာ ရေစိုနေသော အဝတ်တို့ကို ရေဇလုံထဲသို့ ထည့်ထားလေ၏။

ငင်းနောက် မိမိကိုယ်ကို လှပစွာ ချယ်လှယ်မှုံသပြီး အိပ်ရာပေါ် တွင် လဲလျောင်း၍နေမိလေသည်။

ဤအချိန်လောက်ဆိုလျှင် ဒရိုင်ဘာသည် ရွာသူရွာသား အချို့နှင့်အတူ သိန်းလွင်ရှိရာသို့ ရောက်ကြပေတော့မည်။ ဒရိုင်ဘာသည် သူ့ကို မှတ်မိသည်မဟုတ်။ ဘယ်သူဘယ်ဝါ ဟူ၍ပင် သိမည်မဟုတ်။

သူသည် မိမိပြုခဲ့သောအမှုသည် ရက်စက်ရာမရောက် ဟု ယူဆ၏။ သူသည် မိန်းမသားဖြစ်၍ ကြောက်ရမည်သာ

ဖြစ်၏။ သူသာဆက်လက်၍ သိန်းလွင်၏အလောင်းအနီး တွင် ရပ်နေပါက ရွာသားများနှင့်မုချဆုံရတော့မည်။ နောက် တစ်နေ့သတင်းစာများ၌ သူတို့အကြောင်း ပါလာတော့မည်။ သူ့ဓာတ်ပုံလည်း ပါလာနိုင်သည်။ ဂါတ်ရောက်၊ ရုံးရောက်နှင့် အမှုတွေပွေတော့မည်။

ထိုအခိုက်- သူ့အခန်းတွင်းသို့ ပြေးဝင်လာသော ခြေသံ ကို ကြားရသဖြင့် မော့ကြည့်လိုက်ရာ သားဖြစ်သူကို တွေ့ရ လေ၏။

"ဟင်- မေမေ။ ဘယ်တုန်းက ရောက်နေသလဲ...."

"စောစောကပဲ-လူလေး။ သားရော ဘယ်သွားနေ လဲ...."

"ကျွန်တော်.... အမေပုတို့အခန်းထဲမှာ သွားကစားနေ တယ်...."

"အေး-အေး-အော်-မင်း ထမင်းစားပြီးပလား...."

"ဟုတ်ကဲ့ စားပြီးတာကြာဘီ၊ မိုးပဲချုပ်လှုပြီ မဟုတ်လား။ မေမေရော မစားဘူးလား...."

"မဆာသေးပါဘူး-သားရယ်။ မင်း ဖေဖေလဲ ပါတီက စားလာလိမ့်မယ်။ သားလဲ.... ကိုယ့်အခန်းထဲ သွားပေ တော့။ ဒီည- စောစောအိပ်နော်...."

သားသည် အခန်းတွင်းမှ ထွက်သွားလေ၏။ ဤတွင်မှ လှုလည်း သက်သာရာရသွားကာ သက်ပြင်းတစ်ချက် ချလိုက် လေ၏။ မကြာမီအတွင်းမှာပင် လူခေါ်ခလုတ်နှိပ်သံ ကြားရ ပြီးနောက် လှု၏ခင်ပွန်းသည် အိမ်ပေါ်သို့ တက်လာလေ၏။

အခန်းတွင်း၌စာဖတ်နေသော လှကို တွေ့သောအခါ-

"ဒါနဲ့များ ဒေါ်ပုတို့က လှပြန်မလာသေးဘူးတဲ့။ လူလေးက ပြောတော့လဲ မေမေအိပ်ခန်းထဲမှာရှိတယ်တဲ့။ ကိုတောင် အူကြောင်ကြောင်ဖြစ်သွားတယ်...." ဟုပြောရင်း အပေါ် အင်္ကျီနှင့် ဘန်ကောက်လုံချည်ကို ချွတ်ကာ အဝတ်လဲလေ၏။

လှကမူ မည်သို့မျှမပြောဘဲ ပြုံးရယ်နေပြီးမှ....

"ဘယ့်နှဲ့လဲ ကိုကို၊ ပါတီက လူတော်တော်စည်ရဲ့လား"

"စည်ပါတယ်ကွာ.... မင်းတောင် မေးကြသေးတယ်။ အတွင်းဝန်ကတော်လေး....နွဲ့နွဲ့အေးကဆိုရင်.... ရေငတ် သလို မေးနေတာဘဲ.... ကိုယ်ကလဲ မင်းကောင်းကောင်း နေမကောင်းလို့ဆိုပြီး လိမ့်ရတာပေါ့ကွာ...."

"ဩ....ဩ အစားအသောက်ကလဲ အတော်စုံစုံပဲလား ကိုကို...."

ခင်ပွန်းသည်သည် ပါတီအကြောင်းကို စီကာပတ်ကုံး ပြောပြနေ၏။ လှသည် ပြောသမျှစကားတို့ကို မကြားရသော် လည်း ကြားလေဟန်ဖြင့် ခေါင်းညိတ်၍ပြလေ၏။ သူ့စိတ်ထဲ ကမူ ကြီးမားလှသော ဘေးအန္တရာယ်မှ လက်မတင်လေး လွတ်ထွက်ခဲ့ရသည်ကို စဉ်းစားနေလေသည်။ သူ့ကိုကိုသည် ကုတင်စောင်းတွင် ထိုင်ရင်း ပြောနေရာမှ သူ့ဘေးသို့ လှဲ လျောင်းကာ သူ၏ကိုယ်ကို ဖက်ထားလေ၏။

"ဒီနေ့ နေ့လည်ကများ တော်တော်မိုးကောင်းတာဘဲ မိုးချုပ်ခါနီး တိတ်သွားပေလို့ တော်တော့တယ်.... လှ မချမ်း ဘူးလား...."

လှသည် မျက်လုံးကို မှိတ်ကာ အသက်ကို မှန်မှန်ရှူ၍ နေလေ၏။ ရင်ထဲကမူ တဒိတ်ဒိတ်ခုန်နေ၏။ သိန်းလွင်သည် တကယ်မှ သေပါလေစ။ အကယ်၍ မေ့မြောနေခြင်းမျှသာ ဖြစ်သည်ဆိုပါက မည်သို့ပြုရအံ့နည်း။ ဒရိုင်ဘာခေါ်လာသူများတွင် ဆရာဝန်ပါလာ၍ သူ့ကို သတိရအောင် လုပ်နိုင်သည်ဆိုပါစို့။ သူသည် အကျိုးအကြောင်း ပြောရပေတော့မည်။ ဒရိုင်ဘာကလည်း မိန်းမသားတစ်ယောက်ပါလာကြောင်း အစစ်ခံမည်မှာ သေချာလှသဖြင့် သူ့ကို မေးလျှင် မည်သို့ ဖြေမည်နည်း။ သို့မဟုတ် သို့မဟုတ် သူကိုယ်တိုင်က "လှရော....လှရော...." ဟု မေးလျှင် ဘယ်လိုလုပ်မလဲ။

"ဘယ်လို လုပ်မလဲ"

"ဘာ....ဘာပြောတယ်.... လှ....လှ ဘာပြောတာလဲ"

ဤတွင်မှလှသည် ယောင်၍အော်မိသည်ကို သတိရ၏။

"ဘာဖြစ်လို့လဲ ကိုကို"

"လှ....ဘာလဲမသိဘူး ပြောလိုက်တယ်။ ဘာဖြစ်လဲ လှ နေမကောင်းဘူးလား.... အိပ်ငိုက်ရင်း- အိပ်မက်မက်နေပြီလား...."

"ဘာမှမဖြစ်ပါဘူး.... ကျွန်မ ဘာမှလဲ မပြောမိပါဘူး"

လှသည် သူ့ကိုကိုအား ပြန်၍ဖက်ထားလိုက်လေ၏။ သူ့ကိုကိုကလည်း သူ၏နဖူးဆံစများကို နမ်းနေရာမှ စားပွဲတင်မီးကို ပိတ်လိုက်လေ၏။

"အိပ်ချင်လိုက်တာ ကိုကိုရယ်....လှအိပ်ပါရစေနော်"

"အိပ်ပါလှရယ်-လှကြည့်ရတာ နေမကောင်းနေသလို

ဘဲ"

လှသည် ဘာမှပြန်မပြောဘဲ အသက်ကို မှန်မှန်ရှူ၍သာ နေလေ၏။ နေ့လည်ကအဖြစ်တို့သည် မှိတ်ထားသော စက္ခုဒွါရတွင် ထင်မြင်လာပြန်လေ၏။ သိန်းလွင် သေသည်မှာ သေချာလှသည်။ ကားအနီးသို့ သူပြန်တက်လာစက ပင်ပင်ပမ်းပမ်း ညည်းညူသည့်အသံ သုံးလေးခွန်း ကြားရသည်။ ဤအသံသည်လည်း သိန်းလွင်၏အသံ ဖြစ်ရမည်။ နောက်ဆုံး အသက်မထွက်မီ အော်သောအသံ ဖြစ်ရမည်။ ထို့ကြောင့် ဒရိုင်ဘာက ဆွဲထူတော့လည်း သတိမရဘဲ နေခြင်းဖြစ်သည်။ သူသည် လျှာထွက်နေပုံ၊ သူ့မျက်လုံး ပြူးနေပုံများက လူသေနှင့် တူလှသည်။ ဒရိုင်ဘာ ပြောသည့်အတိုင်း ရင်ညွှန့်နှင့် ထိုင်ခုံစောင်း ဆောင့်မိခြင်း ဖြစ်ပေလိမ့်မည်။

ဤမျှပြင်းသော ကားအရှိန်သည် လူတစ်ယောက်ကို သေစေမည်မှာ သေချာလှပေသည်။ ဤမျှအချိန်ကြာကြာ မလှုပ်မရှား နေနိုင်သည်မှာ သူသေ၍သာ ဖြစ်ပေမည်။ ဟုတ်သည်။ သူသေပြီ.... သူသေပြီ....။

"သူ-သေပြီ...."

"ဘာ....ဘာပြောတယ်လှ....ဘယ်သူလဲသေတာ...."

ဤတစ်ကြိမ်တွင်ကား သူ့ဘေးနားရှိ လင်သယ်သည် လှပြောသော စကားလုံးကို ပီပီသသကြားသွားလေပြီ။

"လှ ဘာပြောလို့လဲ ကိုကို"

"သူသေပြီလို့ ပြောတယ်မှတ်လား.... ဘယ်သူသေတာလဲ....ဟင် ဘယ်သူသေသလဲ...."

လှသည် သူ့ယောက်ျား၏လည်ပင်းကိုဖက်ကာ နမ်းရင်း ငိုလေတော့သည်။

"ဘာဖြစ်တာလဲ လှရယ်.... ဘယ်လိုဖြစ်တာလဲ...."

လှကိုကိုသည် အိပ်ရာမှထထိုင်ကာ ကုတင်ဘေးရှိ စားပွဲတင်မီးအိမ်ကို ဖွင့်လိုက်လေ၏။

"လှပြောပြပါမယ်ကိုကိုရယ်....လှပြောပြပါမယ်.... လှ အမှန်အတိုင်း သစ္စာဆိုပြီး ပြောပြပါ့မယ်...."

ထိုမှလှသည် သူ့ကိုကိုရင်ခွင်ဝယ် ခေါင်းကို မြှုပ်နှံလိုက်ပြီး နောက် ငါးနှစ်မျှကာလကြာအောင် သူ့ယောက်ျားအား လိမ်လည်လှည့်ဖြား၍ ဖုံးကွယ်လာခဲ့သော ဖောက်ပြန်မှုကို ငါး မိနစ်အတွင်း ပြီးဆုံးအောင် ပြောပြလေတော့သည်။

ပြောရင်းပြောရင်း သူ့ရင်ထဲတွင် ဆို့ကျပ်နေသမျှတို့သည် တဖြည်းဖြည်း ရှင်း၍ရှင်း၍ ပေါ့၍ပေါ့၍ လာလေတော့ သည်။ အဖြစ်အပျက်ကို အစအဆုံး ပြောပြပြီးသည့်အခါတွင် ကား သူသည် ပကတိအပြစ်ကင်းမဲ့သူကဲ့သို့ ပေါ့ပါးရွှင်လန်း လာလေတော့သည်။

သူ့ကိုကိုလည်း ပြောရင်းပြောရင်း မျက်ရည်တွေ ခန်း ခြောက်သွားသော လှ၏မျက်လုံးအစုံကို စိုက်ကြည့်နေရာမှ ဟင်းကနဲ သက်ပြင်းချလိုက်ပြီး ပြူတင်းပေါက်ဆီသို့ ငေးနေ လေတော့သည်။

**သန်းဆွေ**

## ★ ငယ်ချစ်ရိပ် ★

### အချစ်တော်လေး-သွင်

မမရဲ့အချစ်တော်လေးအတွက် သတင်းကောင်းတစ်ခု ပေးရအုံးမယ်။ ညီမလေးအတွက် ဝမ်းသာစရာသတင်းပဲ။ ဝမ်းသာလွန်းလို့ ခုန်ပေါက်နေမှာတောင် မြင်ယောင်သေးတယ်။ အဲဒီသတင်းဟာ ဘာသတင်းဖြစ်မယ်ထင်သလဲ။ ညီမလေး စဉ်းစားကြည့်စမ်း။ ညီမလေး လူမှန်းသိစကတဲက ခင်တွယ်လာတဲ့လူတစ်ယောက်၊ သူ့မျက်နှာကို တစ်လတစ်ခါ လောက်ဆိုတာလို မကြည့်ရမနေနိုင်တဲ့လူ၊ သူ့အတွက် ညီမလေးမှာ မုန့်ဖိုးကိုတောင် မသုံးရက်၊ မစားရက်ဘဲ ပိုက်ဆံအကုန်ခံပြီး သူ့ကို တွေ့ရအောင် သွားခဲ့ရတဲ့လူ၊ ညီမလေးကသာ အဲဒီလောက် တွယ်တာခင်မင်နေပေမဲ့ သူကတော့ လုံးဝ ညီမလေးကို မသိခဲ့တဲ့လူ၊ အဲဒီလူနဲ့ ညီမလေးဟာ မနက်ဖြန်ကျရင် မမတို့အိမ်မှာ တွေ့နိုင်တော့မယ်။ အဲဒီလူဟာ ဘယ်သူလဲ သိပလား။ ညီမလေး စဉ်းစားမိပလား။

ကဲ....မစဉ်းစားမိသေးရင်လဲ မမကပဲ ဖော်လိုက်ပါတော့မယ်။ ညီမလေးရဲ့အသဲစွဲ နိုင်ငံကျော် ဇာတ်လိုက်မင်းသမီးကြီး ခင်မြနွယ်လေ။

အဲဒီခင်မြနွယ်ဟာ....မနက်ဖြန်ကျရင် မမတို့အိမ်ကို တစ်နေ့လုံး အလည်လာလိမ့်မယ်။ ညီမလေးတွေ့ချင်ရှာမှာပဲ ဆိုပြီး တမင်လာဖို့ ဖိတ်ခဲ့တယ်။ ညီမလေး လာခဲ့နော်။

နက်ဖြန်မနက်စာစားပြီးတော့ လာခဲ့ပေ့ါ။ မောင်ဘုရားကို ကျွေးမွေးပြီး အလုပ်ဆင်းတဲ့အချိန်ပေ့ါ-ဟုတ်လား။

**ချစ်မမဝေ**

အသွင်သည် စာကိုဖတ်ပြီးနောက် ဝမ်းသာစိတ်ဖြင့် ရင်တဒိတ်ဒိတ်ခုန်လာလေ၏။ ခတ်လှမ်းလှမ်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေးထိုင်နေသော ခင်ပွန်းသည် ကိုအေးကိုထံသို့လည်း အပြေးအလွှားသွားကာ....

'ကိုကိုရေ-မနက်ဖြန်ကျရင်လေ ခင်မြနွယ်နဲ့ သွင်နဲ့ တွေ့ရတော့မယ်' ဟုလည်း မုန့်ရသောကလေးငယ်ကဲ့သို့ ကြွားကြွားဝင့်ဝင့်ပြောမိပြန်သည်။

ခင်မြနွယ်ကား....နာမည်ကြီးလှသည်။ သူ၏ကိုယ်ခန္ဓာမှာ နွဲ့နှောင်းလှသည်။ အမူအရာကလည်း နူးညံ့ပြော့ပြောင်းလှသည်။ အသံကလည်း ချိုအေးလှသည်။ မျက်နှာပေးကလည်း ယဉ်လှသည်။ များသောအားဖြင့် ခင်မြနွယ်မှာ ဘုရင့်သမီးတော်လေး၊ ပင်တိုင်စံမင်းသမီးလေး သနွေသူလေးအဖြစ်ပါဝင်ကပြရသည်က များလေသည်။ ရုပ်ရှင်နှင့်ပြဇာတ်ကြည့်ပရိသတ်တို့ကလည်း ခင်မြနွယ်ကား-ရှေးနန်းမူ နန်းရာဖြင့်သာကြည့်လိုကြပေသည်။ ခင်မြနွယ်သည် လနတ်သမီးလေး သဏ္ဌာန်ဖြင့် အသွင်၏အိပ်မက်ထဲတွင် လာရောက်ကာ အသွင်နှင့်စကားဆိုတတ်သည်။ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ရသည်။

ယခုကား....အသွင်၏အိပ်မက်သည် တကယ်ဖြစ်လာလေပြီ....

“ဒီမှာ-ကိုကိုရဲ့ မမဝေက စာရေးလိုက်တယ်။ မနက်ဖြန် ကျရင် ခင်မြနွယ်နဲ့တွေ့ရမတဲ့။ လာခဲ့ပါတဲ့။ လက်ဘက်ရည် သောက်ဖိတ်ထားသတဲ့....”

ကိုအေးကိုကား....အသွင်၏စကားကို မကြားဟန်ဖြင့် သတင်းစာကို မျက်နှာမှမခွါဘဲ ကြည့်မြဲကြည့်နေလေ၏။ “မမ ဝေ” ဟူသော နာမည်ကို ကြားလိုက်ကတည်းက အသွင်၏ စကားကို လုံးဝစိတ်မဝင်စားခဲ့။ အသွင်အား မပြောသာ၍ ကြည့်နေရသော်လည်း မမဝေနှင့်အပေါင်းအသင်းလုပ်နေ သည်ကို မကျေနပ်ခဲ့။ မမဝေကား-အပေါင်းအသင်း ဝေဆာ လှသူဖြစ်၏။ ယောက်ျား-မိန်းမ မျက်နှာကြီးမှန်သမျှ မမဝေနှင့် မသိသူမရှိလောက်အောင် ပေါများခဲ့၏။ ထိုအရာရှိသမီးနှင့် ဒီအရာရှိသား၊ ဟိုသူဌေးသားနှင့် ဒီပွဲစား စပ်ကြားက အောင် သွယ်လည်းတတ်၏။ သူ့အိမ်မှာ ဧည့်သည်ပေါင်းစုံလှသည်။ ပိုကာဝိုင်းလည်း အခါမလင့် အသင့်ရှိတတ်သည်။ ဤသို့ သော အိမ်မျိုးကို အသွင်အား မသွားစေလို။ ဤမျှလည်ပတ် ကာ အပေါင်းအသင်းစုံလှသည့် မမဝေနှင့်လည်း အသွင်အား ရင်းရင်းနှီးနှီး မနေစေလို။ သို့သော်....ချစ်ဇနီးလည်း စိတ်ညို ညင်မခံလိုသဖြင့် ‘မမဝေနဲ့ မပေါင်းပါနဲ့ကွာ။ မမဝေတို့အိမ် မသွားပါနဲ့ကွာ’ ဟူ၍ကား တစ်ခွန်းမျှမဟာခဲ့။ သို့သော်.... အခန့်သင့်ပါက ကိုကိုတော့-မမဝေဆိုတဲ့မိန်းမကြီးကို မုန်းပါ တယ်ကွာဟု ပြောခဲ့၏။ ထိုမျှလောက်ပြောလျှင် အသွင်က အလိုက်သိစွာ မသွားဘဲနေလိမ့်မည်ဟု ထင်ခဲ့၏။ အသွင် ကား သဘောကောင်းကာ အေးအေးဆေးဆေးရှိလှသည့်

ယောက်ျားတို့၏ဇနီးမယားပီပီ လင်သဘောမကျဟန်ပြု လေလေ တိုးလုပ်လေလေဝါသနာအတိုင်း ဂရုမစိုက်ဘဲ ပေါင်းမြဲပေါင်းနေခဲ့၏။ ယနေ့လည်း တနင်္ဂနွေနေ့ဖြစ်သဖြင့် အသွင့်ထံမှ "မမဝေ တို့အိမ်သွားမယ်...." ဟူသော စကားသံ မကြားရမီ ကိုအေးကို သူဦးလေးနှင့်အဒေါ်များရှိရာ အင်းစိန် ဘက်သို့ သွားစရာ တစ်ခုကို အကြောင်းပြ၍ထွက်ခဲ့၏။ အိမ်အရောက်တွင် "မမ ဝေထံမှစာ" ရောက်နေသည်ကို တွေ့ ရရာ အသွင်သာလျှင် ပြာပြာသလဲ ဖတ်ခဲ့သော်လည်း ကိုအေးကိုကား ပက်လက် ကုလားထိုင်တွင်ထိုင်ကာ သတင်း စာကို ဖတ်နေခဲ့၏။

"အော်....ကိုကိုကလဲ မမဝေဆီက စာလာပါတယ်ဆိုမှ ပဲ။ ခင်မြနွယ်နဲ့တွေ့ရမယ်တဲ့...."

အသွင်က စိတ်မရှည်ဟန်ဖြင့် သတင်းစာကို ပုတ်ချလိုက် လေ၏။

"အင်း....ဘယ်သူလဲ ခင်မြနွယ်ဆိုတာ...."

"အို....ကိုကိုကလဲ ခင်မြနွယ်တောင် ဘယ်သူမှန်းမသိ ဘူးလား။ ကဲ....ဒါဖြင့် မေရှင်ဆိုတာဘယ်သူလဲ၊ မေမြင့်ဆို တာ ဘယ်သူလဲ...."

"ဇာတ်လိုက်မင်းသမီးတွေပေ့ါ။ ဘာဖြစ်လို့လဲ...."

"ခင်မြနွယ်လဲ ဇာတ်လိုက်မင်းသမီးပေ့ါ။ ဇာတ်လိုက်မင်း သမီးကြီးပေ့ါ။ အဲဒါ အခုသူ့ကို မမဝေတို့အိမ်မှာ မနက်ဖြန်ကျ ရင် တွေ့ရတော့မယ်။ သွင်တော့ သိပ်ဝမ်းသာတာပဲ ကိုကို ရယ်....။ သွင်လေ သူ့ကို သိပ်သဘောကျတာ။ သိပ်ကြိုက်

တာ။ ငယ်ငယ်တုန်းကများဆိုရင် သူ့ရုပ်ပုံတွေကို ညှပ်ပြီး စုထားတာ အများကြီးပဲ။ သူပါလေသမျှကားတွေဆိုရင်လဲ တစ်ခုမှ မလွတ်ခဲ့ဘူး။ အခု စစ်ပြီးလို့ ပြဇာတ်လောကထဲ ရောက်တော့လဲ သွင်သွားခဲ့တာဘဲ။ ကိုကိုဟာလေ တော်တော်ဝါ့ကျတယ်။ ခင်မြနွယ်ဆိုတာ ဘယ်သူလဲလို့များ မေးသေးတယ်။ ဒါကြောင့် ကိုကိုတို့များ သွင်ကမုန်းတယ်လို့ပြောတာ။ ကိုယ့်မယားရဲ့အကြိုက်ဆုံးဇာတ်လိုက်ကိုများ ဘယ်သူလဲမေးရက်တယ်....ဟင်း...."

"အိုကွာ....သွင်ကလဲ ကိုကိုက ရုတ်တရက် စိတ်မဝင်စားတော့ ကြောင်သွားတာပေ့ါ။ နောက်ပြီး ခုခေတ်မှာ ဒီလိုနာမည်မျိုးတွေကလဲ အများကြီးရှိတယ် မဟုတ်လား....ဒါကြောင့်ပါ...."

"ဘာအခုမှ လျှော့ချရတာလဲ။ မုန်းစရာကောင်းပါဘိ။ သွင်လေ ခင်မြနွယ်နဲ့ ပတ်သက်တဲ့ဝေဖန်စာ ချီးကျူးစာတွေဆိုရင်လဲ အမြဲကိုဖတ်တာဘဲ။ သူ့အတ္ထုပ္ပတ္တိဆိုတာကတော့ အလွတ်ရနေပြီ။ တွေ့ချင်ခဲ့တာဆိုလဲ တစ်ပိုင်းသေနေတာဘဲ။ အခုမှ မမဝေကြောင့် တွေ့ရတော့မယ်။ သွင်လေ သေပျော်ပါပြီ။ ကိုကိုရယ်...."

"ရှူးလဲရှူးပါပေ့သွင်ရယ်.... ခင်မြနွယ်တွေ့ရုံနဲ့ပဲ သေပျော်ပါပြီရယ်လို့ ဖြစ်မှဖြစ်ရတယ်။ ခင်မြနွယ်တော့ မင်းနဲ့တွေ့ပြီးရင် တစ်ခုခုတော့ ဖြစ်တော့မှာပဲ ဟဲ....ဟဲ...."

"ဘာ-ဘာပြောတယ်။ ကိုကိုလေ....တော်တော့ကိုခက်တယ်။ သွင်နဲ့ ခင်မြနွယ်နဲ့တွေ့တာနဲ့ ဘာဖြစ်လို့ ခင်မြ

နွယ် တစ်ခုခုဖြစ်ရမှာလဲ”

အသွင်သည် ကိုအေးကို၏ကုလားထိုင်ဘေးတွင် ထိုင်နေရာမှ ဆတ်ကနဲထကာ ခါးကိုထောက်ပြီး မီးဖိုခန်းဆီသို့ သွားရင်း....။

“ဒါပဲ.... ကိုကိုဟာ သူများတကာရဲ့ ကြည်နူးမှုကို သိပ်ဖျက်ဆီးချင်တာဘဲ။ အကြောင်းအရာတစ်ခုဟာ လူတစ်ယောက်အဖို့မှာ အသေးအဖွဲလေးဖြစ်ပေမဲ့ တခြားလူတစ်ယောက်အဖို့မှာ ဧရာမ ကိစ္စကြီးဖြစ်တတ်တယ်ဆိုတာမျိုး ကိုကိုကို သဘောမပေါက်မိဘူးလား။ ခင်မြနွယ်နဲ့တွေ့ဖို့ဆို တာ ကိုကို့ အဖို့မှာ ရိုးရိုးရာဖြစ်မဲ့ ဒီကိစ္စဟာ သွင်တစ်သက်လုံး မျှော်လင့်လာတဲ့ တကယ့်ကိစ္စကြီးမဟုတ်လား။ ခင်မြနွယ်နဲ့ တွေ့ဖို့ သွင့်မှာ အရေးကြီးသလို တခြားလူတွေမှာလဲ အရေးတကြီးထားပြီး တွေ့စရာတွေရှိမှာပဲ မဟုတ်လား။ တစ်ယောက်တစ်မျိုးစီ ရှိကြမှာပေါ့။ ဒါကို လိုက်ပြီးလျှောင်ရင် မခက်ဘူးလား။ သွင်ဟာ ခင်မြနွယ်နဲ့ ခင်ခင်မင်မင်ဖြစ်ရပါစေဆိုတာကို ငယ်ငယ်တုန်းကများဆိုရင် ဘုရားရှိခိုးထဲမှာ ထည့်ပြီးဆုတောင်းခဲ့တယ်။ ဟော....အခု သွင့်ဆုတောင်းပြည့်ပြီ....”

စကားလည်းဆုံး လူလည်းပျောက်ခဲ့လေသည်။ ကိုအေးကိုသည် ဒေါနှင့် မောနှင့်ဝင်သွားသော အသွင်၏ခန္ဓာကိုယ်နောက်ပိုင်းကို ကြည့်ကာ ခေါင်းတဆတ်ဆတ်ငြိမ့်ရင်း သတင်းစာရွက်ကို ပြန်ကောက်လိုက်ပြီးနောက် ခပ်တိုးတိုးရေရွတ်မိလေသည်။

"တွေ့ကြပါစေဗျာ၊ တွေ့ကြပါစေ-အင်း....သွင်က ငယ်သေးသကိုး"

× × ×

အသွင်သည် အူထဲတွင် ယားကျိကျိကြီးဖြစ်နေသဖြင့် နံဘေးတွင် အိပ်နေသော ကိုအေးကိုအား ကုတင်ပေါ်မှ တွန်းချချင်စိတ် ပေါက်နေလေသည်။

"မုန်းစရာကောင်းတဲ့လူ။ ဘာမှလူတစ်ဘက်သားရဲ့ အလို မသိတတ်ဘူး...."

ညနေကပြောခဲ့သော ကိုအေးကို၏စကားတို့ကြောင့် အသွင်သည် အူယား၍မဆုံးနိုင်အောင်ဖြစ်ခဲ့၏။ သည်လိုလုပ်တတ် ပြောတတ်သည်မှာ ကိုအေးကို၏ဝါသနာလို ဖြစ်နေ၏။ ကိုအေးကိုမှာ မုန်းစရာအချက်ဆို၍ ဤအချက်သာလျှင်ရှိလေသည်။ ယခုနှစ်ပါနှင့်ဆိုလျှင် ကိုအေးကိုနှင့် ပေါင်းဖက်ခဲ့ကြသည်မှာ လေးနှစ်ခန့်ရှိပေပြီ။ အသွင်က ဆယ့်ရှစ်နှစ်သမီး၊ ကိုအေးကိုက အသက်နှစ်ဆယ့်နှစ်နှစ်သား၊ ထိုအချိန်က ယနေ့တိုင်အောင် ကိုအေးကိုမှာ အသွင့်အပေါ်တွင် အစဉ်ကြင်နာခဲ့၏။ အခြား အငယ်မယား အစွယ်အပွားဟူ၍လေသံမျှ မကြားခဲ့ရ။ အချိန်နှင့်အမျှ တသွင်ထဲသွင်ခဲ့၏။

"ဟုတ်တယ် အခုကျမှ ကိုကိုဟာ စိတ်ပြောင်းလာတယ်။ မမဝေကို ဘာဖြစ်လို့ အကြောင်းမဲ့ မုန်းရတာလဲ။ မမဝေကို မုန်းတာနဲ့ပဲ သွင့်စကားကို ပျက်ချော်ချော်လုပ်ရသလား။ အို....ဒင်းတို့ယောက်ျားဆိုတာ ဒီလိုပဲထင်ပါရဲ့။ ဒီလောက်တောင် မမဝေနဲ့တွဲတာကို မကြိုက်လှတာ ဇွတ်ကိုနေပြလိုက်

မယ်။ ဒီကြားထဲက ထပ်ပြီးဂွလုပ်ရင်တော့ ကွဲပေစေ။ အရေး မကြီးဘူး။ တွယ်တာစရာ ကလေးလဲဆုံးခဲ့ပြီ။ ဂျင်းစိမ်းနဲ့မိသ လင်-ဘာဖြစ်လဲ ဒင်းက သွင့်ကို ဖောက်ပြားမှတော့ ဘာတွယ် တာစရာရှိလဲ”

အသွင်သည် စဉ်းစားရင်း-စဉ်းစားရင်း ဒေါပွလာလေ၏။ ထိုမှ....‘တော်ပါပြီလေ။ ဒင်းအကြောင်း စဉ်းစားရတာ ဒေါသ ဖြစ်လှပါတယ်။ ကဲ....ခင်မြနွယ်အကြောင်း စဉ်းစားမယ်’

အသွင်သည် ခင်မြနွယ်နှင့်တွေ့ပြီးသည့် နောက်တစ်နေ့ အကြောင်းကို စဉ်းစားပြန်လေ၏။ ထိုနေ့တွင် သူပြောမည့် စကားသံများကို ကြိုတင်၍ ကြားယောင်မိလေ၏။

“သွင်လေ-ခင်မြနွယ်နဲ့တွေ့ခဲ့တယ်။ မနေ့ကပဲတွေ့ခဲ့ တယ်။ သူလေ သူကရတော့မဲ့ပြဇာတ်အကြောင်းကို ပြောပြ တယ်။ ပြဇာတ်နာမည်ကိုတော့ လျှို့ဝှက်ပြီး သွင့်ကိုသာ လူ ရင်းအနေနဲ့ပြောလိုက်တာမို့ မပြောပါရစေနဲ့ရှင်၊ သူလေ-သူ့ အတ္ထုပ္ပတ္တိတွေကိုလဲ ပြောသေးတယ်။ သူ့အဖြစ်က တော် တော်စိတ်ဝင်စားစရာကောင်းတာဘဲ။ သူ့စိတ်ထဲမှာ ဒီလို အဖြစ်တွေကို တစ်ယောက်နဲ့တစ်ယောက် ပြောရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဘူးတဲ့။ သွင်နဲ့တွေ့မှ ပြောမိတာတဲ့။ သွင်လေ-ခင်မြနွယ်ကို ထမင်းစားဖိတ်ခဲ့တယ်။ လာပါ့မယ် တဲ့။ နောက်ဆိုရင် သွင်ပျင်းလာရင် ခင်မြနွယ်ဆီသွားမယ်။ သူနဲ့စကားပြောမယ်။ သူကလေ- သူ့ကို မမမြလို့ခေါ်စေချင် တယ်ထင်ပါရဲ့။ စကားပြောရင် မမမြဆိုတာကို ထည့်ထည့် ပြောတယ်။ ဒါကြောင့် သွင်ကလဲ မမမြလို့ ခေါ်ခဲ့တယ်”

ထိုညမှာပင် ခင်မြနွယ်သည် သွင်နှင့်အတူ အိပ်မက်ထဲ၌ လည်ပတ်ကြလေသည်။

နောက်တစ်နေ့နံနက်တွင် ကိုအေးကို အလုပ်သို့ထွက်ခွါသွားသည်နှင့်တပြိုင်နက် အသွင်သည် မမဝေတို့အိမ်သို့ သွားရန်အတွက် ဝတ်ရမည့် အထည်ကို ရွေးချယ်ခြင်းဖြင့် ဒုက္ခများနေလေတော့သည်။ သွားရမည့်ကိစ္စမှာ ယခင်ကသွားခဲ့ဖူးပြီဖြစ်သည့် အလှူ မင်္ဂလာဆောင်၊ ရှင်ပြု ဆွမ်းကျွေး၊ ပွဲထိုင်စသည့်ကိစ္စမျိုးမဟုတ်။ ထိုထိုသော ကိစ္စများဆိုပါက သင့်လျော်သည့်အဝတ်ကို ဝတ်ဆင်ရန် အသင့်ဖြစ်၏။ ယခုသွားရမည့်ကိစ္စမှာ ယခင် ကိစ္စများနှင့် လုံးဝမတူသဖြင့် အရွေးရခက်ခဲ့လေသည်။ နောက်ဆုံးတွင်မှ အနုပညာသည်တစ်ဦးနှင့် ဆုံရမည့်ကိစ္စဖြစ်သဖြင့် မိုးပြာရောင်လုံချည်နှင့် အပြာရည်ဝင်ရုံမျှရှိသော မန္တလေးပိုးအင်္ကျီကို သတိရမိလေသည်။ နီလာရင်ထိုးနှင့် ကျောက်စိမ်းကြယ်သီး လက်ကောက်နှင့်ဆွဲကြိုး ဘယက်လည်တုံတွေ ဆင်နေဖို့မလို။ ရိုးရိုးလေးနှင့် ယဉ်ဖို့သာလျှင်အရေးကြီးသည်။ ဩော်-ဩော်- ပုလဲပုတီးနှစ်ဆင့်လေးတော့ဆွဲအုံးမှ။ ခြေထောက်အတွက်က ကတ္တီပါပုံတော်အပြာရင့်ခေါင်းကိုရော အမောက်ကို မသိမသာ ပွယောင်းယောင်းလေးသာလုပ်ပြီး နောက်တွဲထုံးရင်တော်လောက်ပါပြီ။ မျက်နှာအတွက်ကိုတော့ နံ့သာရောင်မသုံးဘဲ ပုလဲရောင်ဆိုတဲ့ အဖြူစစ်စစ်ပဲ ခတ်ပါးပါးလိမ်းမယ်။ ဇာတ်လိုက်မင်းသမီးကြီးနဲ့တွေ့ရမှာဆိုတော့ ရိုးရိုးနဲ့ယဉ်ယဉ်လေးပဲ ဆင်မှဖြစ်မယ်။

ကိုအေးကို ရုံးသွားပြီး၍ နှစ်နာရီခန့်ကြာတော့မှပင်

အသွင်သည် မမဝေတို့အိမ်သို့ ထွက်ဖြစ်တော့သည်။ ခင်မြနွယ်များ အရင်ရောက်နေမှာလား။ နေထိုင်မကောင်းလို့ မလာဖြစ်ဘူးလို့များ ဖြစ်နေမှာလား ဟူသော အတွေးတို့သည် သူ၏ရင်ထဲတွင် တစ်လမ်းလုံး ခုန်ပေါက်လှုပ်ရှားခဲ့လေ၏။ မမ ဝေတို့အိမ်သို့ ရောက်မှပင် ဟင်းကနဲသက်ပြင်းချမိ၏။

"အံ့မာ-မချောလာသေးသကိုး။ မောင်ဘုရားသွားတာဖြင့် ကြာလှရော့မယ်။ ခုမှ ပေါ်လာရသလား...."

"ဟုတ်ကဲ့-မမဝေရယ်။ ဖီးလိမ်းနေရတာနဲ့ပဲ...."

"ဟုတ်ပ။ ငါ့ညီမက ခုလိုဆိုတော့ ဆယ်နှစ်လောက်တောင် ပြန်ငယ်သွားပါလား။ ဒီနေ့ ဖက်ရှင်ကတော့ တယ်ယဉ်တယ်ဟေ့....။ ကဲ နေအုံး၊ မင်းအသဲကျော်ကြီး တော်တော်ကြာ ပေါက်လာလိမ့်မယ်...."

မမဝေသည် အိမ်ခန်းထဲသို့ ပြန်ဝင်သွားလေရာ အသွင်သည် လမ်းဘက်သို့ ငေးမျှော်ကာ သူ၏တစ်သက်တာအဖို့ ဂုဏ်ယူစရာအကောင်းဆုံးအချိန်ကို ဖန်တီးမည့်သူလာမည့် အချိန်ကို စောင့်မျှော်၍နေမိလေ၏။

မမဝေသည် လုံချည်လဲ၍ထွက်လာလေ၏။ မမဝေကိုယ်တိုင်လည်း တစ်မနက်လုံး ပြင်ဆင်နေခဲ့ပုံရ၏။ ယနေ့ရုံးပိတ်ရက်မဟုတ်သဖြင့် အိမ်တွင် လူမစည်ကားသောကြောင့် ခင်မြနွယ်အပြန်တွင် သူပါလိုက်သွားလိုဟန်ရှိသည်။

"မင်းသမီးကြီးက ဘယ်အချိန်လာမှာတဲ့လဲ...."

"ခပ်စောစောလို့တော့ ပြောတာပဲ။ ဒီမချောတွေနဲ့ ဆက်ဆံရတာ တစ်မျိုးပဲ။ ဒါပေမဲ့ အသွင်တော့ သူ့ကိုတွေ့ရင်

ခင်မိမှာပဲ....။ ခင်စရာကတော့ တကယ်ကောင်းပါတယ်။ သနားစရာလဲ ကောင်းပါတယ်။ တကယ်ရှားတဲ့မိန်းမပါပဲ။ သူ့ဘဝတစ်လျှောက်လုံးဟာ ငရဲပြည်ပါပဲ။ တကယ့်ကို ငရဲပြည်ပါပဲ...."

"ဘာဖြစ်လို့လဲ မမဝေရဲ့...."

"ယောက်ျားတွေပေ့ါ ညီမရယ်။ ယောက်ျားတွေပေ့ါ။ သူနဲ့တွေ့သမျှယောက်ျားတွေဟာ ဂျပိုးတွေချည်းပဲ။ သွေးစုပ်တဲ့ဂျပိုးတွေချည်းဘဲ။ ခင်မြန္ဒယ်ရှာလို့ ဖွေလို့ရတဲ့ပစ္စည်းကို ဖြုန်းလို့ဝပြီဆိုရင် လစ်ကြပြန်ရော။ တကဲ့သွေးစုပ်ကောင်တွေ...."

"အို...."

အသွင်သည် ရင်ထဲတွင် ဆို့သွားလေ၏။ သူကြားနေရသည့် သတင်းသည် မဖြစ်နိုင်ဟု ထင်မိ၏။ ဖြစ်နိုင်သည့်သတင်းကို သူ့စိတ်ထဲတွင် ဖန်တီးကြည့်၏။ ခင်မြန္ဒယ်မှာ နာမည်ကြီးဇာတ်လိုက်မင်းသမီးဖြစ်သည်။ နာမည်ကြီး ဇာတ်လိုက်မင်းသမီး၏ဘဝသည် ကြည်နူးဖွယ်ရာဖြင့်သာ ပြည့်နှက်ရမည်။ သူဌေးသား၊ အရေးပိုင်သား၊ အတွင်းဝင်သား စသည်တို့ဖြင့် ဝန်းရံခြင်းခံခဲ့ရပေသည်။ စိန်ရွှေရတနာ၊ ရင်ထိုး၊ ပုတီး၊ လက်ကောက်၊ ဘယက်၊ ဒွါဒယာတို့ဖြင့် ခင်မြန္ဒယ် တစ်ကိုယ်လုံး ဖုံးလွှမ်းနေခဲ့ကြသည်။ တစ်ချိန်က တစ်ဦးသော စစ်ဗိုလ်တစ်ဦးကလည်း စစ်စခန်းတဲငယ်အတွင်း၌ ခြောက်လုံးပြူးသေနတ်ကို ဘေးတွင်ချရင်း တစ်ခါက မြင်ဖူးကြည့်ဖူးခဲ့သော ခင်မြန္ဒယ်နှင့် စာပေးစာယူပြုလိုကြောင်း တောင်းပန်

သည့်စာကို ရေးရင်း သူ၏ပျင်းရိငြီးငွေ့ဖွယ်ရာ သန်းခေါင်ယံတို့ကို ကုန်ဆုံးစေခဲ့သည်။ တစ်ခါက တစ်ယောက်သော ကဗျာဆရာသည်လည်း ဆင်စွယ်ယမင်းရုပ်သို့ဟု ခေါင်းစဉ်တပ်ထားသော နောက်ဆုံးရတုပိုဒ်စုံကို ရေးကာ ခင်မြနွယ်ထံသို့ ပို့ပြီးသည်၏အခြားမဲ့၌ ပင်လယ်တွင်းသို့ ခုန်ဆင်းကွယ်ပျောက်ခဲ့လေသည်။ ဤသို့လျှင်- လူစွမ်းကောင်းများအနုပညာကျော်များသည် သူတို့၏စက္ခုအာရုံ စိတ်အာရုံတို့အား လှုပ်ရှားခြောက်ချားစေခဲ့သူ....အနုပညာရှင် ဧကရီမယ်အတွက် အသက်ရှင်ခဲ့ကြသည်။ သေဆုံးခဲ့ကြရသည်။

"ဟင်-မမဝေကပြောတော့ ခင်မြနွယ်ရဲ့ဘဝတစ်လျှောက်လုံး ဂျပိုးတွေနဲ့ချည်းပဲ တွေ့ခဲ့ရသတဲ့။ မဟုတ်နိုင်ပါဘူး...."

အသွင်သည် ဟင်းကနဲသက်ပြင်းချလိုက်လေ၏။

"မြဟာ-ရသမျှပိုက်ဆံတွေအားလုံး သူတို့ကို ပုံပေးခဲ့တယ်....။ ဘယ်ယောက်ျားကိုဖြစ်ဖြစ် ပေးခဲ့တာပဲ။ သူကမပေးလဲ ယောက်ျားတွေက ယူတာပဲ။ တစ်ပြားမကျန်အောင်သုံးဖြုန်းလို့ပြီးရင် မိခင်မြနွယ်ရဲ့ မျက်နှာကို တံတွေးနဲ့ထွေးပစ်ကျတယ်။ အခုတော့ဖြင့် မချောလဲ သဘောပေါက်စပြုလာပါပြီ။ ဟော-ဟော---လာပြီ-လာပြီ။ ဟောဟိုခြံဝက ဝင်လာပါပြီ...."

မမဝေသည် မတ်တတ်ထကာ ခင်မြနွယ်လာမည့် အပေါက်ဝသို့သွားပြီး ကြိုဆိုလေ၏။

အသွင်သည် ခင်မြနွယ်၏အဝတ်ကို အကဲခတ်မိလေ

၏။ ခင်မြနွယ်၏အဆင်အပြင်မှာလည်း ရိုးသားလှပေသည်။ ဝတ်လာသည့်အင်္ကျီလုံချည်တို့မှာလည်း သူ့တွင်ရှိသည့် နံ့သာရောင် ပိုးအင်္ကျီနှင့် ကြက်ဥနှစ်ရောင်ဘန်ကောက်လုံချည်သာ ဖြစ်သည်။ မျှော်လင့်သလောက် မထူးခြားလှ။ နှုတ်ခမ်းနီကို တော့ ဆိုးထားသည်။ အီးဗီးနင်းပဲရစ်နံ့က သင်းလှဘိသည်။

"ကိုင်း-ထိုင်အုံး မြရေ။ ဟောဒီကလေးမပေ့ါ မြကို တွေ့ ချင်လွန်းလို့ ရူးနေတာ။ အသွင်တဲ့ ဝေ့-အချစ်တော်လေးပေ့ါ"

မမဝေသည် ကော်ဖီပြင်ရန်အတွက် နောက်ဖေးခန်းသို့ အမိန့်သွားပေးလေ၏။

"ဩော်-ဩော်- မင်းလား မင်းကြည့်ရတာ ကျောင်းဆရာ မတို့ စာရေးဆရာမတို့နဲ့ တယ်တူပါလား။ ဝတ္ထုတွေ ဘာတွေ ရေးသလား...."

"ဟင့်အင်း- ကျွန်မ မရေးပါဘူး...."

"မဟုတ်ဘူးလေ-ပြဇာတ်တစ်ခုလောက် ရေးခိုင်းချင်လို့ ပါ။ ပြဇာတ်ကောင်းတစ်ပုဒ်လောက် ရေးပါလား။ ညီမရေးတဲ့ ပြဇာတ်ကို မမအိုတဲ့အထိ ကသွားမယ်။ ပရိသတ်တွေစိတ်ထဲ မှာ ကြည့်ပြီးရင်း ကြည့်ချင်လာအောင် မမက အမူအရာလုပ် မယ်။ မကောင်းဘူးလား...."

"ဟုတ်ကဲ့-ကောင်းပါတယ် ဒါပေမဲ့...."

"ဟုတ်တယ် ရေးဖို့ကောင်းတယ်။ ပြဇာတ်လေးတစ်ပုဒ် စာကလေးတစ်ပိုဒ်ဟာ လူတစ်ယောက်အတွက် အဖိုးမဖြတ် နိုင်တဲ့ ရောမ လက်ဆောင်ကောင်းတစ်ခုဖြစ်နိုင်တယ်။ ဒီဟာ လေးအတွက် ခံစားရတဲ့အကျိုးကျေးဇူး ပီတိစိတ်ဒုက္ခ အို-

အစုံပေါ့လေ....”

“ဟုတ်ကဲ့-ကျွန်မ-ကျွန်မ....”

“ငေ့အချစ်တော်ကလေး စာမရေးတတ်ဘူး။ ကျောင်းဆရာမလဲ မဟုတ်ဘူး- မြရဲ့။ အိမ်ရှင်မ-အိမ်ကြီးရှင်မ-အိမ်ထောင်နဲ့....”

“အိမ်ရှင်မ ဟုတ်လား။ အိမ်ထောင်ရှင်မပေါ့။ ခုအိမ်ထောင်ဟာ ငယ်လင် ငယ်မယားပဲလား။ စိတ်မရှိနဲ့နော်....”

“ဟုတ်ကဲ့-ဟုတ်ပါတယ်....”

“အား-အား-တယ်ဟုတ်ပါလား။ တယ်ဟန်ကျပါလား။ မေးပါရစေအုံး ညီမရယ်။ ညီမက သူ့ကို သိပ်ချစ်တာပဲလား။ သိပ်ချစ်တာပဲလား”

“ဟုတ်ကဲ့-ငယ်ချစ်ဆိုတော့ ချစ်ရတာပေါ့....”

“ချစ်တယ်ပေါ့ ဟုတ်လား။ ဒါဖြင့် သူနဲ့အတူနေရ သွားရစားရတာကို ပျော်မှာပဲနော်....”

အသွင်သည် အဖြေရခက်နေ၏။

“အင်း-ငယ်လင်ငယ်မယား ငယ်ချစ်-ငယ်ချစ်။ မမလေအသွင်တို့အရွယ်တုံးက အိမ်ထောင်ပြုခဲ့ဖူးပါရဲ့။ အချစ်ကိုအမြတ်တနိုးထားပါ-ညီမရယ်။ အချစ်ကို စောင့်ထိန်းပြီးအချစ်နဲ့မွေ့လျော်ပါကွယ်။ မင်းချစ်သူရဲ့ အချစ်ရိပ်အောက်မှာခိုလှုံပြီး ရီရီမောမောနဲ့ဆိုစမ်း ကစမ်းပါကွယ်။ သူ့အကြိုက်ဟာဘာလဲဆိုတာ သိထားပါကွယ်....”

ထိုအခိုက်တွင်-ခင်မြနွယ်၏အမူအရာသည် ရုတ်ချင်းပြောင်းလွဲခဲ့လေသည် ခင်မြနွယ်၏ပုခုံးနှစ်ဘက်သည် နိမ့်ကနဲ

ဖြစ်သွားကာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီးနောက် လက်နှစ်ဘက်ဖြင့် ရင်ညွန့်ဆီသို့ နှိပ်လိုက်လေသည်။ တစ်ကိုယ်လုံးကုလားထိုင်နောက်မှီတွင် ကပ်လိုက်ပြီး ခေါင်းရမ်းလျက်ရှိလေသည်။ ထိုမှ ပြဇာတ်နှင့်ရုပ်ရှင်တို့တွင် အလွမ်းခန်း၌ ပြောနေကျလေသံဖြင့်....

"မြရဲ့ဝေဒနာကို မသိကြဘူးထင်ပါရဲ့နော်...."ဟု ပြောလေသည်။

"ဘာဖြစ်လို့လဲ မမမြ- အသွင်မသိပါလား။ ဘာဖြစ်လို့လဲ...."

"ဘာမှမဖြစ်ဘူး ဆိုပါစို့ကွယ်။ ဘာမှ တတ်နိုင်ကြမှာလဲမဟုတ်ပါဘူး။ မမအဖို့တော့ နေရာတကာမှာ ဒါမျိုး ဖြစ်နေကျပဲ...."

"ဟေး-ကာဖီဖျော်တဲ့ဟာတွေ မပြီးသေးဘူးလား။ မိအေးဘာဖြစ်နေတာတုန်း ကော်ဖီသောက်လိုက်ရင် သက်သာသွားမှာပေ့ါ။ ဘာဖြစ်တာလဲ...."

နံဘေးတွင် ငြိမ်၍နေသော မမဝေကပါ ပြာပြာသလဲပြောလေသည်။

"ဝေမသိပါဘူးကွယ်။ အစာအိမ်နဲ့ပတ်သက်တဲ့ရောဂါပါ။ အစားမမှန်လို့ ခံရတဲ့ဝေဒနာပေ့ါ။ ဝေတို့ခံစားဖူးမှာ မဟုတ်ပါဘူး။ ဒီလိုဝေဒနာမျိုးကို တစ်နှစ်တစ်ခါ အပြင်းအထန်ခံရတယ်။ ကြာလှပြီ-ကြာလှပြီ...."

"ဖြစ်မှဖြစ်ရတယ်-မမမြရယ်...."

အသွင်က ကလေးငယ်ကဲ့သို့ ငြီးလေသည်။

မကြာမီ-ငွေလင်ပန်းဖြင့် ထည့်လာသော မုန့်နှင့်ကာဖီပုဂံတို့သည် စားပွဲပေါ်သို့ ရောက်လာလေ၏။

"အင်း-ကာဖီနှင့်မုန့်ကိုတော့ ကြိုက်ပါတယ် ဝေရယ်။ ဒါပေမဲ့-မြအဖို့ အရေးကြီးတာကို တောင်းပါရစေကွယ်...."

"ဘာတုန်းမြရဲ့ ဘာလိုချင်လို့လဲ...."

"အားတော့နာပါရဲ့ကွာ။ ဝေဒနာကြောင့်မို့ တောင်းရတာပါ....၊ ဘရန်ဒီ နဲနဲလောက် မရဘူးလား...."

"မြသောက်ချင်လို့လား...."

"ဒါပေါ့-ဝေရဲ့၊ ဒါ့ကြောင့် တောင်းနေတာပေါ့ မရှိဘူးလား...."

"ရှိပါတယ်။ သောက်တတ်တဲ့ဧည့်သည်တွေဖို့နဲ့ လိုရမယ်ရဆိုပြီး သိမ်းထားတာရှိပါတယ်...."

"ဒါဖြင့် ပေးစမ်းပါကွယ်...."

"သိပ်လဲမလုပ်နဲ့နော်၊ ဒီည ကရအုံးမှာရှိသေးတယ် မဟုတ်လား"

"ကိစ္စမရှိပါဘူးကွာ။ သွားယူစမ်းပါ။ ကဲ-ညီမက ကော်ဖီသောက်ပေါ့ ဟုတ်လား။ အင်း-ငယ်ချစ်-ငယ်ချစ်...."

မကြာမီ ဘရန်ဒီပုလင်းနှင့် ရေဖန်ခွက် ဝိုင်ကလပ်စသည်တို့ ရောက်လာလေ၏။ ခင်မြနွယ်သည် ဝိုင်ကလပ်တွင် ရေတစ်ဝက် ဘရန်ဒီတစ်ဝက်ရော၍ သောက်လေ၏။ ခင်မြနွယ်၏မျက်လုံးတို့ကား ဇာတ်ခုံပေါ်တွင် မြင်ရသကဲ့သို့ မတောက်ပသော အသားအရည်တို့ကလည်း ဖြူရော်ရော်နှင့် တွန့်ရှုံ့ရှုံ့ရှိလှသည်။ အသွင်သည် ခင်မြနွယ်အား ကြည့်ရခြင်းကို အား

နာလာသဖြင့် မျက်နှာကို လွှဲလိုက်လေသည်။

"မမရဲ့ဘဝဟာလေ ညစ်ပတ်ရှုပ်ထွေးနေခဲ့တယ်။ ညစ်ပတ်ရှုပ်ထွေးရုံတွင်မကဘူး။ ညှီဟောင်နေသေးတယ်။ မမရဲ့ဘဝဟာ ဒီအတိုင်းသွားမှာပဲ။ အမယ်အိုရွတ်တွတ်ကြီးဖြစ်တဲ့အထိ ဒီလိုပဲသွားမှာဘဲ။ ညီးတို့လို စာရေးဆရာမကလေးတွေကတော့ မမရဲ့ဘဝအတွက် ဘယ်လိုကြိုးပမ်းရုန်းကန်ရတယ်ဆိုတာ သိမှာမဟုတ်ပါဘူး...."

"သွင်-စာရေးဆရာမ မဟုတ်ဘူး မမရဲ့...."

"စာရေးတယ်ဆိုတာ စာလုံးလှလှလေးတွေကို တစ်ခုနဲ့တစ်ခု ပေါင်းစပ်ရုံပဲမဟုတ်လား။ အဲဒီစာအစုတွေကနေပြီး အကျိုးခံစားမှုတွေ၊ ကျော်ဇောမှုတွေ စိတ်ချမ်းသာမှုတွေ တည်ငြိမ်မှုတွေ ဖြစ်ရတယ် မဟုတ်လား။ စာရဲ့တန်ဘိုး မသိသူတွေကတော့ စာပေကို ရွှေဒင်္ဂါးလောက် ဂရုမထားဘူးပေ့ါ။ ညီမတို့လို စာရေးတတ်တဲ့လူတွေဟာ အင်မတန်အဖိုးတန်တဲ့ရတနာတစ်ခုကို ရထားတာပဲ...."

"အော်-မြကလဲ ခက်ပါဘိ။ အသွင်က စာရေးဆရာမသဘာဝ အတုမဟုတ်ဘူး။ အိမ်ရှင်မ၊ အိမ်ရှင်ထောင်မ-သတိထားစမ်းပါမြရဲ့...."

ခင်မြနွယ်ကား မူးနေလေပြီ။

"အာ....အာ....ဟုတ်သားပဲ။ သူပြောသားပဲ။ သူ ဟာ တကယ့်အချစ်ရဲ့အရသာကို ခံစားရသတဲ့။ နုပျိုတဲ့အချစ်၊ ငယ်ချစ်၊ ဒီဟာဟာ အဓိကအရေးအကြီးဆုံးအချစ်ပဲ။ တကယ့် အချစ်ပဲ...."

ခင်မြန္တယ်သည် နောက်တစ်ခွက်ကို သောက်ပြန်လေ၏။ မျက်နှာတွင်ကား သွေးရောင်ဖြာလေပြီ။

"ဒါထက် မြရဲ့အခမ်း ဒီညဘယ်အချိန်စမှာလဲ...."

"မပူပါနဲ့ ဝေရယ်။ မြဟာ ဘယ်လောက်မူးနေပေမဲ့ အချိန်ကိုတော့ မလစ်စေရပါဘူး...."

"သတိထားပါ မြရယ်။ တော်ရုံသောက်ပါ။ ပုလင်းပေးပါတော့။ ဒီညပြဇာတ်ခုံပေါ်တက်ရအုံးမယ် မဟုတ်လား...."

"ဟောဒီလောကကြီးဟာလဲ....ပြဇာတ်ခုံကြီးပဲ မဟုတ်လား ဝေရယ်။ ဝေတို့-ဟောဒီက ညီမလေးတို့ လမ်းပေါ်က လူတွေတို့ အားလုံးဟာ ဇာတ်ကောင်တွေပဲ မဟုတ်လား။ ဝင်ပေါက်ကို ဝင်လာကြပြီ။ ထွက်ပေါက်က ထွက်ကြရတယ်။ ကလေးဘဝ လူငယ်ဘဝ လူရွယ်ဘဝ...."

"တယ်ခက်ပါလား မြရယ်...."

"မဟုတ်ဘူးလား။ ဒီလောကကြီးမှာ ဘာများမက်မောစရာရှိသေးလဲ။ ကြောက်စရာကောင်းတဲ့လောက၊ ဒီကြောက်စရာလောကမှာ ကြာကြာနေရလို့လဲ ဘာများ ထူးမှာလဲ...."

"ဒီမှာ ဝေပြောတာကို နားထောင်ပါအုံး မြရယ်...."

"မြမေးတာကိုလဲ ဖြေပါအုံး ဝေရဲ့...."

"တယ်ခက်တဲ့မြကိုး။ ဟောဒီကညီမလေးရှေ့မှာ မြကိုရိုက်ပြီး ပုလင်းလုရမလား...."

"ဒီလိုဆိုရင်လဲ တော်ပါပြီဝေရယ်...."

ခင်မြန္တယ်သည် ပုလင်းကို ဝေ၏လက်ထဲသို့ ထည့်လိုက်ပြီး ဝိုင်ကလပ်အတွင်းရှိ ဘရန်ဒီအကျန်များကို မော့လေ၏။

"မြရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို ဝေသဘောမပေါက်သေးဘူး။ အင်း-အင်း-သွားတွေကလဲ နာပါဘိ။ ဒီလောက်ပူပူခါးခါးကြီး သောက်နေတာတောင် သွားထဲက နာချင်သေးတယ်...."

အသွင်သည် ဘာတစ်ခွန်းမျှမပြောနိုင်တော့ဘဲ....။ ခင်မြ နွယ်၏အဖြစ်ကိုသာ ကြေကွဲစွာ ကြည့်နေမိလေ၏။

"ကဲ-မြ-တစ်ရေးလောက်အိပ်ပစ်လိုက်။ ပြဇာတ်အချိန်မရောက်ခင် တစ်ရေးရအောင် အိပ်လိုက်။ လာ-ကုတင်ပေါ် သွားကြစို့...."

မမဝေသည် ခင်မြနွယ်၏ဂျိုင်းကို မ,ကာ တွဲထူလေရာ အသွင်ကပါ ကူညီရလေ၏။

"ကောင်းသားပဲ- အိပ်ရင် အိပ်မက် မက်တယ်။ အိပ်မက်ဟာ တော်တော်ပျော်စရာကောင်းတယ်။ အား-အား-မူးလိုက်တာကွယ်...."

"ကဲ-အိပ်ရာပေါ်မှာနေဦး။ ဝေ အော်ဒီကလုံးသွားယူရဦးမယ်...."

ဤတွင်မှ အသွင်လည်း ညနေစောင်းလျက်ရှိပြီကို သတိထားမိတော့သည်။

"ဟာ-မိုးတောင်ချုပ်တော့မှာပါလား။ အသွင်လဲ ပြန်မှပဲ...."

"ပြန်ပေတော့ ညီမရေ...."

ခင်မြနွယ်သည် မျက်လုံးမဖွင့်ဘဲ ပြောနေလေ၏။

"ပြန်ပေတော့-မင်းရဲ့ငယ်ချစ်ဆီကို ပြန်ပေတော့။ သူ့

အပေါ်မှာ အမြဲချစ်ပါကွယ်။ အိုအောင်မင်းအောင် ပေါင်းကြပါကွယ်။ သူ့အကြိုက်ကို လိုက်ပါကွယ်။ သူဟာ တခြားဟာတွေကို ခေါ်မလာမချင်း မင်းဟာ သူ့ကို ချစ်ပါကွယ်....”

“တခြားဟာဆိုတာဘာလဲ မမမြ....”

“သူရဲ့အပျော်မယားတွေပေါ့ကွယ်....အဲဒါတွေကို မခေါ်လာမချင်း မင်းရဲ့ဘဝကို ဂုဏ်ယူပါကွယ်။ မင်းရဲ့အချစ်ကို မြတ်နိုးပါကွယ်။ မမဟာ ဒီအတိုင်း လုပ်ခဲ့တယ်။ ဒါပေမဲ့ အမြဲတမ်း အချိန်လင့်ခဲ့တယ်။ သူတို့တတွေဟာ မမရဲ့ပစ္စည်းတွေကို ဖြုန်းကြတယ်။ သူတို့ကို ယူယူ မယူယူ သူတို့လိုချင်တာက ဒါပဲ။ ဒါကို သူတို့က အချစ်လို့ ပြောကြတယ်။ တကယ်ဆိုတော့ မဟုတ်ပါဘူး။ စင်စစ်မှာ အချစ်ဆိုတာ တစ်မျိုးထဲပဲရယ်။ မင်းရဲ့အချစ်ကို တန်ဖိုးထားပါကွယ်။ ငယ်ချစ်ဦးရဲ့ အရိပ်အာဝါသ....ခိုလှုံရတယ်ဆိုတာဟာ အင်မတန်ကြည်နူးဖို့ကောင်းတဲ့ ဇာတ်လမ်းပါကွယ်။ မင်းရဲ့ငယ်ချစ်ကို တစ်သက်လုံး ချစ်ပါကွယ်....ချစ်....ပါ....ကွယ်....”

ခင်မြနွယ်ကား အိပ်ပျော်ခဲ့လေပြီ။

“ကဲ-ပြန်တော့မယ်- မမဝေ။ နေတောင် အတော်စောင်းလှပြီ။ မင်းဘုရားတောင် ရောက်နေရော့မယ်....”

“အေးကွယ်-ပြန်ပေတော့။ မြကိုတော့ ဘယ်လိုမှ မအောက်မေ့နဲ့ကွယ်။ မြဟာ တကယ်ရှားတဲ့ မိန်းမ။ တကယ့်မိန်းမ ပါကွယ်။ အေးအေး-လာဦးကွယ် ဟုတ်လား....”

× × ×

အသွင်သည် အိမ်သို့ပြန်ရင်း လမ်းတွင် စိတ်ရှုပ်နေလေ၏။

ခင်မြနွယ်ကို မေ့ခဲ့လေပြီ။ မနက်က ထမင်းချက်မလာသဖြင့် ထမင်းမစားဘဲ အလုပ်ဆင်းခဲ့သော ကိုအေးကိုကို သနားနေ၏။ ကိုအေးကိုလိုလူမျိုးကား ရှားလှ၏။ ခင်မြနွယ်ပြောသည့် အပျော်မယားဆိုသည်မှာ ဝေလာဝေး၊ နာမည်နှင့်လိုက်အောင် အေးလှသည်။ ရိုးလှသည်။ စိတ်သဘောထားကြီးလှသည်။ ဤသို့ဖြစ်ရသည် အစစအရာရာတတ်သိသောကြောင့်သာမက လူ့ဘဝတွင် စိတ်ကြည်နူးဖွယ်ရာများ အလှအပများ ကျော်ဇောမှုများအတွက် အပန်းတကြီး ခုံမင်လိုက်စားခြင်းသည် အကျိုးမရှိကြောင်းကိုလည်း သိထားသောကြောင့် ဖြစ်လေသည်။ သူ့မှာ ဆိုစရာအပြစ်ဆို၍....မခံချင်အောင် စတတ်ခြင်းသာဖြစ်၏။

အသွင်မှာ မိမိကိုယ်တိုင် ကျော်ဇောမှုမရှိသဖြင့် ကျော်ဇောသူတစ်ဦး ကြည်နူးဖွယ်ရာလောကတွင် ရောက်နေသူ အလှအပဖြင့် အချိန်ကုန်သူတစ်ဦးနှင့် တွေ့လိုရေးအတွက် ငန်းငန်းတက်ဖြစ်ခဲ့၏။ ကိုယ်တိုင် တွေ့ရသောအခါ အကြင်သူမှာ မိမိလောက်မှ မကြည်နူးနိုင်သူ လူဖြစ်ကျိုး မနပ်သူဖြစ်နေသည်ကိုတွေ့ရ၏။ ကြောက်စရာလောကဒဏ်ချက်ကို ခံနေသူဖြစ်ကြောင်းတွေ့ရ၏။ သူ၏ကျော်ဇောမှုမှာ လူရိုင်းပြည်ရှိ ပတ္တမြားလို....တန်ဖိုးမဲ့လှသည်။ သူ၏အလှအပနှင့် ကြည်နူးဘွယ်ရာအရှိန်အဝါတို့မှာ ပုလင်းကွဲ ဖန်ကွဲတို့ နေရောင်အကူအညီဖြင့် တောက်ရသကဲ့သို့ ဇာတ်ခုံမီးရောင်

ကြောင့်သာ တောက်ပြောင်နေခြင်းဖြစ်လေသည်။ ဇာတ်ခုံပေါ်မှ ဆင်းလာက သူ့ဘဝမှာ ကြောက်ခမန်းလိလိရှိလှသည်။

အသွင်သည် အိမ်ကျလျှင်....ချက်ပြုတ်နိုင်ရန်အတွက် ညနေဈေးတန်းဘက်သို့လှည့်ကာ ကိုအေးကိုကြိုက်တတ်သည့် စားစရာများကို ဝယ်လာလေသည်။ အားပါးတရ စိတ်တိုင်းကျဝယ်ပြီးမှ အိမ်သို့ပြန်ခဲ့လေသည်။

အသွင်အိမ်သို့ရောက်သည့်အချိန်ကား ကိုအေးကိုမှာ အလုပ်ခွင်မှပြန်ရောက်ပြီး၍ ပက်လက်ကုလားထိုင်ပေါ်တွင် အင်္ဂလိပ်သတင်းစာတစ်စောင်ကိုပင် ဖတ်၍နေချေပြီ။ အသွင်၏ခြေသံကိုကြားတော့မှ သတင်းစာကို မျက်နှာမှခွာလိုက်လေသည်။

"အလို မမပြန်လာပြီကိုး။ ခင်ဗျား မမပွေနဲ့ကော တွေ့ခဲ့ရဲ့လား...."

အသွင်သည် လက်ထဲမှအထုပ်ကိုချကာ ခေတ္တရပ်လိုက်ပြီး ခါးထောက်လိုက်လေ၏။

"ဘာပြောတယ် မမပွေ ဟုတ်လား...."

"မဟုတ်ပါဘူးဗျာ မမဝေတဲ့။ ဒါထက် တွေ့ခဲ့ရဲ့လား...."

"ဘယ်သူနဲ့လဲ...."

"ဟို-မင်းသမီးဟာလေ...."

"ဇာတ်လိုက်မင်းသမီးပါ။ နိုင်ငံကျော်ဇာတ်လိုက်မင်းသမီးကြီးရှင့်...."

"အေးလေ-သူနဲ့တွေ့ခဲ့လား...."

အသွင်သည် ခါးထောက်ထားရာမှ လက်ကိုဖြုတ်ချ

www.burmeseclassic.com


လိုက်လေ၏။

"အသွင်ရော ဇာတ်လိုက်လုပ်ဖို့ စိတ်မကူးဘူးလား...."

"မကူးပါဘူး။ ဒီနေ့ ခင်မြနွယ်ကြီးနဲ့တွေ့ရတာ တစ်သက်အဖို့ တကယ်မမေ့နိုင်တဲ့သင်ခန်းစာရခဲ့ရတယ်....။ အတွေ့အကြုံသစ်တွေ တွေ့ခဲ့ရတယ်။ တစ်သက်တော့ မေ့မှာမဟုတ်ဘူး...."

"ဘယ်လိုဟာလဲ ခင်မြနွယ်ကြီးက ကင်းမြီးကောက်ထောင်ပြလိုက်လို့လား...."

အသွင်၏ချထားသောလက်နှစ်ဘက်သည် ခါးပေါ်သို့ရောက်သွားပြန်လေ၏။

"ကိုကိုထင်တဲ့အတိုင်းပဲ။ အင်း-တော်တော် မုန်းစရာကောင်းတဲ့လူ။ ဒါ့ကြောင့် မုန်းတာ ဟင်း....လူ့ဂွစာ...."

အသွင်သည် ကြမ်းကိုခတ်ပြင်းပြင်းနင်းကာ မီးဖိုဘက်သို့ဝင်ခဲ့လေ၏။ ကိုအေးကိုကား သတင်းစာကို ဖတ်လျက်....

**သန်းဆွေ**